www.burmeseclassic.com



www.burmeseclassic.com



ရူပံ ၃၆


ရဲဟိန်း ၄၈


ဖလွန်ကျော်ဦး ၁၆၂


ကိုမေ့ ၁၅၀


နန္ဒစိုး ၂၃၈


အောက်တိုဘာအောင်ကြီး ၇၀


ဘသက်ဆွေ ၁၀၈




မောင်သဲနီ ၈၆


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မှုခင်း

**အကြံပေးအယ်ဒီတာ**
ဇောထက်

**အယ်ဒီတာချုပ်**
ဘသက်ဆွေ

**အယ်ဒီတာအဖွဲ့**
ရဲတိန်း ၊ လှုပင်းအေး
မောင်မြေသား ၊ စိုး
ဇော်ရဲလှ

**အုပ်ချုပ်မှုအယ်ဒီတာ**
နေသူရိန်စိုး

## အယ်ဒီတာ့အာမှာ

ကျွန်တော်တို့၏ အသွင်သစ်မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်းသည် အမှတ်စဉ်အားဖြင့် (၂၇)အုပ်ပြည့်မြောက်လာပြီး၊ သက်တမ်းအားဖြင့်နှစ်နှစ်ကျော်ကာလကို ဖြတ်ကျော်လာသောအခါ မဂ္ဂဇင်းလောကတွင် အခြေချ၊ ရပ်တည်ခွင့် ရလာပါပြီ။

"ပြည်သူလူထုအတွင်း မှုခင်းလျှော့နည်းကျဆင်းရေး"ဦးတည်ချက်ဖြင့် တစ်ဆိုက်မတ်မတ် ထုတ်ဝေဖြစ်ခဲ့သည်မှုကို စာဖတ်သူများ၏ အားပေးမှုကြောင့်သာဖြစ်ကြောင်း ကျေးဇူးကြီးလှစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ထို့ကြောင့် မဂ္ဂဇင်းအသွင်ကို ကုန်ကျစရိတ်ကြီးမားလာမည်ဖြစ်သော်လည်း မဂ္ဂဇင်းဆိုက်ကြီးအဖြစ်သို့ ထုတ်ဝေရန် ကြိုးပမ်းနေကြပါကြောင်း သတင်းကောင်းပါးရင်း...

စာဖတ်သူများ၏
ဘသက်ဆွေ

**ထုတ်ဝေသူ**
ဒေါ်သန်းဆေး (မြ)၀၄၄၈၀
အမှတ်(၀၀၀၂)၊ နိုင်ငံမြေ(၂)လမ်း
(၁၀)ရပ်ကွက်၊ တာမွေ

**အဖုံးနှင့်အတွင်းပုံနှိပ်**
ဦးမောင်သန်းနိုး (မြ - ၀၇၉၂၅)
လှိုင် ရောင်စုံပုံနှိပ်တိုက်
အမှတ် (၂၇၃)၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်

**ပုံနှိပ်မှတ်တမ်း**

**ဖြန့်ချိရေးနှင့် ဆက်သွယ်ရေး**
ဦးထွန်းဇော်မိုး

**ကြော်ငြာတာဝန်ခံ**
မိုးဟုတ်မောင်တန်
ဥညာဦး (ထိမ်မဲ)

**အတွင်းဖလင်**
A Seven Group

**ကွန်ပြူတာစာစီ**
ဒေါ်ဝန်းဝန်းလှ
မလှဲထိုးဇော့
ဆန်းနေဝင်း

**အထက်မြန်မာပြည်ဖြန့်ချိရေး**
ထွန်းဦး စာပေ (မန္တလေး)
နဂါး စာပေ (မန္တလေး)
ညီညီစာပေ (မန္တလေး)

**ရှမ်းတောင်ကယားဖြန့်ချိရေး**
မိထွေးနှာ စာပေ (တောင်ကြီး)

**ပြည်နယ်ဖြန့်ချိရေး**
ကျော်ကျော် စာပေ (မော်လမြိုင်)

**အထွေထွေဖြန့်ချိရေး**
နိုးသား စာပေ
အမှတ်(၁၀၃)၊ ၃၈-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ဖုန်း - ၃၃၀၄၉၃၃၈

**စီးပွားရေးလုပ်ငန်းရှင်များ**

**ဆက်သွယ်ကြော်ငြာရန်**

မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန် လစဉ်ထုတ်ဝေနေသော 'မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်း' တွင်ကြော်ငြာများထည့်သွင်းဖော်ပြနိုင်ကြပါပြီ။
- အတွင်းတစ်မျက်နှာ (အဖြူအမည်း) ကျပ်တစ်သောင်း
- အတွင်းမျက်နှာဝက် (အဖြူအမည်း) ကျပ်ငါးထောင်

ထုတ်လုပ်ရေးမှူး
မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်းတိုက်
အမှတ် (၂၇၃) ၃၉-လမ်း ရန်ကုန်
ဖုန်း-၂၂၃၄၈၈



www.burmeseclassic.com

www.burmeseclassic.com



## ခွာညိုပန်းခူး

✳ ဟိုရှေ့က မွေးမွေးမြူ
ဘယ်သူလို့မေး၊
မြူနှင်းတွေ အုပ်ကာဆိုင်း
ဆောင်းအရိုင်းတဲ့လေး။

✳ ချမ်းလို့ရယ် နိုက်နိုက်တုန်
စောင်ခြုံလို့ မနွေး၊
လပြာသို နှင်းစို့ရွှဲတယ်
သည်းနိုက်အောင် အေး။

✳ ခွာညိုပန်းတွေ မွှေးမွှေးကြူ
ပျိုမေလေးတွေ မွေးမွေးမြူ
မွေးမွေးကြူတွေ ဖွေးကြူမို့
မြေးယူဖို့လေး။
ဆောင်းနှင်းအေးတွေ မြူမြူဖွေး
ခွာညိုပန်းတွေ ကြူကြူမွှေး
မလေးပျို ခွာညိုကြိုက်တယ်
မင်းလိုက်ခူးလေး။ ။

မောင်နွယ်အောင်(မြေပြန့်)



BURMESE CLASSIC .com



## ရေပွက်ပမာ

✳ ဤနေရာမှာ၊ ပွဲခင်းသာနှင့်
သွားလာပြည့်ကြပ်၊ မျှားပန်းခတ်မျှ
ရပ်သူဝေသွေ၊ ဝေပြားလျှားသူနှင့်
ဆိုသူကသူ၊ တေးသံကြူလျက်
ကြည့်သူရယ်မော၊ တဝေသာဝေသာနှင့်
ပြောဍ်မကုန်၊ အလှဘုံတင့်
ပုံသံဆိုင်းသံ၊ ဘဝဂ်ညံမျှ
လွှင့်ပျံ့ဝန်းကျင်၊ ပွဲတင်ရိုက်ခတ်
မပြတ်သံစဉ်၊ ကွင်းတစ်ခွင်မှာ
စင်တင်ပွဲကြီး၊ မြိုင်မြိုင်မှတည်း။

✳ ပွဲညပြီး၍၊
ကွင်းထီးထီးကျန်၊ အကျည်းတန်လျက်
တေးသံလည်းတိတ်၊ လူခြေတိတ်၍
စိတ်တွေလှုပ်ရှား၊ ကြောက်လန့်သွားမိ
ဖြတ်သန်းသွားရန် မဝံ့ချေ။

✳ ပွဲပြီးမီးသေ၊ ဆိုအပ်ပေစွ
ဌာနေလူ့ဘုံ၊ ရောက်နိုက်တုံလည်း
တွေ့ကြုံဆုံကွဲ၊ ရှောင်မလွဲနိုင်
လျှောက်လွဲမရ အနိစ္စ
ဘဝများစွာ ရစ်ဆိုင်ရ
သံဝေဂဖြင့် ကြည့်မြင်ကြ။ ။

သီဟ ရောဓာ်



www.burmeseclassic.com

## ပန်းပန်တဲ့ အစာအိမ်

✹ ကဗျာသမား ဖန်သား
ဈေးသွားသည့်ခြင်းထဲ
ဘာဝယ်ခဲ့လဲ မရှေ့ဖဲ
ချဉ်ပေါင်နီရွက်၊ ကန်စွန်းရွက်၊
အညွန့်ဝေလျှက်၊ နွံ့ရေဇက်၊
နေ့စဉ်ရက်ဆက်၊ ညဥ့်မနက်စာ
မရှက်ပါဘူး၊ မိုးဦးတစ်လျှောက်
ကောက်ကြောင်းပန်းချီလေး လှလို့နေ...။

✹ အညွန့်လေးတွေ၊ အဖူးလေးတွေ
အပွင့်လေးတွေ၊ အရွက်လေးတွေ
အခက်လေးတွေ၊ အရိုးလေးတွေ
အသီးလေးတွေ၊ အမြစ်လေးတွေ

✹ သွေးချင်းပမာ၊ တွယ်ဖက်ခနေ
ဈေးခြင်းထဲမှာ၊ နွယ်ယှက်ဝေ
ကဗျာတိမ်လွှာ၊ လမ်းရဲ့ခွေ
အစာအိမ်မှာ ပန်းနဲ့ဝေ... ။ ။

ကောင်းမြတ်(ခရာတော)





## မိုးခါးရေမသောက်သောနေ့ရက်များ

စိုင်းပီတိ( ပန်ဆန်း)

နှစ်သယ့်သုံးနှစ်ပိုင်းတစ်ပိုင်း
တိမ်းစောင်းနေတဲ့ကမ္ဘာမြေပေါ်မှာ...
သစ္စာပန်းတွေလည်း ပွင့်ဖူးတယ်
မေတ္တာပန်းတွေလည်း ပွင့်ဖူးတယ်
အမုန်တရားတွေ
အာဃာတ,တွေနဲ့ ,
တရားမဖက်, ဓားထက်တဲ့သူတွေလည်း
ရှိခဲ့ဖူးတယ် .........
အပြုံးတရားနဲ့ အမုန်းအပွားဘဲ
နှလုံးသားဖြူစင်သူတွေလည်း
ရှိခဲ့ဖူးတယ်......
မနိုးကြား ; မတိုးပွား , မကြိုးစားဘဲ
မိုးခါးရေသောက်တဲ့သူတွေလည်း
ရှိနေကြတယ် .......
ကဲ , ခင်ဗျားနဲ့ ကျွန်တော်,ကျွန်တော်နဲ့ခင်ဗျား
အသိတရားတွေ
အရှိသားနဲ့
မသိလို့မှားသလား ?
သိလို့မှားသလား ?
အမုန်တရားဟာ
စံထားစရာဆိုရင်
သစ္စာအလံလွှင့်ပြီး
ဝေါင်းမော့နေကြမယ် ..။ ။



www.burmeseclassic.com

www.burmeseclassic.com



## လွတ်မြောက်နေသော တရားခံ

◇ ကြိုးနှင့်နှောင်တုပ်
ပိုက်ကွန်အုပ်လည်း
ထိန်းချုပ်ဖမ်းခက် သူ့ရှန်းထွက်။

◇ တံတိုင်းဆီးကာ
သူ့ခေတ်ပါလည်း
သူ့မှာ လွတ်မြောက်အံ့ဩလောက်။

◇ ကွန်ပျူတာယန္တရား
ဖြန့်ကျက်တားလည်း
သူကားထွက်ပြေးမိဖို့ဝေး။

◇ ဩော်... နှောင်တုပ်ဖမ်းဆုပ်၊ ထိန်းချုပ်မရ
လုံးဝလက်မြှောက်၊ မိုးမြေရောက်အောင်
ပျောက်စေမယာ၊ တတ်ပညာနှင့်
ခွာမင်းမှု၊ နေရာဟူသည်
သူသည် မရှိ 'စိတ်'လူဆိုး။ ။

**ကျော်ဝင်းသက်**





### ဆောင်းတယ်လီဖုန်း

☺ ဟလို...ဆောင်း...
အရင်လို နေကောင်းရဲ့လား။

☺ ဟုတ်ကဲ့ ခင်ဗျာ...
ဒီကသိ မယ်လိုဒီမှာတော့
နှာစေး...ချောင်းဆိုးကြလွဲရင်
အမြဲတမ်းနေထိုင်ကောင်းဖို့တွက်
ငွေဆိုတဲ့သမားတော်ရဲ့
အကောင်းဆုံး ဆေးတစ်ခွက်တော့ လိုတာပေါ့ဗျာ...

☺ ခင်ဗျားရော...
သမားတော်ရဲ့ဆေးတစ်ခွက်သောက်ဖို့
အရင်ကလိုပဲ ဗူးရစ်ကောက်ဦးမှာလား
ကျုပ်ပေးယောတဲ့လေဘေး
အငွေ့ထည်ကြော်ဂျီသေးရဲ့လား
သတိယားဗျို့ ဒီနှစ်ဆောင်းက ခပ်ကဲကဲ
(ဘယ်လိုပြောရမလဲ...)
ကျွဲချိုဖျားတောင်တပ်ကွေးကွေးသွားနိုင်တဲ့ ဆောင်း...ဗျ။ ။

ဝိုင်ဝိုင်ပြန်ဦး



www.burmeseclassic.com

ကေတီ-အောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

# သူတို့ဆီက မှုခင်းအထွေထွေ

## ကြုံကြုံဖန်ဖန် ဂီတာတူရိယာ ပစ္စည်းထဲ၌ မူးယစ်ဆေးဝါး သယ်ဆောင်အရေးယူခံရသူ





## မြင်ကွင်းစုံပြည်ပဖြစ်ရပ်မှန်

လွန်ခဲ့သော စက်တင်ဘာ(၂၆)ရက်နေ့က၊ ညနေ(၄)နာရီအချိန်၊ မလေးရှားနိုင်ငံတကာ လေဆိပ်တွင် လေယာဉ်ခရီးသည်များအား လေဆိပ်တာဝန်ရှိသူတို့ ရှာဖွေစစ်ဆေးခဲ့ရာ နိုင်ဂျီးရီးယားနိုင်ငံသား အမျိုးသားခရီးသည်နှစ်ဦးထံမှ စိတ်ကြွဆေး၊ အရူးဆေးအချိန်(၂)ကီလိုဂရမ်ကို ဂီတာတူရိယာပစ္စည်း အသေးစားနှင့် အသံချဲ့စက်(မိုက်)ထဲတွင် လျှို့ဝှက်သိမ်းဝှက်သယ်ဆောင်လာခဲ့သည်ကို ရှာဖွေတွေ့ရှိသဖြင့် ဖမ်းဆီးသိမ်းဆည်းခဲ့သည်ဆိုသည်။ ထို့ပြင် စက်တင်ဘာလ(၂၉)ရက်နေ့ကလည်း မလေးရှားနိုင်ငံတကာ လေဆိပ်တွင်ပါကစ္စတန်နိုင်ငံသား၊ အမျိုးသား ခရီးသည်တစ်ဦးကို မသင်္ကာဖွယ်ရာ တွေ့ရှိသဖြင့် ဆေးရုံသို့ခေါ်ဆောင်သွားခဲ့ပြီး၊ ၄င်း၏ဝမ်းဗိုက်ကို ဓာတ်မှန်ရိုက်ကြည့်ရာတွင် အရာဝတ္ထုမည်းမည်းအများအပြားကို တွေ့ရှိခဲ့၍ ဆေးရုံမှ ဝမ်းချဆေးကျွေးခဲ့ရာ၊ ဆေးတောင့်များပါချသည်ကို တွေ့ရ၏။ ယင်းဆေးတောင့်များကို ကောက်ယူပြီး၊ ဓာတ်ခွဲစစ်ဆေးရာ၌ စိတ်ကြွဆေးတောင့် ဖြစ်နေသည်ကို တွေ့ရှိရသည်ဆိုသည်။ ယင်းစိတ်ကြွဆေးတောင့်(၂၅)တောင့် ပါချခဲ့သော်လည်း ၄င်း၏ဝမ်းဗိုက်ထဲ၌မူ၊ စိတ်ကြွဆေးတောင့် ကျန်ရှိနေဦးမည်ဟု လေဆိပ်ရဲတပ်ဖွဲ့မှ ယူဆသဖြင့် ယင်းဆေးရုံ၌ပင် ဆက်လက်ဖမ်းချုပ်ထားသည်ဟု ဆိုသည်။ အမှုကို မလေးရှား ရဲတပ်ဖွဲ့မှ ဆက်လက်အရေးယူ စုံစမ်းစစ်ဆေးလျက်ရှိ၏။

**မလေးရှားနိုင်ငံတကာ လေဆိပ်တွင် နိုင်ငံခြားခရီးသည်များထံမှ စိတ်ကြွဆေးဝါး၊ အရူးဆေးဝါး၊ ခရီးအိတ်ဆောင် ဂီတတူရိယာပစ္စည်းများထဲ၌ လျှို့ဝှက်၊ သိမ်းဝှက်သယ်ဆောင်လာခဲ့သည်ကို စစ်ဆေးတွေ့ရှိစဉ်။**

Ref : N.Y.S.P (Malaysia) . Page : (A-20) (5-10-2011)
Various News.



www.burmeseclassic.com

www.burmeseclassic.com



# စင်္ကာပူမြို့ ဆဲခြောက်ဖြင့် အစားထိုးကုသမှု လူနာသေဆုံး အထူးကုဆရာဝန် တစ်ဦး လိုင်စင်[၁]နှစ်ရုပ်သိမ်းခံရ

လွန်ခဲ့သော ၂၀၀၆-ခုနှစ်က၊ မေလ(၃၀)ရက်တွင် စင်္ကာပူမြို့ရှိ ဆေးကုသက်တမ်း အတွေ့အကြုံ နှစ်ပေါင်း(၄၀)နှစ်ရှိ အထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်သူ မစ္စတာဟွမ်လျှမ်မင်း၊ အသက်(၆၅)နှစ်သည် ဟောင်ကောင်(ခေါ်)ရှန်းကန်မြို့သား၊ တရုတ်လူမျိုး ရိုဒီဟ်ာသီ၊ ကြွက်သားကျုံ့ဝင်ပြီး ကျောရိုးနာဓိကြောစည်း (နာဗ်ကြောကြိုး) မာကျစ်သည့်ရောဂါ ဝေဒနာရှင်တစ်ဦးအပေါ်၊ လူနာ၏သဘောသဘောဆန္ဒမပါ၊ သဘောတူလက်မှတ် ရေးထိုးခဲ့ခြင်းမရှိဘဲ၊ ယုန်အသေကောင်မှ ရရှိခဲ့သော ဆဲ(လ်)အခြောက်ကိုအရည်ပြုပြီး၊ လူနာ၏ကိုယ်ခန္ဓာထဲသို့ ဆေးထိုးအပ်ဖြင့် ထိုးသွင်း ကုသပေးခဲ့ရာ အချိန်(၄)နာရီခန့်ကြာပြီးသည့်နောက် လူနာသည် မူးမေ့သည့် သွေးထွက်ဆိုးကျိုး ဖြစ်ပေါ်ခဲ့သဖြင့် ဓာရုံကြောဆေးကုဌာနသို့ ချက်ချင်းတင်ပို့ခဲ့၍ ပြေဆေးထိုးကုသခဲ့သည့်တွင် လူနာသတိပြန်ရလာခဲ့သည်ဆိုသည်။ သို့ရာတွင် နောက်ထပ်(၂)နှစ်ခွဲကြာ အသက်ရှင်နေထိုင်သွားပြီးလျှင် သေဆုံးခဲ့ရသည်ဆိုပါသည်။ ယင်းကြောင့် အထူးကုဆရာဝန်ကြီး မစ္စတာဟွမ်အပေါ် ဆေးပညာအထက်အဖွဲ့အစည်းက မစ္စတာဟွမ်အပေါ် ဓေါ်ယူစစ်ဆေးမေးမြန်းပြီး၊ ဆဲ(လ်)အခြောက်ဖြင့် ဆေးဝါးကုသခွင့် မရှိသေးဟုဆိုကာ မှားယွင်းကုသမှုဖြင့် အရေးယူခံရပြီး၊ ဆရာဝန်ဆေးကုလိုင်စင်(၁)နှစ်ခန့် ရုပ်ဆိုင်းရုပ်သိမ်းခံခဲ့ရ၏။ အထူးကုဆရာဝန်က မကျေနပ်သဖြင့် အထက်တရားရုံးသို့ အယူခံဝင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့ရသည်ဆိုသည်။



မြင်ကွင်းစုံပြည်ပဖြစ်ရပ်မှန်



စင်္ကာပူအထူးကုဆရာဝန်ကြီး မစ္စတာဟွမ်လျှမ်မင်း တရားရုံးရှေ့တွင် တွေ့ရစဉ်။

Ref : C.S.T (Singapore) . Page : (8) (27-8-2011)



www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းစုံပြည်ပဖြစ်ရပ်မှန်

# မိုက်ကယ်ဂျက်ဆင်သေဆုံးမှု ဆက်လက်ကြားနာစစ်ဆေး




(၁၂-၁၀-၂၀၁၁)ရက်နေ့၊ ဝါရှင်တန်မြို့ စုပေါင်းသတင်း တစ်ရပ်ဖော်ပြချက်တွင် အမေရိကန်နိုင်ငံ နာမည်ကြီး (Pop)အဆိုတော်မင်းသား မိုက်ကယ်ဂျက်ဆင် သေဆုံးမှုနှင့်ပတ်သက်ပြီး (၁၁-၁၀-၂၀၁၁) ရက်နေ့က ဆက်လက်ကြားနာစစ်ဆေးခဲ့ရာ ခွဲစိတ်ဆရာဝန်ကြီး မစ္စတာ နိုတက်(စ)က ရုံးတော်ရှေ့မှောက်သို့ မိုက်ကယ်ဂျက်ဆင်အား ခွဲစိတ်ကုသခဲ့စဉ်က ရိုက်ကူးထားခဲ့သော အဝတ်အစားမပါ ကိုယ်လုံးတီးဓာတ်ပုံ (၁)ပုံကို ယူဆောင်လာ၍ သက်သေခံပစ္စည်းအဖြစ်ဖြင့် တင်သွင်း တင်ပြခဲ့၏။ ယင်းကိုယ်လုံးတီး ရုပ်အလောင်းဓာတ်ပုံတွင် မိုက်ကယ်ဂျက်ဆင်၏ လက်မောင်းနှင့် ပေါင်တံတွင်ရှိ သွေးပြန်ကြောနေရာ၌ ဆေးထိုးအထင်ရာများ တွေ့ရသည်ဆိုသည်။



မြင်ကွင်းစုံပြည်ပဖြစ်ရပ်မှန်

ယင်းအဆိုပါ ခွဲစိတ်ဆရာဝန်ကြီး မစ္စတာနိုတက်(စ)က ထွက်ဆိုရာတွင် မိုက်ကယ်ဂျက်ဆင်၏ အိမ်လက်ထွဲဆရာဝန်ဖြစ်သူ မစ္စတာ ဝန်ရာတာမိုလီက မိုက်ကယ်ဂျက်ဆင် အိပ်ပျော်စေရန်အလို့ငှာ၊ တတိယအမျိုးအစား ဖီနော(III Phenol)ဆေးကို လွန်ကဲစွာ ထိုးနှံပေးခဲ့ခြင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်မူ ၄င်းဆေးမျိုးလုံးဝ (လုံးဝ)မထိုးနှံပေးခဲ့မှုကြောင်း ဆက်လက်ထွက်ဆို၊ အစစ်ခံခဲ့၏။ ယင်းအမှုကို ဆက်လက် စစ်ဆေးရန် ချိန်းဆိုလိုက်သည်ဟု သိရသည်။

Ref : N.Y.S.P (Malaysia) . Page : (A-24) (12-8-2011)

# ကိုရီးယားတည်းခိုခန်းပိုင်ရှင် သားမယားပြုကျင့်မှု



ကိုရီးယား(တောင်) ဆိုး(လ်)မြို့ရှိ နာမည်ကြီးဈေးပေါ တည်းခိုခန်းနှင့် အိမ်ပိုင်ရှင်ဖြစ်သူ၊ အသက်(၆၅)နှစ်၊ မစ္စတာမင်းရှော့အား (၁၆-၈-၂၀၁၁)ရက်နေ့က တွေ့ရစဉ်။

Ref : N.Y.S.P (Malaysia) . Page : (A-25) (22-8-2011)



www.burmeseclassic.com

www.burmeseclassic.com



ဆိုး(လ်)မြို့၊ ဩဂုတ်လ(၁၆)ရက်နေ့၊ သတင်းစာတစ်ရပ်ဖော်ပြချက်တွင် ယခုအခါ ကမ္ဘာလှည့်ခရီးသည်များသည် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ပြီး လည်ပတ်သူများ တိုးပွားလျက်ရှိ၏။ ဇူလိုင်လ(၂၁)ရက်နေ့က အသက်(၃၀)နှစ်အရွယ်ရှိ တရုတ်တိုင်ပေ (ထိုင်ဝမ်ကျွန်း) မှ အမျိုးသမီးခရီးသည် တစ်ဦးသည် ဆိုး(လ်)မြို့သို့ လာရောက်လည်ပတ်ပြီး၊ ဆိုး(လ်)မြို့ရှိ ဈေးပေါ်တာမည်ကြီး တည်းခိုခန်းတစ်ခုသို့ တစ်ကိုယ်တည်းဝင်ရောက် တည်းခိုခဲ့ရာ၊ ည(၁၁)နာရီအချိန်တွင် အသက်(၆၁)နှစ်ရှိ တည်းခိုခန်းပိုင်ရှင်က မစ္စတာပင်းရှော့က ခြင်ထောင်ထောင်ပေးမည်ဆိုကာ သူမတည်းခိုရာအခန်းထဲသို့ဝင်ရောက်ပြီး သူမအား သားမယားပြုကျင့်ခဲ့သော်လည်း၊ သူမက ရုန်းကန်ထွက်ပြေးလွတ်မြောက်ခဲ့ပြီး၊ ရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် အသက်(၆၅)နှစ်ရှိ တည်းခိုခန်းပိုင်ရှင် မစ္စတာမင်းချူသည် အဖမ်းခံခဲ့ရသည်ဆိုသည်။

# အမေရိကန် သမ္မတဟောင်း ရေဂင်အား လုပ်ကြံခဲ့သူ စိတ္တဇဝေဒနာရှင် ယခုအထိ အသက်ရှင်လျက်ရှိနေ







လွန်ခဲ့သော ၁၉၈၁-ခုနှစ်၊ မတ်လ(၃၀)ရက်နေ့တွင် ဝါရှင်တန် ဒီစီမြို့သို့ ရောက်ရှိနေခဲ့သော အမေရိကန်သမ္မတရေဂင်အား စိတ္တဇဝေဒနာရှင် တစ်ဦးဖြစ်သူ၊ မစ္စတာဟင်း(ခ်)လီသည် အဖော်(၃)ဦးနှင့်အတူ ခြောက်လုံးပြူးသေနတ်(၆)ချက်ဖြင့် ပစ်သတ်လုပ်ကြံခဲ့ရာ၊ သမ္မတရေဂင် ဓါးအဆုတ်သို့ ပွတ်ရှထိမှန်ခဲ့၏။ အထူးကုဆရာဝန်ကြီးက အောင်မြင်စွာ ခွဲစိတ်ကုသခဲ့သဖြင့် မစ္စတာရေဂင်သည် မသေကောင်း၊ မပျောက်ကောင်း အသက်ပြန်ရှင် လာခဲ့ရလေသည်။ ယင်းစိတ္တဇလူသတ်သမားကို ထိုအချိန်မှစပြီး စိတ္တဇဆေးရုံ ယခုအခေါ် စိတ်ကျန်းမာရေးဆေးရုံတွင် အကျယ်ချုပ်ထားခဲ့သည်မှာ ယနေ့အထိတိုင် ဖြစ်သည်ဆိုသည်။ မကြာသေးမီက ထို စိတ်ကျန်းမာရေးဆေးရုံမှ တာဝန်ရှိသူ ဆေးရုံအုပ်ကြီးက ထိုစိတ္တဇ လူသတ်သမားကို ဆေးရုံမှဆင်းခွင့်ပြုသင့်ပြီဖြစ်ကြောင်း တရားရုံးတော်သို့ လျှောက်ထားပန်ကြားခဲ့သည်ဆိုသည်။

စိတ္တဇလူသတ်သမားမစ္စတာဟင်း(ခ်)လီအား (၄-၁၀-၂၀၁၁)ရက်နေ့က စိတ်ကျန်းမာရေးဆေးရုံတွင် တွေ့ရစဉ်။

Ref : N.Y.S.P (Malaysia) . Page : (A-24) (12-8-2011)

# ဖိလစ်ပိုင်ရဲ့သင်တန်းသား ညှဉ်းဆဲမှုရဲ့အရာရှိများ အရေးယူခံရ

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ရှိ ရဲအရာရှိများတို့သည် သင်တန်းသားများ ရဲစည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ပါက ကုလားအော် ရှော့ဒ်ဒင်းတောင့်ကို သင်တန်းသား အသစ်များ၏ ပါးစပ်ထဲသို့ မရမက၊ အတင်း ထိုးထည့်ခြင်း၊ ဘောင်းဘီကိုချွတ်ခိုင်းပြီး၊ မဖော်ရာ အင်္ဂါကို ရှော့တ်သီး



www.burmeseclassic.com

www.burmeseclassic.com





မြင့်တို့ခြင်း အစရှိသည့် ညှဉ်းဆဲအပြစ်ဒဏ်ပေးပုံကို ရဲထောက်လှမ်းရေး က လျှို့ဝှက်ဓာတ်ပုံရိုက်ကူးထားခဲ့၏။ ယင်းအဆိုပါ ဗီဒီယိုခွေကို ယမန် နေ့(၃-၈-၂၀၁၁)ရက်နေ့က တာဝန်ရှိသူတို့သည် အများပြည်သူအား ထုတ်ဖော်ပြသခဲ့ရာ ရဲသင်တန်းဆရာ၊ ရဲအရာရှိ(၈)ဦးတို့ကို သက်ဆိုင် ရာတာဝန်ရှိသူတို့က ဖမ်းဆီးအရေးယူ စစ်ဆေးလျက်ရှိသည်။

Ref : C..S.T (Singapore) . Page : (14) (14-8-2011)

# လက်နက်ခဲယမ်းမီးကျောက် မှောင်ခိုလက်ရဖမ်းဆီးရမိ

မလေးရှားနိုင်ငံ၊ ကာယန်မြို့တွင် လွန်ခဲ့သော (၁၈-၈-၂၀၁၁) ရက်နေ့က ရဲအထူးတပ်ဖွဲ့သည် သတင်းအရ လက်နက်ခဲယမ်းမီးကျောက်







မှောင်ခိုတရုတ်မလေးကပြားလူမျိုး၊ အသက်(၃၅)နှစ်နှင့် (၄၅)နှစ်ရှိ ညီအစ် ကိုနှစ်ယောက်တို့၏နေအိမ်သို့ သွားရောက်ရှာဖွေခဲ့ရာ (၁) ပစ္စတို ၄-လက်၊ (၂) ရိုင်ဖယ် ၁-လက်၊ (၃) ကျည်ဆန်မျိုးစုံ အတောင့်ပေါင်း ၂၇၀၀ ကျော်၊ (၄) အခြားကျည်ဆန်အတောင့်ပေါင်း ၄၀၀ ကျော်၊ (၅)ဓား ၇ - လက်၊ (၆) လှံ ၂ - လက်၊ (၇) လက်ပစ်ဗုံး ၂ လုံးနှင့် (၈)အခြားပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများတို့ကို တရားခံ ညီအစ်ကိုနှစ်ဦးနှင့်အတူ၊ လက်ရဖမ်းဆီး၊ သိမ်းဆည်းမိခဲ့၏။ အမှုကို ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိသည်။

ဖမ်းဆီး၊ သိမ်းဆည်းရမိခဲ့သော လက်နက်ခဲယမ်းမီးကျောက် များတို့ကို(၁၈-၈-၂၀၁၁)ရက်နေ့က မလေးရှား ကာယန် ရဲစခန်းတွင် တွေ့မြင်ရစဉ်။

Ref : C..S.T (Singapore) . Page : (18) (28-8-2011)



www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေရေးရာသိကောင်းစရာ

စလင်း ဦးအောင်သိန်း

## လေ့လာသင့်ပေ ဥပဒေ

မစ္စတာသိန်း၏ရုံးခန်းသည် စာဖတ်သူများ သိရှိပြီးသည့်အတိုင်း လှေကြီးပေါ် လှေငယ်ဆင့်ဆိုသလို စစ်မှုထမ်းဟောင်းရုံးလေးတွင် ဖွင့်ထားခြင်းဖြစ်ရာ၊ အခန်းသီးခြားမရှိဘဲ၊ လှေကြီးပေါ်က ပုဂ္ဂိုလ်များ အလုပ်မရှိလျှင် ရုံးခန်းတစ်ခုလုံး ကြိုက်သလို လုပ်နိုင်၏၊ သူတို့အလုပ်တိစ္စရှိလျှင်ဖြစ်စေ၊ အစည်းအဝေးရှိလျှင်ဖြစ်စေ ချောင်မှာ တော်သလို သင့်သလိုနေရသည်လည်းရှိ၏၊ လုံးလုံးလျားလျား ထွက်ပေးနေရသည်လည်း ရှိ၏၊ မည်သို့ရှိစေ မစ္စတာသိန်းနှင့် စစ်မှုထမ်းဟောင်းရုံးလူကြီးများက ဝန်ထမ်းအဖြစ်လုပ်နေသူများနှင့် ညီအစ်ကိုရင်းချာပမာတဲ့သို့လည်းကောင်း၊ ဦးလေးသားချင်းများကဲ့သို့လည်းကောင်း၊ ခင်မင်ရင်းနှီးကြပါသည်၊ ဝန်ထမ်းအဖြစ်လုပ်နေသူများဟု ဆိုသော်လည်း သုံးယောက်တည်းသာရှိပြီး၊ ၎င်းတို့သုံးဦးဆုံသည့်အချိန် မရှိသလောက်ပင်၊ စာပို့ဆိုသူက မလာသည့်ရက်ကများသည်၊ လာသည့်နှစ်ယောက်တွင် တစ်ယောက်က ရုံးအလာမှန်ပြီး၊ အပြန်မမှန်၊ ပြန်ချင်သည့်အချိန်ပြန်သွားသည်၊ တစ်ခါတစ်ရံ ကျန်တစ်ယောက် ရုံးမရောက်သေးမီမှာပင်ပြန်သွားတတ်သည်၊ နောက်ကျသည့်တစ်ယောက်က အလာမမှန်သော်လည်း၊ အပြန်မှန်သည်၊ သူတို့အလုပ်က စစ်မှုထမ်းဟောင်းများကို အသင်းရုံး ရုံပုံငွေဖြင့် ငွေထုတ်ချေးသည်၊ အတိုးယူသော်လည်း အတိုးနှုန်းနည်းပါသည်၊ စစ်မှုထမ်းဟောင်းများ၏ ပင်စင်လစာငွေကို ထုတ်ယူပြီး အသင်းရုံပုံငွေသို့ ပြန်သွင်းသည့်အလုပ်ဖြစ်သည်၊ စစ်မှုထမ်းကောင်းရဲ့ အလုပ်နည်းခြင်း၊ ဝန်ထမ်းရုံပုံမှန်မတက်ခြင်းသည်ပင် မစ္စတာသိန်းအတွက် ဟန်ကျသလိုရှိနေတော့သည်၊ တစ်လတစ်ကြိမ်၊ နှစ်ကြိမ်လောက်သာ ချောင်ကပ်နေရတတ်သည်။



## မြင်ကွင်းစုံမှုခင်း

ထို့ကြောင့် တပည့်အလုပ်သင် ရှေ့နေကောင်းတိန်းတော်နှင့် လွတ်လွတ်လပ်လပ် ရုံးထိုင်နေနိုင်ခြင်းဖြစ်ပေသည်၊ ပင်တိုင်ဖောက်သည်များကား ကုန်စိမ်းရောင်းသူ၊ ရာသီပေါ်သီးနှံရောင်းသူ၊ ပန်းရောင်းသူများဖြစ်သည်၊ တရားရုံးသွားရလောက်အောင်လည်း အမှုက မကြီးတျယ်၊ တစ်ရပ်ကွက်တည်းသမားတွေ မဟုတ်တော့ ရပ်ကွက်ရုံးတွေသွားဖို့က အဆင်မပြေပြန်၊ သည်တော့ လမ်းဆုံက မစ္စတာသိန်းလှေငယ်ရုံးလေးသို့ ဆိုက်ရောက်ကြပေတော့သည်၊ ထို့ကြောင့်ပင် မစ္စတာသိန်းမှာ လူဝင်လူထွက် များသည်၊ တရားရုံးမှာလို လျှောက်လွှာအမျိုးမျိုး ရေးတင်ရတာမရှိ၊ ရုံးကမခေါ်လို့ စောင့်ရတာမရှိ၊ တရားရုံးမှာလို လူမနဲ့လို၊ အမှုသည်မလာလို့၊ ရှေ့နေခရီးလွန်နေလို့ ဆိုတာမျိုးမရှိ၊ အကောင်းဆုံးက မစ္စတာသိန်း၏ဆုံးဖြတ်ချက်ကို အယူခံပြင်ဆင်မှုဆိုပြီး၊ အထက်တက်ရတာ မရှိခြင်းပင်၊

"ဒီနေ့ ရာဇသတ်ကြီးမှာပါတဲ့ ပြစ်မှုပုဒ်မတွေထဲက သိသင့်၊ သိထိုက်တာတွေ ပြောမယ်စိတ်ကူးထားတာ၊ အရင်ဟာတွေက အခြေခံပေါ့ကွာ၊ ဥပဒေဘွဲ့ရတယ်ဆိုတာ အခြေခံအဆင့်ပဲကွ၊ ပညာမဟုတ်သေးဘူး၊ သင်ညာအဆင့်ပဲ"

"ဟုတ်ကဲ့. . . ဆရာ"

"ရာဇသတ်ကြီးမှာ လူကိုထိခိုက်တဲ့ပြစ်မှု၊ ပစ္စည်းကို ထိခိုက်တဲ့ပြစ်မှုဆိုပြီးရှိတယ်၊ လူကိုထိခိုက်တဲ့ ပြစ်မှုပိုင်းကို အရင်လေ့လာကြည့်ရအောင်"

စစ်မှုထမ်းဟောင်းရုံးတွင် ဆရာတပည့် ဆွေးနွေးနေကြခြင်းဖြစ်သည်၊

"ကျောင်းမှာသင်တဲ့အတိုင်း လက်ချာပေးမှာလားဆရာ"

"ဘယ်ဟုတ်မလဲကွ၊ ကျောင်းမှာက စာမေးပွဲအောင်ဖို့လောက်ပဲ၊ သင်ညာကွ၊ ဒီမှာက ပညာလိုတယ်၊ ကြက်တူရွေးလို သင်သလောက်တတ်တာ မလိုချင်ဘူး၊ ဉာဏ်ကွန့်တတ်ဖို့၊ တွေးခေါ်တတ်ဖို့၊ ဆင်ခြင်တတ်ဖို့လိုတယ်၊ ဒီတော့ စာများများဖတ်ရ မှတ်ရမယ်၊ ဒေတွေ့အကြုံဗဟုသုတစုံရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ဆရာ၊ ကျောင်းစာအတိုင်းဆို စိတ်ဝင်စားမှု မရှိဘူး၊ စိတ်မဝင်စားတော့ မလေ့လာဘူး၊ မဖတ်ဘူး၊ နောက်ဆက်တွဲ အကျိုးဆက်က ဘာမှမသိလိုက်တာပဲ"

"ဒါလဲ မင်းတစ်ယောက်တည်း မဟုတ်ပါဘူးကွ၊ အများစု ဒီအတိုင်းပဲ"

"ဟုတ်ပါတယ် ဆရာ"

"လူကို ထိခိုက်တဲ့ ဖြစ်မှုထဲက နာကျင်စေမှုကို လေ့လာကြရအောင်၊ အပြင်းအထန် နာကျင်မှုဖြောက်စေတဲ့ အင်္ဂါတွေ မှတ်မိသလောက် ပြောစမ်းကွာ"

"အချက်(၈)ချက်ရှိတာ မှတ်မိပါတယ်ဆရာ၊ သင်းကွပ်တာ၊ မျက်စိတစ်ဖက်ကန်း၊ နားတစ်ဖက်ထိုင်း၊ နှာခေါင်းရိုးကျိုး၊ သွားကျိုး၊ အရိုးအဆစ်လွဲ၊ မျက်နှာရုပ်ပျက်ဆင်းပျက်ဖြစ်၊ ဆေးရုံရက်(၂၀)တက်ဆိုတာတွေတဲ့လား"

"ဒီလောက် မှတ်မိတာ မဆိုးပါဘူး၊ နှာခေါင်းရိုးကျိုးတယ်လို့တော့မပါပါဘူး"

"ကျန်တာတွေ မှန်တာပေါ့ဆရာ"

"စကားလုံး အသုံးအနှုန်းတွေက ဥပဒေမဆန်ဘူးကွ၊ မျက်စိတစ်ဖက်တွယ်၊ နားတစ်ဖက်ပင်းတယ်ဆို တော်သေးတာပေါ့"

"ဆရာပဲ စာအုပ်ထဲအတိုင်း သင်ညာမဟုတ်ဖူးဆို"

"ဖါတော့ ဖါပေါ့တပည့်ရာ၊ လျှန်းစားထစ်လဲ မဟုတ်ဘူးလေ၊ အသုံးအနှုန်းတော့ အရပ်သိမ်မဆန်နဲ့ပေါ့"

"ကျွန်တော်မျိုးကြီး အသေအချာ မှတ်ထားလိုက်နာပါမယ် ဆရာ"

"အဲဒီလိုမျိုး ဖြစ်ရမှာပေါ့ကွ၊ ဟဲ. . . ဟဲ"

ဆရာတပည့် အတိုင်အဖောက် ကိုက်နေလေသည်။

"ရက်ပေါင်း (၂၀) ဆေးရုံဝယ်ဆိုတာ မင်းဘယ်လိုနားလည်လဲ ပြောစမ်း"





တပည့်ကို ပညာစမ်းလိုက်ခြင်း ဖြစ်သည်။

"ဆေးရုံမှာ အတွင်းလူနာအဖြစ် အနည်းဆုံးရက်(၂၀)တက်ရမှာပေါ့ဆရာ"

"ကောင်းပြီကွာ၊ ရက်(၂၀)ကျော် တက်တယ်ထားပါတော့၊ အဲဒီကာလအတွင်းမှာ ဘေးလူအကူမပါဘဲ သွားလာနေထိုင် စားသောက်နေနိုင်တယ်ဆိုရင်ကော ဘယ်လိုဖြစ်မလဲ"

"ရက်ပေါင်း(၂၀)ကျော်အတွင်းလူနာအဖြစ် တက်တယ်ဆိုရင် လုံလောက်ပြီပေါ့ဆရာ"

"အဲဒါ မင်းမှားတယ်"

"ဗျာ"

ကောင်းဟိန်းကျော်မှာ မျက်လုံးပြူးသွားသည်။ အထင်နှင့်အမြင်လွဲလေပြီ။

"အဲဒီမှာ မိမိလုပ်ဆောင်မြဲ အလုပ်ကိုမလုပ်နိုင်တဲ့ စကားပါတယ်ကွ၊ ငါ့ရှိန်ဘာဆင်းတုန်းက ဆရာ့ကို မေးခဲ့ဖူးတယ်၊ လုပ်ဆောင်မြဲအလုပ်ဆိုတာ ကျောင်းဆရာက မသင်နိုင်တာ၊ တောင်သူလယ်သမားက မထွန်မယက်နိုင်တာ၊ ရေထမ်းသမား၊ အဝတ်လျှော်တဲ့သူက ရေမထမ်း၊ အဝတ်မလျှော်နိုင်တာလားဆိုပြီး မေးခဲ့တာ"

"ဆရာ့ကို . . . ဆရာ့. . . ဆရာက ဘယ်လိုရှင်းပြတုန်း"

"ဒီမှာ ငါ့တပည့် ရေသောက်တော့ ဘာဖြစ်လဲတဲ့၊ ဒီတော့ ငါက ရေဆာပြေတာပေါ့ ဆရာလို့ဖြေတယ်၊ အဲဒီမှာ မင်းဟာ မဟုတ်သေးပါဘူးကွာတဲ့၊ နောက်ထပ်မေးပြန်တယ်၊ အစာစားပြီး ဘာဖြစ်လဲတဲ့၊ ငါက ဗိုက်ပြည့်တာပေါ့လို့ ဖြေပြန်တယ်၊ ဆရာက ပြုံးပြီး၊ အဖြေတွေတိုက်တာပဲ၊ အဲဒီတုန်းကတော့ ပက်စီပေါ့ကွာ၊ ခုကနေတော့ ဆရာ့ခွင့်တောင်းပြီး ဝိတ်လျှော့ရတော့တာပဲ"

"ဟာ. . . ဆရာကလဲ"

"ဝိတ်လျှော့ပြီး ပြန်လာတော့ ဆရာက ရေသောက်တော့ ဝိတ်လျှော့ရတာပေါ့ကွ၊ အဲဒါ လုပ်ဆောင်မြဲအလုပ်ပဲ အသေအချာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားတဲ့၊ ငါလဲ တစ်သက်မမေ့တော့ဘူး"

"ဆရာ့. . . ဆရာကလဲ ကြံကြံဖန်ဖန်"

"အဲဒါ. . . ပညာပဲလေကွာ"

"ဆရာ. . . မာစတာ(ချိန်ဘာဆရာ) ပြောတာလဲ မှတ်လောက်ပါပေတယ်"

"အပြင်းအထန် နာကျင်စေမှုမှာ မျက်စိ၊ နား၊ သွားနဲ့ပတ်သက်ပြီး ရေးသားထားတာက မျက်စိအမြင်အာရုံ၊ နားအကြားအာရုံ၊ သွားကျိုးတား ပဲ့တာဆိုပြီး ဖော်ပြထားတာကွ၊ မျက်နှာရုပ်ဆင်းအင်္ဂါဆိုရာမှာလဲ မှတ်နှာတင်မဟုတ်ဘူး၊ ဦးခေါင်းလဲ ပါတယ်ကွ၊ အတွင်းလူနာဆိုရာမှာသည်း ဝေဒနာအပြင်းအထန် ခံစားနေရရင်လည်း အကျုံးဝင်တာပဲ"

"တုတ်တဲ့ဆရာ ရှင်းပြတော့ ပိုမှတ်မိတာပေါ့"

"အေး. . . တို့က ဆွေးနွေးတာ၊ စာသင်တာမဟုတ်ဘူး၊ ဒါကြောင့် ဥပဒေပုဒ်မမှာပါတဲ့ စာသားအတိုင်း မသုံးဘူး၊ သဘောပေါက်ရင်တော်ပြီ"

အပြင်းအထန် နာကျင်စေမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ အဆိပ်ခပ်မှုများ၌ သက်ဆိုင်ရာ ဆရာဝန်ကို ဆေးဘက်ပညာရှင် သက်သေအဖြစ် ခေါ်ယူစစ်ဆေးလေ့ရှိပါသည်၊ အချို့ရုံးများက သာမန်ဒဏ်ရာအတွက်ပင် ဆရာဝန်ကိုသက်သေအဖြစ် ခေါ်ယူစစ်ဆေးသည်များ ရှိပါသည်၊ ဆရာဝန်များမှာ ဆေးရုံတွင် အရေးပေါ်ကိစ္စများ ကြုံတတ်ပေရာ ရုံးတော်ကချိန်းသည့်ရက်တွင် လာရောက်နိုင်မှ လာရောက်တတ်ပေသည်၊ စစ်ဆေးရန် အခက်အခဲရှိပေသည်၊

ဆရာဝန်က ဆေးစာထင်မြင်ချက်ပေးရာတွင် ဆေးဘက်အမြင်နှင့်ပေးခြင်းဖြစ်သည်၊ ဥပဒေအမြင်နှင့် ပေးခြင်းမဟုတ်၊ ထို့ကြောင့် ရုံးတော်သည် ဒဏ်ရာနှင့်ပတ်သက်၍ သာမန်ဒဏ်ရာဖြစ်သည်၊ ပြင်းထန်ဒဏ်ရာဖြစ်သည်ဟု သတ်မှတ်ရာတွင် ဆရာဝန်၏ဆေးစာနောက်သို့လိုက်ရန် မဟုတ်ပေ၊ အပြင်းအထန် နာကျင်စေမှု မြောက်/မမြောက် ရာဇသတ်ကြီးပုဒ်မ (၃၂၀)ပါ အချက်(၈)ချက်နှင့် တိုင်းတာရန်သာရှိပေသည်၊ တရားရုံးများလက်စွဲတွင်လည်း ဆရာဝန်၏ဆေးစာ





နောက်လိုက်ရန်မဟုတ်ကြောင်း၊ ထည့်သွင်းဖော်ပြထားသည်၊

"ဆေးစာမှာ ဒဏ်ရာအနေအထား ဖော်ပြပြီး ပြင်းထန်လို့သတ်မှတ်ထားရင် ရုံးတော်က ဆန့်ကျင်ပြီး သာမန်လို့ သတ်မှတ်လို့ရတာပေါ့နော် ဆရာ"

"ရတာပေါ့ကွ၊ ဆရာဝန်က ဆေးပညာအမြင်နဲ့ပြောတာ၊ ရုံးက ဥပဒေအမြင်နဲ့ သတ်မှတ်တာပဲ၊ ဥပဒေနောက်လိုက်ရမှာပေါ့"

"ဆရာပြောလို့ ကျွန်တော် မောင်ဟန်သာ အမှုတောင်ဖတ်ပြီး သတိရမိသေးတယ်"

"ပြောစမ်းပါဦးကွဲ့၊ ငါတော့ အမှုမဲ့၊ အမှတ်မဲ့ပဲ"

"ဒီလိုပါဆရာ၊ မောင်ဟန်သာကြောင့် မောင်သောင်းလှ နဖူးရိုးကွဲအက်သွားတယ်၊ အဲဒီမှာ ဆရာဝန်ဦးညီညီရဲ့ ထွက်ချက်ကလည်း နဖူးရိုးကွဲအက်တယ်လို့ပဲ ထွက်ထားတယ်၊ ပုဒ်မ(၁၂၀)မှာပါတဲ့ သတ္တမအချက်နဲ့ အကျုံးဝင်၊ မဝင် သေချာတိကျအောင် ထွက်ဆိုမထားဘူး၊ အရိုးအက်ကွဲခြင်းသည် အတွင်းဘက်သို့တိုင်အောင် တောက်လျှောက်ကွဲအက်မှ အပြင်းအထန်ဒဏ်ရာလို့ သတ်မှတ်ရမှာ၊ မောင်ဟန်သာအမှုမှာ ဘယ်လိုကွဲအက်တယ်လို့ ဖော်ပြမထားတဲ့အတွက် သာမန်ဒဏ်ရာရစေတဲ့ သာမန်နာကျင်စေမှု ပုဒ်မနဲ့ပြစ်ဒဏ်စီရင်ထားခြင်းသည် အထင်အရှား မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း၊ ၁၉၇၀-ခုနှစ်၊ စီရင်ထုံး စာမျက်နှာ (၁၃၀)မှာ ဖတ်ရတယ်ဆရာ"

"အေး. . . ဒါမှန်တာပေါ့ကွ၊ တရားရုံးလက်စွဲနဲ့လဲ ကိုက်တယ်"

"ဆရာ. . . ခံရသူမှာ ပြင်းထန်ဒဏ်ရာရကြောင်း၊ အငြင်းပွားခြင်းမရှိပါဘဲနဲ့ သာမန်နာကျင်စေမှုနဲ့ပဲ ပြစ်ဒဏ်စီရင်တယ်ဆိုတော့ ဥပဒေနဲ့ညီပါ့လား ဆရာ"

"အေး. . . ငါတပည့်တော်လာပြီ၊ တွေးခေါ်တတ်လာပြီ"

"ကျွန်တော် ဉာဏ်မမီလို့ မေးတာပါဆရာ"

"မင်းမေးတာ အကိုးအကားနဲ့ပြေမှ အဆင်ပြေမှာကွ၊ နောက်ပြီး ဆက်စပ်တဲ့ အကြောင်းအရာတွေကလည်း များတယ်၊ လူမသေဘဲနဲ့

www.burmeseclassic.com



လူသတ်မှုမြောက်တာ၊ လူသေပါလျှင် နာကျင်စေမှုနဲ့ ပြစ်ဒဏ်စီရင်တာတွေရှိသေးတယ်၊ အဲဒါတွေတော့ နောင်သူ့အခန်းရောက်တဲ့အခါ ဆွေးနွေးတာပေါ့"

"ဟုတ်ကဲ့ ဆရာ"

၁၉၇၅-ခုနှစ်၊ မြန်မာ့နိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ (၉၀)ပါ ဦးလှရီ ပါ-၂ နှင့်ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အမှုတို ရှင်းပြလိုက်သည်၊ မောင်တင်မောင်အား စက်ဘီးခိုးမှု မသင်္ကာသဖြင့် လယ်ဝေးရဲစခန်းမှ ဒု-လုံခြုံရေးမှူးအဆင့်(၂)ဦးလှရီက မျဉ်းလုံးနှင့်ရိုက်၍ စစ်မေးသည်၊ ရဲတပ်ကြပ် ဦးမောင်မောင်က လက်သီးနှင့်ထိုးသည်၊ မောင်တင်မောင် နာခေါင်းရိုးကျိုးသွားသည်၊ မောင်တင်မောင်၏ဖခင်ဖြစ်သူ ဦးမောင်တိုတ ရဲစခန်းတွင် အမှုဖွင့်သည်၊ ပုဒ်မ (၃၂၅) အရ အရေးယူသည်၊

မြို့နယ်တရားစီရင်ရေးအဖွဲ့က ပုဒ်မ-၃၂၅နှင့် စွဲချက်တင်ပြီး ပုဒ် ၃၃၁အရ ပြစ်ဒဏ်စီရင်ပြီး၊ ဦးလှရီအား ဒဏ်ငွေ(၁၅၀/-) ပေးဆောင်စေရန်၊ ထိုငွေထဲမှ ၁၂၅/-ကို မောင်တင်မောင်အား နစ်နာကြေးပေးစေရန်၊ ဦးမောင်ကိုအား ဒဏ်ငွေ ၁၀၀/-ပေးဆောင်စေရန်၊ ထိုငွေထဲမှ ၇၅/-ကို မောင်တင်မောင်အား နစ်နာကြေးပေးစေရန် အမိန့်ချမှတ်သည်၊ ထိုအမိန့်ကို မကျေနပ်၍ ပြစ်ဒဏ်တိုးစေရန် လျှောက်ထားရာ ဗျဉ်းမနားမြို့(နယ်ထိုင်) မန္တလေးတိုင်း၊ တရားစီရင်ရေးအဖွဲ့က ပုဒ်မ ၃၃၁ အရ ပြောင်းလဲပြစ်ဒဏ်စီရင်သည်၊ ဦးလှရီအား ထောင်ဒဏ် တစ်နှစ်ခြောက်လ၊ ဦးမောင်မောင်အား ထောင်ဒဏ်တစ်နှစ်ကျခံစေရန်နှင့် ယခင် ငွေဒဏ်နှင့် နစ်နာကြေးငွေပေးမှုကို ထပ်မံအတည်ပြုသည်၊

ဦးလှရီ၊ ဦးမောင်မောင်တို့က ပြစ်ဒဏ်တိုးမြှင့်ခံရသည်ကို မကျေနပ်သောကြောင့် ဗဟိုတရားရုံးသို့ ထပ်မံ၍မြင်ဆင်မှု တင်သွင်းသည်၊

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၇ အရ စွဲချက်တင်ထားသော ပုဒ်မမှ သင့်လျော်သော ပုဒ်မသို့ပြောင်းလဲ၍ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း၊ ပြဋ္ဌာန်းထားသည်၊ ကျင့်ထုံးပုဒ်မ ၂၃၈ တွင် ကြီးသောပုဒ်မနှင့်စွဲချက်တင်ပြီး၊ ငယ်သောပုဒ်မဖြင့် ပြစ်ဒဏ်စီရင်နိုင်သည်၊ သို့သော်





ငယ်သောပုဒ်မနှင့် စွဲချက်တင်ပြီး ကြီးသောပုဒ်မနှင့် ပြစ်ဒဏ်မစီရင်နိုင်ပေ၊

ပြစ်မှုပုဒ်မ ၃၂၅ ဖြင့် စွဲချက်တင်ပြီး၊ ပုဒ်မ ၃၃၁ အရ ပြစ်ဒဏ်မစီရင်နိုင်ပေ၊ ပုဒ်မ ၃၂၅ သည် အများဆုံးပြစ်ဒဏ် ထောင်(၇)နှစ်နှင့် ငွေဒဏ်ပြစ်ပြီး၊ ပုဒ်မ ၃၃၀ သည်ထောင်ဒဏ်(၁၀)နှစ်အထိ ချမှတ်နိုင်သဖြင့်၊ ကြီးသောပုဒ်မနှင့် ပြစ်ဒဏ်စီရင်ရာ ကျရောက်နေသည်၊

ဗဟိုတရားရုံးမှ မောင်တင်မောင်အား နာကျင်မှုဖြစ်စေအောင် ဦးလှဦး၊ ဦးမောင်မောင်တို့က ပြုလုပ်ခဲ့သည်ဖြစ်၍ တစ်ဆင့်နိမ့်သော ပုဒ်မ ၃၃၁ သို့ပြောင်းလဲ၍ ပြစ်ဒဏ်ချမှတ်ခဲ့သည်၊

ဆုံးဖြတ်ချက်၊ ၊ မောင်တင်မောင်အား ဦးလှရီက မျဉ်းလုံးနှင့် ရိုက်၍ဦးမောင်မောင်က လက်သီးနှင့်ထိုးသဖြင့် မောင်တင်မောင်တွင် နာခေါင်းရိုးကျိုးသော ဒဏ်ရာရရှိခဲ့ကြောင်း၊ ထင်ရှားသည်၊ သို့ရာတွင် ဦးလှရီနှင့် ဦးမောင်မောင်တို့ နှစ်ဦးအနက် မည်သူ၏လက်ချက်ဖြင့် ယင်းဒဏ်ရာ ရရှိခဲ့ကြောင်း၊ ခွဲခြား၍ တပ်အပ်သေချာစွာ မပြောနိုင်သောကြောင့် ဦးလှရီနှင့် ဦးမောင်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှားစီရင်ရန် မသင့်ပေ၊ တစ်ဆင့်နိမ့်သော ပြစ်မှုဖြင့် ပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှားစီရင်ရန် ဖြစ်သည်၊

"ဒီ စီရင်ထုံးမှာ သက်သေခံဥပဒေကို ကိုးကားထာမပါဘူးနော် ဆရာ"

"ဒါ. . . မလိုအပ်လို့ပေါ့ တပည့်ရာ၊ ကျင့်ထုံးနဲ့တင် လုံလောက်နေတာပဲ၊ သက်သေခံ ဥပဒေအရ သံသယဖြစ်စရာရှိရင် တရားခံကို သက်ညှာတဲ့ဘက်က စဉ်းစားရတယ်၊ ဒါ Procedure (ကျင့်စဉ်)ပဲ၊

"ဆရာ ရှင်းပြတာ ဗဟုသုတရပါတယ်၊ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်လဲ နွားရှေ့ ကိုစိန်မြင့် ဆိုင်က လက်ဖက်ရည်မှာကွာ"

"ရပါတယ် ဆရာ၊ စမူဆာလေးနဲ့ပေါ့"

စလင်း-ဦးအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

ပြည်ပဖြစ်ရပ်မှန်မှုခင်း

(မြန်မာပြန်)

# Murder Most Depraved









ပွဲပြီးပြီ။ ရှုံးနိုင်သွားပါပြီ။

* * *

ညီအစ်ကိုနှစ်ယောက် စရိုက်တစ်မျိုးစီရှိ၏။

ညီငယ် **မိုရှယ်** မှာ ဘုကျကျ ဗျွတ်ဆတ်ဆတ် ကုဒ္ဒေကြွယ် မိသားစုလုပ်ငန်းပေါ်တွင်လည်း စိတ်ဝင်စားမှုမရှိ။

ထို့ကြောင့် သူ့ကို လျှပ်စစ်မီတာ ဘီလ်ကောက်ခံရေးနှင့် ဓာတ်ငွေ့ ရောင်းရငွေ ကောက်ခံရေးလုပ်ငန်းတွင်သာ တာဝန်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီး ဂဲလ်ဘာတို မှာမူ ယဉ်ကျေးသိမ်မွေ့၏။ လူတကာနှင့် ပြေပြစ်စွာ ဆက်ဆံတတ်၏၊ အပေါင်းအသင်းဆန့်သည်။ သူ၏အပေါင်းအသင်းများမှာ အထက်တန်းအရာရှိများသာ ဖြစ်သည်။

သို့ရာတွင် ဂဲလ်ဘာတိုအား မူးယစ်ဆေးဝါးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲနေသည်ဟု အမေရိကန် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ယုံကြည်ခဲ့သည်။ ဂဲလ်ဘာတိုနောက်သို့ အစဉ်တစိုက် ထောက်လှမ်းခဲ့သည်။ ဂဲလ်ဘာတို၏ တန်ပြန်ထောက်လှမ်းရေးသမားများကလည်း အလွန်တော်ကြသောကြောင့် ဂဲလ်ဘာတိုကို စုံစမ်း၍ မလွယ်အောင် ဖြစ်နေခဲ့လေသည်။

"ကျုပ်ဟာ အစိုးရကခွင့်ပြုတဲ့ ဆေးဝါးမျိုးကိုသာ ရောင်းဝယ်သိုလှောင်တာပါ" ဟု ဂဲလ်ဘာတိုက ပြောလေ့ရှိသည်။ "ဒါပေမယ့် မီဒီလင်း မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းက အတ်ကိုဘာဟာ ဘာကြောင့် တျူပ်ကို သတ်ချင်သလဲဆိုတာ ကျုပ် မပြောတတ်ပါဘူး"

သို့ရာတွင် မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ။ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသကဲ့သို့ပင်။ ပြီးခဲ့သည့် သောကြာနေ့က ကာလီ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းခေါင်းဆောင် ဂဲလ်ဘာတိုကို သူ၏နေအိမ်ကြီးရှိ လျှို့ဝှက်အခန်းထဲ၌ ရဲများက ဖမ်းဆီးရမိလိုက်သည်။ ရဲများက သူ့ကို အခန်းထဲမှ ခေါ်ထုတ်စဉ် သူက "ကျုပ်ကို မသတ်ပါနဲ့၊ ကျုပ်ဟာ လူကောင်းတစ်ယောက်ပါ၊ ပွဲပြီးပြီ၊ ရဲနိုင်သွားပါပြီ" ဟု ဂဲလ်ဘာတိုက ပြောကြားခဲ့သည်။

✸ ✸ ✸

အမေရိကန် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် ၈၀%သော မူးယစ်ဆေးဝါးများကို ဂဲလ်ဘာတို၏ ကာလီမူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းက သယ်ပို့နေသည်။ ၎င်းဂိုဏ်းသည် အရှေ့တောင်အာရှ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်း





နှင့်လည်း အဆက်အသွယ်ရှိသည်။ မနှစ်က ဂိုဏ်း၏ အမြတ်ငွေမှာ ဒေါ်လာ (၇) ဘီလျံရှိလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။

"ဤဖမ်းဆီးရရှိမှုဟာ ဂဲလ်ဘာတိုရဲ့ ကာလီမူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်း ကျဆုံးခြင်းအစပဲ" ဟု သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကိုလံဘီယာနိုင်ငံ သမ္မတကြီး ပီဇာနို က မိန့်ကြားခဲ့သည်။

အမေရိကန်အစိုးရရှေ့နေများက စာမျက်နှာ ၁၆၁ မျက်နှာ ပါရှိသော စွဲချက်တစ်ရပ်ကို ဂဲလ်ဘာတိုကို မဖမ်းမိမီ လွန်ခဲ့သည့် ... ရက်က မီယာမီမြို့ရှိ တရားရုံးချုပ်သို့ တင်သွင်းခဲ့သည်။ ၁၉၉၃ ခုနှစ် မီဒီလင်း မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းခေါင်းဆောင် ... တ်ကိုဘာ သေဆုံးပြီးနောက် ဂဲလ်ဘာတို၏ ကာလီမူးယစ်ဆေးဝါး ... ဏ်းသည် မူးယစ်ဆေးဝါး ရောင်းဝယ်ရေး လောကထဲသို့ တမဟုတ်ချင်း ထိုးဖောက်ဝင်ရောက်လာသည်။ ဆန့်ကျင်ဖက် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းသားများသည် မကြာခဏ တစ်ဦးကိုတစ်ဦး ချောင်းမြောင်းပစ်ခတ်ကြသည်။ အချင်းချင်း ပစ်ခတ်ကြသဖြင့် ဂိုဏ်းသား ... ယောက် သေဆုံးခဲ့သည်။

မီဒီလင်း မူးယစ်ဆေးဝါးဂိုဏ်းနှင့် ကာလီမူးယစ်ဆေးဝါးဂိုဏ်း ... မှာ ကွာခြားချက်ရှိသည်။ ကာလီမူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် ... သည် လုပ်ငန်းတွင်ကျယ်ရေးအတွက် သက်ဆိုင်ရာ အစိုးရအရာရှိ ... အား လာဘ်ပေးခြင်းဖြင့် ထိုးဖောက်လုပ်ဆောင်သည်။ ၎င်းတို့၏ ... က်လှန်းရေးသမားများကလည်း ပါးနပ်လျှင်မြန်လှသည်။

၁၉၉၁ ခုနှစ်တွင် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့နှင့် ... ောက်ခွန်ဌာနတို့သည် ကာလီမူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့က ... င်ဆေးဝါးများ သယ်ဆောင်လာမည်ဟု သတင်းအရ စောင့် ... နေစဉ် ကာလီမူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်း ထောက်လှမ်းရေး ... းများကလည်း ရောက်ရှိလာကြသည်။

လွန်ခဲ့သောနှစ်က ကိုလံဘီယာရဲအဖွဲ့သည် လျှို့ဝှက်သကေ် ... ပ်စာများပါသော ကာလီဂိုဏ်းအဖွဲ့၏ ကွန်ပျူတာခွေတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ဖမ်းဆီးရရှိသည်။ ၎င်းခွေသည ချိုးဖဲ့ဖျက်ဆီးမရနိုင်ဘဲ ဂိုဏ်းအဖွဲ့သားများ၏ ဇနီးသားသမီးနှင့် နီးစပ်သော ဆွေမျိုးများ၏ လိပ်စာများဖြစ်သည်။ အကယ်၍ ဂိုဏ်းသားတစ်ဦး သစ္စာဖောက်သွားပါက ၎င်းဇနီးသားသမီးများကို သုတ်သင်ပစ်ရန်အတွက် လိပ်စာများ လျှို့ဝှက်မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

လွန်ခဲ့သော ၂-နှစ်လောက်က ဂဲလ်ဘာတိုညီအစ်ကိုတို့သည် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းကို ရပ်တန့်ရန် ပြင်ဆင်ခဲ့ကြသည်။ သူတို့ အလွန်ချမ်းသာနေကြလေပြီ။ သူတို့၏ နေစည်းစိမ်ကို ခံစား ခံစားရန် အချိန်သိပ်မရှိတော့။ ထို့ကြောင့် သူတို့သည် သတိကြီးစွာ ထားပြီး လှုပ်ရှားခဲ့ကြသည်။

ဂဲလ်ဘာတိုလည်း အသက်အရွယ် ကြီးရင့်လေပြီ။ သူတို့၏ သားသမီးများ ပညာသင်ကြားရေးကိစ္စ၊ လူမှုဝန်းကျင်တွင် အပြစ်ကင်းစင်စွာ နေထိုင်နိုင်ရေးကိစ္စ၊ သူတို့၏ မနဥစ္စာကို ထိန်းသိမ်းထားရေးကိစ္စနှင့်တကွ သူတို့မိသားစု၏ နောင်ရေးကို စဉ်းစားမိခဲ့သည်။

သို့ရာတွင် ခုတော့ တစ်ပိုလ်ကျ တစ်ပိုလ်တက်ဟူသော စကားအရ လူသားနွယ်ကို အညွန့်တုံးစေသည့် မူးယစ်ဆေးဝါး လုပ်ငန်းနှင့် လာဘ်ပေးလာဘ်ယူ လုပ်ငန်းတို့ကို နောက်တစ်ပိုလ် တက်၍ လုပ်ဆောင်ရန် အဆင်သင့်ပင် ဖြစ်နေလေပြီလော။

ဝင်းမြင့်အောင်

* * *





## ပန်ကြားအပ်ပါသည်

ကျွန်တော်များ၏ အသွင်သစ်ဖြင့် ထုတ်ဝေနေသော မြင်ကွင်းစုံ မှုခင်းမဂ္ဂဇင်း၏ ရည်ရွယ်ချက်မှာ "ပြည်သူလူထုအတွင်း မှုခင်းလျော့နည်းကျဆင်းရေး" ဖြစ်ပါသည်။

ယင်းတို့တွင် အနုပညာ စာပေသမားများပီပီ၊ စာပေမျက်နှာစာကို မှုခင်းစာပေဖြင့်သာ လှပစွာ ချယ်မှုန်းနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ပါသောကြောင့် ဖျတ်လျှောက်ခေတ် မှုခင်းစာပေ စာရေးကောင်းကြသော စာရေးဆရာ စာကျော်စာမော်တို့၏ 'စာ' များကိုသာမက၊ ထင်ရှိန်သောအခါက စာပေ အရေးအသားရော၊ ရည်ရွယ်ပါ အရေးကောင်းကြသည့် အယောင်းထဲမှ အကောင်း စာမူများကို ကျွန်တော်များ မဂ္ဂဇင်းတွင် ထပ်မံဖော်ပြရန် ဆုံးဖြတ်ထားပါသည်။

သို့ပါသောကြောင့် အတိတ်က စာရေးဆရာကြီးများနှင့် (အချို့မှာ ကွယ်လွန်သွားကြပါသဖြင့်) သက်ဆိုင်သူ စာပေအမွေ ဆက်ခံသူများကို ကြိုးစားဆက်သွယ်လျက် ရှိပါသည်။

အကယ်၍ ကျွန်တော်တို့ဘက်မှ ဆက်သွယ်မှု မရသည်တို့ မြင်ကွင်းစုံမှုခင်း မဂ္ဂဇင်းတွင် ဖော်ပြရသည့်အတွက် စာမူခ နှင့် မဂ္ဂဇင်းတို လာရောက် ထုတ်ယူကြပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

အုပ်ချုပ်ရေးမှူး
မြင်ကွင်းစုံမှုခင်း မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# ဝုံ

## ပုံပြင်ဆန်သောဇာတ်လမ်း တစ်ပုဒ်







www.burmeseclassic.com

 www.burmeseclassic.com

# ပုံပြင်ဆန်သော ဇာတ်လမ်းတစ်ပုဒ်

မူဝံ

(၁)

ကိုစိုးသိန်း၊ ခင်နှင်းရည် ဇနီးမောင်နှံ၏ ပြင်ပ ရုပ်သဏ္ဍာန်ကို အကဲခတ်ကြည့်မည်ဆိုလျှင် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသည့် အသွင်ကို ဆောင်လျက်ရှိသော်လည်း၊ ၎င်းတို့နှစ်ဦးစလုံး၏ ရင်ထဲတွင် အပူမီးတောက်လောင်လျက်ရှိသဖြင့် ပြင်းပြသော စိတ်ဝေဒနာကို ခံစားနေရပေသည်။

ကိုစိုးသိန်းမှာ ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ရိုးသားသည်။ ကြိုးစားသည်။ အသောက်အစားကင်းသည်။ ဆေးလိပ်ပင် မသောက်တတ်။ အပျော်အပါးလည်း မလိုက်စား။ ရသမျှလခကို ဇနီးဖြစ်သူအား ပုံအပ်သည်။

ခင်နှင်းရည်မှာလည်း စံပြအိမ်ရှင်မဟု ခေါ်ဆိုနိုင်သည်။ မယားဝတ်ငါးပါးကျေပွန်သည်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလို ဝင်ငွေနှင့် ထွက်ငွေ မျှတရုံသာမက စုမိ ဆောင်းမိအောင် ခြိုးခြံချွေတာသည်။ အိမ်တွင်းမှုကိစ္စအဝဝကိုလည်း လစ်ဟင်းမှု မရှိစေဘဲ အကွက်စေ့စေ့ လုပ်တတ်သည်။ သုံးနှစ်နှင့် ခြောက်လအရွယ် သမီးဦး သန္တာစိုး ကိုပင် ကလေးထိန်း လွှဲမထားဘဲ ကိုယ်တိုင် ကျွေးမွေးပြုစုသည်။

သန္တာစိုးမှာ ရုပ်မလှသော်လည်း တစ်တစ်ရစ်ရစ်နှင့် ချစ်စရာကောင်းသည်။ အရွယ်နှင့်မလိုက်အောင် လိမ္မာရေးခြားရှိသည်။ အကင်းပါးသည်။ တွတ်တီးတွတ်တာ ပြောတတ်သဖြင့် မိဘနှစ်ပါး အသည်းနိုက်အောင် ချစ်ကြသည်။

ကိုစိုးသိန်းနှင့် ခင်နှင်းရည် ဇနီးမောင်နှံမှာ တစ်ဦးကိုတစ်ဦး ကြင်နာသည်။ တစ်ဦး၏အလိုကို တစ်ဦးလိုက်လျောသည်။ တစ်ဦး၏သဘောကို နားလည်သည်။ သူတို့၏ အိမ်ထောင်ရေးမှာ သာယာသည်ဟု ဆိုနိုင်သည်။

သို့တစေ,

သူတို့နှစ်ဦးစလုံး၏ ရင်ထဲတွင် သောကမီး တောက်လောင်လျက်ရှိသဖြင့် ပြင်းပြသော ဝေဒနာကို ကြိတ်မှိတ်ခံစားနေကြရပေသည်။





(၂)

ကံတရား၏ အကျိုးပေးပုံမှာ ဆန်းကြယ်သည်။ ကြိုတင်တွက်ဆ၍ မရ။ မျှော်မှန်းထားတိုင်းလည်း ဖြစ်မလာ။ မမျှော်မှန်းဘဲနှင့်လည်း ဖြစ်လာတတ်ပေသည်။

တွတ်တီးတွတ်တာ ပြောတတ်ခါစ သမီးလေး သန္တာစိုးအပေါ်တွင် ကိုစိုးသိန်း၊ ခင်နှင်းရည်တို့ ချစ်၍မှ အားမရနိုင်သေးမီ သူတို့စပ်ကြားတွင် ဂြိုဟ်ဆိုး ကြမ္မာ ဝင်လာပေသည်။

သန္တာစိုးမှာ ကိုစိုးသိန်း၊ ခင်နှင်းရည် တို့၏ ရင်သွေးရင်နှစ် အစစ်မဟုတ်။ ၎င်းတို့၏ ရင်သွေးအစစ်မှာ စံပယ်သားဖွားခန်းတွင် ခင်နှင်းရည် မီးဖွားစဉ်က တခြားမိခင်တစ်ဦး၏ ကလေးနှင့် ကလေးချင်း မှားသွားပြီး တစ်ပါးသူများထံ ရောက်ရှိနေကြောင်း မမျှော်လင့်ဘဲ သိရှိခဲ့ရသည့် အချိန်မှစ၍ ကိုစိုးသိန်း ဇနီးမောင်နှံမှာ ဒုမီးသံယောဇဉ်ကြောင့် သောကမီး တောက်လောင်ခဲ့ရခြင်း ဖြစ်ပေသည်။

(၃)

တစ်ခုသော နံနက်ခင်းတွင် ကိုစိုးသိန်း၊ ခင်နှင်းရည်တို့၏ အိမ်ရှေ့တွင် ဆိုက်ကားတစ်စီး ထိုးရပ်လိုက်ပြီး ကိုစိုးသိန်းနှင့် သိကျွမ်းခဲ့ဖူးသော **ကိုသန်းဖေ** ဆိုသူ ဆင်းလာသည်ကို တွေ့ရသည်။ ကိုသန်းဖေမှာ ပွဲစားဖြစ်၍ ကိုစိုးသိန်း၏ မှာကြားချက်အရ နောက်ဆုံးပေါ် ရေဒီယို ကက်ဆက်ကို လာပြခြင်းဖြစ်ပေသည်။ ကိုသန်းဖေနှင့်အတူ ၎င်း၏သားဦး မောင်ဇော်ဖေ ပါလာပေသည်။

မောင်ဇော်ဖေအား ကိုစိုးသိန်း မြင်လိုက်ရသည့်အချိန်သည် ဤဇာတ်လမ်းစတင်သည့်အချိန် ဖြစ်သည်ဟု ဆိုနိုင်သည်။

မောင်ဇော်ဖေမှာ ငါးနှစ်သားအရွယ် ဖြစ်သော်လည်း အရပ်ပုသည်။ ကိုယ်လုံးကိုယ်ထည် သေးကွေးသည်။ သုံးနှစ်လေးနှစ်သားအရွယ်ဟု မှတ်ထင်ရသည်။ ၎င်း၏ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းမှအစ ကားသောနားရွက်၊ တွန့်လိမ်ကောက်ကွေးသော ဆံပင်ပါမကျန် သန္တာစိုးနှင့် အမြွှာမောင်နှမဟု မှတ်ထင်ရလောက်အောင် ချွတ်စွပ်လို တူနေသဖြင့် ကိုစိုးသိန်းမှာ တအံ့တဩ ငေးစိုက်ကြည့်နေမိပေသည်။

ကိုသန်းဖေမှာ ပွဲစားပီပီ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ၎င်းနှင့်အတူပါလာသော ရေဒီယို ကက်ဆက်၏ ကောင်းခြင်းလက္ခဏာများကို အမွှမ်းတင်ပေသည်။ ကိုစိုးသိန်း အနေနှင့်မူကား ရေဒီယို ကက်ဆက်ကိုပင် စိတ်မဝင်စားနိုင်ဘဲ မောင်ဇော်ဖေ ဆီသို့သာ အာရုံရောက်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသန်းဖေရဲ့ သား မောင်ဇော်ဖေနဲ့ ကျွန်တော့်သမီး သန္တာစိုး ချွတ်စွပ်ဆိုသလို တူနေတာ အံ့ဩဖို့ မကောင်းဘူးလား"

ကိုစိုးသိန်းမှာ ရင်ထဲ သိုဝှက်မထား နိုင်ဘဲ သွန်ထုတ်လိုက်သည်။ ထိုအချိန် တွင် သန္တာစိုးမှာ ကိုစိုးသိန်းအနီးတွင် ရှိ နေပေသည်။

"ဟုတ်တယ်ဗျို့။ ကိုစိုးသိန်းပြောမှ ကျွန်တော် သတိပြုမိတယ်၊ တူတာမှ ခွေး မရအောင် တူတာ။ ဒါပေမဲ့ သိပ်တော့ မဆန်းလှပါဘူး။ လူတူမရှား နာမည်တူ မရှား ဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား။ လူတူအကြောင်းပြောလို့ သတိရသေး တယ်၊ ကျွန်တော့်ရဲ့ အစ်ကိုဝမ်းကွဲ ကိုအောင်မိုး ဆိုရင် ဇာတ်ဆရာ ရွှေမန်း တင်မောင် နဲ့ ခွဲလို့မရအောင် တူတယ်။ ရွှေမန်း ဇာတ်သဘင်အဖွဲ့မှာ ရွှေမန်း တင်မောင်နဲ့ ကိုယ်ခွဲအဖြစ် ပါဝင်သရုပ် ဆောင်ခဲ့တုန်းက ပွဲကြည့်ပရိသတ်က ကိုယ်ခွဲမှန်း လုံးဝ မရိပ်စားမိခဲ့ကြဘူး။ ဒီအထိတူတာ"

ရေဒီယို ကက်ဆက် ရောင်းရလျှင် ပွဲခမြက်မြက်ကလေး ရမည်ဖြစ်သဖြင့် ကိုစိုးသိန်း၏ လေသံကိုလိုက်ပြီး ပြောနေ ခြင်း ဖြစ်ပေသည်။

ကိုစိုးသိန်း၏ စိတ်အာရုံတွင်မူ လွန် ခဲ့သည့် သုံးနှစ်နှင့် ခြောက်လခန့်က အဖြစ် အပျက် တစ်ခုဆီသို့ ပျံ့လွင့်နေပေသည်။

ခင်နှင်းရည် မီးဖွားရန် စပယ်သားဖွား ခန်းသို့ တင်ပို့ခဲ့သည့်နေ့က ခင်နှင်းရည် ခုတင်နှင့် ဘေးချင်းယှဉ်လျက်ရှိသေ ခုတင်တွင် ကိုသန်းဖေ၏ဇနီး မသန်းမေ ရောက်နှင့်နေသည်ကို တွေ့ရပြီး၊ ထို နံနက်ပိုင်းကပင် သမီးမိန်းကလေးမျက် မြင်ခဲ့သည်ကို ကိုစိုးသိန်း အမှတ်ရ ပေသည်။

"နေပါဦး၊ ကျွန်တော့်ဇနီး ခင်နှင်းရ မီးဖွားဖို့ စပယ်သားဖွားခန်းကို တ ရောက်ခဲ့တဲ့နေ့က ကိုသန်းဖေရဲ့ဇနီး သ မိန်းကလေး မျက်နှာမြင်တာ ကျွန်တေ မှတ်မိတယ်၊ အဲဒီကလေး ဘယ်မှာလဲ"

ကိုစိုးသိန်း စိတ်ထဲတွင် မျိုသိ ထားနိုင်ဘဲ ဖွင့်မေးလိုက်သည်။

"သန်းသန်းဌေး ကို မေးနေတာ တယ်၊ သန်းသန်းဌေး အခါလည်သ အရွယ်မှာ သူ့မိခင် မသန်းမေ အ ရောက်သွားရှာတယ်။ ကျွန်တော်မှာလ ကိုယ်ခွဲမရှိ စီးပွားရေးကလည်း သိပ်မ လည်လို့ သန်းသန်းဌေးကို အင်းစိန်ရွ မှာနေတဲ့ သူ့မိခင်ဘက်က ဆွေမျိုးတွေ ပို့ထားရတယ်။ သူတို့ခမျာမှာလည်း ချောင်လည်တာ မဟုတ်ဘူး။ ကလေး သနားလို့သာ လက်ခံထားတာ"

"ဟင် . . . ဟုတ်လား၊ အဲဒီက





ကျွန်တော် လိုက်ကြည့်ချင်တယ်။ စိန်ရွာမ ဆိုတော့ သိပ်မဝေးပါဘူး။ တော့်ကားနဲ့ သွားကြတာပေါ့"

ကိုစိုးသိန်းက အဆိုပြုလိုက်သည်။

န်းဖေမှာ ရေဒီယို ကက်ဆက် ောင်းအဝယ်တည့်လျှင် ပွဲခရမည့် တွေးပြီး ကိုစိုးသိန်း၏ အလိုကို ၌ အင်းစိန်ရွာ အေးသီဒိလမ်းနေ းမေ၏ အစ်မကြီး ဒေါ်သန်းရွှေ ၏ လမ်းပြခေါ်ဆောင်လာခဲ့ပေသည်။

အိမ်ရှေ့ သပုံပေါ်တွင် သုံးနှစ် ခွဲအရွယ် သန်းသန်းဌေး တစ် တည်း ဆော့ကစားနေသည်ကို သည်။ သန်းသန်းဌေး၏ အဝတ် များမှာ ဟောင်းနွမ်းစုတ်ပြဲနေပြီး၊ ယ်လုံး ညစ်ပတ်ပေကျံနေပေ

စိုးသိန်းမှာ သန်းသန်းဌေးအား င်မခတ်ဘဲ ငေးစိုက်ကြည့်နေမိ သူ၏ ရင်ထဲတွင်လည်း ဆို့နင့်နင့် သည်။

န်းသန်းဌေး၏ မျက်နှာမှာ ဘဲဥပုံ သွယ်လျလျ၊ မျက်လုံးပြူးသည်။ ောင် ကော့ပျံနေသည်။ ညစ်ပတ် သည့်ကြားမှ ဖြူဖွေးနုထွတ်သော ရေကို ထင်းခနဲ မြင်နေရသည်။ းဖောင်းကလေးများမှာလည်း ပန်းနုရောင် သမ်းနေသည်။ စေ့စေ့ကြည့် မည်ဆိုလျှင် ခင်နှင်းရည်နှင့် တူသလိုလို၊

ကိုစိုးသိန်း စကားတစ်ခွန်းမှ မပြော နိုင်။ မှင်တက်မိသလို ဖြစ်နေသည်။ ရင် ထဲတွင်လည်း ဗလောင်ဆူနေသည်။ သန်းသန်းဌေးအား ပွေ့ချီပြီး အားရပါးရ နမ်းလိုက်ချင်သည်။ သို့ရာတွင် စိတ် နောက် ကိုယ်မပါခဲ့၊ သူထင်သလို ဟုတ် ချင်မှဟုတ်မည်၊ စိတ်စောနေသဖြင့် ထင် ယောင်ထင်မှား ဖြစ်နေခြင်းလည်း ဖြစ်နိုင် သည်။

ကိုစိုးသိန်း ရှေ့ဆက်ပြီး ဘာပြောရ မှန်း၊ ဘာလုပ်ရမှန်း မသိ။ တတ်နိုင်သမျှ စိတ်ကို ချုပ်တည်းပြီး ကိုသန်းဖေနှင့်အတူ ပြန်လာခဲ့ပေသည်။

လမ်းခရီးတွင် ကိုစိုးသိန်းက ၎င်း၏ ရင်ထဲတွင် မျိုသိပ်ထားခဲ့သည့် အကြောင်း ခြင်းရာများကို သွန်ထုတ်လိုက်သည်။ စပယ်သားဖွားခန်းတွင် ခင်နှင်းရည် မျက်နှာမြင်ခဲ့စဉ်က ကိုသန်းဖေ၊ မသန်းမေ တို့၏ သမီးနှင့် ကလေးချင်း မှားခဲ့လေ သလောဟူသော ၎င်း၏ သံသယကိုပါ မထိမ်ချန်ဘဲ ဖွင့်ဟလိုက်သည်။

ဤတွင် ကိုသန်းဖေကလည်း သန်း သန်းဌေး မျက်နှာမြင်ခဲ့စဉ်က ၎င်းတို့ဇနီး မောင်နှံ၏ ရင်ထဲတွင် တအံ့တွေးတွေး ဖြစ် ခဲ့ရသည့် အကြောင်းခြင်းရာများကို



www.burmeseclassic.com

www.burmeseclassic.com





လိုက်သည်။

"စံပယ်သားဖွားခန်းက မသန်းမေကို ပြန်ခေါ်လာချိန်မှာ မသန်းမေက ကျွန်တော်နဲ့အတူ ပြန်ပါလာတဲ့ ကလေးဟာ သူ့ကလေးမဟုတ်ဘူး၊ ကလေးချင်း မှားလာပြီလို့ပြောတယ်။ ကျွန်တော်တို့ရဲ့ ဆွေမျိုးထဲမှာရော၊ မသန်းမေရဲ့ ဆွေမျိုးထဲမှာပါ သန်းသန်းငွေလို အသားဖြူတာ တစ်ယောက်မှမပါဘူး။ ပြီးတော့ ထူးခြားတာတစ်ခုက အိမ်ကိုပြန်ရောက်လို့ နို့တိုက်တဲ့အခါ နို့မစို့ဘဲ မသန်းမေရဲ့ မျက်နှာကိုကြည့်ပြီး တဝါးဝါး ငိုတော့တာပဲ။ ဒါနဲ့ သားဖွားခန်း တာဝန်ခံ ဆရာဝန်ကြီးဆီကို သွားပြီး ကလေးချင်းမှားသလား ဆိုတဲ့ ကျွန်တော့်ရဲ့ သံသယကို ဖွင့်ဟခဲ့တယ်။ ဆရာဝန်ကြီးက ကျွန်တော်စိုးရိမ်သလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ သူတို့ရဲ့ သားဖွားခန်းဟာ အင်မတန် စည်းကမ်းစနစ်ရှိပါတယ်၊ ဘယ်တုန်းကမှ ကလေးချင်း မမှားခဲ့ဖူးပါဘူးလို့ အာမခံတယ်၊ တဝါးဝါး ငိုတာက ဗိုက်နာလို့ ဖြစ်လိမ့်မယ်ဆိုပြီး အစာကြေဆေး ပေးလိုက်တယ်၊ တစ်ဆွေလုံး တစ်မျိုးလုံး အသားမည်းပေမဲ့ တစ်ယောက်တည်းကွက်ပြီး ဖြူတတ်တာတွေ ရှိပါတယ်လို့ နှစ်သိမ့်ခဲ့တယ်။ မသန်းမေ အနေနဲ့ကတော့ သူ အိမ်ရောက်တဲ့အချိန်အထိ သန်းသန်းငွေဟာ သူ့ရဲ့ရင်သွေး မဟုတ်ဘူးလို့ ဇွတ်ငြင်းနေတာပဲ"





(၄)

အိမ်သို့ ပြန်ရောက်လျှင်ရောက်ချင်း ကိုစိုးသိန်းက ဇနီးဖြစ်သူအား သူတွေ့ရှိလာခဲ့သမျှ အိတ်သွန်ဖာမှောက် ပြောပြသည်။ သူ၏ စိုးရိမ်ချက်ကိုပါ ဖွင့်ဟလိုက်သည်။ သို့ရာတွင် ကလေးချင်း မှားသည်ဆိုသည့် ယူဆချက်ကို ခင်နှင်းရည်က လက်မခံ၊ မဖြစ်နိုင် ဟု ပြောသည်။ သန္တာ[...]းအား အသည်းတုန် အူတုန် ချစ်မိနေပြီ[...]ဖြစ်သဖြင့် ကလေးချင်းမှားသည်ဆိုသည့် [...]တောကိုပင် မကြားချင်၊ စိတ်ကူးယဉ်[...]ဝတ္ထုများတွင်သာ စာရေးဆရာ ကလောင်[...]ကွန့်တိုင်း ဖြစ်နေတာပါဟု ဆင်ခြေပေး[...]သည်။

သို့သော် -

စေ့စေ့တွေးတော့ ရေးရေးပေါ်လာ[...]သည်။

လွန်ခဲ့သည့် သုံးနှစ်နှင့် ခြောက်လခန့်[...] အမှတ်မထင် ကြုံတွေ့ခဲ့ရပြီး မေ့မေ့[...]ပျောက်ပျောက် နေလာခဲ့သည့် ဖြစ်ရပ်[...]လေးသည် ခင်နှင်းရည်၏ စိတ်အာရုံ[...] နှိပ်ရှင်ပြသလို တစ်ကွက်ပြီးတစ်ကွက် [...]လာပေသည်။

(၅)

စံပယ်သားဖွားခန်းသို့ ခင်နှင်းရည် မီး[...]ဖွား[...] တက်ရောက်ခဲ့သည့်နေ့က ၄င်း၏ [...]င်ဘေးချင်း ယှဉ်လျက်ရှိသော ခုတင်တွင် လွန်ခဲ့သည့်နှစ်ရက်ခန့်က တက်ရောက်လာသော ကိုသန်းဖေ၏ဇနီး မသန်းမေမှာ ခင်နှင်းရည်ထက် အချိန်ပိုင်းစော၍ သမီးမိန်းကလေး မျက်နှာမြင်ကြောင်း သိခဲ့ရပေသည်။ ထိုနေ့ မွန်းလွဲပိုင်း ခင်နှင်းရည် သမီးလေး မျက်နှာမြင်သည်။ ထိုနေ့ ညနေပိုင်းတွင် သားဖွားဆရာမတစ်ဦးက ခင်နှင်းရည်အား ၄င်း၏ ဝမ်းမှ ကျွတ်ခါစ သမီးလေးကို လာပြသည်။ ထိုစဉ်က သမီးလေးဆံပင်မှာ နက်မှောင်နေသည်။ အသားမှာလည်း ဖြူဆွတ်နေသည်။ နှုတ်ခမ်းကလေးများ ရဲတွတ်နေသည်။ ပါးအို့မို့မို့ကလေးများမှာ ပန်းနုရောင် သမ်းနေသည်ကို ခင်နှင်းရည် မှတ်မိသည်။

နောက်တစ်နေ့နံနက် ကလေးအား နို့တိုက်ရန် ခင်နှင်းရည်ထံ ပို့သောအခါ ဆံပင်မှာ ပြောင်းဖူးမွေးလို ကျိုးတိုးကျဲတဲ တွန့်တွန့်လိပ်လိပ် ဖြစ်နေသည်။ အသားအရေမှာလည်း နီစပ်စပ်ဖြစ်နေသည်ကို ခင်နှင်းရည် သတိပြုမိသည်။

သားဖွားဆရာမကမူ ခင်နှင်းရည် မီးဖွားပြီးခါစ ပင်ပန်းနွမ်းနယ်နေသဖြင့် ထင်ယောင်ထင်မှား ဖြစ်နေခြင်းသာ ဖြစ်လိမ့်မည်ဟု နှစ်သိမ့်သည်။ ခင်နှင်းရည်မှာလည်း အမှန်တကယ်ပင် နွမ်းနယ်လျက်ရှိသဖြင့် သားဖွားဆရာမ ရှင်းပြသည်ကို

www.burmeseclassic.com



ယုံကြည်လက်ခံပြီး မေ့မေ့ပျောက်ပျောက် နေလာခဲ့သည်။ ခင်ပွန်းဖြစ်သူကိုပင် တစ်စုံတစ်ရာ ပြောမပြခဲ့ပေ။

ယခုမူ မေ့မေ့ပျောက်ပျောက် နေလာခဲ့သော ဖြစ်ရပ်ကလေးများမှာ စေ့စေ့တွေးလေ တရေးရေးပေါ်လေ ဖြစ်လာပေသည်။

(၆)

ကလေးချင်းမှားသည်ဟူသော ယူဆချက်မှာ ခိုင်လုံသည်ထက် ခိုင်လုံလာလေသည်။

ကိုစိုးသိန်း၊ ခင်နှင်းရည်တို့၏ ရင်သွေးရင်နှစ်အဖြစ် တယုတယ ကျွေးမွေးပြုစုလာခဲ့သော ကိုသန်းဖေ၊ မသန်းမေတို့၏ ရင်သွေးဟု မှတ်ယူခဲ့သော သန်းသန်းဌေးမှာ ကိုစိုးသိန်း၊ ခင်နှင်းရည်တို့၏ ရင်သွေးရင်နှစ် ဧကန်ဖြစ်သည်မှာ ယုံမှားသံသယ မရှိသလောက် သေချာနေပေသည်၊

သို့ရာတွင် - -

ကလေးချင်းလဲလှယ်ရန်ကိစ္စမှာ အပြောလွယ်သလောက် လက်တွေ့တွင် အခက်အခဲများ ရှိနေပေသည်။ တရားဥပဒေအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း ရင်ဆိုင်ရမည့် ပြဿနာများကို ကျော်လွှားနိုင်စေရန် သက်သေခံ အထောက်အထားများ ပြည့်စုံစွာ ရရှိဖို့ လိုလာပေသည်။

ထိုနေ့ ညနေပိုင်းတွင် ကိုစိုးသိန်းသည် ဇနီးဖြစ်သူနှင့်အတူ အင်းစိန်ရှိ အေးသိဒ္ဓိလမ်းသို့ တစ်ခေါက် ပြန်လာပေသည်။

တဲအိမ်ကလေး၏ မျက်နှာစာရှိ ဝရံတာပေါ်တွင် တစ်ယောက်တည်း သီချင်းတအေးအေးနှင့် ဆော့ကစားနေသော သန်းသန်းဌေးကို မြင်လျှင်မြင်ချင်း ခင်နှင်းရည်မှာ မျက်ရည်ပင် မဆည်နိုင်အောင် ရင်ထဲတွင် ဆို့နင့်နင့်နှင့် ဖြစ်သွားသည်။

"ဒါ . . . ကျွန်မသမီးအစစ်၊ သမီးကံဆိုးလှချည်လား၊ သမီးလေး ဆင်းရဲရဲနေရတာ မကြည့်ရက်ဘူး၊ ကျွန်မခေါ်သွားမယ်"

ခင်နှင်းရည်မှာ စိတ်ကို ချုပ်တည်းမရတော့ဘဲ သန်းသန်းဌေးအား ပွေ့ချီလိုက်သည်။ သန်းသန်းဌေးမှာ မျက်လုံးအဝိုင်းသားနှင့် ကြည့်နေရာမှ ... အား ခင်နှင်းရည် ပွေ့ချီလိုက်သော တအားရုန်းကန်ပြီး အိမ်ထဲဝင်ပြေး...

ခင်နှင်းရည် အိမ်ထဲ ဝင်လိုက်မည်ပြုသောအခါ ကိုစိုးသိန်းက ဟန့်တားလိုက်သည်။

"သိပ် မလောပါနဲ့၊ စိတ်လိုက်မာန်ပါလုပ်ရင် မှားတတ်တယ်၊ သမီးရင်းကို ...ပြန်ရမှာပါ။ ပိုပြီး ခိုင်လုံသည်ထက် ခိုင်လုံတဲ့ အထောက်အထားတွေရအောင် ကြိုးစားရဦးမယ်၊ ပထမ စံပယ်သားဖွားခန်းကို သွားပြီး ဆရာဝန်ကြီးနဲ့ တွေ့မယ်"

(၇)

စံပယ်သားဖွားခန်း၊ တာဝန်ခံ ဆရာဝန်ကြီးအနေနဲ့ ကလေးချင်းမှားသည်ဆိုခြင်းကို လက်မခံ။ ကိုစိုးသိန်းက သက်သေခံ အထောက်အထားများဖြင့် ရှင်းပြသည့်အခါတွင်မူ ဆရာဝန်ကြီး မျက်လုံးပြူးသွားသည်။

လွန်ခဲ့သည့် သုံးနှစ်နှင့် ခြောက်လခန့်က ဖိုင်တွဲများကို စစ်ဆေးကြည့်ရှုသောအခါ ကလေးနှစ်ယောက်မှာ တစ်နေ့တည်း မွေးဖွားသန့်စင်ကြောင်း တွေ့ရသည်။ နံနက်ပိုင်းတွင် မသန်းမေ မျက်နှာမြင်ပြီး မွန်းလွဲပိုင်းတွင် ခင်နှင်းရည် မျက်နှာမြင်ကြောင်း မှတ်တမ်းများအရ သိရသည်။

ထိုနေ့က တာဝန်ကျ သူနာပြု ဆရာမကြီးမှာ ၎င်း၏မိခင် ရုတ်တရက် အသည်းအသန်ဖြစ်နေသဖြင့် ၎င်း၏လက်အောက်ရှိ သူနာပြုဆရာမလေးအား ကတိုက်ကရိုက် တာဝန်လွှဲအပ်ခဲ့ရကြောင်း သိရသည်။ သူနာပြု ဆရာမလေးမှာ လူသစ်ဖြစ်၍ စံပယ်သားဖွားခန်း၏ စည်းကမ်းစနစ်ကို မကျွမ်းကျင်သေး။ ကလေးချင်းမှားသည်ဆိုသည်မှာ ၉၉ ဒသမ ၉ ရာခိုင်နှုန်း သေချာသလောက် ဖြစ်နေသဖြင့် ဆရာဝန်ကြီးမှာ ဗျာများသွားသည်။

"ဒီသတင်းသာ ပြင်ပကို ပေါက်ကြားသွားမယ်ဆိုရင် စံပယ်သားဖွားခန်း နာမည်ပျက်တော့မှာပဲ။ ခုကိစ္စနဲ့ ပတ်သက်ပြီး ရုံးပြင်ကနား မသွားကြပါနဲ့၊ ရှေ့နေရှေ့ရပ်တွေနဲ့လည်း တိုင်ပင်မနေပါနဲ့၊ ခုလိုဖြစ်ရတာ ကျုပ်တို့ရဲ့ သားဖွားခန်းမှာ တာဝန်ရှိတဲ့အတွက် အားလုံးအဆင်ပြေအောင် ကျုပ် တာဝန်ယူ ဆောင်ရွက်ပေးပါ့မယ်"

ဆရာဝန်ကြီးက တောင်းတောင်းပန်ပန်ပြောပြီး တိုးတိုးတိတ်တိတ် ကလေးချင်း လဲလှယ်နိုင်ရေးအတွက် ကြားဝင် ခေ့စပ်ပေးသည်။ ကိုသန်းဖေနှင့် ၎င်း၏မိန်းမ ဒေါ်သန်းရွှေတို့ကလည်း ရှောရှောရှုရှု သဘောတူ လက်ခံကြသည်။

ဤတွင် ပြဿနာတစ်ရပ် ပေါ်လာပြန်သည်။

ခင်နှင်းရည်မှာ သန္တာစိုးအား မွေးကင်းစအရွယ်မှစ၍ နို့ချိုတိုက်ကျွေးပြီး လူဖြစ်အောင် မွေးလာခဲ့ရသည် သာမက လိမ္မာရေးခြားရှိပြီး တွတ်တီးတွတ်တာ ပြောတတ်သဖြင့် ဖျတ်ထားမတတ် ချစ်နေမိပြီ ဖြစ်ပေသည်။ သန္တာစိုးအား ပြန်ပေးလိုက်ရမည်ဆိုလျှင် ပြုစုယုယမည့်သူ မရှိဘဲ ဆင်းဆင်းရဲရဲ မျက်နှာငယ်ငယ် နေ





www.burmeseclassic.com

www.burmeseclassic.com



သွားရမည့်အရေး တွေးမိသဖြင့် ခင်နှင်းရည်မှာ သန္တာစိုးအတွက် အသည်းအူပြတ်မတတ် ဝေဒနာ ခံစားနေရပြန်ပေသည်။

သန္တာစိုးကိုလည်း မပေးရက်။ သန်းသန်းငွေးကိုလည်း မိမိတို့၏ ရင်ခွင်ထဲသို့ ပြန်ခေါ်ချင်သည်။ နောက်ဆုံးတွင် ခင်နှင်းရည်သည် တစ်စုံတစ်ရာ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည်။

"ကလေးနှစ်ယောက်စလုံး ကျွန်မပဲ မွေးပါရစေ"

ခင်နှင်းရည်က ၎င်း၏ဆန္ဒကို ရဲရင့်ပြတ်သားစွာ တင်ပြလိုက်သည်။ ကိုစိုးသိန်းက ချွင်းချက်မရှိ ထောက်ခံသည်။ ကိုစိုးသိန်းကိုယ်တိုင် သန္တာစိုးကို အသည်းအူလှိုက် ချစ်နေမိပြီ မဟုတ်ပါလော။

ဆရာဝန်ကြီးကလည်း ခင်နှင်းရည်၏ အဆိုပြုချက်မှာ အားလုံးအတွက် အကောင်းဆုံးသော အကြံပြုချက်ဖြစ်ကြောင်း၊ သန္တာစိုး ကောင်းစားရေးအတွက် ဤအဆိုပြုချက်ကို လက်ခံသင့်ကြောင်း ကြားဝင်စေ့စပ်ပေးသဖြင့် အားလုံး ပြေလည်သွားပေသည်။

နေ့ကောင်းရက်သာ ရွေး၍ သန္တာစိုးအား ကိုစိုးသိန်း၊ ခင်နှင်းရည်တို့၏ အမွေစား အမွေခံ သမီးအဖြစ် စာချုပ်ချုပ်ဆိုပြီးနောက် သန်းသန်းငွေးအား သွားခေါ်ကြသည်။ သန်းသန်းငွေးအား ချော့မြှူရန်အတွက် ဝတ်ကောင်းစားလှများ၊ ကလေးကစားစရာမျိုးစုံ၊ ချောကလက်၊ သကြားလုံး စသော စားသောက်ဖွယ်ရာများပါ မကျန် ယူဆောင်သွားသည်။

အိမ်သို့ အပြန်ခရီးတွင် သန်းသန်းငွေးအား ခင်နှင်းရည် ပွေ့ချီပြီး လိုက်ပါလာသည်။ သန်းသန်းငွေးမှာ မော်တော်ကား မစီးဖူးသဖြင့် လမ်းတွင် ဟိုဟိုဒီဒီ ကြည့်၍ လိုက်ပါခဲ့ရာမှ တဖြည်းဖြည်း ငိုက်မျဉ်းလာကာ အိပ်ပျော်သွားပေသည်။

အိမ်သို့ရောက်သောအခါ သူ့အတွက် အသစ်ဝယ်ထားသော ပုခက်ပေါ်တွင် တင်သိပ်လိုက်သည်။ သန်းသန်းငွေး မျက်လုံးဖွင့်ကြည့်ပြီး ငိုတော့မည့်အသွင်ဖြင့် ... လိုက်သည်။

"သမီးလေး မငိုနဲ့နော်၊ ဒါဟာ သမီးလေးရဲ့အိမ်၊ ဟောဒါ သမီးလေးရဲ့ ဖေဖေနဲ့မေမေ၊ သမီးလေး ပျောက်နေလို့ ဖေဖေနဲ့ မေမေတို့ လိုက်ရှာခဲ့ရတာ အမောပဲ ဒီကနေ့ကစပြီး ဖေဖေ၊ မေမေတို့နဲ့အတူ အသက်ထက်ဆုံး ပျော်ပျော်ရွှင်ရွှင် နေသွားကြမယ်နော်"

ခင်နှင်းရည် ပုခက်ပွဲရင်း တတွတ်တွတ် ပြောနေပေသည်။ သန်းသန်းငွေးမှာလည်း ငိုမဲ့မဲ့ ဖြစ်နေရာမှ ခင်နှင်းရည်နှင့် ကိုစိုးသိန်းတို့အား ဝိုင်းရက်သော မျက်လုံးများဖြင့် တစ်လှည့်စီ ကြည့်နေပေသည်။ မကြာမီ မျက်တောင်စင်းပြီး အိပ်ပျော်သွားပေသည်။

(၈)

ယနေ့ဆိုလျှင် တစ်နေ့တည်း မွေးဖွားသော သန္တာစိုးနှင့် သန်းသန်းငွေးတို့မှာ ... နှစ်သမီးအရွယ်သို့ ရောက်လာကြပြီ ဖြစ်ပေသည်။ သန်းသန်းငွေးအား ပြန်၍ ခေါ်လာခဲ့သည့် အချိန်မှစ၍ "သူဇာစိုး" ... နာမည်ပြောင်းထားခဲ့ပေသည်။

သန္တာစိုးနှင့် သူဇာစိုးတို့မှာ တစ်ယောက်က အသားညိုပြီး၊ တစ်ယောက်က အသားဖြူသော်လည်း ရုပ်ကလေးမှာ ... ဖြစ်ကာ ၎င်းတို့နှစ်ဦးမှာ တတွဲတွဲဖြစ်နေသဖြင့် လူတိုင်းကပင် အမြွှာညီအစ်မ ... မှတ်ယူထားကြပေသည်။

တစ်နေ့တွင် ကိုစိုးသိန်းသည် ကလေး ... နှစ်ဦးအတွက် မွေးနေ့လက်ဆောင်အဖြစ် ... လှုရုပ်နှင့် ခါးပိုက်ဆောင် ကက်ဆက် ... ယူလာပေသည်။ သန္တာစိုးက စက်လှ... ကို နှစ်သက်သဘောကျသည်။ သူဇာ... ... မှုကား ခါးပိုက်ဆောင် ကက်ဆက်မှ ... ကာရိုဖုန်းကို ကောက်ကိုင်လိုက်သည်။

"ကျွန်မရဲ့နာမည် သူဇာစိုးပါ။ ကျွန်မ ... အသက် ရှစ်နှစ်ရှိသွားပါပြီ၊ ကျွန်မ ... ... သုံးတဲ့ ပုံပြင်ကလေးတစ်ခု ပြောပြ ... ..."

'ဟိုး ရှေးရှေးတုန်းကတဲ့ . . . ၊

'တိုင်းပြည် တစ်တိုင်းပြည်မှာ

'ဘုရင်ကြီးတစ်ပါးနဲ့ မိဖုရားတစ်ပါး ရှိသတဲ့။

'အဲဒီ ဘုရင်ကြီးနဲ့ မိဖုရားမှာ သမီးတော်တစ်ပါး ရှိတယ်၊

'တစ်နေ့ကျတော့ သမီးတော်လေး ပျောက်သွားတယ်၊

'ဘုရင်ကြီးနဲ့ မိဖုရားက နေရာအနှံ့ လိုက်ရှာကြတယ်၊

'တော်တော်နဲ့ ရှာလို့မတွေ့ဘူး၊

'ရှာရင်း . . . ရှာရင်း . . . ရှာရင်း၊

'နောက်ဆုံးကျတော့ သမီးတော်လေးကို တခြားဘုရင်တစ်ပါးရဲ့ နန်းတော်မှာ ပြန်တွေ့တယ်၊ သမီးတော်လေးက သူ့ခမည်းတော်နဲ့ မယ်တော်ကို မမှတ်မိဘူး။ ဘုရင်ကြီးနဲ့ မိဖုရားက သမီးတော်လေးကို ပြန်ခေါ်သွားတယ်။ အဲဒီနန်းတော်ကြီးမှာပဲ တစ်သက်လုံး ပျော်ရွှင်စွာ နေသွားကြသတဲ့'

မှဝ်

* * *





www.burmeseclassic.com

www.burmeseclassic.com



# ရဲယာဂိန်း

## တစ္ဆေဖမ်းပေးသော လှသတ်ကောင်







www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ရှိ ကညင်ပင်ကြီးတွင် ကြိုးတန်းလန်းကြီးကို မုဆိုးဖိုးခေါင်းအရင် မြင်သည်။

ကြိုး၏အဆုံးတွင် တွဲလောင်းကြီး လျှာတစ်လစ်နှင့် သေနေသော လူတစ်ယောက်၏အလောင်း။

မုဆိုးဖိုးခေါင်း ကြက်သီးတဖျန်းဖျန်းထသွား၏။ လိပ်ပြာပင် လွင့်စင်သွားမတတ် ကြောက်စိတ်က မုဆိုးဖိုးခေါင်းကို လွှမ်းခြုံသွား၏။

တောကြက်ထောင်ထားသော နေရာသို့ ဆက်မသွားတော့၊ မုဆိုးဖိုးခေါင်း "အမလေးဗျ" ဟု တစ်ချက်အော်ပြီး၊ တစ်ချိုးတည်း ရွာသို့ သုတ်ခြေတင်တော့သည်။

"ကိုညိုကြီး... ကိုညိုကြီး... ကိုညိုကြီးမှ ကိုညိုကြီး အစစ်"

ဖိုးခေါင်း တင်ပါးနှင့် ဖဝါးတစ်သားတည်းဖြစ်အောင် ခုန်ပေါက်ပြေးရင်း တစ်လမ်းလုံး ရေရွတ်သွားသည်။

နေရာမှာ မော်လိုက်သစ်တောကြိုးဝိုင်းအတွင်း ကညင်စုရွာအနီးတွင်ဖြစ်သည်။

ချင်းတွင်းမြစ်၏ အနောက်ဘက်ခြမ်း၊ မော်လိုက်မြို့အထွန့်တွင် ညောင်ပင်သာကျေးရွာရှိသည်။

ညောင်ပင်သာ တောင်ဘက်ကျကျတွင် ချင်းတွင်းမြို့ထဲ စီးဝင်လာသော စလူချောင်းရှိသည်။ စလူချောင်းနှင့် သစ်မျောဆိပ်ရှိသည့် တွန်းပင်ရွာအတွင်းပိုင်းတွင် "ကညင်စု" ရွာတည်ရှိသည်။

ကညင်စု အနောက်ဘက်တွင် တောင်ကုန်းများရှိပြီး၊ ကညင်စုရွာမှာတောင်ခြေ မြေပြန့်တွင်ရှိသည်။

"ကိုညိုကြီး ကညင်ပင်မှာ ကြိုးတန်းလန်းနဲ့ သေ... သေ"

* * * * *





ကညင်စုတွင် အိမ်ခြေလေးဆယ်ခန့်သာရှိသည်။ အများစုမှာ သစ်လုပ်ငန်းဖြင့် ဝမ်းကျောင်းပြုနေသော သစ်လုပ်သားများဖြစ်သည်။ မွင့်လင်းရာသီများတွင် ရွာထဲ၌ လူနည်းစုသာ ကျန်သည်။ မိုးကျလာသည်နှင့် သစ်ခုတ်သစ်လှဲ၊ သစ်ဆွဲခြင်းလုပ်ငန်းများ နားကြပြီး၊ သစ်ဆွဲစင်များ ဆင်ထိန်း၊ ဆင်ဦးစီး၊ သစ်ထုတ်လုပ်သားများ ကညင်စုသို့ ပြန်စုပြီး တစ်မိုးခိုကြသည်။

ယင်းသို့ ကညင်စုတွင် ရွာသားများ ပြန်၍စည်ကားလာချိန်တွင် မုဆိုးဖိုးခေါင်းက သူဆင်ထားသော တောကြက်ထောင်ချောက်များကို တောင်ပေါ်တက်ကြည့်စဉ် ကိုညိုကြီးကို ကြိုးတန်းလန်းနှင့် ကညင်ပင်တွင် တွေ့လိုက်ရခြင်းဖြစ်သည်။

ကိုညိုကြီးမှာ ကညင်စုတွင် ချမ်းသာသူတစ်ဦးဟု ဆိုနိုင်သည်။ သစ်ဆွဲဆင်တစ်စီး ပိုင်ဆိုင်၍ဖြစ်သည်။

အသက်လေးဆယ်ကျော် အရွယ်ရှိ ကိုညိုကြီးသည် အသောက်အစား အတော်အသင့်ရှိသည်မှအပ ပေါ့ပေါ့ရမ်းရမ်း မရှိလှ။

အိမ်သူအိက်ထား မယဉ်မြနှင့်အိမ်ထောင်သက် ဆယ်နှစ်ကျော်ရှိခဲ့သော်လည်း သားသမီးရတနာ ထွန်းကားခြင်းမရှိ။

သူသည် အလုပ်ကြိုးစားသည်။ ရွာတွင် သူ့ကဲ့သို့ပင် ဆင်တစ်စီးပိုင်ဆိုင်သူ ကျောက်စိမ်းတို့ ညီအစ်ကိုနှင့် အချင်းများခဲ့ဖူးသည်မှလွဲ၍ ရွာတွင် လူချစ်လူခင် များသူဟု ဆိုနိုင်သည်။

ကျောက်စိမ်းတို့ ညီအစ်ကိုနှင့် အချင်းများရသည်မှာလည်း အရက်ဝိုင်းတွင် စကားကျွံရာမှစခဲ့ခြင်း ဖြစ်သည်။

တစ်နေ့...

ကျောက်စိမ်းတို့လူစု၏ အရက်ဝိုင်းအနီးမှ ကိုညိုကြီး ဖြတ်သွားစဉ် ကျောက်စိမ်းက မရမက ခေါ်သဖြင့် ကိုညိုကြီး ဝင်ထိုင်မိသည်။

အရက်ဝင်တော့ အသီလွတ်သည်မှာ မဆန်း။

ဆင်မှာ သစ်တောကြိုးဝိုင်းဒေသများတွင် ခေတ်ပေါ်ကားများ ဘယ်ပင် တန်ဖိုးရှိသည့်အလျောက် ဆင်ဖြင့်အကျိုးစီးပွားဖြစ်လျှင်သူချင်း၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆင်အကြောင်း၊ ကိုယ့်ဆင်အကြောင်း မည်မျှအဖိုးတန်ကြောင်း ပြောပြီသည်။

သည်တွင် ကျောက်စိမ်းက သူ့ဆင်မိုးကောင်းမှာ ငွေအိုးလောက် ဒေါက်မမို့၍ ငွေဖိုးလောက် အဖိုးမတန်သော်လည်း၊ ဒေါက်မိုလာပါက ငွေအိုးကိုပြိုင်နိုင်ကြောင်း၊ လုပ်ငန်းတိုးချဲ့လိုသော်လည်း မိုးကောင်းဒေါက် မမိုသေး၍ ထင်တိုင်းမပေါက်သေးကြောင်း၊ ထို့ကြောင့် လာမည့်ပွင့်လင်းရာသီတွင် လုပ်ငန်းတိုးချဲ့နိုင်ရန် ငွေနှစ်သိန်းအလိုက်ဖြင့် ငွေအိုးကို မိုးကောင်းနှင့်လဲရန် ကျောက်စိမ်းက ကိုညိုကြီးကို ပြောသည်။

ကျောက်စိမ်းလူများကလည်း ငွေရောဆင်ပါ ရမည်ဖြစ်၍ လဲသင့်ကြောင်း ဘေးတီးပေးကြသည်။

ကိုညိုကြီး၏ အသိတရားမှာ အရက်ထဲမှာ အရက်ပုံးတစ်က ဖုံးလွှမ်းနေပြီဖြစ်၍ လောဘတက်ကာ သုံးသိန်းအလိုက်ပေးရန် တောင်းသည်။

နှစ်ဘက် အလျှော့အတင်းလုပ်ရင်းက နှစ်သိန်းခွဲအလိုက်နှင့် တည့်သွားသည်။

သို့သော်...

ထို 'သို့သော်'သည် ကိုညိုကြီးနှင့် ကျောက်စိမ်းတို့ညီအစ်ကို ရန်ငြိုးဖွဲ့စရာ ဖြစ်လာခဲ့ရသည်။

နောက်တစ်နေ့ ကျောက်စိမ်းတို့ညီအစ်ကိုက ငွေနှစ်သိန်းခွဲကို မြွေရေခွံအိတ်နှင့်ထည့်ပြီး ဆင်မိုးကောင်းကို မ၍ ကိုညိုကြီးထံ ရောက်လာသည်။

ကိုညိုကြီးမှာ အရက်ဝိုင်းတွင် ကတိပေးခဲ့သည့် စကားကို အရက်မူးပြေတော့ မမှတ်မိ။ ဆင်မိုးကောင်းမှာ ယာဘက်မျက်လုံး ဒဏ်ဖြစ်ပြီး ကွယ်နေသည်ကို ယခုမှ သတိရသဖြင့် အရက်ဝိုင်းမှ ကတိကို အရက်ဝိုင်းတွင် ပြီးပျောက်ခဲ့ပြီဖြစ်ကြောင်း၊ ပြောရာမှ ကျောက်စိမ်းတို့နှင့် စကားများကြသည်။

တုတ်တပျက် ဓားတပျက် မဖြစ်ရုံတမယ် ခိုက်ရန်ဖြစ်ကြသည်။ တစ်ရွာလုံး ဝိုင်းအုံလာကြသည်။





သည်တော့ ကျောက်စိမ်းတို့မှာ အရှက်ရပြီး ကိုညိုကြီးအား...

"ကတိမတည်တဲ့လူ သတ်ကိုပစ်မယ်"ဟု လူဘုံအလယ်တွင် ကြိမ်းဝါး ရန်ငြိုးဖွဲ့ခဲ့ဖူးသည်။

ယခု...

မုဆိုးဖိုးဒေါင်း ရွာသို့ ဒုန်းစိုင်းပြန်ပြေးလာပြီး၊ ကိုညိုကြီး တောင်ပေါ်က ကညင်ပင်၌ ကြိုးတန်းလန်း လျှာတစ်လစ်နှင့် သေနေသည်ကို တွေ့ရကြောင်း ရွာကိုစဝင်သည်မှ ရွာလူကြီးကိုတိုးမောင် အိမ်ရောက်သည် အထိ အော်ပြောသွားရာ ကြားရသူ ရွာသူရွာသားအပေါင်းမှာ ကျောက်စိမ်းတို့ညီအစ်ကို လက်ချက်ဟု ကောက်ချက်ချလိုက်ကြသည်။

* * * * *

ကညင်စုတစ်ရွာလုံး အုတ်အော်သောင်းနင်း ဖြစ်သွား၏။

လူတစ်ယောက် သစ်ပင်တွင် ကြိုးတန်းလန်းနှင့် သေနေခြင်းသည် -

၁။ ကိုယ်တိုင် ကြိုးဆွဲချ၍ မိမိကိုယ်ကို သတ်သေသလော။

၂။ တစ်စုံတစ်ယောက်က ကြိုးဆွဲချ လုပ်ကြံသတ်ဖြတ်သလော။

၃။ မြေပြင်တွင် အသေသတ်ပြီးမှ ကြိုးဆွဲချသတ်သေဟန် လည်ပင်း၌ ကြိုးကွင်းစွပ်၍ ချည်နှောင်ထားသလော။

ကိုညိုကြီး သေဆုံးမှုနှင့် ပတ်သက်၍ ဖြစ်နိုင်ချေ သုံးမျိုးရှိရာ တစ်ရွာလုံးက ပထမအမျိုးအစားဖြစ်သော ကိုယ်တိုင်ကြိုးဆွဲချ သတ်သေခြင်းမဖြစ်နိုင်ကြောင်း၊ တစ်ညီတစ်ညွတ်တည်း လက်ခံကြသည်။

ထို့ကြောင့် ကိုညိုကြီး သေဆုံးမှုသည် ဒုတိယအမျိုးအစား မဟုတ်လျှင် တတိယအမျိုးအစားဖြစ်မည်။

ယင်းနှစ်မျိုးလုံးသည် "လူသတ်မှု"ဖြစ်သည်။

"ကိုညိုကြီး သတ်မှု"ဟု တစ်ရွာလုံးက ပြောကြသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





ကိုညိုကြီးသတ်မှုကို မှုထိုးအေါင်းရွာနှင့် ရွာလူကြီး ကိုတိုးမောင်တို့ မော်လိုက်ရဲစခန်းသို့ သွားရောက်သတင်းပို့ တိုင်ချက်ဖွင့်သည်။

အမှုသား ရဲအရာရှိများ ခရီးလွန်နေသဖြင့် "ကိုညိုကြီး သတ်မှု" ကို ဖော်ထုတ်ရန် တာဝန်ကျသူမှာ များမကြာမီက ပြောင်းလာသော...

ရဲအရာရှိ "စိန်မမ"

ဤသို့ဖြင့် စိန်မမသည် တပည့်ကျော် ရဲတပ်ကြပ်ပေါက်ပေါက်နှင့် ရဲတပ်ကြပ်ကြီး မိုးမိုးတို့ကိုခေါ်၍ "ကညင်စု" ရွာသို့ ရောက်ခဲ့ရသည်။

စိန်မမတို့အဖွဲ့သည် ကညင်စုတစ်ရွာလုံး ထုံးလိုဖွေ ရေလိုနှောက် စုံစမ်းမေးမြန်း ထောက်လှမ်းကြသည်။

ကညင်စုရွာအပြင် တွန်းပင်ရွာသို့ပင် စိန်မမတို့ ခြေဆန့်ခဲ့ကြသည်။

တွန်းပင်ရွာတွင် ကိုညိုကြီး၏ ညီဝမ်းကွဲတချို့ရှိသည်။ တွန်းပင်ရွာ နန်းထွေးတို့မောင်နှမများအိမ်သို့ ကိုညိုကြီး အဝင်အထွက်ရှိသည့် ခြေစလက်စကလေးများကိုပင် စိန်မမတို့ သိခွင့်ရလိုက်သေးသည်။





စဉ်းစားရခက်သည်က ကိုညိုကြီး အလောင်းမတွေ့မီ သုံးရက်ခန့်ကပင် ကိုညိုကြီးကို လူနှစ်ယောက် လာခေါ်သွားပြီး၊ အိမ်ပြန်ရောက်မလာခဲ့ကြောင်း ကိုညိုကြီး၏ ဇနီးမယားမယဉ်မြ ပြောပြသည့်အထဲမှ "အသံ" နှင့် ပတ်သက်သည့်အချက်ဖြစ်သည်။

"အဲဒီည အကြောင်းကို နောက်တစ်ခေါက် ထပ်ပြောပြပါဦး။ မယဉ်မြရယ်"

"ကျွန်မ ဆရာမကို ပြောပြတာ နှစ်ကြိမ်တောင်ရှိပြီနော်"

"ဟုတ်ပါတယ် မယဉ်မြပြောပြတဲ့အထဲမှာ သဲလွန်စ ပါ၊ မပါ သိချင်လို့ပါ"

"အင်း– ကိုယ့်ယောကျ်ားသတ်တဲ့လူ ပေါ်အောင်ဆိုတော့လည်း ပြောပြရတာပေါ့။ ဒီလိုပါ"

ပြီးခဲ့တဲ့ ခြောက်ရက် ကိုညိုကြီးအလောင်းမတွေ့ခင် သုံးရက်ကပေါ့။

"အဲဒီညက လူနှစ်ယောက် အိမ်တံခါး လာခေါက်ကြတယ်။ ကိုညိုအိပ်ပျော်နေတာနဲ့ ကျွန်မပဲ သွားပြီး ဘယ်သူလဲလို့ မေးလိုက်တယ်"

"အဲဒီတော့ အပြင်ဘက်က ရွာလူကြီးလို့ ပြန်ပြောတယ်"

"ကျွန်မက ဘယ်ကရွာလူကြီးလဲလို့ မေးတော့"

"တိုးမောင်လေလို့ ပြန်ပြောတယ်။ အသံကလည်း ရွာလူကြီး ကိုတိုးမောင်အသံနဲ့ တူနေတာမို့ ရွာလူကြီးကိုတိုးမောင်ပဲလို့ ကျွန်မ ယုံလိုက်တယ်"

"ဒါနဲ့ ကျွန်မအိမ်တံခါး ဖွင့်ပေးလိုက်တယ်။ တံခါးပွင့်သွားတာနဲ့ ဓားမြှောင်နဲ့ ဓားရှည်ကိုင်ထားတဲ့ လူနှစ်ယောက် ဝင်လာတယ်"

မယဉ်မြစကားကို စိန်မမက ကြားဖြတ်ဝင်မေးသည်။

"အဲဒီလူနှစ်ယောက်က ရွာလူကြီးကိုတိုးမောင်တို့လား"

"မဟုတ်ဘူး။ ချက်ချင်းတော့ မရိပ်မိဘူး။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ယောက်လုံး မျက်နှာဖုံးတွေ စွပ်ထားတယ်။ နောက်သူတို့ရဲ့ ပင်ကိုယ်အသံကို ကြားရတော့မှ ရွာလူကြီးကိုတိုးမောင် မဟုတ်မှန်းသော



www.burmeseclassic.com

www.burmeseclassic.com



သိရတော့တယ်။ ကျွန်မ တံခါးဖွင့်ပေးအောင်လို့ သူတို့ ကိုတိုးမောင်အသံ ကိုတုပြီးပြောခဲ့တာ"

"သူတို့ အိပ်ထဲရောက်တော့ ဘာလုပ်သလဲ"

စိန်မမက ဝင်မေးသည်။

"အိပ်ထဲရောက်တော့ သူတို့က ကျွန်မကို ဖမ်းချုပ်ပြီး အိပ်ခန်းထဲခေါ်သွားတယ်။ ကျွန်မယောကျ်ား ကိုညိုကိုနှိုးတယ်။ ကိုညိုမျက်နှာကိုရိုက်တယ်"

"နောက်... ကျွန်မကို ခုတင်မှာကြိုးနဲ့တုပ်ထားပြီး ပါးစပ်ထဲ အဝတ်စို့တယ်။ ကိုညိုကိုတော့ ဓားထောက်ပြီး ခေါ်သွားတယ်။ နောက် တစ်နာရီလောက် ကြာမှ ကျွန်မပါးစပ်ထဲက အဝတ်ကိုထွေးထုတ်နိုင်ပြီး နောက်ဘက်အိမ်မှာ အိပ်နေတဲ့ အလုပ်သမားတွေကို အော်ခေါ်ရတယ်"

"နောက် ရွာလူကြီးကို တိုင်တယ်ပေါ့"

စိန်မမက ဝင်ထောက်ပေးသည်။

"ဟုတ်ကဲ့၊ ရွာလူကြီးကိုတိုးမောင်ကတော့ လူဆိုးတွေ သူ့အသံကိုတုပြီး လုပ်သွားတဲ့အတွက် ဒေါကန်တာ အရမ်းပဲ။ ဒါပေမယ့် ညဘက်ကြီးတောင်ပေါ်ကို သူတက်မလိုက်ရဲဘူး။ ဒါလဲ သူ့ကိုဘယ်သူမှ အပြစ်မတင်ခဲ့ကြပါဘူး။ ဒီဘက်က နယ်ကြမ်းတယ်လေ"

"အင်း... အဲဒီညထဲက ကိုညိုပျောက်သွားတာ။ ကိုဒေါင်းအလောင်းတွေ့မှပဲ ကိုညိုအသတ်ခံရတာ ကျွန်မ သိရတော့တယ်။ အင်း– ကိုညို... ကိုညို ဒီနေ့တော့ ရှင်ကျွန်မကို အပြီးခွဲသွားတာပေါ့။ ကျွန်မကညင်စုမှာ ဘယ်သူ့အားကိုးနေရမှာလဲ ကိုညိုရဲ့"

မယဉ်မြသည် ပြောရင်းက စိတ်ကိုမထိန်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

စိန်မမသည် ကိုယ်ချင်းစာ စိတ်ထိခိုက်လာသည့်အလျောက် ပူဆွေးသောကပွားမှုကို မကြည့်ရက်နိုင်၍ သူ့တပည့်များနှင့် ရွာထဲထွက်ခဲ့သည်။

"ကိုညိုကြီးကို သတ်တာ ကျောက်စိမ်းတို့ ညီအစ်ကိုပဲ"





"ငွေအိုးနဲ့ မိုးကောင်း အလိုက်ပေးလဲမယ်ဆိုပြီး၊ ကိုညိုကြီးကမလဲလို့ ကျောက်စိမ်းတို့ ကိုညိုကြီးအပေါ် ရန်လိုနေတာ တစ်ရွာလုံးအသိပဲ"

"ကျောက်စိမ်းတို့ ညီအစ်ကိုကို ဖမ်းဆွဲလိုက်ရင် ပြီးတာပဲ"

"ဒီကောင်တွေက ညီအစ်ကိုတွေမျိုး အားကောင်းလို့ တောင်နေတာကြာပြီ။ ခု.. ကိုညိုကြီးကို သတ်တဲ့အထိ လက်ရဲလာပြီ။ နဂိုထဲကမှ လက်စလက်နရှိတဲ့ကောင်တွေ"

"ကိုညိုကြီးသတ်မှုနဲ့ ဒီကောင်တွေ မဖမ်းနိုင်ရင် နောက်ဒါထက် ပိုဆိုးမယ်။ ပိုသောင်းကျန်းလာမယ်။ ရွာလူကြီးကိုတိုးမောင်ဆို သူတို့ ရှိတယ်လို့တောင် မထင်ဘူး"

"ကိုတိုးမောင်လို ယောကျ်ားကြီးတောင်မှ ဒီတာ အခုရောက်လာတဲ့ စုံထောက်မလောက်တော့ ကျောက်စိမ်းတို့ ညီအစ်ကိုတွေက ကင်တောင်စားလိုက်ဦးမယ်"

"ယောကျ်ားတွေတောင် ကျောက်စိမ်းတို့ကို မတို့မထိရဲတာ၊ ဒီစုံထောက်မက ဘာတတ်နိုင်မှာလဲ။ အာပလာ စုံထောက်မပါကွာ"

စိန်မတို့ ဖြတ်လျှောက်သွားစဉ် ရွာသားများက မကြားတကြား သရော်လှောင်ပြောင်ကြသည်။

စိန်မမက ရုတ်တရက်တော့ ဒေါသတော့ထွက်မိသည်။ သဲလွန်စ သက်သေအထောက်အထား နိုင်လုံမှု မရှိသေး၍ ကြည့်နေရသည်။

အချိန်ကလည်း သိပ်မရှိတော့။ ရွာအပြင်တွင် ပြင်ထား... အလောင်းမှာ သည်နေ့ ညနေဘက်တွင် သုသာန်သို့ပို့၍ မြေမြှုပ်သင်္ဂြိုလ်ရတော့မည်။

"ဆရာမတို့ ဘယ်လဲ"

ရွာအလယ်အရောက်တွင် ကိုညိုကြီးအလောင်းကို ဦးဆုံးတွေ့ရှိရသူ မဆိုးမိုးဒေါင်းက စိန်မမကို နှုတ်ဆက်သည်။

"ကိုတိုးမောင်ကြီးတို့ဘက် သွားမလို့ ထွက်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်မှု သဲလွန်စမရသေးဘူးလား ဆရာမ။ တစ်ရွာလုံးက စိတ်ဝင်စားနေတယ်။ တစ်ရွာလုံးက ဆရာမတို့ကို သိပ်ညှို့တာပဲလို့ ပြောနေကြတယ်"

"ဟုတ်သားပဲ ကျွန်မတို့ကလည်း သိပ်ညှို့တာကိုး ကိုခေါင်းရဲ့။ သူတို့ကို အပြစ်မတင်ပါဘူး"

"အဲဒီလို ညှို့တာကိုပြောတာမဟုတ်ပါဘူး ဆရာမရဲ့"

"ဒါဖြင့် ဘယ်လိုညှို့တာကို ပြောကြတာလဲ"

မုဆိုးကိုခေါင်းက စိန်မမနားကပ်၍ ...

"ဒီလိုရှိတယ် ဆရာမရဲ့ ကျွန်တော်တို့ ဒီနယ်ဘက်မှာက အစွဲအလန်း အယူသည်းမှုတွေ သိပ်များတာ။ ကျွန်တော် ကြည်စုမှာ အမေပန်းဆိုတဲ့ စုန်းမလိုလို၊ အကြားအမြင်ပေါက်သလိုလို စိန်းမကြီးတစ်ယောက်ရှိတယ်။ တစ်ရွာလုံးက အမေပန်းကို ကြောက်လဲကြောက်၊ ယုံလဲယုံတယ်"








"ဆိတ်ပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက်သိပ်မှန်တာ။ အဲဒါ ကိုညိုကြီးကို ဘယ်သူသတ်သလဲဆိုတာ အမေပန်းသွားမေးပြီးတာပဲလို့ တစ်ရွာလုံးက ပြောနေကြတယ်"

"အမေပန်းက ဘယ်မှာနေတာလဲ" စိန်မမ မေးသည်။

"ရွာအနောက်ဘက်မှာ"

"အမေပန်းကို ကိုခေါင်းလဲ ယုံကြည်တာပေါ့"

"တစ်ရွာလုံး ယုံပေမယ့် ကျွန်တော်တော့..."

မုဆိုးဖိုးခေါင်းက ဘေးဘဲယာကြည့်ပြီးမှ စိန်မမကြားရုံလောက် လေသံဖြင့်...

"ကျွန်တော်တော့ မယုံဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ဆရာမရဲ့ သူ့သားပေါက်က သူခိုးလေ။ ရွာထဲမှာ ဆိတ်တွေ၊ နွားတွေ ညဘက်ထွက်ခိုးပြီး တောင်ပေါ်တက်ဝှက်ထားတယ်။ ဝှက်ထားတဲ့နေရာ သူ့အမေကို ပြောထားတယ်။ နောက်တစ်နေ့ ပိုင်ရှင်တွေ အမေပန်းဆီ လာမေးတော့ သူ့သားပြောထားတဲ့နေရာ ပြောပြနိုင်တော့ နာမည်ကြီးသွားတာပေါ့။ ဒီအကြောင်းတွေ ဆရာမ ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့နော်။ ကျွန်တော်တော့ သွားတော့မယ်"

မုဆိုးဖိုးခေါင်းက စိန်မမကြားရုံလောက်သံဖြင့် ပြောပြီး ခပ်သုတ်သုတ် ထွက်သွားသည်။

"ကဲ... တို့အမေပန်းဆီ သွားမယ်"

စိန်မမက ပေါက်ပေါက်နှင့် စိုးမိုးကိုပြောလိုက်သည်။

"ခုနက ကိုခေါင်းပြောပြတာ ပေါက်ပေါက်နည်းနည်းကြားလိုက်ရတယ်။ မမက အပြီးအပြတ် အမေပန်းဆီသွားပြီး လူသတ်တရားခံ ဘယ်သူလဲလို့ မေးဦးမလို့လား"

"ဒါပေါ့ မေးကြည့်ရမှာပေါ့"

စိန်မမ ပြန်ဖြေသံကြောင့် ပေါက်ပေါက်နှင့် စိုးမိုးတို့ အံ့ဩသွားကြသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



ညနေလေးနာရီ။

ရှာပြင်၌ ပြင်ထားသော ကိုညိုကြီး အလောင်းကို ထည့်ထားသော အခေါင်းကို တွန်းပင်ရှာမှ ကိုညိုကြီး၏ ညီဝမ်းကွဲများက ထမ်းလာကြသည်။

မူလက ကိုညိုကြီးအလောင်းကို မွန်းလွဲသုံးနာရီတွင် သင်္ဂြိုလ်ရန် စီစဉ်ခဲ့သည်။ သို့သော် အမေပန်းအမိန့်ဖြင့် အချိန်ကို လေးနာရီသို့ ရွှေ့ခဲ့ရသည်။

အမေပန်းက သူဖိတ်ခေါ်ထား ပုဂ္ဂိုလ်များ၊ သုသာန်စောင့်၊ တစ္ဆေသရဲများ ခရီးလွန်နေသဖြင့် ညနေလေးနာရီကျော်မှ သုသာန်သို့ရောက်မည်။

ဖိတ်ခေါ်ထားသော ပုဂ္ဂိုလ်များ၊ သုသာန်စောင့်များ၊ တစ္ဆေသရဲများ သုသာန်သို့ရောက်ပါမှ အမေပန်းပြုလုပ်ထားသည့် လူ့သတ်တရားခံ ဖမ်းဆီးရေး အစီအရင်များအချိန်၊ နက္ခတ်တို့ တိုက်ဆိုင်ပြီး၊ အောင်မြင်မည်ဟု အမေပန်းပြော၍ ကိုညိုကြီး အလောင်းသင်္ဂြိုလ်ချိန်ကို ရွှေ့ပေးရန် အမိန့်ပေးသောကြောင့် ယခုကဲ့သို့ အချိန်ရွှေ့ခဲ့ရခြင်းဖြစ်သည်။

ယင်းသို့ အချိန်ရွှေ့လိုက်ရခြင်းကြောင့် ကညင်စုရွာသာမက ကိုညိုကြီး၏ ဆွေမျိုးများရှိသော တွန်းပင်ရွာမှ ရွာသားများပါ အသုဘပို့ရန်ရောက်နေသည့် လူစုမှာတစ်ယောက်တစ်ခွန်း ပြောကြဆိုကြဖြင့် ပွက်လောရိုက် ဆူညံနေတော့သည်။

ညနေလေးနာရီတိတိတွင် အမေပန်းနှင့် မယဉ်မြတို့အတူ ရောက်လာကြသည်။

ဆူညံနေသော လူသိုက်မှာ မီးကိုရေနှင့်ဖြန်းလိုက်သကဲ့သို့ ငြိမ်ကျသွား၏။ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွား၏။

အားလုံး၏ ရင်ထဲမှာလည်း ယခုပင် မမျှော်လင့်သောအရာများ ဖြစ်လာလေတော့မလား။ ကိုညိုကြီး အလောင်းကောင်ပင် အခေါင်းထဲက ထွက်လာလေတော့မလားဟု စိုးရိမ်ထိတ်လန့်စိတ်များ ကိုယ်စီဖြစ်ပေါ်လာလျက် ရှိသည်။





ဝိုင်း၍ဆိုးသည့်မှာ အမေပန်းသည် ထဘီကိုရင်လျားထားပြီး ဆံပင်များကို ဖားလျားချထား၏။ မျက်နှာတစ်ပြင်လုံးနှင့် ကိုယ်အထက်ပိုင်းတစ်ခုလုံးမှာ နနွင်းများ ထူပိန်းအောင်လိမ်းထားရာ ဝါထိန်လျက်ရှိသည်။

မျက်လုံးနှင်ကွင်းနှင့် ပါးစပ်ကို အိုးမဲများ စပ်ထူထူကွင်းထားရာ ရုတ်တရက်ကြည့်သော် မကောင်းဆိုးဝါးတစ်ကောင်နှယ် ကြောက်စရာအသွင်ကို ဆောင်နေသည်။

ထို့ကြောင့် အသုဘပို့သူအားလုံး၏ စိတ်ဝယ်ကြောက်ရွံ့ထိတ်လန့်စိတ်များ လွှမ်းမိုးလျက်ရှိသည်။

ကိုညိုကြီး၏ ညီဝမ်းကွဲများထမ်းသော အခေါင်းနောက်မှ လူတန်းကြီးမှာ တိတ်ဆိတ်စွာ လိုက်ပါသွားကြသည်။

လူတန်းကြီးသည် သုသာန်သို့ တရွေ့ရွေ့သွားနေသည်။

စိန်မတို့အဖွဲ့နှင့် ရွာလူကြီးကိုတိုးမောင်တို့လည်း ပရိသတ်ထဲတွင် အများနည်းတူ ရွေ့လျားသွားနေကြသည်။

သုသာန်သို့ရောက်ပြီ။

လူစုက ကျင်းတစ်ခု၏ရှေ့တွင် စုရုံးလိုက်ကြသည်။

ခေါင်းကို ကျင်းထဲသို့ချမည်အလုပ် အမေပန်း၏ အသံနက်ကြီး ထပေါ်လာသည်။

"နေဦး"

ပရိသတ်မျက်လုံးအစုံက အမေပန်းဆီသို့ ရောက်သွားကြ၏။

"ခေါင်းကို ကျင်းထဲမချနဲ့ဦး။ ကျင်းပေါ် ကန့်လန့်ဖြတ် တင်ထားလိုက်စမ်း"

နဂိုကမှ ကြောက်စိတ်ဝင်နေသော ပရိသတ်မှာ အမေပန်းစကားကြောင့် ယိတ်ခနဲဖြစ်သွား၏။

အမေပန်းက မှုဆိုးမ မယဉ်မြကို တွဲခေါ်၍ ခေါင်းအနီးသို့ ချဉ်းကပ်သွား၏။

"အဖုံးကို ဖွင့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ မှင်သက်မိနေသကဲ့သို့ လှုပ်ပင်မလှုပ်ရဲ။ တုန်တုန်ရီရီဖြင့် ငြိမ်သက်စွာ ကြည့်နေကြရ၏။

ခေါင်းထိုးလာသူများက သံမရိုက်ရသေးသော အစုံးကို ဖွင့်လိုက်သည်။

"အစုံးကို ခေါင်းရင်းမှာ ကန့်လန့်ချ"

အမေပန်း အမိန့်ပေးသည့်အတိုင်း လိုက်လုပ်ကြရ၏။

"ဟုတ်ပြီ အလောင်းကို အစုံးပေါ်တင်လိုက်စမ်း"

သည်တစ်ခါတော့ ကိုညိုကြီး ညီအစ်ကိုဝမ်းကွဲများက မယဉ်မြကိုလှမ်းကြည့်ကြသည်။

မယဉ်မြက ခေါင်းညိတ်ပြသည်။

"ဘာပြန်ကြည့်နေတာလဲ။ ငါခိုင်းသလို အမြန်လုပ်။ အချိန်နောက်ကျသွားလို့ သူတို့ပြန်သွားရင် အားလုံးဒုက္ခရောက်ကုန်မယ်။ နင်တို့ပါ အသက်ပါသွားချင်လို့လား သေနာကောင်တွေရဲ့"

အမေပန်း၏စကားကြောင့် အားလုံး ကျောချမ်းသွားကြ၏။

"ဟော့ကောင်တွေ ခိုင်းတာလုပ်လိုက်လေ"ဟု ကိုတိုးမောင်ပင်မနေသာတော့ဘဲ ပြောလိုက်ရသည်။

"အားလုံး ဒုက္ခရောက်ကုန်မယ်" ဆိုသော အမေပန်း၏ စကားကို အားလုံးကြောက်နေကြသည်။

"အေး... ဟုတ်ပြီ၊ ဒီလိုမှပေါ့"

ကိုညိုကြီးအလောင်းကို ခေါင်းကို ကန့်လန့်အနေအထားဖြင့် ရှိနေသည်။

အပုပ်နံ့က ထောင်းခနဲ ပတ်ဝန်းကျင်ဆီသို့ ရိုက်ခတ်သွားသည်။ အလောင်းမှာ ပုပ်ပွစပြုနေပြီ။ ကြိုးဆွဲချ အသတ်ခံထားရ၍ ပါးစပ်အပြင်ထွက်နေသော လျှာမှာ ယခုမှပို၍ ရှည်ထွက်နေသကဲ့သို့ ရှိနေသည်။

မျက်လုံးကလည်း ပြူးနေ၏။ မျက်ဆံများ အပြင်သို့ ပြူးထွက်နေ၏။ အားလုံးပင် မကြည့်ရဲကြ၏။







အချို့မှာ သည်တစ်ခါ အသုဘလိုက်လာတာ မှားပြီဟု ရင်ထဲကြိတ်ပြောမိကြ၏။

"ညည်း ရှေ့တိုးစမ်း"

အမေပန်းက မယဉ်မြကို ရှေ့သို့ဆောင့်ဆွဲလိုက်၏။

"ခေါင်းကိုပေါင်းထားတဲ့ ပုဆိုးကိုဖြုတ်လိုက်စမ်း"

အမေပန်းက မယဉ်မြလုပ်သည်ကို မစောင့်။ သူကိုယ်တိုင် မယဉ်မြ ခေါင်းတွင်ပေါင်းထားသည့် ပုဆိုးကိုဆွဲဖြုတ်လိုက်သည်။ မယဉ်မြ၏ဆံပင်များက ကျစ်ဆံမြီးကျစ်ထားသည်။

အမေပန်းက အသင့်ယူလာသော ကပ်ကြေးဖြင့် မယဉ်မြ၏ ကျစ်ဆံမြီးကို တစ်ထွာကျော်ကျော် ဖြတ်ယူလိုက်ရာ...

လူစုကြီးမှာ ဟာခနဲ အံ့ဩတုန်လှုပ်သွားသည်။

အမေပန်းက ကျစ်ဆံမြီးပြတ်ကို မြှောက်၍ပါးစပ်ကလည်း တလှုပ်လှုပ်နှင့် ဝိုင်တည်လိုက်သည်။

ပရိသတ်ကား အမေပန်း၊ ဘာဆက်လုပ်မည်နည်းဟု စိတ်ဝင်စားစောင့်ကြည့်နေကြသည်။ [illegible]

သျှက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အမေပန်းက ဖြတ်ယူထားသော ကျစ်ဆံမြီးဖြင့် အလောင်း၏ခြေထောက်များမှ ခြေမနှစ်ချောင်းကို ပူးချည်လိုက်သည်။

"အောင်ပြီ... အောင်ပြီ... အောင်ပြီ...ဟေ့"

အမေပန်း၏ အသံနက်ကြီးဖြင့် အော်လိုက်သောအသံသည် သုသာန်တစ်ခွင်လုံးကို ဟိန်းသွားစေပြီး၊ ပရိသတ်မှာလည်း ရှုတ်ရှုတ် သည်းသည်းဖြစ်သွား၏။

"ငြိမ်လိုက်ကြစမ်း"

အမေပန်း၏ အော်သံကြောင့် မီးကိုရေနဲ့ဖြန်းလိုက်သကဲ့သို့ ငြိမ်ကျသွား၏။

"ကိစ္စပြီးပြီ၊ သူ့ကိုမြှုပ်လိုက်ကြတော့"

အမေပန်း၏ အမိန့်အတိုင်း ကိုညိုကြီး၏ ညီဝမ်းကွဲများက အလောင်းကို ခေါင်းထဲပြန်ထည့်ကာ ခေါင်းကို ခပ်မြန်မြန်ကျင်းထဲချ၍ မြှုပ်လိုက်ကြ၏။

အမေပန်းက လက်နှစ်ဖက် မိုးပေါ်ဆန့်တန်း၍ ...

"သူတို့ မလွတ်နိုင်တော့ဘူး။ သူတို့ မလွတ်နိုင်တော့ဘူး"

"လူသတ်ကောင်တွေ သူ့မိန်းမ မုဆိုးမရဲ့ ကျစ်ဆံမြီးနဲ့ ချုပ်လိုက်ပြီ။ သူ့ခြေမ မကျွတ်မချင်း သူတို့ပြေးလို့ မလွတ်နိုင်တော့ဘူး။ လူသတ်ကောင်တွေ သူတို့ကိုယ်တိုင် ရဲစခန်းသွား အဖမ်းခံကြလိမ့်မယ်။ အမေပန်းနှင့်တကွ ပုဂ္ဂိုလ်အစောင့်၊ သုသာန်အစောင့် အမိန့်ပေးဟေ့"

အမေပန်း၏ အသံညြှိုးညြှိုးနှင့် ပြောလိုက်သံက ပရိသတ်ကြီးကို ကြက်သီးတဖျန်းဖျန်း ထသွားစေတော့၏။

"ကဲ... ဦးတိုးမောင်နဲ့ မယဉ်မြ၊ ကျွန်မတို့လဲ ပြန်တော့မယ်"

စိန်မမက ပရိသတ်ကြားမှ ထွက်၍ ရွာလူကြီးကိုတိုးမောင်နှင့် မယဉ်မြတို့ကို နှုတ်ဆက်လိုက်သည်။

"ဩ... ဘယ်ပြန်လို့ ဖြစ်ပါ့မလဲ ဆရာမရယ်။ လူသတ်တရားခံ မှ မမိသေးတာပဲဗျာ။ မပြန်ပါနဲ့ဦး"





ရွာလူကြီးကိုတိုးမောင်က တားသည်။

"ကျွန်မတို့ မလိုတော့ဘူးလေ ကိုတိုးမောင်ရဲ့။ အမေပန်းရဲ့ အစီအရင်နဲ့ လူသတ်တရားခံဟာ ရဲစခန်းကို မလာဘဲနေကိုမနေနိုင်ဘူး ရှင့်။ ကျွန်မ တကယ်ကို ယုံတယ်။ ဒါကြောင့် လူသတ်တရားခံကို ကျွန်မ ရဲစခန်းကပဲ စောင့်ဖမ်းတော့မယ်။ ကဲ... နှုတ်ဆက်ပြုကြပါဦးရှင်"

စိန်မမက ပြောပြီးပြုံးရွှင်သောဟန်၊ စိတ်ချယုံကြည်သောဟန် ဖြင့် သူ့တပည့်ကျော်များကိုခေါ်၍ လူအုပ်ကြားထဲမှ ထွက်သွားတော့သည်။

* * * * *

ည (၁၂)နာရီထိုးပြီ။

ကညင်စု သုသာန်။ ရွာရောင်လမ်းဖြစ်သည့် တောင်ခြေပတ် လမ်းမှနေ၍ မှန်အိမ်မီးရောင်သဲ့သဲ့က သုသာန်ဆီသို့ တရွေ့ရွေ့လာ နေသည်။

မကြာပါ မှန်မီးရောင်နောက်ဝယ် မသဲကွဲသော လူနှစ်ယောက် က သုသာန်ဝသို့ ရောက်လာသည်။ သုသာန်အဝအရောက်တွင် မှန်အိမ် ရွေ့လျားမှု ရပ်တန့်သွားသည်။ လူနှစ်ယောက်က ပတ်ဝန်းကျင်ကို ရပ်၍ အကဲခတ်နားစွင့်သည့်သဘော...

"လာပါကွာ မြန်မြန်၊ ဘယ်သူလာရဲမှာလဲ။ ဒို့မြန်မြန် လုပ်ပြီး ရင် မြန်မြန်ပြန်ရတာပေါ့။ ဒီကျက်သရေမရှိတဲ့နေရာ ငါကြာကြာ မနေ ချင်ဘူး"

နှစ်ယောက်ထဲမှ တစ်ယောက်က ခပ်တိုးတိုးပြောသည်။

"အေးဟုတ်တယ် ဒါလုပ်ပြီးရင်တော့ ဟိုအကြားအမြင်ပေါက် မကြီးကို ရှင်းပစ်ရမယ်"

ကျန်တစ်ယောက်က ထောက်ခံပြီး၊ သုသာန်အတွင်းသို့ ဝင် ကြသည်။

မကြာမီ ပေါက်တူးပေါက်သံများ ထွက်ပေါ်လာသည်။

သူတို့တူးနေသည့်နေရာမှာ ကိုညိုကြီး၏ သင်္ချိုင်းမြှုပ်နေရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

"ဟာ… ခေါင်းကိုပေါက်မိပြီ"

"မြန်မြန်လုပ်ဟေ့"

ကိုညိုကြီးမြေပုံကို ထုံးနေသော လူနှစ်ယောက် အချိုအချပြော သံမဆုံးမီမှာပင် –

"ဟေ့ မလှုပ်နဲ့ မင်းတို့ကို ဝိုင်းထားပြီးပြီ"

စိန်မမ၏ အောင်မြင်သောအသံက သုသာန်တစ်ခုလုံး ဟိန်း သွားစေသည်။

စိန်မမနှင့်အတူ သူ့တပည့်နှစ်ယောက်။ သစ်ဆိပ်ရဲကင်းမှ ရဲသားများ၊ ရွာလူကြီးဦးတိုးမောင်နှင့် တပည့်များဝိုင်းရံလျက်ရှိသည်။

ထိုစဉ်တစ်ယောက်က ထွက်ပြေးသည်။

ဒူးလေးနှင့် ဓားရှည်များ ကိုင်ဆောင်ထားသည့် ကိုတိုးမောင်တို့ လူအုပ်ထဲတွင် ဝိတ်မိကာ မပြေးသာဘဲ အမိခံလိုက်သည်။

ပေါက်ပြားနှင့်လူက စိန်မမကိုလှည့်၍ ပေါက်ပြားနှင့် ခုတ်ချ လိုက်သည်။

"အား"

ပေါက်ပြားက အောက်သို့ကျမလာမီ…

စိန်မမက ဃေထဲ ခုန်တက်ပျံဝဲကာ ကရာတေးနှစ်ဆင့်ကန် နည်းဖြင့် ထိုသူ၏မျက်ကွက်ကို ကန်လိုက်သည်။

"အား"ခနဲ အော်သံနှင့်အတူ ထို့သူ့လက်ထဲမှ ပေါက်ပြား လွင့်စင်သွားသည်။

ထိုသူလည်း နောက်ဘက်သို့ သုံးလေးပေမျှ လွင့်ထွက်သွားပြီး မှောက်ခုံကြီးဖြစ်နေသည်။

"မင်းတော်တော် မိုက်မဲတာပဲ မင်းအင်"

စိန်မမက ထိုလူကို ကုတ်မှဆွဲယူရင်း နာမည်တစ်ပြောလိုက် သဖြင့် ထိုလူရော ကျန်လူများပါ အလွန်အံ့ဩသွားသည်။





"ကျုပ် ခင်ဗျားကိုမသိဘဲ၊ ခင်ဗျားက ကျုပ်ကို ဘယ်လိုလုပ် သိနေတာလဲ"

မင်းအင်ဆိုသူက ပြုတ်တူနှယ် သန်မာသော စိန်မမ လက်ထဲ ဝယ် မလှုပ်သာတော့သဖြင့် အသံချင်ဆုံးအမေးကိုတောင်းသည်။

"ဟင်း…ဟင်း… မင်းနာမည်က မင်းအင်၊ မင်းညီက မင်းလွင်။ နှစ်ယောက်လုံး တွန်းပင်ကပဲ။ အဲ… မင်းတို့ညီမလေးက နန်းမွေးတဲ့ ဟုတ်သလား"

"ဟင်… ခင်ဗျား ဒါတွေ ဘယ်တုန်းက ဘယ်လိုသိတာလဲ။ ခင်ဗျားသိတာတွေကလဲ များလှချည်လား"

"ဒါတွေတင် ဘယ်ဟုတ်ဦးမလဲ။ မင်းအင်ရဲ့ ကိုညိုကြီးဖမ်းသွား ပြီး သတ်ပစ်တာလဲ မင်းတို့ညီအစ်နှစ်ယောက်ပဲ"

"ဗျာ… ကျွန်တော်တို့က ဘာဖြစ်လို့ ကိုညိုကြီးကို သတ်ပစ် ရမှာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့ကိုညိုကြီး သူ့ညီဝမ်းကွဲတွေ နဲ့ အရက်သောက်ပြီး အပြန်မှာ မင်းတို့အိမ်ဝင်တယ်။ မင်းတို့မရှိဘူး။ နန်းမွေးပဲရှိတယ်။ နန်းမွေးကို စော်ကားလိုက်တယ်။ နောက်တော့ နန်းမွေးမှာ ကိုယ်ဝန်လေးလရှိလာတော့ အဖြစ်မှန်ကို မင်းတို့သိသွား တယ်။ နန်းမွေးကိုယ်ဝန် ဖျက်ချလို့ ဆုံးသွားတယ်။ မင်းတို့သိပ်ချစ် ရတဲ့ ညီမလေး နန်းမွေးသေဆုံးရတာ ကိုညိုကြီးကြောင့်ဆိုပြီး ကိုညို ကြီးအပေါ် အငြိုးထားပြီး မင်းတို့ညီအစ်ကို သတ်ပစ်တာ"

"ဒါဆို အရင်ရက်တွေက ကျွန်တော်တို့ကို ဘာလို့မဖမ်းဘဲ နေသလဲ"

"ကိုညိုကြီးကိုသတ်တာ ညီအစ်ကိုနှစ်ယောက်ဆိုတာလောက် ကိုပဲ အစကသိတယ်။ ကျောက်စိမ်းတို့ ညီအစ်ကိုလား၊ မင်းတို့ညီအစ် ကိုလားဆိုတာ အတိအကျ သဲလွန်စ သက်သေအထောက်အထား မရခဲ့ ဘူး။ သတ်ရတဲ့အကြောင်းရင်းကတော့ နှစ်ဖွဲ့လုံးမှာရှိနေတယ်"

"ဒါကြောင့် အမေပန်းကို အကူအညီတောင်းပြီး ကိုညိုကြီး



www.burmeseclassic.com

www.burmeseclassic.com



အလောင်းက ခြေမကို သူ့မိန်းမထံပင်နဲ့ ရိုးပြီးမှ အလောင်းမြေမြှုပ်တဲ့ လုပ်ဇာတ်ကို ဖန်တီးလိုက်တာပဲ”

“အမေပန်းကလဲ သရုပ်ဆောင်ကောင်းကောင်း၊ ဟန်ကောင်းကောင်းနဲ့ ပီပီရိုရိုလုပ်ပြလိုက်တော့ အယူသည်း အစွဲအလန်းကြီးတဲ့ လူ သတ်ကောင်ဟာ အမေပန်း ဟန်လုပ်ပြောတာ တကယ်ယုံ၊ တကယ် ကြောက်ပြီး၊ ကျိန်စာကလွတ်အောင် အလောင်းလာဖော်မှာပဲလို့ တွက်ပြီး၊ တို့ ည(၉)နာရီကတည်းက လူရှု၊ ကိုတိုးမောင်နဲ့ လျှို့ဝှက်တိုင်ပင်ပြီး၊ လာစောင့်ဖမ်းတာ”

“ကိုညိုကြီးကို သတ်တဲ့လူမဟုတ်ရင် အလောင်းကိုလာဖော် စရာဘာအကြောင်းမှမရှိဘူး။ ကိုညိုကြီးကို သတ်ခဲ့တဲ့လူတွေသာ ကိုယ့် လိပ်ပြာ ကိုယ်မလုံတဲ့ အလောင်းကိုလာဖော်တာ”

“အသုဘပို့တဲ့အထဲ မင်းတို့ညီအစ်ကို နှစ်ယောက်ကိုတွေ့ တယ်။ အခု ကိုညိုကြီးအလောင်း လာဖော်တာလဲ မင်းတို့ညီအစ်ကိုနှစ် ယောက်ပဲဆိုတော့ ရှင်းနေတာပေါ့ကွာ။ ကဲ... ပေါက်ပေါက် မင်းအင်ကို လက်ထိပ်ခတ်လိုက်”

ရဲတပ်ကြပ်ပေါက်ပေါက်သည် စိန်မငြိမ်းညွှန်ကြားသည့်အတိုင်း မင်းအင်ကို လက်ထိပ်ခတ်လိုက်သည်။

မင်းလွင်မှာ ရဲတပ်ကြပ်ကြီးစိုးမိုး၏ လက်ထိပ်နှင့် မိတ်ဖွဲ့ထား ပြီးဖြစ်သည်။

“ဆရာမ စိန်မငြိမ်းကတော့မြင့် ညြုချရလောက်ပါရဲ့ဗျာ”

ကိုတိုးမောင်က မချီးကျူးဘဲ မနေနိုင်တော့။

“ဒါ အမေပန်းရဲ့ ကျေးဇူးကြောင့်ပါ ဦးတိုးမောင်ရယ်။ မနက် ကျရင်တော့ အမေပန်းကို ထိုက်ထိုက်တန်တန် သွားကန်တော့ရမယ်။ အမေပန်းကလဲ သူ့အစွမ်းကြောင့် တကယ့်လူသတ်သမားတွေကို ဖမ်းမိ တာဆိုတော့ အမေပန်း ဂုဏ်ယူနေမှာပါပဲ”

ရဲဟိန်း



နန္ဒစိုး
လောကနိဗ္ဗာ စိန်ဘဏ်း နှင့်
မြွေဟောက် မာယာ
( လျှို့ဝှက်ဆန်းကြယ်ဝတ္ထုကြီး )
မိန်းမချောရန်မှ သုံးရက်က
✳ လျှို့ဝှက်ဆန်းကြယ် အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင် ဖြတ်သန်း... အလှန်ချောမောလှပသော မိန်းမသားတစ်ဦး၏ နှန့်စားဆန်း ဝတ္ထုကြီး...
✳ ဝတ္ထုဖတ်ပြီးသည်နှင့် ဝတ္ထု၏ကောင်းခြင်းရသ ကျေနပ်စိတ ဖြစ်ရသည့် ခံစားမှုမျိုး... ခံစားကြည့်ပါ။
ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com






## မြင်ကွင်းစုံမှုခင်း

ကျွန်ုပ်အိပ်ရာမှ နိုးသောအခါ စုံထောက်ကြီး ဦးဘလှမှာ ညေ့ခန်း၌ အင်္ဂလိပ်စာအုပ်တစ်အုပ်ကို ဖတ်ရှုလို့နေလေ၏။

"ဗျို့ ဦးဘလှ၊ ဒီနေ့မနက် လမ်းလျှောက် မထွက်ဘူးလားဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီး ဦးဘလှက...

"ဟုတ်တယ် ဦးဘအေးရေ၊ အိပ်ရာက နိုးကတည်းက စိတ်လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာတာနဲ့ အင်္ဂလိပ်စာအုပ်တစ်အုပ် ဖတ်ရှုနေတာ"

ဟု စာဖတ်နေရင်း ကျွန်ုပ်အား မကြည့်ဘဲ ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်မှာ ၎င်းအား တစ်စုံတစ်ရာ မည်သည့်စကားမှ ဆက်မပြောတော့ဘဲ ရေအိမ်ဝင်ကာ ကိစ္စအဝဝကို ဆောင်ရွက်ရလေတော့၏။

ရေမိုးချိုးပြီးသောအခါ အဝတ်အစားလဲ၍ ထွက်လာသည့်တိုင်အောင် စုံထောက်ကြီးဦးဘလှသည် အင်္ဂလိပ်စာအုပ်ကို စိတ်ဝင်တစား မြိန်ယှက်စွာ ဖတ်ရှုနေလေ၏။

ကျွန်ုပ်လည်း စုံထောက်ကြီးဦးဘလှကို မခေါ်တော့ဘဲ ကျွန်ုပ်တစ်ဦးတည်းပင် ဘဲလူးကြော်ပေးထားသော ထမင်းကြော်ကို နံနက်စာအဖြစ် မြိန်ယှက်စွာ စားရလေတော့၏။

ထမင်းကြော်ကုန်၍ ကော်ဖီသောက်နေစဉ်မှာပင် စုံထောက်ကြီး ဦးဘလှရောက်ရှိလာပြီး အင်္ဂလိပ်စာအုပ်ကို ထမင်းစားပွဲပေါ်တင်ကာ ထမင်းကြော်ကို မြိန်ယှက်စွာ စားလေ၏။

ကျွန်ုပ်လည်း ကော်ဖီသောက်နေရင်း ဘမှတ်တမဲ့ စုံထောက်ကြီး ဦးဘလှ ဖတ်သည့် အင်္ဂလိပ်စာအုပ်ကို လှမ်းကြည့်လိုက်ရာ တိရစ္ဆာန်အကြောင်းများ ရေးထားသော စာအုပ်ဖြစ်လို့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်က ၎င်းအားလှမ်းကြည့်မိ၏။ ၎င်းသည် ထမင်းကြော်ကို မြိန်ယှက်စွာ စားနေ၏။ မေးစရာရှိသည်ကို မမေးတော့ဘဲ ကော်ဖီကို ဆက်သောက်နေမိပြန်၏။

"ဗျို့ ဦးဘအေး... ကျုပ် တိရစ္ဆာန်အကြောင်းတွေ ဖတ်နေတာကို ဘာကြောင့် ဖတ်နေတယ်ဆိုတာ ခင်ဗျား မေးချင်နေတယ် မဟုတ်လားဗျ"

ဟု လူရိပ်လူကဲကို လွန်စွာမှ ခတ်တတ်သည့် ကျွန်ုပ်၏ချစ်လှစွာသော မိတ်ဆွေကြီး စုံထောက်ကြီးဦးဘလှက မေးလိုက်လေ၏။

"ဟုတ်ပါတယ် ဦးဘလှ။ မနက်စောစော လမ်းလျှောက်နေကြ။ ဒီနေ့မှ လမ်းလျှောက်မထွက်ဘဲ တိရစ္ဆာန်အကြောင်း ရေးထားတဲ့ အင်္ဂလိပ်စာအုပ်ကို သည်းကြီးမည်းကြီး ဖတ်နေတာကို အရမ်းစိတ်ဝင်စားပြီးတော့ အရမ်းကိုပဲ သိချင်နေတာဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီး ဦးဘလှက...

"ဒီလိုဗျ ဦးဘအေးရ၊ ကျုပ်ခွေးတစ်ကောင်ကို အိပ်မက် မက်တယ်။ ခွေးက (၂)လ၊ (၃)လသား အရွယ်ခွေးကလေးဗျ။ ပြီးတော့ ခွေးက မြန်မာခွေးမျိုးမဟုတ်ဘူး။ အမွေးဟုတ်ဖွားနဲ့ သူဌေးအိမ်တွေမှာ အလှမွေးကြတဲ့ ခွေးမျိုးဗျ"

ဟု ပြောလိုက်လေ၏။

"ဒါနဲ့ပဲ ကိုယ့်လူကြီးက ခွေးမွေးချင်စိတ်ပေါက်ပြီး၊ တိရစ္ဆာန်အကြောင်း ဖတ်နေတာပေါ့"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီးဦးဘလှက သဘောကျစွာရယ်လေ၏။ ထိုသို့ ရယ်လိုက်ပြီးနောက် ...

"တိရစ္ဆာန်တွေထဲမှာ ခွေးဆိုတဲ့ သတ္တဝါဟာ အတော်ထူးဆန်းတယ်။ သူတို့ဟာ လူတွေနဲ့ အတော်နီးနီးစပ်စပ်နေပြီးတော့ လူတွေရဲ့ ဒဏ်ကိုလည်း ခံနိုင်စွမ်းရည် အရှိဆုံး၊ သစ္စာလည်း အရမ်းရှိတယ်ဗျ"

ပြီးတော့ သူတို့ကို မွေးထားတဲ့ သခင်ကျန်းမာရေးညံ့ပြီး သော[illegible] မျှောပါးဖြစ်နေတဲ့အခါ သူတို့က သူတို့အသက်ကို စတေးတတ်တယ်။





သခင်အတွက် သူတို့အသေခံတဲ့ သဘောမျိုးဗျ။ နောက်ပြီး ခွေးဆိုတဲ့ သတ္တဝါမျိုးဟာ သေသွားတဲ့တိုင်အောင် သူတို့ရဲ့ဝိညာဉ်ဟာ လူတွေကို မြင်နိုင်တယ်ဆိုပဲဗျ"

ဟု စုံထောက်ကြီးဦးဘလှက ခွေးအကြောင်းကို တဖွဲ့၍ ပြောပြလို့နေလေ၏။

"ဟုတ်ပါပြီဗျာ။ ဒါနဲ့ ခင်ဗျားရဲ့အိပ်မက်နဲ့က ဘယ်လို ဆက်နွယ်နေတာလဲ။ ပြီးတော့ ကျွန်တော်တို့ကလည်း ခွေးမွေးထားကြတာမှ မဟုတ်တာ"

ဟု ကျွန်ုပ်က မေးလိုက်ရာ...

"မပတ်သက်တာ မဟုတ်လို့ ကျုပ်စိတ်လှုပ်ရှားပြီး တိရစ္ဆာန်ဆွအကြောင်း ရေးထားတဲ့ အင်္ဂလိပ်စာအုပ်ကို ဖတ်နေရတာပါပဲ"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်လေ၏။

"ဒါနဲ့ ခင်ဗျား အိပ်မက်ထဲမှာ ခွေးက ဘယ်လိုများ မက်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ...

"ဘယ်လိုမက်သလဲဆိုတော့ ကျုပ်နောက်ကို အမွေးစုတ်ဖွားနဲ့ [illegible]ကလေးတစ်ကောင် တစ်ကောက်ကောက်လိုက်လာတယ်။ မောင်း[illegible]တာလည်း မသွားဘူး"

အဲဒီအချိန်မှာ လူကြီးတစ်ယောက်က တွေ့သွားပြီး ကျုပ်နောက် [illegible] လိုက်လာတဲ့ ခွေးကလေးကို ကိုင်ပေါက်ပြီးသတ်လိုက်တယ်ဗျ။

အဲဒီအချိန်မှာပဲ ကျုပ်လည်း အိပ်ရာမှလန့်နိုးလာတယ်။

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်လေ၏။

"ဟာဗျာ... စုံထောက်ကြီးဦးဘလှကလည်း ခင်ဗျားအိပ်မက်က [illegible]လည်း မဟုတ်ပါလား"

ဟုဆိုကာ ကျွန်ုပ်က ပေါ့ပြတ်ပြတ်နှင့် ပြောလိုက်သော်လည်း [illegible] တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ လေးလေးနက်နက် တွေးတော[illegible]၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ တံခါးခေါက်သံကိုကြားရသဖြင့် ကျွန်ုပ်က ထမင်းချက် ဘဲလှုအား တံခါးဖွင့်ခိုင်းရာ ဘဲလှုမှာ တံခါးဖွင့်လိုက်ရာ ကျွန်ုပ်တို့နှင့် လွန်စွာမှ ရင်းနှီးသောပုလိပ် အင်စပက်တော် ဦးသက်ပြင်း ဖြစ်လို့နေလေ၏။

"ကိုသက်ပြင်းရေ... လာဗျို့... ထမင်းကြော် ပူပူလေးစားရအောင်ဗျာ"

ဟု ကျွန်ုပ်က ဖိတ်ခေါ်လိုက်ရာ ပုလိပ်အင်စပက်တော် ဦးသက်ပြင်းမှာ လွန်စွာမှ စိတ်ပျက်လက်ပျက် အသွင်ဖြင့် ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်ပြီးနောက်...

"ဆရာတို့ပဲ အေးတယ်ဗျာ၊ ကျွန်တော်တို့ကတော့ တစ်ညလုံးရော၊ အခု အချိန်အထိ တရေးမှ မအိပ်ရသေးဘူး"

ဟု ညည်းတွားကာ ပြောလိုက်လေ၏။

စုံထောက်ကြီးဦးဘလှမှာ ၄င်းအားတစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ စိုက်ကြည့်လို့နေရာ ကျွန်ုပ်က ...

"နေပါဦး ဦးသက်ပြင်းရ၊ ခင်ဗျားက ဘာကြောင့် မအိပ်ဘဲ နေနေရတာလဲ"

ဟု မေးလိုက်လေ၏။

"ဒီလိုပါ ဆရာဦးဘအေးရာ ရွှေချောင်းတွေ သယ်လာမယ့် မှောင်ခိုအဖွဲ့လာမယ်ဆိုတဲ့ သတင်းရလို့ ကားလမ်း၊ ရေလမ်း၊ မီးရထား၊ လေကြောင်းလိုင်းတွေ ပိတ်ဆို့ပြီးရှာရတာ။ အခုအချိန်အထိ ဘာမှ ထူးခြားမှုမရှိသေးလို့ စိတ်ပျက်ပြီး ဆရာတို့အိမ်ကို ထွက်လာခဲ့ရတာပဲဗျ"

ဟု ပုလိပ်အင်စပက်တော် ဦးသက်ပြင်းက ပြောလိုက်လေတော့၏။

"ခင်ဗျားတို့က ဘယ်မှာ တာဝန်ကျတာလဲ"

ဟု စုံထောက်ကြီးဦးဘလှက မေးလိုက်ရာ ၄င်းက...

"ကျွန်တော်တို့အဖွဲ့က ကားဂိတ်မှာ တာဝန်ကျပါတယ်"

ဟုဆိုကာ ပြောလိုက်လေ၏။





ထို့နောက် စုံထောက်ကြီးဦးဘလှက ကျွန်ုပ်ဘက်သို့ လှည့်ကာ...

"ကဲ... ဦးဘအေးရေ ခင်ဗျားဒီနေ့ အားတယ် မဟုတ်လား"

ဟု မေးလိုက်ရာ ကျွန်ုပ်က ...

"ဒီနေ့ တနင်္ဂနွေနေ့လေ အလုပ်အားပါတယ်။ ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေ၏။

"ကျုပ်နဲ့... ခင်ဗျား ကိုသက်ပြင်းနဲ့ အဖော်လိုက်သွားရအောင်ဗျာ။ ကိုသက်ပြင်းရေ ခင်ဗျားမှာ ကားပါတယ် မဟုတ်လား"

ဟု စုံထောက်ကြီးဦးဘလှက မေးလိုက်ရာ၊ ပုလိပ် အင်စပက်တော်ဦးသက်ပြင်းမှာ မို့ရသောမျက်နှာနှင့်...

"ပါ... ပါတယ်ဆရာ၊ ဆရာတို့လိုက်တော့ ကျွန်တော်ပိုပြီး အားရှိတာပေါ့ဗျာ"

ဟု ပြောလိုက်ပြီးနောက် ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဘလှတို့





www.burmeseclassic.com

www.burmeseclassic.com



သည် ပုလိပ်အင်စပက်တော် ဦးသက်ပြင်းကားနှင့် ၄င်းတို့ တာဝန်ကျရာ ကားဂိတ်သို့ ထွက်လာခဲ့ကြလေတော့၏။

* * *

"ဘာထူးခြားသေးလဲဟေ့"

ဟု ပုလိပ်စုံထောက် အင်စပက်တော် ဦးသက်ပြင်းက ကားရပ်လိုက်သည်နှင့် တစ်ပြိုင်တည်း ပုလိပ်တစ်ယောက်အား မေးလိုက်လေ၏။

ထိုအခါ ပုလိပ်က ၄င်းအား အရိုအသေပေးလိုက်ပြီးနောက်...

"ထူးခြားမှု ဘာမှမရှိသေးပါဘူး"

ဟု ပြောလိုက်လေ၏။

ကားပေါ်မှ ကျွန်ုပ်တို့ အားလုံးဆင်းလိုက်ကြပြီးသောအခါ...

"ကဲ.. ကိုသက်ပြင်းရေ ခင်ဗျား လုပ်စရာရှိတာလုပ်နော်"

"ကျုပ်နဲ့ ဦးဘအေးတို့က ဒီနားမှာပဲ ရပ်ပြီးကားတွေကို ထေ့လာမယ်"

ဟု စုံထောက်ကြီးဦးဘလှက ပုလိပ်အင်စပက်တော် ဦးသက်ပြင်းအား ပြောလိုက်လေတော့၏။

မွန်းတည့် (၁၂)နာရီထိုးနေပြီဖြစ်သောလည်း ပုလိပ်အင်စပက်တော်ဦးသက်ပြင်းတို့ လုပ်ငန်းကား ထူးခြားမှုကား တစ်စုံတစ်ရာမရှိချေ။

ကျွန်ုပ်မှာ ထမင်းဆာလို့နေလေ၏။ ရွှေချောင်း သယ်ယူလာမည် မော်နိုဆိုသည့် သတင်းသည်လည်း ကောလဟာလဟု ထင်မိ၏။

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဘလှတို့သည် ထိုင်လိုက်ထလိုက်နှင့် ကားတွေကိုကြည့်လိုက်နှင့် အချိန်အတော်ကြာလေတော့၏။

"ဆရာတို့ ပျင်းနေကြပြီလား"

ဟု ပုလိပ်အင်စပက်တော် ဦးသက်ပြင်းက ကျွန်ုပ်တို့အနားသို့ ရောက်လာရင်း ပြောလိုက်လေ၏။

"ကျွန်တော်က ပျင်းတာထက် ဗိုက်ဆာနေပြီဗျ"

ဟု ကျွန်ုပ်က ဟန်မဆောင်နိုင်တော့ဘဲ ပြောလိုက်လေ၏။





ထိုအခါ ပုလိပ်အင်စပက်တော် ဦးသက်ပြင်းက ၄င်း၏လက်မှနာရီကို ကြည့်လိုက်ပြီး...

"ဟုတ်ပါရဲ့ဗျာ၊ မွန်းတည့် (၁၂)နာရီတောင်ထိုးနေပါရော့လား။ ထမင်းသွားစားရအောင်ဗျာ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်မှာ လွန်စွာမှဝမ်းသာသွားပြီးနောက် စုံထောက်ကြီးဦးဘလှက...

"နာရီဝက်လောက် ခဏကြည့်လိုက်ချင်သေးတယ်ဗျာ"

ဟုပြောလိုက်ရာ ကျွန်ုပ်မှာ လွန်စွာမှ စိတ်ပျက်သွားလေတော့၏။

"(၁)နာရီထိုးနေပြီ ဆရာရေ၊ ထမင်းသွားစားရအောင်ဗျာ"

ဟု ပုလိပ်အင်စပက်တော်ဦးသက်ပြင်းက ၄င်း၏လက်မှနာရီကို ကြည့်၍ပြောလိုက်ရာ စုံထောက်ကြီးဦးဘလှက ထိုင်ရာမှထကာ...

"ကဲ... သွားကြတာပေါ့ဗျာ"

ဟုပြောလိုက်သဖြင့် ကျွန်ုပ်မှာ လွန်စွာမှ ဝမ်းသာသွားရပြန်၏။

ထိုအချိန်၌ ပုလိပ်တစ်ယောက်က ဝီစီမှုတ်လိုက်ပြီး၊ ကားတစ်စီးကို တားလိုက်သဖြင့် စုံထောက်ကြီး ဦးဘလှသည် ရပ်၍ ထိုကားကို ငဲ့စောင်း၍ ကြည့်လိုက်လေ၏။

"ကျွန်တော်တို့ တာဝန်အရ မိတ်ဆွေကြီးတို့ရဲ့ကားကို ရှာခွင့်ပြုပါ"

ဟု ပုလိပ်တစ်ယောက်က ပြောလိုက်ရာ ကားမောင်းသူက...

"ရပါတယ်... ဆရာ၊ ရှာကြပါ... ရှာကြပါ"

ဟုဆိုကာ ကားမောင်းသူက ကားပေါ်မှဆင်းလိုက်ပြီးနောက် ကားနောက်ခန်းတွင် ထိုင်နေသောသူကလည်း ကားတံခါးကိုဖွင့်၍ ကားပေါ်မှဆင်းလိုက်လေ၏။

"ခွေးကလေးက ချစ်စရာလေးနော်"

ဟု ပုလိပ်တစ်ယောက်က ပြောလိုက်သည့် စကားအဆုံးကြောင့် စုံထောက်ကြီးဦးဘလှမှာ နောက်သို့လှည့်ကြည့်သဖြင့် ကျွန်ုပ်နှင့် ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com





အင်စပက်တော် ဦးသက်ပြင်းတို့မှာလည်း ပြိုင်တူကြည့်မိကြလေ၏။

ထိုခွေးလေးကို ကားနောက်ခန်းတွင် ထိုင်သူက ပွေ့ဖက်ထား၍ ကားအပြင်တွင်ရပ်ကာ ၎င်း၏ကားကို ပုလိပ်များရှာဖွေနေသည်ကို ကြည့်နေ၏။

ခွေးလေးမှာ အမွေးဟုတ်ဖွားနှင့် (၂)လ၊ (၃)လသားအရွယ်ခန့်ခန့်မှန်းရလေ၏။

စုံထောက်ကြီးဦးဘလှသည် ခပ်လှမ်းလှမ်းမှ လက်ပိုက်၍ကြည့်နေ၏။ ကျွန်ုပ်နှင့်ပုလိပ်အင်စပက်တော်ဦးသက်ပြင်းမှာလည်း ၎င်းကြောင့် ရှေ့သို့ဆက်မသွားကြဘဲ ရပ်၍ကြည့်နေရပြန်၏။ ကျွန်ုပ်၏မိုက်ထဲတွင်လည်း အသံမျိုးစုံထွက်လို့နေလေ၏။

"အခုလို ရှာဖွေခွင့်ပြုတာ ကျေးဇူးအများကြီး တင်ပါတယ်"

ဟု ကားတစ်စီးလုံးကို စိတ်ကြိုက်ရှာဖွေပြီးသည့်နောက် တာဝန်အရရှာသည့် ပုလိပ်က ၎င်းတို့အား ပြောလိုက်လေ၏။





၎င်းတို့ကလည်း...

"ရပါတယ် ခင်ဗျာ"

ဟု ဆိုကာ ကားပေါ်သို့တက်နေကြစဉ် စုံထောက်ကြီးဦးဘလှမှာ ထိုကားအနီးသို့ ခပ်သွက်သွက်သွားပြီးလျှင်...

"ဒီခွေးလေး ဘယ်က ဝယ်လာတာလဲ"

ဟု မေးလိုက်၏။ ထိုအခါ ခွေးပိုက်ထားသူက ...

"ကျွန်တော့်အစ်ကို နိုင်ငံခြားက ဝယ်လာတာ"

ဟု ပြောလိုက်ပြီး ကားမောင်းသူမှာ ကားစက်နိုးဖို့ ဟန်ပြင်လိုက်စဉ်မှာဘဲ စုံထောက်ကြီးဦးဘလှက လျင်မြန်စွာ ကားသော့ကို စက်မနိုးခင် ဆွဲယူလိုက်ရာ ကားသမားက...

"ဟေ့လူ... ဟေ့လူ... ဒါဘာလုပ်တာလဲ"

ဟု စုံထောက်ကြီးဦးဘလှက ဟန့်တားလိုက်လေ၏။

"ဆရာ... ဆရာ... ဘာဖြစ်တာလဲ"

ဟု ပုလိပ်အက်စပက်တော် ဦးသက်ပြင်းက မေးလိုက်ရာ...

"ဒီလူနှစ်ယောက်ကို ကျုပ်မသက်ာဘူး ကိုသက်ပြင်း"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်လေ၏။

ထိုအခါ ပုလိပ်အင်စပက်တော် ဦးသက်ပြင်းမှာ ၎င်း၏လူများကို ခေါ်၍ ၎င်းကားပေါ်တက်စေပြီးလျှင် ပုလိပ်တစ်ယောက်အား ကားမောင်းစေ၍ တာမွေဂတ်သို့ ခေါ်ဆောင်သွားကြလေတော့၏။

ကျွန်ုပ်တို့လည်း နောက်မှ ပုလိပ်အင်စပက်တော်ဦးသက်ပြင်းကားနှင့်နောက်မှ လိုက်ကြရလေတော့၏။

* * *

တာမွေဂတ်သို့ရောက်သည်နှင့် စုံထောက်ကြီးဦးဘလှက ပုလိပ်တစ်ယောက်အား ခွေးပိုက်ထားသူထံမှ ခွေးကိုယူလိုက်ရန် ပြောလိုက်သဖြင့် ကျွန်ုပ်နှင့်ပုလိပ်အင်စပက်တော်ဦးသက်ပြင်းတို့မှာ စုံထောက်ကြီးဦးဘလှ လုပ်ရပ်ကို နားလည်စွာနှင့် ကြည့်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်တစ်ယောက်က ခွေးကိုယူလိုက်ပြီးလျှင် စုံထောက်ကြီးဦးဘလှက...

"အဲဒီ ခွေးသေကို စားပွဲပေါ်တင်လိုက်ပါ"

ဟု ပြောလိုက်သည့်အခါ အားလုံးမှာ လွန်စွာမှ အံ့ဩကြလေတော့၏။

ထို့နောက် စုံထောက်ကြီးဦးဘလှက ပုလိပ်အား...

"ခွေးသေကို ပက်လက်လှန်လိုက်ပါဦးဗျာ"

ဟုပြောလိုက်ရာ ခွေးသေကို ပုလိပ်က ပက်လက်လှန်လိုက်လေ၏။

အမွှေးများကို ဖယ်ရှားလိုက်သည့်အခါ ချုပ်ရိုးများတွေ့ရပြန်၏။ ထို့နောက် စုံထောက်ကြီးဦးဘလှ ချုပ်ရိုးများကို ဖြေနိုင်းလိုက်ပြန်၏။

အပုတ်နံ့ အနည်းငယ်ထွက်ပေါ်လာသဖြင့် ကျွန်ုပ်မှာ နှာခေါင်းကိုလက်နှင့် ပိတ်လိုက်ရ၏။

ပုလိပ်သည် ချုပ်ရိုးများကို ဖြေလိုက်သည့်အခါ ခွေးဗိုက်အတွင်းမှ ရွှေချောင်းများ ထွက်ပေါ်လာပေတော့၏။

"ဟာ..."

"ဟယ်"

ဟု အားလုံးသည် လွန်စွာမှ အံ့ဩသွားကြကုန်၏။

ထို့နောက် ပုလိပ်အင်စပက်တော်ဦးသက်ပြင်းမှာမူ အမှုကို ဖော်ထုတ်ရန်မစွမ်းနိုင်သော်လည်း ခွေးပိုင်ရှင်(၂)ဦးအား လျှင်မြန်စွာ အချုပ်ထဲသို့ထည့်ရန် အမိန့်ပေးလိုက်လေ၏။

"ကျေးဇူးပါပဲ ဆရာ စုံထောက်ကြီးဦးဘလှရာ၊ ဆရာသာ ဒီနေ့အဖို့ ကျွန်တော်တို့နဲ့အတူ လိုက်မလာဘူးဆိုရင်တော့ ဒီအမှုကို လက်လွှတ်လိုက်ရမှာ"

ဟုဆိုကာ ပြောလိုက်လေ၏။

ထို့နောက် ပုလိပ်အင်စပက်တော် ဦးသက်ပြင်းတို့လည်း ထိုရွှေ





ချောင်းအမှုအတွက် ထပ်မံအလုပ်ရှုပ်ကြပြန်သဖြင့် ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဘလှတို့သည် တာမွေဂတ်မှ ပြန်လာခဲ့ကြလေတော့၏။

ကျွန်ုပ်တို့မှာလည်း ထိုအမှုအတွက် ထမင်းမေ့၊ ဟင်းမေ့ဖြစ်သွားရ၏။ ကျွန်ုပ်၏မိတ်ဆွေကြီး စုံထောက်ကြီးဦးဘလှ ထိုအမှုကို မည်သို့မည်ပုံ ဖော်ထုတ်လိုက်သလဲဆိုတာ ထမင်းစားချင်တာထက် ထိုအမှုအကြောင်းကို လွန်စွာမှ သိချင်လို့ နေလေတော့၏။

* * *

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဘလှတို့သည် (ယခင်တာမွေအဝိုင်းကြီး) ယခုတာမွေမီးပွိုင့်ထိပ်ရှိ တရုတ်ကြီးအပေါင်ဆိုင်မှ ဝက်ခေါင်းသုတ်၊ အခေါက်ကင်၊ ဝက်ခြေထောက်စွတ်ပြုတ်နှင့် ထမင်းမှာယူ စားသောက်ကြလေ၏။

"ကဲ... ဦးဘအေးရေ စားဗျာ၊ ခင်ဗျား မိုက်ဆာနေတယ်မဟုတ်လား။ ဒါပေမယ့် ခင်ဗျားက ဗိုက်ဆာနေတာထက် ရွှေချောင်းကိစ္စကို ဘယ်လိုဖော်ထုတ်တယ်ဆိုတာ ပိုသိချင်နေတယ် မဟုတ်လား။ စားပြီးသောက်ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

ဟုစုံထောက်ကြီးဦးဘလှက ပြောလိုက်သည့်အခါ ကျွန်ုပ်မှာ လွန်စွာမှ အံ့ဩသွားလေတော့၏။

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဘလှတို့သည် တရုတ်အပေါင်ဆိုင်မှ စားသောက်ကြပြီးသောအခါ ထိုတာမွေအဝိုင်းအနီးမှ ဆာမိလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ချိုဆိမ့်မှာ သောက်ကြရင်း ကျွန်ုပ်က ...

"ကဲ... စုံထောက်ကြီးရေ ပြောမယ်ဆိုလည်း ပြောလိုက်တော့ဗျာ။ ကျွန်တော့်မှာဖြင့် သိချင်လွန်းလို့ နေမထိ ထိုင်မသာ အူတွေယားကုန်ပြီဗျ"

ဟု ပြောလိုက်လေ၏။

ထိုအခါ စုံထောက်ကြီးဦးဘလှက ရယ်လိုက်လေ၏။ ထို့နောက်သူက ကျွန်ုပ်အား...

"ဦးဘအေးရေ ဒီနေ့မနက်က ကျုပ် အင်္ဂလိပ်လို ရေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်အကြောင်းကို ဖတ်နေတာ ခင်ဗျားသိတယ်နော်"

ဟုမေးလိုက်လေ၏။

"သိတယ်လေ။ ခင်ဗျား အိပ်မက်ထဲမှာ ခွေးစုတ်ဖွားလေး တစ်ကောင်ကို အိပ်မက် မက်တာရယ်၊ ခွေးတွေဟာ သေသွားတဲ့အခါ သူတို့ရဲ့ ဝိညာဉ်ကို ပြန်နိုင်တယ်ဆိုတာရော ပြောသေးတယ်လေ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ...

"ဟုတ်တယ်၊ အဲဒီလိုသဘောမျိုးနဲ့ ခွေးစုတ်ဖွားလေးက ကျုပ် အိပ်မက်ထဲမှာ ကျုပ်နောက်ကို တကောက်ကောက် လိုက်လာတယ်။ မောင်းလို့လည်း ထွက်မသွားတော့။ လူတစ်ယောက်က အဲဒီခွေးစုတ် ဖွားလေးကို ကိုင်ပေါက်ပြီး သတ်လိုက်တဲ့အချိန်မှာ ကျုပ်လန့်နိုးသွားတယ်"

အိပ်ယာကနိုးတော့လည်း စိတ်ထဲမှာ အရမ်းလှုပ်ရှားနေတော့ နံနက်တိုင်း လမ်းလျှောက်ထွက်နေကျဖြစ်တာတောင် မထွက်တော့ဘဲ တိရစ္ဆာန်တွေရဲ့အကြောင်းကို အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်ကိုယူပြီးတော့ ခွေးအကြောင်းကို လေ့လာလိုက်ရတာပဲဗျ"

ဟုဆိုကာ စုံထောက်ကြီးဦးဘလှက ပြောလိုက်လေတော့၏။

"ကိုသက်ပြင်းကတော့ ဘယ်လိုစိတ်ကူးမျိုးနဲ့ 'သူတို့ရှာဖွေ ရေးအလုပ်ကို လိုက်သွားရတာလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီးဦးဘလှက ...

"ကျုပ် ခွေးစုတ်ဖွားလေးကို အိပ်မက် မက်ပြီးတော့ စိတ်တွေ အရမ်းကို လှုပ်ရှားသွားတယ်။ ခွေးသတ္တဝါဟာ ဝိညာဉ်ပြတယ်ဆိုတာကို အင်္ဂလိပ်စာအုပ်ထဲမှာ တွေ့လိုက်ရတယ်။

အဲဒီအချိန်မှာ ကိုသက်ပြင်းက ရွှေချောင်းအပွဲ လာမယ်ဆိုတာ သတင်းရထားလို့ ကားလမ်း၊ ရေလမ်းစတဲ့နေရာတွေမှာ ရှာဖွေနေတာ မတွေ့သေးဘူးဆိုတာ လာပြောတဲ့အခါမှာ ကျုပ်...ကျုပ်ကလည်း ခွေးစုတ် ဖွားလေးကို အိပ်မက်ထဲမှာ မက်တာနဲ့လာပြီး တိုက်ဆိုင်နေတော့ တစ်စုံ တစ်ခု ထူးခြားမှာပဲ"

ပြီးတော့ ခွေးစုတ်ဖွားလေးဟာ အိပ်မက်ထဲမှာ သေသွားတယ်။





ဒါဟာ ခွေးစုတ်ဖွားလေးဟာ ငါကိုသူရဲ့ဝိညာဉ်လာပြတာပဲလို့ တွေးမိရင်း ကိုသက်ပြင်းတို့ ရှာဖွေရေး အလုပ်နောက်ကို လက်ခံတာပဲ"

ဟု ပြောလိုက်လေ၏။

"ကားထဲမှာ ခွေးသေနေတာကိုရော ဘယ်လိုလုပ်သိတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ...

"ကိုသက်ပြင်းက ထမင်းစားတော့မယ်လို့ ပြောတယ်။ ခင်ဗျား ကလည်း ထမင်းဆာနေပြီ။ ဒါပေမယ့် ကျုပ်က ထမင်းစားဖို့ထက် ရွှေ ချောင်းမှောင်ခိုတွေကို မုချတွေ့ရလိမ့်မယ်လို့ မျှော်လင့်နေတာဗျ"

ထမင်းစားဖို့အတင်းဖွင့်ခေါ်နေတဲ့အချိန်မှာ ပုလိပ်တစ်ယောက် က ကားလာနေတာကို တားလိုက်ပြီး "ခွေးလေးက ချစ်စရာလေး"လို့ ပြောလိုက်တဲ့စကားတစ်ခွန်းကြောင့် ကျုပ်ကလည်း ခွေးကိုစိတ်စွဲနေတော့ လှည့်ပြီးကြည့်လိုက်တာ ကိုသက်ပြင်း လူတွေကလည်း ကားကိုစိတ်ကြိုက် ရှာကြတယ်။ တစ်စုံတစ်ခုကိုမှ ရှာဖွေမတွေ့တော့ ကားပေါ်ကိုပြန်တက် နိုင်းတယ်။

သူတို့တွေ ကားပေါ်ကို ပြန်တက်မယ်အလုပ်မှာ ကျုပ်ခေါင်းထဲ ကို အသိတစ်ခုဝင်လာတယ်။ အဲဒါက ဘာလဲဆိုတော့ ခွေးပဲ။ ခွေးဆိုတဲ့ သတ္တဝါဟာ သခင်အားရ ကျွန်ဘဝဆိုတာမျိုးဗျ။ ဒီတော့ သခင်ရဲ့ကား ပေါ်ကို သူစိတ်တက်တော့ ပျောင်ရမှာလေ။ အခုတော့ ပိုက်ထားတဲ့ ခွေးကမပျောင်ဘဲငြိမ်နေတာကိုက အတော့်ကို ထူးဆန်းနေတယ်။ ဒါနဲ့ပဲ ကျုပ်လည်း သူတို့ကား မထွက်ခင် ကားနားကို ရောက်အောင်သွားပြီး ခွေးလေးကို 'ဘယ်ကဝယ်တာလဲ'လို့ ဘာညာနဲ့ သွားမေးတဲ့အခါမှာ အပုတ်နံ့ တောင်းခနဲရလိုက်တယ်။ ခွေးကိုကြည့်လိုက်တော့ ခွေးသေကို ပိုက်ထားတာ။ ဒါမရိုးသားတဲ့ သဘောပဲ။ ဒါကြောင့် ကိုသက်ပြင်းကို ဖမ်းခိုင်းလိုက်တာပဲဗျ"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်လေ၏။

"ခွေးရဲ့ဗိုက်ထဲမှာ ရွှေချောင်းတွေရှိတာကရော ဘယ်လိုလုပ် ပြီး သိရတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီးဦးဘလှက —



www.burmeseclassic.com

www.burmeseclassic.com

## မြင်ကွင်းစုံမှခင်း

"ဒါကတော့ ဒီလိုဗျ။ ဒီလူတွေဟာ ခွေးသေကိုဘာကြောင့် ယုယပိုက်တွေးထားရတာလည်းဆိုတဲ့ အချက်နဲ့ရယ်၊ အပုတ်နံ့ရတာ ရယ်။

ဒါတွေဟာ ခွေးသေကိုသတ်ပြီး ဗိုက်ခွဲကာရွှေချောင်းတွေထည့် ထားနိုင်တယ်လို့ထင်ပြီး၊ ဖော်ထုတ်လိုက်ရတာပဲဗျ"

ဟု ပြောလိုက်လေ၏။

"တော်ရှာပါပေ့ စုံထောက်ကြီးဦးဘာလုရယ်။ ခင်ဗျားမို့ ကြံကြံ ဖန်ဖန်တွေးမိတာ။ ကျုပ်ဆိုရင်တော့ ဒီလောက်တွေးမိမှာ မဟုတ်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်ကြီးဦးဘာလုက...

"တကယ်တော့ ဒီအမှုဟာ သေသွားတဲ့ ခွေးဟုတ်ဖွားလေးရဲ့ ဝိညာဉ်က ကျုပ်ကို အိပ်မက်လာပေးပြီး ဖော်ထုတ်နိုင်းတာပဲဗျ"

ဟုဆိုကာ ပြောလိုက်လေတော့၏။

"ဒါဆို ရွှေချောင်းမှောင်ခိုတွေကို ဖမ်းမိလိုက်တဲ့ အမှုဟာ စုံထောက်ကြီးဦးဘာလုနှင့် ဝိညာဉ်မှ ဖော်ထုတ်ပေးသောအမှုလို့ မှတ်တမ်း တင်ရမှာပေါ့ဗျာ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ စုံထောက်ကြီးဦးဘာလုက လွန်စွာ မှ သဘောကျစွာ ရယ်လိုက်လေတော့သတည်း။

**အောက်တိုဘာအောင်ကြီး**







www.burmeseclassic.com







# တန်ဖိုးမဲ့ ပေးဆပ်မှု

ရှင်လိင်ပြန်တဲ့နေ့၊ မင်္ဂလာဆောင်တဲ့နေ့၊ ထောင်က ထွက်တဲ့နေ့ အဲဒီသုံးနေ့ဟာ လူ့ဘဝမှာ အပျော်ဆုံးနေ့တွေပဲလို့ အဆိုရှိတယ်။ ဟုတ်တယ်။ သူ့အတွက်ကတော့ အဲဒီသုံးနေ့ထဲမှာပါတဲ့ အပျော်ဆုံးနေ့တစ်နေ့ကို မြန်တွေ့ခံစားခွင့်ရလိုက်ပါတယ်။ ဒါကတော့ ထောင်ကထွက်တဲ့နေ့ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အင်းစိန်ဗဟိုအကျဉ်းထောင်ရဲ့ တံခါးမကြီးအလယ်က ခေါင်းငုံ့ထွက်ရတဲ့ တံခါးပေါက်ငယ်ကလေးကနေ နိုင်ထွန်းအပြင်ကို ထွက်လာခဲ့တယ်။ အပြင်ရောက်လို့ ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်တဲ့အခါ ညောင်ပင်အောက်မှာ ထိုင်နေတဲ့ နိုင်ထွန်းရဲ့အစ်မ မမဖြူကိုတွေ့ပြီး လက်လှမ်းပြလိုက်တယ်။ မမဖြူက ဝမ်းသာအားရ ပျော်ရွှင်တဲ့မျက်နှာနဲ့ သူ့ဆောင်နိုင်ထွန်းနားကို သွက်သွက်ကလေးရောက်လာတယ်။ မောင်လေး နေကောင်းလားလို့ပြောလိုက်ပြီး ဂိတ်တဲရုံကလေးကို ကျော်လာခဲ့ကြတယ်။ နိုင်ထွန်းက ပုဆိုးကို ပြင်ဝတ်လိုက်ပြီး သုတ်သုတ်ကလေး လျှောက်လာလိုက်တာ လမ်းမကြီးပေါ်ရောက်မှ အသက်ဝဝရှူခွင့်ရပြီး လွတ်လပ်မှုအရသာကိုထည်းပြန်လည်ခံစားဖြစ်တော့တယ်။

လမ်းမပေါ်မှာ ကျယ်ဝန်းတဲ့ မိုးကောင်းကင်၊ လှုစည်ကားနေတဲ့ လက်ဖက်ရည်ဆိုင်။ အဲဒီဆိုင်ထဲက ပျံ့လွင့်လာတဲ့ ဘိုဖြူရဲ့ သာယာတဲ့ တေးသံတစ်ခု၊ ဗီဒီယိုအခွေငှားဆိုင်က လှမင်း၊ နေတိုး၊ ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်သူဇာတို့ရဲ့ ဗီဒီယိုပိုစတာတွေ၊ လက်ဖက်ရည်ဆိုင်ထဲမှာ အေးအေးဆေးဆေး ကြေးမုံသတင်းစာဖတ်နေတဲ့ အရိုးကိုင်နေတဲ့ လူငယ်တွေ၊ အင်းစိန်ဈေးဘက်သွားနေတဲ့ လှုပ်လှုပ်ရှရှလူတွေ။

"အလို... ဘုရားရေ၊ ဒီမြင်ကွင်းကို မမြင်ရတာ ဘယ်လောက်တောင်ကြာခဲ့သလဲ။ နောက်ဆုံးမြင်လိုက်ရတာကတော့ လွန်ခဲ့တဲ့ သုံးနှစ်အရင်က တရားရုံးမှာ ထောင်ဒဏ်လေးနှစ်ကျခံစေလို့ အမိန့်ချလိုက်တော့ အမေက မူးမေ့လဲသွားတယ်။ ပြီးတော့ မိသားစု တစ်စုလုံး ရင်နင့်စွာ ရှိုက်ငိုခဲ့ကြရတယ်။ ထောင်ကားကြီးနဲ့ ဒီအင်းစိန်ဗဟိုထောင်ကြီးကို လာတုန်းက တွေ့ခဲ့တာပါပဲလို့ နိုင်ထွန်း စဉ်းစားလာခဲ့တယ်။

ဘတ်စ်ကားမှတ်တိုင်ရောက်တော့ အမေ အခုနေကောင်းလားလို့ နိုင်ထွန်းက သူ့အစ်မကို မေးလိုက်တယ်။ နိုင်ထွန်း ပြစ်ဒဏ်စီရင်ချက်ကျပြီး တစ်ပတ်အကြာမှာ အိပ်ရာထဲလဲသွားလိုက်တာ ဒီနေ့အထိပါပဲတဲ့။

"အေး... အမေကတော့ တာပွဲပေါ်မှာ တရှက်ပီတဲ့ ဖန်တုံးဆိုပဲ ငါတို့ထားတဲ့နေရာမှာပဲ ဘယ်မှမရွေ့နိုင် မရှားနိုင်ဘဲ ပက်လက်ကလေးရှိနေတော့တာပဲ"





"စကားပြောနိုင်လား မမ"

"ပြောတော့ ပြောတယ်ကွ။ စကားသံ မပီတော့ဘူး။ ငါတို့တော့ ဘာမှနားမလည်ဘူး။ အမေကတော့ နည်းနည်း နားလည်တယ်"

"တောက်... အမေ့ အိပ်မက်တွေ အားလုံးကို တစ်နေ့ထဲနဲ့ အစိတ်စိတ်အမွှာမွှာဖြစ်အောင် နင်းခြေပစ်မိလိုက်တာ တရားခံက ကျွန်တော်"

"ထားလိုက်ပါတော့ မောင်လေးရယ်၊ ပြီးခဲ့တာတွေကို ပြန်ပြောင်းလို့မှမရတာ"

"ညီလေးကော မမ"

"သူ ဒီနေ့ စာမေးပွဲဖြေရမယ်။ ဒါကြောင့် သူလိုက်မလာတာ။ သူမင်းကို သိပ်တွေ့ချင်နေတာ"

စကားပြောနေတုန်း ဘတ်စ်ကား တစ်စီးရောက်လာလို့ စကားပြောတာရပ်ပြီး၊ ဘတ်စ်ကားပေါ် တက်လိုက်ကြတယ်။ ခရီးသည် နည်းနည်းရှင်းနေတယ်။ မမဖြူကပဲ နှစ်ယောက်အတွက် ကားခပေးလိုက်တယ်။

ကားပေါ်ပါလာတဲ့ မိန်းမပျိုလေးတစ်ဦးကို နိုင်ထွန်း မမြင်ဖူးတဲ့အရာကိုကြည့်သလို ကြည့်လိုက်တယ်။ သူ့မျက်နှာက နည်းနည်းတောက်ပနေတယ်။ သူ့နောက်ကရပ်နေတဲ့ သူ့အစ်မက ဒါကိုမြင်တာနဲ့ ရယ်ပြီးခပ်တိုးတိုးပြောလိုက်တယ်။

"ငါ အခုမှပဲ ပျော်တော့တယ်။ မင်း ဟိုအထဲမှာ နေခဲ့ရတော့ ပျော်ရွှင်တဲ့ဘဝတွေ တစ်ခါပြန်ရပါဦးမလားလို့ ငါထင်နေခဲ့တာ"

"ဟာ... မမကလဲ" ဟု ရှက်စနိုးနဲ့ ခေါင်းလေးငုံ့ပြီး ရယ်နေတယ်။

"ရပါတယ်ကွာ အသက်က ၂၇ နှစ်ဆိုတော့ ဒီလောက်တော့ ရှိသေးပါ။ ကြည့်တာ အပြစ်မဟုတ်ပါဘူး။ ကလျာတစ်ယောက်လောက် ရှာထိတော့မယ်တဲ့။ လွန်ခဲ့တဲ့ တစ်ပတ်က မင်္ဂလာဖိတ်စာလာပေး

www.burmeseclassic.com



သွားသေးတယ်"လို့ ပြောရင်း မမဖြူရဲ့မျက်နှာ နည်းနည်းညိုးသွားတာကို နိုင်ထွန်း သတိထားမိလိုက်တယ်။

* * * * *

ကလျာက မမဖြူဆီမှာ ဆယ်တန်းကျူရှင် လာတက်တဲ့ မိန်းကလေး၊ အဲဒီအချိန်က နိုင်ထွန်းတစ်ယောက် ကလျာကို ခိုးကြောင်ခိုးဝှက် ကြည့်တတ်တာကို မမဖြူက သတိရသွားသလို နိုင်ထွန်းလည်း အမှတ်ရသွားလိုက်တယ်။ အဲဒီတုန်းက နိုင်ထွန်းက စက်မှုတက္ကသိုလ် စတုတ္ထနှစ်မှာ ပညာသင်နေခဲ့တာ။ ကလျာကလည်း ရှက်လို့ အမြဲခေါင်းငုံ့ထားတတ်သူဖြစ်တယ်။

နိုင်ထွန်းက ကျောင်းပြီးရင်၊ အလုပ်လုပ်မယ်၊ တစ်ခုသော ညနေစောင်းအချိန်ကျရင် ကလျာ့အနားမှာ ထိုင်ပြီးသူ့အလှကို ကြည့်မယ်၊ ပြီးတော့ ချစ်စကားဆိုမယ်လို့ စိတ်ကူးယဉ်ခဲ့တာ၊ ကြားထဲမှာ ဘာတွေဖြစ်သွားမှန်းမသိပါဘူး။ အေးလေ… ရေကြီးလို့ သစ်ပင်ကြီးတွေ အားလုံးပြိုလဲကုန်နေကြရတာ ပန်းပွင့်ငယ်လေးတွေက ဘယ်ချောင်မှာများ ရှင်သန်နိုင်ပါ့မလဲလို့ လက်ရှိမိမိဘဝကို တွေးကြည့်လိုက်တယ်။

နောက် နှစ်မှတ်တိုင်ကျော်တော့ တစ်ခုံတည်းက လူနှစ်ယောက်ဆင်းသွားတယ်။ သူတို့မောင်နှမထိုင်မလို့ လုပ်တုန်း အမျိုးသားတစ်ဦးထဝင်ပြီး လုတိုင်လို့ သူ့အစ်မကို ထိုင်စေပြီး သူက မတ်တတ်ရပ်လိုက်ထာတယ်။ ဒါနဲ့ သူတို့ပြောလက်စ စကားပြတ်သွားတယ်။ နောက်ထပ်မှတ်တိုင် ငါးခုမြောက်ကျတော့ အခုန အမျိုးသားဆင်းသွားတယ်။ နိုင်ထွန်းလည်း အခုမှ သူ့အစ်မနားထိုင်ပြီး စကားပြန်ပြော ဖြစ်ကြတယ်။

"စိုးပိုင်ကော အိမ်ကို လာသေးလား မမ"

"နယ်ဖက်မသွားဖြစ်တဲ့အခါဆို အိမ်ကိုလာတတ်တယ်။ မင်းကိုထောင်ဝင်စာတွေ့ပြီးရင် အိမ်ကိုလည်း လာပါတယ်။ ပြီးတော့ ဘယ်မြို့ရောက်ရောက် အိမ်ကိုငွေတစ်သောင်း နှစ်သောင်းလောက်တော့ တတိုက်ကနေ ပို့ပေးတတ်တယ်"

"သူလည်း သနားပါတယ်။ ကျွန်တော်တို့ အိမ်အတွက်ပါ ငွေပို့





ပေးနေရတော့ သူ့အတွက် အသုံးစရိတ်က ပိုများနေမှာပေါ့"

"ဘာသနားစရာရှိလည်း သူသေတဲ့အထိတောင် မင်းအတွက် သူပေးဆပ်နေရမယ်။ မင်းကျေးဇူးတွေ သူ့မှာ အများကြီးရှိနေတယ်"

"သူငယ်ချင်းတစ်ယောက်ကို ကူညီတာ ကျေးဇူးအတင်ခံချင်လို့ မဟုတ်ဘူး မမ။ ဒါကျွန်တော့် တာဝန်လို့ မှတ်ပြီး လုပ်ပေးလိုက်တာပါ"

"အေးပါကွာ ဒါကြောင့်လည်း မင်းရဲ့ပျိုမြစ်နုနယ်တဲ့ ကာလတွေကို ထောင်ထဲမှာ အဖျက်ခံလိုက်ရတာပေါ့"

နိုင်ထွန်းနဲ့ စိုးပိုင်က စက်မှုတက္ကသိုလ် အတူတူတက်တဲ့လူတွေ၊ မြို့ပြအင်ဂျင်နီယာ သင်တန်းမှာ အတန်းတူတွေလည်း ဖြစ်တယ်။ အဲဒီတုန်းက စိုးပိုင်နဲ့ ကွန်ပျူတာကျောင်းသူ ဟေမာတို့ ချစ်ကြိုးသွယ်ခဲ့ကြတယ်။ နိုင်ထွန်းတို့ရဲ့ စတုတ္ထနှစ် စာမေးပွဲကြီး ဖြေပြီးလို့ အနာဂတ်ကာလအတွက် အိပ်မက်ကိုယ်စီရှိနေကြတဲ့အချိန် ဒီအဖြစ်ဆိုးကြီး ဖြစ်ခဲ့တာပါ။

ဟေမာတို့ အိမ်ကဟေမာနဲ့ စိုးပိုင်တို့ရဲ့ သမီးရည်းစားဖြစ်တာကို သိသွားကြတယ်။ ဟေမာက လူကုံထံသမီး၊ စိုးပိုင်ကို သူတို့သဘောက်မချမ်းသာဘူး။ အဆင့်အတန်းချင်း ကွာတယ်ဆိုပြီး ပြင်းထန်တဲ့ဆန့်ကျင်မှုတွေ ဖြစ်လာတယ်။

စိုးပိုင်နဲ့ ဟေမာတို့ ခိုးပြေးပြီး ရုံးတက်လက်ထပ်ဖို့ စီစဉ်ကြတယ်။ ပြီးတော့ အဲဒီတရားရုံးရှေ့မှာ ပဲခူးကိုသွားမယ့် ကားကအဆင်သင့်စောင့်နေရတယ်။ ဒီအချိန်မှာ တရားရုံးရှေ့ကို ဂျစ်ကားတစ်စင်းက ထိုးရပ်လာတယ်။ အဲဒီကားပေါ်က လူတွေကမန်းကတန်း ဆင်းလာကြတယ်။ အဲဒီအထဲမှာ ဟေမာရဲ့အဖေနဲ့ အစ်ကိုလည်းပါတယ်။

ဒါကို နိုင်ထွန်းက သဘောပေါက်လိုက်ပြီး ချက်ချင်းပဲ သူ့လူတွေကို…

"မင်းတို့ ဒီလူတွေကို တားထားကြ" ဆိုပြီး တရားရုံးရှေ့ထွက်လာကဲ့ ဟေမာနဲ့စိုးပိုင်ကိုလည်း "မြန်မြန်ပြေးကြ"လို့ ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com





ဟောမာ့လက်ကို အတင်းဆွဲပြီး အသင့်ရပ်ထားတဲ့ ကားထဲကို တွန်းထည့်လိုက်တယ်။ စိုးပိုင်ကိုလည်း အမြန်ကားပေါ်တက်ခိုင်းပြီး ကားပေါ်က သူငယ်ချင်းကို အမြန်မောင်းပြေးခိုင်းလိုက်တယ်။ ကားကလည်း အရှိန်အဟုန်နဲ့ မောင်းထွက်သွားပါတော့တယ်။

တစ်ပြိုင်နက်မှာ ဟောမာ့အဖေကြီးက "လူယုတ်မာတွေ အခုရပ်လိုက်စမ်းဆိုပြီး" ဟောမာတို့ကားဆီပြေးလိုက်တယ်။ သူ့နောက်က ပြေးလာတဲ့ ဟောမာ့အစ်ကို့ကို နိုင်ထွန်းက ဖမ်းဆွဲပြီး ထိုးကျိတ်တယ်။ အားရပါးရထိုးကျိတ်လို့ လဲကျသွားပေမယ့် ပြန်ထမှာစိုးရိမ်ပြီး လမ်းပေါ်က တွေ့တဲ့ ကျောက်တုံးတစ်တုံးနဲ့ ထုချလိုက်သေးတယ်။

အဲဒီလို နိုင်ထွန်းတို့နဲ့ ဟောမာ့မိဘတွေဘက်က လူတွေထိုးကြိတ်ကျ သွေးသံရဲရဲ ဖြစ်နေတုန်း တရားရုံးက ရဲတွေလာရောက်ဖမ်းဆီးလို့ အားလုံးအတ်ရောက် ရုံးရောက်ဖြစ်ကုန်ကြတယ်။

* * * * *





အကြိမ်တစ်ထောင်မကတော့ပါဘူး။ အဲဒီသည်းထိတ်ရင်ဖို တအံဖြစ်ရပ်လေးကို စဉ်းစားကြည့်မှုတယ်။ ဘာကြောင့် အဲဒီလို လုပ်လိုက်တာလဲ။ သူငယ်ချင်းကို ကူညီဖို့ပဲလား။ မဟုတ်သေးဘူး။ ခေတ်အဆက်ဆက်မှာ ရှိနေတဲ့ လူအချင်းချင်း လူတန်းစားခွဲခြားမှု၊ ဘွေဂုဏ်မျိုးဂုဏ် ပြိုင်ဆိုင်မှု၊ ဆင်းရဲချမ်းသာခွဲခြားမှု လုပ်တတ်တဲ့ အဲဒီလူတွေကို မကျေနပ်လို့လုပ်မိတာလား။ မဟုတ်ဘူး။ ဒါဆိုရင် အရှည်ကို မစဉ်းစားမဆင်ခြင်ဘဲ ရှတ်တရက် ဆုံးဖြတ်တတ်တဲ့ လူငယ်စိတ်ကြောင့်လား ဝေခွဲမရဘူး။

စိုးပိုင်လည်း မိမိကြောင့် ဒုက္ခရောက်သွားတဲ့ နိုင်ထွန်းတို့ မိဘများနဲ့ ပူးပေါင်းပြီး ရှေ့နေနဲ့ အမှုအခင်းကိစ္စ ချောမွေ့ရေးအတွက် ကြိုးပမ်းခဲ့တယ်။ ရှေ့နေရဲ့ လိမ္မာပါးနပ်မှု၊ ကျွမ်းကျင်မှုနဲ့ ဟောမာ့အစ်ကိုမှာ နလုံးရောဂါရှိတယ်ဆိုတာကို ဖော်ထုတ်နိုင်လို့ ပြင်းထန်တဲ့ ဒဏ်ရာကြောင့် သေတယ်လို့ အပြတ်မပြောနိုင်ဘဲ နလုံးရောဂါကြောင့် ရုတ်တရက်သေဆုံးတာလည်းဖြစ်နိုင်ကြောင်း ဆရာဝန်စစ်ချက်နဲ့တကွ ပြစ်ဒဏ်လျော့သွားအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ နှစ်ဘက်ရိုက်ကျနက်ကျ ရှုန်းရင်းဆန့်ခတ်မှုဆိုတာလည်း ပေါ်လွင်နေခဲ့တယ်။

အမှုစီရင်ချက်ချတယ်။ နိုင်ထွန်းက ထောင်ဒဏ်လေးနှစ်ကျတယ်။ ချုပ်ရက်တွေကို နုတ်ပြီးကျခံစေတယ်။ နိုင်ထွန်းတို့ ပြေထားတဲ့ စာမေးပွဲလည်း အောင်စာရင်းထွက်လာတယ်။ အောင်ချက်ကောင်းလေးပါပဲ။ ပထမအဆင့်အနေနဲ့ အောင်ကြတယ်။ စိုးပိုင်ကတော့ ကျောင်းဆက်မတက်ဘဲ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုမှာ ဝင်လုပ်တယ်။ သူက ဆောက်လုပ်ရေး လုပ်ငန်းမှာ Q.C (အရည်အသွေးစစ်ဆေးသူ) တာဝန်နဲ့ ဒီ မန္တလေးမှာရှိတဲ့ သူ့ကုမ္ပဏီရဲ့လုပ်ငန်းခွင်ကို လိုက်သွားရတယ်။ လခလည်း ကောင်းတယ်။ သူ့ဘဝကိုလည်း မြှင့်တင်ရမယ်။ နိုင်ထွန်းတို့ မိသားစုကိုလည်း ကူညီရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီအလုပ်ကို ဝင်လုပ်ခဲ့တယ်။

စိုးပိုင်တို့ညားပြီး နှစ်နှစ်အကြာမှာ ဟောမာမိန်းကလေးတစ်ဦး မွေးဖွားခဲ့တယ်။ အဲဒီသတင်းတွေကို နိုင်ထွန်းထောင်ထဲကနေ သိနေတယ်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"တစ်မိနစ်လောက် အချိန်အတွင်းမှာ ဒေါ်သမထိန်းနိုင်ဘဲ၊ မစဉ်းမစားလုပ်မိတဲ့ဒဏ်က အခု ကိုယ့်ဘဝအလကားဖြစ်သွားတာ မြင်ပြီလား" လို့ အစ်မဖြစ်သူက ပြောတော့ သူက ...

"ကျွန်တော် ဒီလိုမထင်ဘူးမမ။ ဒေါ်သရှေ့ထားတာ ရေရှည်ကို မစဉ်းစားဘဲ လုပ်မိတာ မှားတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် စိုးပိုင်မိန်းမရပြီး သူတို့ဘဝ ပျော်ပျော်ရွှင်ရွှင် ရှိမနေကြဘူးလား။ ဒါကြောင့် ကျွန်တော်ရင်းလိုက်တာ မမှားပါဘူး မမရာ" လို့ပြန်ပြောရင်း သူတို့အိမ်ကို ရောက်လာကြတယ်။

အိမ်ရှေ့မှာထိုင်ပြီး နိုင်ထွန်းကို မျှော်နေတဲ့ သူ့အမေကို တွေ့လိုက်ရတယ်။

တောက်ပတဲ့ မျက်ဝန်းတွေကြားက မျက်ရည်တွေဝဲလာပြီး သားကိုပြေးဖက်လိုက်တဲ့ အမေက "သား နေကောင်းသား" လို့ မေးလိုက်တယ်။ အမေ့ကို ဟုတ်ကဲ့လို့ ပြောရင်း အဖေရှိရာ ကုတင်ကို ရောက်သွားတယ်။ သူ့အမေက "ဒီမှာ ကိုဘမောင် သားပြန်လာပြီလေ"လို့ ဦးဘမောင်ရဲ့ နားနားကပ်ပြီး ပြောလိုက်တယ်။

မျက်လုံးလေးဖွင့်ပြီး ကြည့်လိုက်တဲ့ နိုင်ထွန်းအဖေရဲ့လက်တွေ၊ ခြေထောက်တွေဟာ တပြည်းပြည်းလေး လှုပ်ရှားလာတယ်။ မျက်ရည်လည်းစီးကျလာတယ်။ မပီမသနဲ့ တစ်စုံတစ်ရာ ပြောလိုက်တယ်။ နိုင်ထွန်း ခံစားမှု ပြင်းပြွာနဲ့ ငိုရင်း အခန်းအပြင်ထွက်လာခဲ့တယ်။ အစ်မဖြစ်သူက နောက်ကလိုက်လာပြီး နိုင်ထွန်းကို ချော့တယ်။ မျက်ရည်သုတ်ပေးတယ်။

"ကျွန်တော်အဖေကို မြင်ရတော့ ရင်ထဲမှာဆို့သွားတယ်။ ဘယ်လောက် သပ်သပ်ရပ်ရပ် ကျကျနန ပြုံးပြုံးရွှင်ရွှင်နေခဲ့တဲ့ အဖေလဲ။ အခုတော့ ကျွန်တော်ကြောင့်..."လို့ ငိုသံပါနဲ့ပြောရင်း အသံတိမ်ဝင်သွားတယ်။

နိုင်ထွန်းကို လူတစ်လုံး သူတစ်လုံးဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အစိုးရအလုပ်က ပင်စင်ယူပြီးတာတောင် ရတဲ့အလုပ်လုပ်ပြီး ကျောင်းထားခဲ့တဲ့အဖေ။ ကျောင်းပြီးရင် မိသားစုဘဝကို မြှင့်တင်လိမ့်မယ်လို့ မျှော်လင့်ချက်ထားခဲ့တဲ့အဖေ။ တာဝန်ကျေတဲ့ သူ့အဖေအကြောင်းကို သူတွေးမိ







လိုက်တိုင်း ရင်နာနေမိတယ်။

ကြိုးစားပမ်းစား ရေးချယ်ထားတဲ့ ပန်းချီကားချပ်လေးတစ်ခု တစ်မိနစ်လောက်ရှာချလိုက်တဲ့ မီးကြောင့် ပျက်သွားရတော့တယ်။

* * * * *

တနင်္ဂနွေ မနက်စောစောထပြီး အခု အလုပ်လုပ်နေတဲ့ သန်လျင်ကိုသွားခဲ့တယ်။ နိုင်ထွန်းရောက်သွားတဲ့အခါ စိုးပိုင်က သူ့အိမ်ရှေ့ဝရံတာက ခုံလေးပေါ်မှာ ထိုင်ပြီးသတင်းစာ ဖတ်နေတယ်။ နိုင်ထွန်းကိုမြင်တော့ စိုးပိုင်အပြေးကလေးလာပြီး ပုခုံးကိုဖက်လိုက်ရင်း...

"ဟာ... နိုင်ထွန်း၊ မင်းဘယ်တုန်းက ပြန်ရောက်လာတာလဲ" လို့ အလျှောတကြီး မေးလိုက်တယ်။

"တစ်ပတ်ရှိသွားပြီကွ။ ငါပြန်ရောက်တာ"လို့ နိုင်ထွန်းက ဖြေလိုက်တယ်။

"ငါလည်း မင်းပြန်ရောက်တော့မယ်ကြားလို့ သတင်းမေးတော့ ရင်း မင်းတို့အိမ်ကို ဖုန်းဆက်မယ်လို့ စဉ်းစားနေတာ အခုတော့ကွာ"

"ဒါနဲ့ ဟေမာကော မတွေ့ပါလား သူငယ်ချင်း" လို့ နိုင်ထွန်း

www.burmeseclassic.com



မေးလိုက်တော့ စိုးပိုင်မျက်နှာတစ်ချက် ပျက်သွားတယ်။

"သူတို့အမေအိမ် သွားတယ်ကွ"လို့ ပြန်ဖြေတယ်။

"အခု သူ့မိဘတွေနဲ့ ပြေလည်သွားပြီလား၊ ကလေးတစ်ယောက်ရပြီးရင် စိတ်တွေပြောင်းသွားတတ်တာပဲ။ ဘာလဲကွ မင်းကလည်း လမ်းကိုပဲ မျှော်နေတယ်။ ဧည့်သည်လာဖို့ ရှိလို့လား"

"မဟုတ်ပါဘူးကွာ၊ မင်းမနက်စောစော စားခဲ့လားလို့ စဉ်းစားနေတာပါ"

"မနက်အစောကြီး အိပ်ရာနိုးလာတာနဲ့ မင်းဆီတစ်ချိုးတည်း လာခဲ့တာ"

"ဒါဆိုလာ... တို့လက်ဖက်ရည်ဆိုင်ကို သွားကြစို့"လို့ စိုးပိုင်ပြောနေတုန်း အိမ်ရှေ့ကို ကားတစ်စီး လာရပ်တယ်။ စိုးပိုင်လည်း ပျာပျာသလဲဖြစ်ပြီး ထိုင်ရာကနေ ထရပ်လိုက်တယ်။ ကားဒရိုင်ဘာက (၃)နှစ်အရွယ်ကလေးတစ်ယောက်ကို ချီလာပြီး စိုးပိုင်တို့ဆီကို လျှောက်လာတယ်။ အဲဒီကလေးက ဒရိုင်ဘာလက်ထဲက ဆင်းလာပြီး "ဖေဖေကြီး" လို့ဆိုပြီး စိုးပိုင်ဆီကို ပြေးလာခဲ့တယ်။ စိုးပိုင်လည်း ကလေးကို လှမ်းချီလိုက်တယ်။

"စိုးပိုင် ဒါမင်းသမီးလား"လို့ နိုင်ထွန်းက ဝမ်းသာအားရ မေးလိုက်တဲ့အခါ နိုင်ထွန်းတို့ အနားရောက်လာတဲ့ ဒရိုင်ဘာက...

"ကိုစိုးပိုင် ဟိုတစ်ပတ်တုန်းကလို မိုးမချုပ်ပါစေနဲ့တဲ့။ ညနေ (၆)နာရီထိုးရင် တိတိကျကျပြန်ပို့ပါတဲ့။ အဲဒီလိုမဟုတ်ရင် ရုံးတော်ကို တင်ပြရလိမ့်မယ်လို့ ကျွန်တော့်ကို ပြောခိုင်းတယ်"လို့ဆိုပြီး အဲဒီဒရိုင်ဘာက ပြန်လှည့်ထွက်သွားတယ်။ နိုင်ထွန်းက တအံ့တဩ အမူအရာနဲ့ စိုးပိုင်ကို လှမ်းကြည့်လိုက်တယ်။

စိုးပိုင်က သူ့သမီးကို ခပ်တင်းတင်း ပွေ့ချီထားပြီး...

"နိုင်ထွန်းရာ မင်းသိမှာစိုးလို့ မင်းတို့အိမ်မှာတောင် ဘယ်သူ့





ကိုမှမပြောဘဲ ငါဖုံးထားခဲ့တယ်။ ငါက လူလတ်တန်းစား မိသားစုကလာတာ။ သူက လူကုံထံအသိုင်းအဝိုင်းမှာ မွေးဖွားကြီးပြင်းလာတာ၊ ထမင်းဆုံမင်္ဂလာဆောင်တဲ့နေ့က ပြဿနာတွေရှင်းဆိုပြီးတာနဲ့ နောက်ထပ်ပြဿနာတွေဟာ ကြာလေကြာလေ များများလာတယ် သူငယ်ချင်း။ သူ့ရဲ့စောင့်စည်းသည်းခံမှုမရှိတဲ့ ဆန္ဒတွေကို ငါမလိုက်လျောနိုင်ခဲ့ဘူး။ အစစအရာရာပေါ့ကွာ။ နေ့စဉ် တကျက်ကျက် ဖြစ်လာတယ်။ စကားများရတာ မျက်ရည်ကျရတာ။ စိတ်ကောက်စိတ်ဆိုးရတာ၊ ကလေးမွေးပြီးတော့ သူ့အိမ်နဲ့ပြေလည်သွားတယ်။ သူ့မိဘတွေဆီက ငွေတောင်းတာ ငါမကြိုက်ဘူး။ အိမ်ထဲမှာ နေ့တိုင်းပြဿနာတွေ ဖြစ်နေတော့ လွန်ခဲ့တဲ့ (၅)လလောက်ကစပြီး လင်မယားကွဲသွားတယ်။ တရားရုံးရောက်တော့ ကလေးကို တနင်္ဂနွေတစ်ရက်တော့ ငါ့ဆီပို့ထားမယ်။ ငါကြည့်ခွင့်ရမယ်လို့ ရုံးတော်က ဆုံးဖြတ်လိုက်တယ်"

နိုင်ထွန်းက "အလို... ဘုရား၊ ဘုရား ဖြစ်မှ ဖြစ်ရပလေ"လို့ ပြောပြီး သူ့နဖူးသူထုမိလိုက်တယ်။ ပြီးတော့ စိုးပိုင်ပြောတဲ့ စကားတွေကိုလည်း သူဘာမှ မကြားတော့ဘူး။

လူငယ်စိတ်၊ မခံချင်စိတ်နဲ့ ရှေ့နောက်မစဉ်းစားဘဲ လုပ်မိလို့ နပျိုတဲ့ဘဝတွေကို ဆုံးရှုံးလိုက်ရတဲ့ ဝေဒနာဟာ သေတဲ့အထိ စိတ်မှာ နာကျဉ်နေဦးမှာပါလား။



မောင်သဲနီ



www.burmeseclassic.com

www.burmeseclassic.com







# အင်း—လိုက်ရမှာလား ငြင်းလိုက်ရမှာလား

စိုးအိမ်မှူး



www.burmeseclassic.com

www.burmeseclassic.com

ကြားဖူးပါရဲ့။

တွက်ရေးက စက်သူဌေး။ တွက်ကြည့်မှ စက်မရှိတဲ့။ ဟုတ်မှာ။ တခြားမကြည့်နဲ့။ ကျုပ်ယောက်ျား "တော"ကြည့်။ အတန်းကျောင်းသာ မနေဖူးတာ။ ဂဏန်းတွက်ချက်ရာကျတော့ သူက ဘုရင်။ ဘယ်အချိန် ဘယ်ကျောင်းတက်လိုက်သလဲကို မသိဘူး။ တွက်နည်းပေါင်းစုံကို တွက်တတ်ပါရဲ့။ တွက်သလား မမေးနဲ့။ 'သုည'ကနေ 'ကိုး'အထိရှိတဲ့ ဂဏန်းတွေ ခမျာပိုရောက် သည့်ရောက်နဲ့ ခြာခြာကိုလည်နေပေါ့။

အဲဒီလောက် တွက်...တွက်နေလို့လည်း ကျုပ်နဲ့ပြဿနာတက် ရတော့တာ။ ဒီလိုလေ ကျုပ်ဘာသာ ယူထားရတဲ့ ဆီဖိုးအကြွေးစာရင်း ငွေ(၃၀၃)ကျပ်ကို အိမ်ကတန်းမှာ ထိုးထားပါတယ်။ သူတွက်ထားတဲ့ ဂဏန်းပါဆိုပြီး ငြင်းကြရတဲ့အထိကို ဖြစ်ကရော။ ဖြစ်ချင်တော့လည်း အဲဒီလက ကျုပ်တို့လင်မယားငြင်းခဲ့တဲ့ ဂဏန်းကပေါက်ဂဏန်း ဖြစ်သွားတယ်။

ဘာပြောကောင်းမလည်း တောရယ်၊ ကျုပ်ကိုဆဲလည်းဆဲ။ ထလည်းကန်တာပေါ့တော်။ ကျုပ်နဲ့ငြင်းနေရလို့သာ သူမထိုးဖြစ်လိုက်တာ။ နို့မို့ဆို သူချဲပေါက်ပြီပေါ့။ ကျုပ်လား... ကျေလည်း မကျေနပ်။ ပြန်လည်းမပြောတတ်နဲ့ ငြိမ်နေရတာပေါ့။

ဒီနောက်တော့ တစ်သက်လုံး ခဲတံတောင် မကိုင်ခဲ့တဲ့သူက စုဆို ဘောလ်ပင်နဲ့ စာရွက်နဲ့ကိုဖြစ်လို့။ တပေါင်းကွင်းက တော ကွမ်းယာ ဆိုင်လည်း နာမည်ကိုကြီးလို့။ ကြီးမှာပေါ့။ လာသမျှလူကို ဒိုင်ခံတွက် ပြ။ သူပြောတဲ့ အတိတ်စိမ်းကို ငှပုံးတို့၊ ဒဲ့ပွေး၊ ပါဝါချိန်း၊ တစ်လုံးကျ ဆိုတာတွေသာ နားထောင်နေ။ ကွမ်းယာကို ဟလာ၊ လေးညှင်းထည့်





ပြီးအလကား စားသွားလည်ကြည့်လို့။ ဆေးလိပ်ယူသောက်ဦးမလား။ သဘောရှိပဲ။ တစ်နေ့တော့ရှိတယ်။ ကွမ်းထုတ်တဲ့ စက္ကူပေါ်မှာတော့ ဂဏန်းတွေချည်းပဲမှတ်။

ကွမ်းယာပစ္စည်းများ သွားဝယ်တော့ရောထည့်။ တော်တော်နဲ့ ဆိုင်ပြန်မရောက်တော့ဘူး။ လက်ဖက်ရည်ဆိုင်တကာ ဈေးသည်တကာနဲ့ ပြောလိုက်ရတဲ့ချဲ။ မေးလိုက်ရတဲ့ ဂဏန်း။ ဒီကြားထဲက စိတ်ကြိုက် အကွက်ရလို့၊ ဒိုင်စိတ်ချရလို့နဲ့ ဈေးဖိုးထဲက နှစ်ဆယ်လောက်တော့ ထွက်ပြန်ရော။ နည်းမလားတော်။ ကွမ်းနဲ့ကွမ်းသီး အစိတ်သားဖိုးလောက် ရှိတာကို။ ကွမ်းသာ အဲဒီလို ဖိဖိစီးစီး ရောင်းကြည့် 'မငယ်'တို့ ဖျန်းဖျန်း ကွဲ ချမ်းသာတာ ကြာလှပေါ့။

ကွမ်းယာရောင်းလို့ ချမ်းသာတဲ့သူလား။ ရှိတာပေါ့။ ဝေဖြိုးဆို တဲ့ ကွမ်းယာဆိုင်လေ။ ကားတောင်ဝယ်နိုင်သွားတာပဲဟာ။ ဖျဉ်းမနား မြို့ဗျ။ ဘာမှတ်တုန်း။ ကွမ်းသီးစားတဲ့အရပ်၊ ဒါနဲ့များတောင် တော ကွမ်းယာဆိုင်က ကျမ်းကျိန်ပြောရမယ့် ကွမ်းယာဆိုင် ဖြစ်နေတုန်း။ စဉ်းစား ကြည့်။ ကွမ်းယာရောင်းတယ်ဆိုတာ တစ်ပဲတစ်ပြား စုရတာ မဟုတ် လား။ သူ့ပုံစံမျိုးနဲ့ဆိုရင် တော်သေးတာကြာပေါ့။ မငယ်တို့ အကြော် ကြော်ရောင်းနေလိုသာပေါ့။

* * * * *

ပြဿနာတော့ တက်ပြန်ပြီ။

ကျုပ်တို့သားလေး သုံးတန်းတက်နေတဲ့ ကောင်ရဲ့ဘုတ်အုတ် ထဲ ချဲတွက်ထားလို့တဲ့။ သားက ပွစိပွစိဖြစ်ပြီလေ။ ဖြစ်ရမယ်။ ဒီကောင်က တသိပ်တော်တာ။ သူ့ပစ္စည်းကိုလည်း ရှိသေတတ်ပ။ ကျောင်းမှာ တခြ ပြီး ဆရာ့ဆီစာအုပ် သွားထပ်မှ ဆရာကတွေ့ပြီး ရှုသတဲ့လေ။ ဖိုးတော့မှ တလေးမှာငိုကြီး ချက်မဖြစ်ရတာ။ ဖြစ်မှာပေါ့။ သူငယ်ချင်းတွေကလည်း ငိုင်းစကြသေးတာကိုး။ နဂိုကမှ အရှက်ကြီးတတ်တဲ့ ကောင်ဆိုတော့ အိမ်ရောက်တဲ့အထိ ငိုမဆုံးဘူး။ ပြီးတော့ ကျုပ်သားက ရည်ရွယ်ချက် ကြီးတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းတက်နေတဲ့ကောင်။ ဘာမှတ်နေကြတုန်း။ ဒါကြောင့်လည်း ကျုပ်မှာ စာအုပ်အသစ်ဝယ်ပေးလိုက်တော့တာ။

ကျုပ်ယောက်ျား ချဲတွက်လွန်းလို့ ပြောနေရတာ။ ချဲ့ဘုရင်ဖြစ်ပြီး ချဲရောမပေါက်ဘူးလားလို့ မေးစရာရှိမှာပေါ့။ တစ်ဆယ့်ငါးကျပ်ဖိုးလား 'တွတ်'မိဖူးပါရဲ့။ တော်... ဘာပြောကောင်းမလဲ ကွမ်းယာဆိုင်ခုံကလေး ပေါင်လိုက်ရတဲ့အဖြစ်ကို ရောက်ကရော့။ ပေါက်တယ်လေ။ ပေါက်လို့ကို ကွမ်းယာဆိုင်ခုံပေါင်ရတာပေါ့။ အဲဒီတုန်းက ကျုပ်'ကိုဘော'များပြောပါတယ်။

"ကံတရားက မျက်နှာသာပေးပြီ မငယ်ရ။ ဒီတစ်ခါ ဘဝပြောင်းပေါ့ကွာ" ဆိုပြီးသေသေချာချာကို တွက်ချက်တော့တာပဲ။ ကောက်လိုက်ရတဲ့အတိတ်။ ဆိုက္ကားနံပါတ်တောင် မချန်ဘူး။ ဒီကြားထဲ စိတ်ချရမယ့် 'ဒိုင်'ကိုပြေးစုံစမ်းလိုက်။ နောက်ပြီး သမာဓိအားကောင်းကောင်းဆိုလား။ ဘုရားကိုးဆူသွားသွားပြီး ပုတီးစိပ်လိုစိပ်နဲ့ပါတော်။
အဲဒီလို တစ်ပါတ်လောက် အလုပ်ရှုပ်ပြီးရော။ ကွမ်းယာဆိုင်ခုံကို ပေါင်ပြီး ချဲထိုးသတဲ့လေ။

ကျုပ်လား မကျေကလည်း မကျေနပ်။ ပြန်လည်း မပြောတတ်နဲ့ ငြိမ်နေရတာပေါ့။ 'ငဘော'ဆိုတာကလည်း 'တွတ်'တောင်ရထားတဲ့ကာသိုလ်က လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတာမို့လာ။ ကံကောင်းတယ်ပြောဦးမှာပေါ့။ ငဘော တို့များ(၁၀)ကျပ်ဖိုး တည့်တည့်ကြီး ဝင်ပေါက်တာပါပဲတော်။ ဘာပြောကောင်းမတုန်း။ ငဘော မျက်နှာနဲ့ သီကြားမင်း ဖင်နဲ့တတန်းတည်းကို ဖြစ်လို့။ ကျုပ်မလည်း ပျော်ရမလို ဘာလိုလိုကြီးကို ဖြစ်နေတာ။

ဒါ... ဒါပေမယ့် တော်။ လက်စွဲကပဲ ငွေမအာပ်သလိုလို။ ဒိုင်ချုပ်ခများမှာ ပေါက်သီးဖျားသလိုလို တွေဖြစ်လာရော။ အဲဒါနဲ့ပဲ ဘယ်နေ့လာယူပါ။ ဘယ်လောက်နဲ့ ကျေနပ်ပါပေါ့တော်။ အဲဒီလို ပြောပြီးရော ဒိုင်ချုပ်က ပြေးလေရော့။ ဒီတော့မှ 'ငဇော'လည်း တားထဆွဲ၊ ကျုပ်ကလည်း ဒိုင်ချုပ်အိမ်ရှေ့ ပတ်တုတ်ပစ်လိုက်တာ အရပ်လူကြီးတွေ လာတား







ရတဲ့အဖြစ်ကို ရောက်တော့တာပါပဲ။

တတ်နိုင်ဘူးလေ။ ထောင်ကျကာမှကျရောပဲ။ ဘယ်နှယ့် ဈေးတည်းက ဆီသည့်မ 'မဥ'က ကျုပ်တို့ချဲပေါက်တာကြားပြီး ဆီဖိုး အကြွေးတွေ လာတောင်းနေတာကိုးတော့။

* * * * *

ဟုတ်တော့ဟုတ်နေပြီ။

ချဲဒိုင်တွေ ပြေးတာများလို့လား။ ရဲတွေက ချဲဒိုင်တွေ၊ ချဲလောင်းကစားသူတွေကို တင်းကြပ်ဖမ်းနေလို့လား မသိဘူး။ ငဘောနဲ့က ချဲနည်းနည်းဝေးသွားတယ်လေ။ ဒါပေမယ့် ငဘော တစ်ယောက် ချဲတော့ တွက်တုန်း။ တယ်နှယ့်ပြောရမလဲ။ ဟိုသီချင်းထဲကလိုပေါ့။ ကြီးမှဝက်သားပေါက်ရင် ဝက်ရူးပျံ ဆိုသလို ဖြစ်နေတယ်နဲ့တူရဲ့။

ခုလည်း.... မဲ...တဲ့။

www.burmeseclassic.com



အား/ကာ ရုံပုံငွေပွဲဆိုလား။ စက်ဘီးပါတယ်တဲ့။ ဆိုင်ကယ်ပါသတဲ့။ ၅ ကျပ်တန်မဲကနေ ၁၀ ကျပ်တန်၊ ၁၅ ကျပ်တန်မဲ အထိပေါ့။ ကြိုက်ရာထိုး မဲအရေတွက် ပြည့်တာနဲ့ မဲပေါက်၊ ချက်ချင်းရော်ဆိုပဲ။ ဘာရမလဲ။ ဒေါတို့ ဖင်ရှုပိုးထိုးပြန်တော့တာပေါ့။ အံမယ်... ဒေါ်တို့ပြောပုံကလည်း သဝ်းပါ။

"ဒီတစ်ခါ ဒိုင်မပြေးပါဘူး။ စိတ်ချရပါတယ် မငယ်ရ"တဲ့။ ကျုပ်လည်း သိတာပေါ့တော်။ အကြော်သည် မငယ်ပဲဟာ။ ဒါပေမယ့်တော်။ ကံတရားကို ပိုပြီးလုပ်ရတဲ့ အလုပ်မျိုးတော့၊ ကျုပ်ကြောက်တယ်"

ကျုပ်တို့က ကံကောင်းတဲ့ လူစားမျိုးမှမဟုတ်တာ။ ကျုပ်တို့လင်မယား အောင်ဘာလေထီ လတိုင်းထိုးခဲ့တာပဲဟာ။ ဘယ်မှာလာပေါက်လို့တုန်း။ အိမ်ထောင်သက်ပဲ အနှစ်နှစ်ဆယ်ကျော်ပေါ့။ ဒါကြောင့် ဒေါစကားကို ကျုပ်... လုံးဝ လုံးဝကို ငြင်းလိုက်တယ်။ ဒါပေမယ့် ဒေါတို့ စကားတတ်ပုံများ။

"မငယ်ရာ နင်သိပ် လက်ပေါက်ကပ်တာပဲ။ ချဲတုန်းကလဲ ငါမပေါက်လို့လား။ ဒိုင်ကပြေးလို့သာပါဟာ။ ကံတရားက ငါ့လက်မှာရှိပါတယ်ဟာ။ နင်လည်း မဲပေါက်ခဲ့ရင် ကွမ်းယာခုံလေး ပြန်ရွှေ့မလားလို့ပါ"

အနှစ်နှစ်ဆယ်ကျော် ပေါင်းလာတဲ့ ယောကျ်ားဆီက ကြားနေကျလေသံပေမယ့် ကျုပ်ရင်ထဲ ဘာလိုလိုတောင် ဖြစ်သွားတယ်။ မရယ်ပါနဲ့နော်။ ဒီအရွယ်တွေကျကာမှ ရင်ခုန်ရဦးမှာလား။ သူပြောသလို မတော်တဆပေါက်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ကျုပ်လေ ဈေးပန်းထဲက တစ်ချက်လှမ်းကြည့်မိပါတယ်။ ဒေါ်တို့များ လျှင်ချက်။ ဘူးသီးလိုးနေရာက ဖျပ်ခနဲ ငွေအစိတ်လောက် ယူလိုက်တယ်။ ပြီးမှ နစ်ကိုယ်ကြား ပြုံးပြပြီး ဟိုလိုလို ဒီလိုလိုနဲ့ လစ်ကရော"

ကျုပ်လား ကျေတော့ မကျေနပ်ဘူးပေါ့။ ဒီတစ်ခါတော့ အော်ပြောပစ်လိုက်တယ်။ "ကိုတော... နော် မဲဆိုပြီး ချဲလုပ်လာလို့ကတော့ တော်နဲ့ကျုပ်နဲ့ အတွေ့ပဲ"လို့။

* * * * *







ကျားသားမိုးကြိုးတော်ရေ...။

မယုံနိုင်စရာပါပဲ။ ဆိုက်ကားသမား ကျော်ရွှေက လာပြော တာ။

ဒေါတို့ မဲနံပါတ်က စက်ဘီးပေါက်သတဲ့။ မဲထိုးတုန်းက သူတို့အတူ ထိုးကြတာတဲ့။ သေချာတယ်ပေါ့။

ကျုပ်လည်း မှန့်နှစ်နယ်နေရာက ဒေါကို ရှာရတော့တာပေါ့။ လက်တောင် မဆေးဖြစ်ပါဘူး။ တွေ့ပါ့တော် ဒေါ ရယ်။ နန်းစိန်လက်ဖက်ရည်ဆိုင်နားမှာ ဖြတ်ပိုင်းလေးကိုင်လို့။ ကျုပ်ကိုလည်း တွေ့ရော စက်ဘီးပေါက်တဲ့အကြောင်း စပြောလာတယ်။ အသံတွေတောင် တုန်လို့။ ဒီအချိန်မှာပဲ မဲဖွင့်ချိန်ဆိုပြီး လူတွေကလည်း ဝိုင်းလာတယ်။ သတင်းမေးကြတယ်ပေါ့။

ဒီလိုနဲ့ စက်ဘီးသွားယူကြတယ်။ စက်ဘီးတော့ စက်ဘီးပါပဲ။ ခုံပေါ်မှာ ပြထားတဲ့စက်ဘီးမဟုတ်ဘူး။ မဲရုံနောက်က တွန်းထုတ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးဖြစ်နေတယ်။ ကျော်ရွှေက ဆိုက်ကားသမားဆိုတော့ မဲပေါက်တဲ့ စက်ဘီးကို စစ်ဆေးကြည့်တယ်။

မြတ်စွာဘုရား စက်ဘီးကိုယ်ထည်မှာလည်း ဓေးတွေကွာနေတဲ့နေရာကကွာလို့။ တချို့နေရာတွေ သံချေးတောင် တက်နေသေးရဲ့။ ပြီးတော့ မီးသီးမပါ။ ဘရိတ်တုံးမပါနဲ့. ကရော်ကမယ် စက်ဘီးမှ တကယ့် ကချော်ကမယ်စက်ဘီးကြီး။

ဒါနဲ့ ကျုပ်က စက်ဘီးယူလာပေးတဲ့ ကောင်လေးမေးတော့ ကောင်လေးက စိတ်မရှည်တဲ့ လေသံနဲ့ ဖြစ်တယ်။

"ခင်ဗျားတို့က (၁၀)တန်မဲပေါက်တာဗျ။ ဆိုင်ပေါ်က ဘီးမျိုးက (၃၀)တန်ပဲဗျ။ ဘာမှလည်းမသိဘဲနဲ့ လောဘတက်မနေနဲ့"တဲ့။

ဝေတော့ရော၊ ကျုပ်ရော ဘာမှပြန်မပြောနိုင်ဘူး။ ဘီးတွေ လိန် တိမ်ကိမ်ဖြစ်နေတဲ့ စက်ဘီးကိုသာ ဆွဲယူကိုင်ထားရတော့တယ်။ မကိုင်ထားလို့လည်း မဖြစ်ဘူးလေ။ မဲပေါက်တဲ့ စက်ဘီးမှာ ဒေါက်တံမှမပါတာကိုး။ ဒီတင် ဝေတောက ပြောလာတယ်။

"ကြေညာတုန်းကတော့ (၁၀)တန်ဘီးလို့ ကြေညာတာပဲဟ။ ပေးတော့မှ တောက်... မလိုမ့်တစ်ပတ် လုပ်ပေးတာကွ"

ဝေတော တစ်ယောက်မကျေမချမ်း ပြောနေပေမယ့် ကောင်လေးက ကြားသလိုနဲ့ မဲရုံထဲဝင်သွားတယ်။ ဒီမှာတင် ကျော်ရွှေက...

"ကဲ... ကိုတောကြီး ဘာမှပြောမနေနဲ့တော့ ရသမျှအမြတ် လို့သဘောထားလိုက်။ လိုတာတွေ ဝယ်ဖြည့်ထည့်ပြီး ပြန်သရမယ်။ ပြီးမှ ပြန်ရောင်းပေါ့ဗျာ" ဆိုပြီး လေမရှိ ပိန်လိန်လိန် စက်ဘီးအိုကြီးကို ဆိုက်ကားပေါ်တင်ပြီး ပြန်လာခဲ့ကြတယ်။

တယ့်နှယ့်ရှိစ -

ကျုပ်ပြောတာ လွန်လား။ ကံတရားဆိုတာ ကျိုးယ်တတ်တယ် လို့လေ။ ခုပဲကြည့်။ ပေးကားပေး၏ မရ။ ရကားရ၏ မပြည့်ဆိုတာမျိုး ဖြစ်နေပြီမဟုတ်လား။ အေးလေ။ ကျုပ်တို့ ဝေတောတို့လို လူမျိုးတွေရှိ





နေလို့လည်း ညာတဲ့သူတွေညာလို့ရနေတာပေါ့တော်။ ကျုပ်တို့ရွာ ကလည်း ပိုးဖလံလို မီးမြင်တာနဲ့ တိုးချင်နေသူတွေ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ဒီစက်ဘီးပြုပြင်ပြီးလို့ ရောင်းထွက်ခဲ့ရင်တော့ အကြော်သိုးတွေ၊ ကွမ်းယာခုံပိုးတွေအတွက် ခုသာစံသာတော့ ဖြစ်မယ် ထင်ရဲ့။ ကျုပ်လည်း စက်ဘီးကိုကြည့်ရင်း အတွေးပေါင်းစုံတွေးနေမိတယ်။ ဒီတင်အတွေးတစ်ခုက ကျုပ်ရင်ထဲ မြတ်ဝင်လာတယ်။

နောက်တစ်ခါများ ဝေတောက ချဲပိုး၊ မဲပိုးဆိုပြီး ကျုပ်ဆီတောင်း လာရင်ဆိုတဲ့အတွေးပါပဲ။ ဟုတ်တယ်လေ။ အဲဒီလိုတောင်းလာရင် ကျုပ် ဝေတော ဆန္ဒကို "အင်း...လိုက်ရမှာလား၊ ငြင်း... လိုက်ရမှာလားလို့"

**ဝိုးအိမ်မှူး**


ဘသက်ဆွေ

ဆိုင်အိုချစ်ကောင်း၏ မြန္မာဝင်းဆီ နှင့်

လျှို့ဝှက်စွန့်စား ဝတ္ထုတိုများ

စာမူခွင့်ပြုချက်အမှတ် - ၀၃၂၆/၂၀၀၄ (၁၂)

ဆရာဘသက်ဆွေ၏ 'စိတ်ကြိုက်' ရွေးချယ်မှု

(သို့မဟုတ်)

ကိုယ်ရေးကိုယ်တာနှင့် လူမှုရေးတို့တွင် အေးဖယ်ထား
ပြီး အမှုကိစ္စများ ကြီးဝင်းစွန့်စား ဆောင်ရွက်ထားသော ခုံရုံထင်း

ထောင်းတစ်ဦး၏ စနိုတ်ကို ဝိပြင့်ပွားရေးဖွဲ့ထားသော
ဝတ္ထု(၁၃) ပုဒ်ကို ပုစည်းတင်ဆက် ထားပါသည်။

ဖော်မွန်စာပေမှ ထွက်ပါတော့မည်




www.burmeseclassic.com

www.burmeseclassic.com



ဘသက်ဆွေ

# ချစ်ရပါသည် သို့သော်...







www.burmeseclassic.com

www.burmeseclassic.com




မမျှော်လင့်သောသူကို မမျှော်လင့်သောအရပ်၌ လာတွေ့ရသောအခါ ဝမ်းသာမှုလား၊ ဝမ်းနည်းမှုလား ခွဲခြားခြင်းမပြုမိ သူ့လက်ကိုဆွဲ၍နှုတ်ဆက်လိုက်မိသည်။

"မလေး မလေး မလေး ဘယ်လိုဒီရောက်နေတာလဲဟင်"

"မောင်မောင် ဟယ် တွေ့ချင်နေတာနဲ့အတော်ပဲ"

စကားဆက်မိသည်လား၊ စကားဖြတ်၍ လက်ဆွဲခေါ်မိသည်လား စဉ်းစား၍မရတော့၊ မလေးကိုခေါ်ပြီး လက်ဖက်ရည်ဆိုင်ထဲထိုင်မိသည်ကိုသာ သတိရတော့သည်။

❖ ❖ ❖ ❖



## မြင်ကွင်းရုံမှုခင်း

မောင်မောင်နှင့်မလေးတို့သည် တစ်ရပ်ကွက်တည်း အိမ်နီးချင်း၊ မောင်လေးနှင့်မမ၊ မမကို မောင်မောင်က အိမ်နီးချင်း တိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ် အားကိုးသည်၊ တွယ်တာသည်၊ အချစ်၏သင်္ကေတ အငြိအစွန်းကလေးများက မထင်မရှား ဝိုးတဝါးအရိပ်များရှိနေခဲ့သည်။

ထိုသို့ရှိနေခဲ့စဉ် သူတို့နှစ်ယောက်၏ဘဝထဲသို့ 'ဘစိုးမြင့်' က တိုးဝင်လာခဲ့သည်၊ ဝင်လာပုံကတော့ သိပ်မဆန်း၊ လူငယ်လူရွယ်ကလေး မောင်မောင်မှတစ်ဆင့် ဘစိုးမြင့်က မလေးသို့ မေတ္တာစာ လူကြုံပါးသည်၊ မောင်မောင်က လက်မခံ ငြင်းပယ်ပစ်သည်။

ပြီး . . သူ့ခံစားချက်ကို မလေးထံပါးမှာ ရင်ဖွင့်ပြသည်။

"ဒီ ဘစိုးမြင့်ဆိုတဲ့လူကို ကျွန်တော် လက်သီးနဲ့ဆွဲထိုးချင်လိုက်တာ မလေးရာ၊ မလေးဟာ ကျွန်တော်ချစ်ဖို့ လောကကြီးမှာ မွေးဖွားလာတာဗျလို့ အော်ပြောလိုက်ချင်တယ်ဗျာ ပြီးရော"

မောင်မောင်စကားများက သွက်လက်မြန်ဆန်လွန်းသည်၊ သူ့ခန္ဓာကိုယ်ကလည်း လျင်မြန်လွန်းသည်၊ မလေး ဘာမျှမလှုပ်ရှားနိုင်ခင် မလေးနှုတ်ဖျားက ဘာမျှရွေ့နေလိုက်ခွင့်မရခင် သူတို့အချစ်ရာဇဝင်မှာ သူ့ပါးပြင်ကို နှုတ်ဆက်ခံလိုက်ရသည်၊ အခြေအနေက အိမ်နီးချင်း၊ အသက်အရွယ်က မောင်လေးနှင့်မမအရွယ်၊ ပြီး . . ရင်းနှီးသောမိဘများ၊ ယုံကြည်မှုက သူတို့လွတ်လပ်မှုကို ခန့်တီးပေးထားသည်၊ လွတ်လွတ်လပ်လပ်နေထိုင်ခွင့်က သူတို့မှာရှိနေသည်ကိုး။

ဘစိုးမြင့်၏မိဘများက မလေးကို လာ၍တောင်းရမ်းသည်၊ ဘစိုးမြင့်မှာ စီးပွားရေးလောကတွင် ထင်ရှားအောင်မြင်နေသူ၊ အခြေအနေအရပ်ရပ်က သားသမီးကို ဆင်စီး၍မြင်းရံလိုသည့်မိဘတို့စကားနှင့်ညီညွတ်နေသည်၊ လျှင်လျှင်မြန်မြန်ပင်၊ ဘစိုးမြင့်နှင့်မလေးတို့၏ စေ့စပ်ကြောင်းလမ်းလက်ထပ်ခြင်းကိစ္စများဖြစ်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





မောင်မောင်နှင့်မလေးတို့ ခေါင်းခြင်းဆိုင်ပြီးဆွေးနွေးပေမင့် အခြေအနေက မထူးတော့၊ မလေးမှာ မိဘစကားကိုပယ်ဝံ့သည့် သတ္တိမရှိ၊ မောင်မောင်မှာလည်း အလုပ်မရှိ၊ သည်တော့ သူတို့ ငိုပွဲ၊ ဘစိုးမြင့် အောင်ပွဲ။

မလေးနှင့်ဘစိုးမြင့်တို့ လက်ထပ်ဖြစ်ကြသည်၊ မလေးနှင့် မောင်မောင်တို့ ဘဝချင်း. . လူချင်း. . ဝေးကွာသွားခဲ့ကြသည်၊ ခုတော့ သူတို့ပြန်တွေ့ပြီ။

❖ ❖ ❖ ❖

တွေ့သည့်နေရာက ပြည်မြို့။

ပြည်မြို့ဆိုသည်က သူတို့နေရာ ရန်ကုန်မဟုတ်။

သည်ပတ်ဝန်းကျင်မှာ သူတို့က ဧည့်သည်၊ ရွာခံများက သူတို့ကို မသိ။





ဘစိုးမြင့်က မန္တလေးဘက်သို့ ခရီးထွက်သွားသည်။

မလေးက ယနေ့ ရန်ကုန်ပြန်မည်။

လာတုန်း အတူတကွ၊ အစီအစဉ်ကတစ်မျိုး၊ ပြည်ရောက်မှ အခြေအနေအပြောင်းအလဲကြောင့် ဘစိုးမြင့် ခရီးစဉ်ပြောင်းပြီး မန္တလေးတက်သွားသည်။

ကုန်သည် ပွဲစားအရောင်းအဝယ်သမားဆိုသည်မှာ သေချာတိကျစွာ၊ ပုံသေနည်းဖြင့် ပြီးစီးပေါက်မြောက်အောင် ကြံဆ၍ရသော ဘဝမျိုးမဟုတ်၊ ရေမြေတောတောင် သဘာဝအခြေအနေပေါ် မှီတွယ်၍ အရောင်းပြောင်းရသော လှုပ်ရှားရသောဘဝမျိုး၊ သည်တော့ ဘစိုးမြင့် အခြေအနေပြောင်းပြီး မန္တလေးသို့ခရီးဆက်သည်၊ မလေးတစ်ယောက်တည်း ရန်ကုန်ပြန်သည်။

မလေးက မီးရထားဖြင့် ရန်ကုန်ပြန်မည်။

မလွဲသာခွဲခွာခဲ့ရဖူးသည့် မောင်မောင်က သူနှင့်အတူ ပြန်ရန် ပြောလိုက်သည်။

သူ. . ရုပ်ရှင်ဖလင်များလာယူခြင်းဖြစ်သည်၊ နယ်အော်ပရေတာလုပ်နေသဖြင့် သူ့အခြေအနေက ဟိုတုန်းကနှင့်မတူတော့၊ သို့သော်. . . မလေးအပေါ်တွင် "မူ"တတ်ဆဲ၊ "ခရာ"တတ်ဆဲ၊ "နွဲ့"တတ်၊ "ဆိုး"တတ်ဆဲ။

ချစ်လျက်နှင့်ဝေးခဲ့ရသော သူတို့ဘဝတွင် လွတ်လပ်စွာ ပြန်လည်ဆုံဆည်းရသောအခါ အခွင့်အရေးတစ်ရပ်ပြန်ဖြစ်လာသည်။

ကိစ္စအဝဝကို မောင်မောင်က ဦးဆောင်သည်၊ တည်းခိုခန်းသို့ သူတို့ရောက်လာသည်၊ အပြင်သို့မထွက်ဘဲ နံနက်စာစားနိုင်ရန် မောင်မောင်ကစီစဉ်သည်။

ဧည့်ခန်းတွင်ထိုင်ပြီး စကားပြောသည်၊ ရှေ့ဖြစ်နောက်ကြောင်းစုံသည်၊ နံနက်စာကို တည်းခိုခန်းမှ ထမင်းစားခန်းမှာ စားသောက်ကြသည်၊ စားသောက်ပြီးသည်နှင့် မောင်မောင်က



www.burmeseclassic.com

www.burmeseclassic.com



မလေးပစ္စည်းများကိုယူပြီး အိပ်ခန်းထဲသို့ဝင်သည်၊ အိပ်ခန်းက နှစ်ယောက်အိပ်ခန်း။

အခန်းတံခါးပိတ် ပြီးတော့ မောင်မောင်ငိုသည်၊ သူခံစားရသောဝေဒနာကို ရင်ဖွင့်သည်၊ မလေးလည်း ငိုသည်၊ သူတို့. . ကိန္နရီ ကိန္နရာတို့နှယ် ကုန်လွန်ခဲ့သောနှောင်းရက်များ၏ ဝေဒနာများကိုတူးဖော်၍ငိုကြသည်၊ ငိုခြင်း၏ ယုယမှုများ၊ ယုံကြည်မှုများဖြင့် တစ်စတစ်ဘဝခြမ်းပုံကြသည်။

သူတို့နှစ်ဦးကြားမှာ မည်သည့်အတားအဆီးမှမရှိပြီ။

❖ ❖ ❖ ❖







နံနက်လင်းတော့ မော်တော်ကားဂိတ်သို့ရောက်သည်၊ အရေးထဲမှာ မောင်မောင်၏လုပ်ငန်းကိစ္စများက မပြတ်၊ မလေးရင်ထဲမှာ နောင်တရနေသည်၊ နံနက်အစောဆုံး ပထမကားနှင့်ပြန်ဖြစ်လိုက်လျှင် အကောင်းသား၊ မောင်မောင်နှင့်အတူပြန်ရန် သူ ဘာကြောင့်စောင့်နေခဲ့ပါသလဲ၊ မှားခဲ့သည်၊ မောင်မောင်က အတူပြန်မည်ဆိုသောစကားတစ်ခွန်းပေါ်တွင် သူ. . မှားခဲ့ပြန်သည်။

❖ ❖ ❖ ❖

ဒုတိယည ပြည်မှာအိပ်လိုက်ရတော့ မလေးစိတ်မှာ သိပ်မချမ်းသာ၊ စိုးရိမ်သောကပွမ်းသော အတွေးပေါင်းစုံ မလေးကို ဖိစီးလေသည်၊ မလေး. . သူ့ကိုယ်သူ အပြစ်တင်သည်၊ သို့သော် ထိုနေ့ညက ကြေကွဲမှုစကားများကို မွန်းကြပ်စွာပြောခဲ့ကြသော်လည်း သူတို့တစ်သက်တာအတွက်ကား လွတ်လပ်စွာနှုတ်ဆက်ကြသည်၊ အဆီးအတား အငြင်းအဆန် အခုအခံမရှိ။

❖ ❖ ❖ ❖

မလေးအိမ်ပြန်ရောက်တော့ ဒေါသထွက်နေသော ဘစိုးမြင့်ကိုတွေ့ရသည်။

ဘစိုးမြင့်သည် မန္တလေးမရောက်ဘဲ ကုန်သည်တွေနှင့် တောင်ကြီးတွင်တွေ့ပြီး ရန်ကုန်သို့ပြန်လာခဲ့သည်၊ ဘစိုးမြင့်ရန်ကုန်ရောက်တော့ မလေး မရောက်သေး၊ ပြည်သို့ဖုန်းဆက်သည်၊ ပြည်ရုံးခန်းသို့ အကြောင်းကြားသည်။

မလေးရောက်လာတော့ ဘစိုးမြင့်က စစ်ဆေးသည်၊ စုံမေးသည်။

ဗူးပေါ်သလိုပေါ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## မြင်ကွင်းစုံမှုခင်း

ကြည့်လေ၊ ပြည်မြို့ဆိုသည်က ရန်ကုန်မှမဟုတ်ဘဲ၊ မြို့ငယ်ကလေးတစ်မြို့ သို့ဖြင့် တည်းခိုခဲ့သော တည်းခိုခန်းအပါအဝင် သူတို့ဆောင်ကြဉာမြိုင်ဇာတ်လမ်းလည်း ပေါ်ခဲ့တော့သည်။

"နင့်ကောင်ကို ထောင်ထဲပို့ပြီးမှ ငါကျေနပ်မယ်"

ဘစိုးမြင့်အစီအစဉ်ဖြင့် မောင်မောင်အဖမ်းခံရသည်၊ မောင်မောင်က မငြင်း၊ ဝန်ခံလိုက်သည်။

"မလေးနဲ့ကျွန်တော်တို့က ချစ်သူတွေပါ၊ ကိုဘစိုးမြင့်က လူကြီးတွေအစီအစဉ်နဲ့ မလေးကို အပိုင်သိမ်းသွားတယ်၊ ချစ်. . ချစ်တာအပြစ်လားဗျာ"

❖ ❖ ❖ ❖

အချစ်သည် အပြစ်မဟုတ်ပါ၊ သို့သော်. . မလေးကဲ့သို့ ကာမပိုင်လင်ရှိသူ အမျိုးသမီးတစ်ဦးကို မချစ်ရပါ။

ကာမပိုင်လင်ရှိသူအမျိုးသမီးတစ်ဦးကို ထိုအမျိုးသမီးက ခွင့်ပြုသည်ဖြစ်စေ၊ သွေးဆောင်ဖြားယောင်း၍ဖြစ်စေ ပေါင်းသင်းနေထိုင်ခြင်းသည် မယားခိုးမှုမြောက်ပါသည်၊ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၉၇)အရ အပြစ်ရှိပါသည်။

ထို့အတူ ဗုဒ္ဓဘာသာအရလည်း. . .

ရှောင်ရှားအပ်သူ မိန်းမများ၌ ရာဂစိတ်ထား၊ ပေါင်းဖော်လိုမှု၊ လုံ့လပြုကာ၊ ကျူးလွန်မိက၊ ကာမေသုတဲ၊ အကုသိုလ်လွန်ကျူးမိလျှင် တစ်ကယ်မပေ၊ အပယ်ငရဲကျမည်ဟု တားမြစ်ပညတ်ထားတော်မူခဲ့ပါသည်။

ချစ်တာအပြစ်မဟုတ်ပါ။

သို့သော်. . ကာမပိုင်လင်ရှိသူအား ချစ်လျှင်ကား ဗုဒ္ဓ၏ အဆုံးအမကို နောက်ထား၊ ပုဒ်မ(၄၉၇)က စောင့်စားနေမည်ကား ဧကန်မလွဲပါပေ။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





နန္ဒဝန်မှာ တစ္ဆေရှိသည်။ တကယ်ပင် ရှိပါသည်။ မယုံမရှိပါနှင့်။ တစ္ဆေကို ကျွန်မ ကိုယ်တိုင် ကိုယ်ကြ မြင်တွေ့ခဲ့ရသဖြင့် ရဲရဲပြောရခြင်း ဖြစ်ပါသည်။

တစ္ဆေ သရဲ စသည့် နာနာဘာဝ သတ္တဝါတွေအကြောင်းကို ကျွန်မ ငယ်စဉ် ကတည်းက ကြားဖူးနားဝ ရှိခဲ့ပါသည်။ မေမေ့ကြောင့်ပင် ဖြစ်ပါသည်။ မေမေသည် ကျွန်မ လူမှန်းသိတတ်စအရွယ်ကတည်း က တစ္ဆေသရဲ စသည့် နာနာဘာဝသတ္တဝါ အကြောင်းကို ပြောပြခဲ့သည်။

မေမေသည် ဖတဆိုးသမီးဖြစ်သော ကျွန်မကို တအားချစ်ပါသည်။ ဖေဖေက ကျွန်မကို ကိုယ်ဝန်ရှိစဉ်ကတည်းက ကွယ်လွန်သွားခဲ့ပါသည်။ မေမေသည် ကျွန်မကို အချစ်လွန်ခဲ့သော်လည်း ပညာဉာဏ်နည်းပါးရှာသည်။ ထို့ကြောင့် ကျွန်မ အသိပညာရစေမည့် အိပ်ရာဝင်ပုံပြင်များကို ပြောပြနိုင်ခြင်း မရှိခဲ့ပါ။ ကျွန်မ ပုံပြောခိုင်းတိုင်း တစ္ဆေသရဲ စသည့် နာနာဘာဝ ပုံပြင်များကိုသာ ကြောက်စရာကောင်း လောက်အောင် ပြောပြလေ့ရှိပါသည်။ ကြောင့် ကျွန်မ ငယ်စဉ်က တစ္ဆေသရဲ သည်ကို အလွန်ကြောက်တတ်ခဲ့ပါသည်။ ညမှောင်ပြီဆိုလျှင် အိမ်ပြင်သို့ လုံး မထွက်ရဲပါ။ ယုတ်စွအဆုံး ကြမ်းပေါက် သည့်နေရာမှာပင် မထိုင်ရဲလောက်အော ကြောက်တတ်ခဲ့ပါသည်။ ဒါပေမယ့် တစ္ဆေ သရဲပုံပြင်များ ရင်တဖိုဖို နားထောင် ရသည်ကို အရသာ တွေ့ခဲ့ပါသည်။

ကျွန်မ ဆယ်နှစ်သမီးအရွ လောက်တွင် မေမေဆုံးခဲ့ပါသည်။ မောင် ဦးလေးက ကျွန်မကို ဆက် မွေးခဲ့ပါသည်။ မေမေဆုံးကတည်း တစ္ဆေသရဲ မကြားရတော့ပါ။ ဦးလေး ဒေါ်လေးကလည်း တစ္ဆေ သရဲ ပုံပြင် ကို ပြောပြလေ့မရှိပါ။ တစ္ဆေသ ဆိုသည်မှာ လောကတွင် တကယ် ဆိုကြပါသည်။ ကြာတော့လည်း ကျွ ကိုယ်တိုင်က တစ္ဆေသရဲ ဆိုသည် တကယ်မရှိဟု ထင်လာရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မ ကြားဖူးနားဝရှိခဲ့သော တစ္ဆေ သရဲဆိုသည်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မကြုံဖူးသောကြောင့်ပင် ဖြစ်ပါသည်။

ဒါပေမယ့် နန္ဒဝန်သို့ရောက်လာသောအခါ သရဲ တစ္ဆေ တကယ်မရှိဟု ထင်ခဲ့သော ကျွန်မအထင်မှာ သံသယဖြစ်စရာ ဖြစ်လာခဲ့ရပါသည်။

နန္ဒဝန်မှာ တစ္ဆေရှိသည်။ တကယ်ရှိသည်ဟု ဆိုပါသည်။ ထိုသို့ အတည်ပြုသူမှာ ဒေါ်မြင့်ကြူ ပင် ဖြစ်ပါသည်။

ဒေါ်မြင့်ကြူသည် နန္ဒဝန်အိမ်ကြီး ၏ အကြီးအကဲ ကိုကို့အမေပင် ဖြစ်ပါသည်။

"သမီး တစ္ဆေကြောက်တတ်သလား"

နန္ဒဝန်ခြံသို့ရောက်ပြီး မကြာမီမှာပင် ဒေါ်မြင့်ကြူက တစ္ဆေအကြောင်း စကားစပါသည်။

"ငယ်ငယ်တုန်းကတော့ အားကြီးကြောက်တတ်တာပေါ့ မေမေ၊ နောက်တော့လဲ မကြောက်တော့ပါဘူး။ တကယ်မရှိတာ"

ကျွန်မက သူ့အမေးကို ခပ်ပေါ့ပေါ့ ပြန်ဖြေလိုက်ပါသည်။

"မကြောက်တတ်ရင်တော့ ကောင်းတာပေါ့ သမီးရယ်။ ဒါပေမယ့် ဒီအိမ် မှာ တစ္ဆေရှိနေတာကတော့ အမှန်ပဲ။ နောက် သမီးလက်တွေ့ တွေ့လာရလိမ့်မယ်"

"ဟင်"

ဒေါ်မြင့်ကြူက အလေးအနက် ဆက်ပြောလာသဖြင့် ကျွန်မ အံ့သြသွားရပါသည်။ ဒေါ်မြင့်ကြူသည် အလွန် သဘောကောင်းပုံရပြီး စကားကို အလေးအနက်ပြောတတ်သော မိန်းမကြီးတစ်ယောက် ဖြစ်ပါသည်။

"ဟုတ်တယ် သူဇာ က မကျွတ်သေးသမီးရဲ့ တစ္ဆေဖြစ်နေတယ်"

ဒေါ်မြင့်ကြူက ဆက်ပြောပါသည်။

သူဇာဆိုသည်မှာ ကိုကို့ ပထမဇနီးကြီးဖြစ်ပါသည်။ ကိုယ်ဝန်ရှိစဉ် ကလေးပျက်၍ သေဆုံးသွားသည်ဟု သိထားရပါသည်။ ကိုကို့တွင် ဒုတိယဇနီးလည်း ရှိခဲ့သည်ဟု သိထားပါသည်။ ဒုတိယဇနီးက ကွဲသွားသည်ဟု ကိုကိုက ပြောခဲ့သည်။ ကျွန်မက ကိုကို့ တတိယဇနီးသာ ဖြစ်ပါသည်။ ကျွန်မကို ချစ်ရေး မဆိုမီကတည်းက ကိုကိုသည် သူ့အကြောင်းတွေကို ပြောပြခဲ့ပါသည်။ အိမ်ထောင်ရေးကံဆိုးရှာသော ကိုကို့ကို သနားရာမှ ချစ်ခဲ့မိခြင်းဖြစ်ပါသည်။

အိမ်ထောင်နှစ်ဆက် ကျဖူးသည်သာ လွှဲ၍ ကိုကိုသည် အပြစ်ဆိုစရာမရှိသော ယောကျာ်းကောင်းတစ်ယောက် ဖြစ်ပါသည်။ ကိုကိုက ချောလည်းချောသည်



www.burmeseclassic.com

www.burmeseclassic.com



သဘောလည်းကောင်းပါသည်။ ဆေးရုံမှာဆိုလျှင် သဘောကောင်းသော ဆရာဝန်တစ်ယောက်အဖြစ် ထင်ရှားပါသည်။ ကျွန်မက သူနာပြုဆရာမ တစ်ယောက်ဖြစ်ပါသည်။ ဆေးရုံတွင် ကိုကိုနှင့်အတူ တာဝန်ကျရာက ရင်းနှီးကျွမ်းဝင်ခဲ့ရခြင်း ဖြစ်ပါသည်။

"သူ့ဇာက မကြာခဏ ကိုယ်ရောင်ပြတယ်၊ ဒါတင်မကဘူး၊ ကလေးငိုသံတွေဘာတွေလဲ ကြားရသေးတယ်။ သားနဲ့ ကွဲသွားတဲ့ ဇင်မာ ဆိုရင်လဲ မကြာခဏ အခြောက်ခံရတာပဲ။ ဇင်မာ့ကိုဆိုရင် သူ့ယောက်ျားပြန်ပေးလို့တောင် တောင်းတယ်ဆိုပဲ"

ဒေါ်မြင့်ကြူ စကားက ကြက်သီးထစရာပင် ဖြစ်သည်။ ဒါပေမယ့် ကျွန်မ မကြောက်မိသေးပါ။ သူမ ထင်ယောင်ထင်မှား ပြောနေသည်ဟုသာ ထင်ပါသည်။

"တစ်ခါတစ်လေ ပန်းခြံထဲမှာ ထိုင်နေတတ်တယ်။ တစ်ခါတစ်လေကျတော့လဲ လသာဆောင်မှာ ကလေးပိုက်ပြီး ထိုင်နေတတ်တယ်။ အိမ်ထဲမှာ လျှောက်သွားချင်လဲ သွားနေတတ်တာပဲ။ သမီး မကြောက်တတ်ရင်တော့ ကောင်းတာပေါ့ကွယ်။ သမီးရောက်လာတော့ မေမေလဲ အားရှိတာပေါ့"

ထိုအကြောင်းကို ကိုကို့အား ပြော[...] ပြသောအခါ ကိုကို ပြုံးနေပါသည်။ ကျွန်[...] စကားဆုံးတော့မှ ကျွန်မထိပ်ကို ပုတ်[...] ပြီး . . .

"သူနာပြုဆရာမလုပ်ခဲ့တဲ့လူက ဒ[...] တွေ ယုံသလားကွယ်။ ဒီလိုဆို ဆေးရုံမှာ[...] သရဲတွေ တစ္ဆေတွေ မတွေ့ချင်အဆုံး[...] တွေ့နေရမှာပေါ့။ လှိုင် တွေ့ဖူးလို့လား"

"ဟင့်အင်း . . . မတွေ့ဖူးပါဘူး[...] ဒါတွေ ငယ်ငယ်ကသာ မသိနားမလည်လို့[...] ယုံခဲ့တာပါ။ ခု ယုံလို့ပြောတာလဲ မဟုတ်[...] ပါဘူး ကိုကိုရယ်။ မေမေပြောလို့သာ[...] ပြောပြတာပါ"

"မေမေကတော့ ဒီလိုပဲ ပြောပြော[...] နေတာပဲ။ ရှေးအဘွားကြီးဆိုတော့လ[...] ဒါမျိုးတွေ ယုံမှာပေါ့။ မေမေပြောတိုင်း[...] လှိုင် မကြောက်နဲ့နော်"

"ဟုတ်ကဲ့ပါ ကိုကို၊ လှိုင်မှမယုံတာ[...] ဘာကြောက်ရမှာလဲ"

မှန်ပါသည်။ သည်အချိန် အထ[...] ကျွန်မ တစ္ဆေ သရဲဆိုသည်ကို အယ[...] အကြည်မရှိပါ။ ကြောက်လန့်စိတ် မရှိပါ[...]

ဒါပေမယ့် ဒေါ်မြင့်ကြူကတော့ သူ[...] ပြောသည့် တစ္ဆေ ဆိုသည်ကို တကယ[...] ယုံပြီး ကြောက်လန့်နေပုံရပါသည်။ ည[...] ဘက်ဆိုလျှင် အိမ်ကြီးပေါ်တွင် တစ်ယော[...] တည်းနေလေ့မရှိ၊ ထမင်းချက် ဒေါ်မြသင်[...]

[...] အပါးမှာ အမြဲခေါ်ထားလေ့ရှိသည်။ [...]ရားခန်း ဝင်သည့်တိုင် ဒေါ်မြသင်ကို [...] သွားတတ်သည်။ အိပ်တော့လည်း [...] မြသင်နှင့်သာ အိပ်လေ့ရှိသည်။

ကျွန်မ နန္ဒဝန်ခြံသို့ရောက်ရှိပြီး [...]စ်လကြာသည့်တိုင် ကိုကို့မေမေ [...]မြင့်ကြူ ပြောသည့် တစ္ဆေကိစ္စက [...]န်မအတွက် အကြောင်းမထူးခဲ့ပါ။ [...]မယ့် အကြောင်းထူးတာကတော့ [...] သည်။ နန္ဒဝန်အိမ်သားထဲတွင် [...]ို့နှင့် ကျွန်မကလွဲလျှင် အားလုံး [...]ဆွေရှိသည်ကို ယုံကြည်နေခြင်း ဖြစ် [...]ည်။ အိမ်သားဆိုသည်မှာ အားလုံး [...] သားအစစ်တွေတော့ မဟုတ်ပါ။ [...]ကို့သားအမိနှင့် ကျွန်မကလွဲလျှင် [...] သည့်လူများက အိမ်ဖော်များပင် [...] သည်။

အိမ်ကြီးပေါ်တွင် ထမင်းချက် [...] မြသင်နှင့် အိမ်ဖော်မကလေး [...]အေး တို့ နေကြသည်။ ဒေါ်မြသင် [...] အသက်လေးဆယ်လောက်ရှိပြီး၊ [...]းအေးက တစ်ဆယ့်ငါးနှစ်သမီး [...]သ်ရှိသည်။

အိမ်နောက်ဖေး တန်းလျားတွင် [...]ဒိုင်ဘာ ကိုဘမောင် မိသားစု နှင့် [...]ခြံ၏ ဥယျာဉ်မှူးကြီး ဦးသာထူး တို့ [...]နေကြပါသည်။ ကျွန်မ ဆိုခဲ့သည့်

အကြောင်းထူးက သူတို့ အားလုံး[...] နန္ဒဝန်တွင် တစ္ဆေရှိသည် ဆိုသည်ကို ဒေါ်မြင့်ကြူစကားအတိုင်း လက်ခံထားကြခြင်းပင် ဖြစ်ပါသည်။ ညဘက်ဆိုလျှင် ဘယ်သူမှ ခြံထဲမဆင်း ကြပါ။ ကိုကိုနှင့် ကျွန်မသာ ခြံထဲဆင်းပြီး ထိုင်လေ့ရှိပါသည်။ နန္ဒဝန်ခြံမှာ သစ်ပင်ပန်းမန်တို့ဖြင့် စိုပြည်သာယာလျက်ရှိသော ခြံကြီး တစ်ခြံပင် ဖြစ်ပါသည်။ အိမ်ကြီးကလည်း ထည်ဝါလှပါသည်။ သို့သော် ကိုကို့မေမေ ဒေါ်မြင့်ကြူကအစ ထည်ဝါခြင်းမရှိပါ။ အိမ်ဖော်တွေနှင့်ပင် အဆင့်အတန်း မခွဲခြားဘဲ ဆက်ဆံနေထိုင်လေ့ရှိပါသည်။

ဒေါ်မြင့်ကြူသည် ကိုကို့ကို အတော်ချစ်ပုံရသည်။ ကိုကို့ကိုချစ်သလို ကျွန်မကိုလည်း ချစ်ပုံရပါသည်။ ကိုကို့ကို အရေးပေးသလို ကျွန်မကိုလည်း အရေးပေးပါသည်။ ဈေးဝယ်သည်ကအစ ကျွန်မစိတ်ကြိုက်ဟင်းလျာကို မေးမြန်းမှာပေးလေ့ရှိသည်။ သည်တော့လည်း ကျွန်မသည် မေမေဒေါ်မြင့်ကြူကို မိခင်အရင်းကဲ့သို့ လေးစားချစ်ခင်လာရပါသည်။ ကျွန်မမေမေကလည်း ဒေါ်မြင့်ကြူကဲ့သို့ပင် တစ္ဆေ ကြောက်တတ်သဖြင့် မေမေအစားရသလိုပင် ခံစားလာရပါသည်။

သည်လိုနှင့် နန္ဒဝန်တွင် ဇာင်း[...]

www.burmeseclassic.com





ကျော်မှု ကြာလာခဲ့သည်။ သည်အခါ တစ္ဆေခြောက်သည်ဆိုသည်နှင့် ပတ်သက်၍ ထူးခြားချက်တစ်ရပ်ကို ကြုံတွေ့လာရပါသည်။

တစ်ညတွင် ဖြစ်ပါသည်။ ထိုညမှာ ကိုကိုက အိမ်တွင်မရှိပါ။ ဆေးရုံတွင် နိုက်ဂျူတီကျနေသည်။ ဆေးရုံမှာ ရက်သတ္တပတ် တစ်ပတ် တစ်ကြိမ် ဂျူတီ အပြောင်းအလဲရှိသည်။ ကျွန်မကတော့ ကိုကိုနှင့် လက်ထပ်ပြီးကတည်းက ကိုကို့ဆန္ဒအရ အလုပ်မှ ထွက်ထားရသည်။

အိမ်ကြီးမှာ ရှစ်နာရီလောက်ကတည်းက တိတ်ဆိတ်နေသည်။ ကျွန်မ မအိပ်ချင်သေးသဖြင့် ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေသည်။ ဝတ္ထုဆုံးခါနီး ဝတ္ထုဇာတ်လမ်းထဲ နစ်မျောနေချိန်တွင် အုဝဲ. . . အုဝဲ ဟူသော ကလေးငိုသံ[illegible] ကျွန်မကို အနှောင့်အယှက်ပေးလို[illegible] သည်။ ထို့ကြောင့် ဝတ္ထုထဲမှ အာ[illegible] ပြတ်တောက်သွားရသည်။ ရင်ထဲ[illegible] လည်း ထိတ်သွားရသည်။ ကျွန်မ ခေါ[illegible] ထောင်ပြီး နားစိုက်ထောင်လိုက်ပါသည်။

"အုဝဲ. . . အုဝဲ"

အသံကို ဆက်တိုက်ကြားလာ[illegible] သည်။ ကျွန်မ အခန်းဝကထွက်လာသည့် အသံပင် ဖြစ်သည်။

ကျွန်မ စိတ်တင်းပြီး ခုတင်ထက်မှ ဆတ်ခနဲ ထလိုက်သည်။





"အုဝဲ"

ပို၍ ကျယ်သော အုဝဲအသံကို [illegible]ကြားရသည်။

ကျွန်မ ခုတင်ထက်မှ ဆင်းလိုက်[illegible]သည်။ အခန်းဝဆီသို့ လျှောက်သွား[illegible]သည်။ ထိုစဉ် ခြေသံရှပ်ရှပ် ပေါ်လာသည်[illegible] သတိထားလိုက်မိပါသည်။

ကျွန်မ အခန်းတံခါးကို ဖွင့်လိုက်[illegible]သည်။ အခန်းထဲမှ မီးက အပြင်ဘက်သို့[illegible]ထွက်သွားသော်လည်း အခြားနေရာ[illegible]မှာ မှောင်နေသဖြင့် ဘာမှမမြင်ရ။ [illegible]မီးကို ဖွင့်လိုက်သောအခါ တစ်အိမ်[illegible]သိန်လင်းသွားသည်။ ဘာသံမှ မကြား[illegible]တော့ချေ။

[illegible]မကျေနပ်သဖြင့် အောက်ထပ်သို့[illegible]ခဲ့သည်။ မီးဖွင့်ကြည့်သည်။ ဘာ[illegible]မှ မကြားရ၊ ဘာကိုမှလည်း မတွေ့။ [illegible]အိမ်ကြီးအောက်ထပ်တွင် မနှင်းအေး[illegible]သောက်တည်းသာ အိပ်သည်။

[illegible]အိမ်အောက်ထပ်တွင် ဧည့်ခန်းရှိ[illegible] စာကြည့်ခန်းနှင့် အခန်းလွတ်[illegible]ခန်းလည်းရှိသည်။ စာကြည့်ခန်းထဲ[illegible]ကြည့်သည်။ ဘာမှမရှိ။ အခန်းလွတ်[illegible]ခန်းကလည်း သော့ပိတ်လျက်သား[illegible]သည်။

ကျွန်မ နောက်ဖေးဆောင်ဘက်သို့[illegible]လျှောက်ခဲ့ပါသည်။ ထမင်းစားခန်းနှင့် ကပ်လျက်အခန်းတွင် မနှင်းအေး အိပ်သည်။

"မနှင်းအေး၊ မနှင်းအေး"

တံခါးကိုထုရင်း နှိုးလိုက်သည်၊ ရှင်ဟူသော အသံသဲ့သဲ့ကိုကြားရပြီး တံခါးပွင့်လာသည်။ သူမအသွင်က အိပ်မှုန်စုံမွှားအသွင်နှင့် ရှိနေပါသည်။

"မမ ဘာခိုင်းမလို့လဲ ဟင်"

မနှင်းအေးက မေးသည်။ ကျွန်မ က မေးချင်သည်ကိုသာ ပြန်မေးလိုက်ပါသည်။

"နင် ဘာသံကြားရလဲ"

"ဟင့်အင်း ဘာဖြစ်လို့လဲ၊ ကျွန်မ အိပ်ပျော်နေတာ"

ကျွန်မက ကျွန်မအတွေ့အကြုံကို ပြန်ပြောပြလိုက်သည်။ သည်အခါ မနှင်းအေး မျက်လုံးပြူးသွားသည်။

"ကျွန်မလဲ အဲဒီလို ကလေးငိုသံကို ခဏခဏ ကြားဖူးတယ်။ ကျွန်မကတော့ အဲဒီလိုအသံကြားရင် စောင် ခေါင်းမြီးခြုံထားတော့တာပဲ။ ကြောက်စရာကောင်းတယ်နော်"

ကျွန်မ ဘာမှမပြောတော့ပါ၊ ခေါင်းခါပြီး မနှင်းအေးအခန်းရှေ့မှ ပြန်လာခဲ့သည်။

(၂)

နန္ဒဝန်မှာ တစ္ဆေရှိသည်ဟု ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



သည်း တကယ်ပဲရှိသည်လား၊ ကျွန်မအတွက် စဉ်းစားစရာ ဖြစ်လာရပါသည်။

ကျွန်မ တစ်ညလုံး မအိပ်ဘဲ ကလေးငိုသံ ထပ်မံနားစွင့်ခဲ့သော်လည်း ဘာသံမှ မကြားရတော့ပါ။

နံနက်ငါးနာရီတွင် ပုံမှန်အတိုင်း အိပ်ရာထခဲ့သည်။ အစာခံစားရန်အတွက် ပြင်ဆင်နေသော ဒေါ်မြသင်ကို ကူညီလုပ်ကိုင်ပေးသည်။ မနှင်းအေးက ပြောပြသားသဖြင့် ညကကိစ္စကို ဒေါ်မြသင်ကြားတင်သိနေပုံရသည်။

"ဆရာကတော် ညက တစ္ဆေခြောက်ခံရတယ်ဆို"

BURMESE CLASSIC .com

ဒေါ်မြသင်က မေးသည်။

"အလကားပါ အဒေါ်ရယ်၊ စိတ်ထင်တာနေမှာပါ"

ကျွန်မက ခပ်ပေ့ါပေ့ါပင် ပြန်ပြောလိုက်ပါသည်။

"အဒေါ်ကတော့ ဒီအိမ်မှာ တစ်ယောက်တည်း မအိပ်ရဲဘူး။ တစ္ဆေကတော့ တကယ်ခြောက်တာ။ အင်းလေ၊ ဆရာကတော်တို့ကတော့ ဘယ်ကြောက်မလဲ၊ ဆေးရုံမှာဆို သရဲ တစ္ဆေတွေက သိပ်ပေါတယ် မဟုတ်လား"

ဒေါ်မြသင်စကားကြောင့် ကျွန်မ ရယ်ချင်သွားရသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဒေါ်မြင့်ကြူက ဘာမှမမေးသဖြင့်

ကျွန်မလည်း ဘာမှမပြောတော့ပါ ကိုကိုကိုတော့ ပြောပြမိပါသည်။ သ... အခါ ကိုကိုကတော့ အလေးအန... နားထောင်ပါသည်။ ပြီးတော့မှ . . .

"လှိုင် စိတ်ထင်တာနေမှာပါ။ တ... ယောက်တည်း စိတ်အားငယ်နေတဲ့ အ... ကြားချင်ရာ ကြားတတ်တာပဲ။ လှိ... ကြောက်ရင် မနှင်းအေး ခေါ်သိပ်ပါလာ...

"ရပါတယ် ကိုကိုရယ်။ ကိုကိုပြေ... သလို စိတ်ထင်တာဖြစ်မှာပါ"

သည်လိုနှင့် ရက်အတော်ကြာသွ... ပြန်သည်။ ကလေးငိုသံကြားရသ... ကိစ္စကို ကျွန်မ မေ့မေ့ပျောက်ပျောက်... ရှိခဲ့ရသည်။ စိတ်အနှောင့်အယှက် ဖြစ်... တစ်စုံတစ်ရာမရှိလျှင် နန္ဒဝန် အိမ်ကြီး... ကျွန်မအတွက် ပျော်စရာပင်ဖြစ်ပါသ... သည်မှာ ကျွန်မ ချစ်မြတ်နိုးရသော ကို... ရှိသည်။ ကိုကို့ မေမေကလည်း ကျွန်မ... ချစ်ခင်နေသည်။ အခြားအိမ်ဖော်... ကလည်း ကျွန်မကို အိမ်ကြီးရှင်အ... အသိအမှတ်ပြုထားကာ လေးစားချစ်... နေ ကြသည် မဟုတ်လား။ သည်တော့... ဝန်သည် ကျွန်မအတွက် ပျော်စရာ... နေရသည်။ ဒါပေမယ့် . . . ။

မေ့လောက်ရှိမှ တစ္ဆေကိစ္စက ... လာရပြန်သည်။

သည်ညမှာလည်း ကိုကို မရှိ...

...ဆေးရုံတွင် တာဝန်ကျနေသည်လည်း ...တ်ပါ။ ခရီးထွက်သွားခြင်းပင် ဖြစ်...သည်။ ကိုကိုတစ်ယောက် ငှက်ဖျား...ဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် နယ်သို့ ...သွားသည်။

ညဦးပိုင်းတွင် ကျွန်မတို့အောက်ထပ် ...ခန်းတွင် ထွေရာလေးပါး စကားပြော...ကြသည်။ အစတွင် ဒေါ်မြသင်ပါ ...လည်း ရှစ်နာရီလောက်ကျတော့ ...မြသင် တသမ်းသမ်း တဝေဝေ ဖြစ်...သဖြင့် ဒေါ်မြင့်ကြူက ဒေါ်မြသင်ကို ...ခိုင်းလိုက်ပါသည်။ ကျွန်မနှင့် ...မြင့်ကြူဆက်ပြီး စကားပြောနေ...သည်။ ဒေါ်မြင့်ကြူက သူ့မယောက်ျား...ကြောင်းကို တမ်းတမ်းတတ ပြောနေ...ဖြစ်သည်။ ဒေါ်မြင့်ကြူ မိဘများက ...သသဖြင့် သူ့မယောက်ျားနှင့် ခိုးရာ...ခဲ့ရသည်။ သူ့မယောက်ျားမှာ အလုပ်...နှ်ကြိုးစားခဲ့သဖြင့် လူချမ်းသာ...ယောက်ဖြစ်ခဲ့သည်။ သို့သော် ...ာလာကာမှ ချမ်းသာမှုကို သိပ်...းလိုက်ရဘဲ ကွယ်လွန်သွားခဲ့ပုံကို ...ပြနေခြင်းဖြစ်သည်။ ညကိုးနာရီ ...လောက်ကျမှ ဒေါ်မြင့်ကြူ စကား...သည်။

...ကားကောင်းနေလိုက်တာ၊ ဘုရား...ဘောင် နောက်ကျနေပြီ၊ အပေါ်တက်ကြစို့ရဲ့"

နှစ်ယောက်သား အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ နှစ်ယောက်သား ဘုရားခန်းထဲသို့ဝင်ကာ ဘုရားဝတ်ဖြည့်သည်။ ဘုရားဝတ်ဖြည့်ပြီး ဒေါ်မြင့်ကြူ ပုတီးစိပ်နေသေးသဖြင့် အတော်ကြာမျှ စောင့်နေရပါသည်။

ဘုရားခန်းထဲမှထွက်ပြီး အိမ်ရှေ့တံခါးပိတ်ရန်အသွားတွင် ဖြစ်သည်။

အိမ်ရှေ့ဝရန်တာထောင့်တွင် မိန်းမတစ်ယောက် ဆံပင်ဖားလျားချကာ ထိုင်လျက်ရှိသည်။ ညဝတ်အင်္ကျီရှည်ကို ဝတ်ထားပုံရသည်။ တစ်စုံတစ်ရာကို ပွေ့ပိုက်ပြီး ထိုင်နေပုံရသည်။

"ဟို . . . ဟိုမှာ တစ္ဆေ"

"အို . . ."

ကျွန်မသည်လည်း ရုတ်တရက် ထိတ်သွားပြီး ခေါင်းနပန်းကြီးသွားရပါသည်။ ဒါပေမယ့် ကျွန်မ အရဲစွန့်ကာ အနီးသို့ သွားကြည့်ရန် ခြေလှမ်း ပြင်လိုက်မိသည်။

"အို . . . မသွားနဲ့ သမီး၊ မေမေ ကြောက် . . . ကြောက်တယ်။ သူ့ဇာ . . . အမျ၊ အမျ"

တုန်တုန် လှုပ်လှုပ် ပြောရင်း ဒေါ်မြင့်ကြူမှာ ပျော့ခွေသွားတော့သည်။ သူ့မ လဲပြိုမသွားစေရန် မနည်းထိန်းလိုက်ရသည်။ ပြီးတော့မှ ဒေါ်မြသင်ကို ခေါ်





www.burmeseclassic.com

www.burmeseclassic.com





ခေါ်လိုက်ရသည်။

"အဒေါ်. . . အဒေါ် လာပါဦး"

ဒေါ်မြသင် အခန်းထဲမှပြေးထွက်လာသည်။ ဒေါ်မြသင်နှင့် နှစ်ယောက်သား ဒေါ်မြင့်ကြူကို သယ်ယူရင်း ဝရန်တာသို့ လှည့်လိုက်မိသောအခါ

စောစောကအမျိုးသမီးမှာ မရှိတော့ပါချေ။

အတန်ကြာမှ ဒေါ်မြင့်ကြူကို ပြုစုသောအခါ ဒေါ်မြင့်ကြူ သတိရလာသည်။

"သတိရပြီလား မေမေ"

"အေးကွယ်၊ မေမေတော့ အရမ်း ကြောက်သွားတာပဲ။ ဒီလိုပဲ သူ့ ကိုယ်ရောင်ပြတိုင်း ကြောက်ကြောက်သွားရတာပဲ။ ဒီအိမ်မှာလဲ မနေချင်တော့ပါဘူး။ ကိုယ့်ယောကျ်ား ခေါ်ခဲ့တဲ့အိမ်မို့သာ မစွန့်ရက်ဖြစ်နေရတာ သားကလဲ သူ့အခြောက်မခံရတော့ မစွာချင်ဘူးလေ။ သားတော့ သူ့ ဘယ်ခြောက်ပါ့မလဲ။ သူ့ယောကျ်ား ဖြစ်နေတာကိုး။ သမီးရော သိပ်ကြောက် သွားသလား"

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ စောစောကတော့ ထိတ်လန့်သွား သည်မှာ အမှန်ပါပင်။ အခုတော့ တစ္ဆေ ခြောက်ခံရသည်ကို ဘဝင်မကျသလို





ဖြစ်နေသည်။

ကျွန်မ ဒေါ်မြင့်ကြူအခန်းထဲမှ ထွက်ခဲ့ပြီး ဝရန်တာဆီသို့ အရဲစွန့်ကာ ထွက်ခဲ့သည်။ ဝရန်တာတွင် ထွက်ရပ်လိုက်မိပါသည်။ ရင်ထဲက ထိတ်သလို ဖြစ်နေသော်လည်း စိတ်တင်းကာ အပြင်ဘက်ဆီသို့ကြည့်လိုက်သည်။ အပြင်ဘက်တွင် လူရိပ်သဏ္ဍာန်ကို မတွေ့ရပါ။ လေတစ်ချက်ဝှေ့လိုက် သဖြင့် ရင်ထဲတွင် စိမ့်သွားသည်။

ကျွန်မ ဝရန်တာဆီမှ ပြန်လှည့်ခဲ့သည်။ တံခါးမကြီးကိုပိတ်ပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။

အိပ်ရာထဲရောက်တော့ မျက်စိ ကြောင်သား ဖြစ်နေသည်။ တစ္ဆေ ခြောက်ခံရသည့်ကိစ္စက ကျွန်မစိတ် ကို ထိုးနေသည်။ တကယ် တစ္ဆေကပဲ ခြောက်နေသည်လား၊ တစ်စုံတစ်ယောက် က အကြောင်းတစ်ခုခုကြောင့် ဤအိမ် သားတွေကို လှန့်ခြောက်နေသည်လား။ ကျွန်မ တစ္ဆေအခြောက်ခံရတိုင်း ကိုကို အိပ်နေချိန်မှာချည်း ဖြစ်နေသည်ကလည်း ထူးဆန်းစရာ။ ကိုကိုကပဲ လှန့်ခြောက်နေ သည်လား။ သည်လိုလည်း ဖြစ်နိုင်မည် မထင်ပါ။

ကျွန်မ အတွေးထဲ နစ်မျောနေချိန် မှာ ကလေးငိုသံကို ရုတ်တရက် ကြား



www.burmeseclassic.com



လိုက်ရသဖြင့် ထိတ်ပျာသွားရပါသည်။

"အုဝဲ. . . အုဝဲ"

အုဝဲသံတွေက အဆက်မပြတ်။ သည်တစ်ခါတော့ အိပ်ခန်းပြတင်းဝနားဆီက ကြားနေရခြင်းဖြစ်သည်။ သည်တစ်ခါ ကြားရသည်က ယခင်တစ်ခါက ကြားရသလို ကြည်ကြည်လင်လင်ကြီးမဟုတ်။ လိုက်ခေါင်းတစ်ခုထဲက အော်နေသလို အသံက ဩနေသည်။

ကျွန်မ ရင်တထိတ်ထိတ်နှင့်ပင် ခုတင်ထက်မှ ထလိုက်သည်။ အိပ်ခန်းပြတင်းဝဆီ လျှောက်သွားပြီး၊ ပြတင်းတံခါးကို ဖွင့်လိုက်သည်။ ပြတင်းတံခါး ဖွင့်လိုက်သည်နှင့် အုဝဲအော်သံက တိတ်သွားတော့သည်။ ပြတင်းပေါက်တွင် သံတိုင်များ ခံနေသဖြင့် တိုက်အောက်ဘက်ဆီသို့ ငုံ့ကြည့်ခွင့်မရ။ ခပ်လှမ်းလှမ်းဆီကိုသာ မြင်ရပါသည်။ တိုက်နောက်ဘက် ခပ်လှမ်းလှမ်းတွင် အိမ်ဖော်တန်းလျား ရှိသည်။ အိမ်ဖော် တန်းလျားက တံခါးတွေပိတ်ပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျွန်မ စိတ်ထဲမှာ ကြောက်လည်းကြောက်သလို ခံစားနေရ မကျေမနပ်လည်း ဖြစ်နေမိသဖြင့် တံခါးကို ဆောင့်ပိတ်လိုက်သည်။ သည်နောက်တော့ ဘာသံကိုမှ မကြားရတော့ပါ။

ကျွန်မ အိပ်ရာက နိုးသောအခါ အိမ်ရှေ့တံခါးကိုဖွင့်ပြီး ဝရန်တာဆီသို့ ထွက်လိုက်သည်။ ညက ကျွန်မတို့ မြင်တွေ့ခဲ့ရသော အမျိုးသမီးထိုင်ခဲ့သည့်နေရာတွင် ရွှေရောင်လက်လက် အရာတစ်ခုတွေ့သဖြင့် ကောက်ယူကြည့်လိုက်သည်။ အင်္ကျီကြယ်သီးတစ်လုံးပင်ဖြစ်ပါသည်။ မတ်စေ့အဝိုင်းအရွယ်ခန့်ရှိပြီး ညဝတ်အင်္ကျီလို လောင်းကုတ်လိုအထည်မျိုးတွင် သုံးသော ကြယ်သီးမျိုးပင် ဖြစ်ပါသည်။ ညက တစ္ဆေဆိုသည့် မိန်းမထံက ပြုတ်ကျခဲ့သည် ထင်ပါသည်။

ထို့နောက် ကျွန်မ တိုက်ကြီးအောက်သို့ ဆင်းခဲ့ပါသည်။ ဝရန်တာအောက်ရောက်သောအခါ ဘေးနားဝန်းကျင်ကို အကဲခတ်လိုက်မိသည်။ ဘာထူးခြားမည်လဲ အထင်နှင့်ပင် ဖြစ်ပါသည်။

ဝရန်တာအောက် တိုက်ဘေးတွင် လှေကားတစ်ခု လှဲထားသည်ကို တွေ့ရပါသည်။ ၄င်းလှေကားကို ထောင်လိုက်ပါက ဝရန်တာကို မီနိုင်သည်။ ညကတွေ့ရသော မိန်းမသဏ္ဍာန်သည် တကယ့်တစ္ဆေ မဟုတ်ဘဲ လူဖြစ်ပါက အပြင်ဘက်မှ ဝရန်တာပေါ်သို့ တက်နိုင်ဆင်းနိုင်ပါသည်။

ကျွန်မ နံနက် လက်ဖက်ရည်သောက်ရန် ထမင်းစားခန်းထဲသို့ ရောက်





သွားသောအခါ ကားဒရိုင်ဘာ ကိုဘမောင်၏မိန်းမ မတင်ရီ ပါ ရောက်ရှိနေသည်ကို တွေ့ရပါသည်။ ဒေါ်မြင့်ကြူသည် သူ့အိမ်ကြီးထဲသို့ အစေအပါးတွေ အချိန်မရွေး ဝင်ရောက်စားသောက်ခွင့် ပြုထားသည်။ ထို့ကြောင့် မတင်ရီသည်လည်း ဘစ်ခါတစ်ရံ အိမ်ကြီးထဲသို့ ရောက်လာတတ်သည်။ မတင်ရီသည် အသက်သုံးဆယ်အရွယ်ခန့်ရှိပြီး ရုပ်ဆိုးလှသော်လည်း လှချင်ပုံရသည်။ ယောက်ျားက ဒရိုင်ဘာဆိုသော်လည်း သူမမှာ လက်ဝတ်လက်စား အပြည့်အစုံနှင့် ဖြစ်သည်။ သူမကို တွေ့ရတိုင်း တစ်နေရာရာ သွားမည့်ကဲ့သို့ ပြင်ဆင်ထားစမြဲ ဖြစ်ပါသည်။



"လာ. . . သမီး"

ဒေါ်မြင့်ကြူက ဆီးကြိုခေါ်သည်။ မတင်ရီက ပြုံးရယ်နှုတ်ဆက်ပြီး ကျွန်မအတွက် ကော်ဖီငှဲ့ပေးသည်။

"ဆရာကတော်လေးက တယ်သတ္တိကောင်းတာပဲ၊ ညက တစ္ဆေခြောက်ခံရတာကို အနှဲးတောင် သွားကြည့်တော့မလို့ဆို"

မတင်ရီက ပြောသည်။

"တစ္ဆေဆိုတာ ဒီတစ်ခါပဲ တွေ့ဖူးပါတယ်။ ဒါပေမယ့် ဘာကြောက်စရာရှိလို့လဲ။ လူ ပုံပဲဟာကို"

"တင်ရီတို့တော့ ကြောက်ပါ့။ တစ်ခါ

www.burmeseclassic.com



ပန်းခြံထဲမှာ တွေ့ဖူးပါရဲ့။ ဖနောင့်နဲ့တင်ပါး တစ်သားတည်းပဲ"

မတင်ရီက ပြောပြီးရယ်လိုက်သည်။

"မကြောက်တာ ကောင်းတာပေါ့ ကွယ်။ တို့များ အားကိုးရတာပေါ့။ အားလုံးကြောက်နေကြရင် ဘယ်ဖြစ်ပါ့ မလဲ၊ သမီးတော့ အားကိုးပါတယ်"

ဒေါ်မြင့်ကြူက ပြောသည်။ မတင်ရီက ပြုံးနေပါသည်။ ဘာကြောင့်ပြုံး သည် မသိပါ။

(၃)

ခုတလော တစ္ဆေဆိုသည့် သတ္တဝါ က ပို၍သောင်းကျန်းလာသည် ဆိုရ မည်။ ရက်ဆက်ဆိုသလို ကျွန်မအား ခြောက် လှန့်လာသည်။ အရိပ်အယောင် ပြသည် ကိုတော့ မတွေ့ရပါ။ ညစဉ် တံခါးဝမှာ ကလေးငိုသံ ကြားရခြင်းပင် ဖြစ်သည်။ အခြားလူများလည်း အခြောက်ခံရသည်ဟု သိရပါသည်။

သည်ညမှာတော့ ထူးခြားသည်။ အသံသြသြကြီးကို ကြားရခြင်းပင် ဖြစ် သည်။

ညဆယ်နာရီလောက်တွင် ဖြစ် သည်။

ဦးစွာ ကလေးငိုသံကြားရသည်။ ကျွန်မ အိပ်ရာထက်မှ ထလိုက်တော့ လူသံကိုပါ ကြားလာရသည်။

"ငါ့ယောက်ျားကို ပြန်ပေး၊ ပြန် ပေးပါ နင်ထွက်သွား"

အသံက မိန်းမသံပင်ဖြစ်ပါသည်။ ဒါပေမယ့် ကြည်ကြည်လင်လင် အသံ မဟုတ်ပါ။ လုံးလုံးထွေးထွေး ပြော သောအသံပင် ဖြစ်သည်။ တစ္ဆေသံ လူသံနှင့်မတူသည်လား။

ကျွန်မ အရဲစွန့်ကာ ပြတင်းနား ကပ်သွားသည်။ ရင်တထိတ်ထိတ်နှင့် ပြတင်းတံခါးကို မဖွင့်တော့ဘဲ တံခါး ရွက်ကြားမှ ကပ်၍နားထောင်သည်။ အသံက အဆက်မပြတ် ထွက်ပေါ်နေသည်။

"ငါ့ယောက်ျားကိုပြန်ပေး၊ ပြန်ပေးပါ နင်ထွက်သွား"

ပြတင်းတံခါးဖွင့်လိုက်သောအခါ အသံက တိတ်သွားသည်။ အပြင်ဘက် ကြည့်မိသည်။ ထုံးစံအတိုင်း အပြင် ဘက် တွင် ငြိမ်သက်တိတ်ဆိတ်နေသည်။ ပြတင်းတံခါးကိုဖွင့်လိုက်တိုင်း အသံတိတ် သွားသည်မှာ အကြောင်းတော့ ရှိလိမ့်မည် ထင်ပါသည်။ ဘာအကြောင်းရယ်တော့ မသိပါ။

နောက်တစ်နေ့ နေ့လယ်ဘက်တွင် မယောင်မလည်နှင့် ခြံနောက်ဘက်သို့ ထွက်ခဲ့သည်။ ထိုအချိန်မှာ ကိုဘမောင် နှင့် မတင်ရီ ကလေးငယ်နှစ်ယောက် ကိုခေါ်ကာ အပြင်ဘက်ထွက်သွားသည်





နှစ်နှစ်သားအရွယ် အကြီးကောင်လေး သာ တန်းလျားရှေ့တွင် တစ်ယောက် တည်း ဂေါ်လီရိုက်နေသည်။ ဦးသာထူး တို့ လင်မယားကတော့ ပန်းခြံထဲရောက် နေသည်။

ကျွန်မ အိမ်နောက်ဘက်ရောက် သည်နှင့် ကျွန်မအိပ်ခန်း ပြတင်းဝ တည့်တည့်တွင်ရပ်ကာ အပေါ်သို့ မော့ ကြည့်လိုက်သည်။ ပြတင်းဝနှင့်ကပ် လျက် တစ်တောင်ခန့်အကွာတွင် အမိုး ပေါ်မှ ဆုတ်လျှောက် ပိုက်လုံးရှိသည်။ ပိုက်လုံးက မိုးမတစ်ရပ်စာလောက် နေရာတွင် ဆွေးပြီးပြတ်နေသည်။ ကျွန်မအိပ်ခန်း ပြတင်းနှင့်ကပ်လျက် နေရာတွင်လည်း ဖတ်တစ်ဝါးစာမျှ ပေါက်ပြဲနေသည်ကို တွေ့ရပါသည်။ ကျွန်မ အပေါ်ကို အမှတ် မထင် မော့ကြည့်နေရာမှ ကျွန်မ ခေါင်းထဲသို့ အလင်းရောင်တန်းတစ်ခုက ဖျတ်ခနဲ ဝင်လာသည်။ ထို့ကြောင့် ကျွန်မ ဝမ်းသာအားရ လက်ဖျစ်တီးလိုက်မိသည်။

သည်နေရာကို ညဘက်တွင် အလွယ် တကူလာနိုင်မည့် မိန်းမထဲက မည်သူ ဖြစ်နိုင်မည်နည်း၊ ကျွန်မ စဉ်းစားကြည့် သည်။ ဖျတ်ဖျတ်လတ်လတ် အရွယ်ထဲက ဆိုလျှင် နှစ်ယောက်သာရှိသည်။ မတင်ရီ နှင့် မနှင်းအေး။

ကျွန်မ အိမ်ပေါ်သို့ ပြန်တက်ခဲ့ သည်။ ဝရန်တာမှ ကောက်ရထားသော ကြယ်သီးကို ယူပြီး အိမ်နောက်ဘက် ပြန်ဆင်းခဲ့သည်။

မတင်ရီ၏သား အကြီးကောင် လေးသည် တစ်ယောက်တည်း ကစား ဆဲ၊ သူလေးထံသို့ ကျွန်မ လျှောက်သွား လိုက်ပါသည်။

"တစ်ယောက်တည်းလား ကလေး ရဲ့"

"ဟုတ်ကဲ့ မမကြီး"

ချာတိတ်က ကစားရာမှ ရပ်လိုက် ပြီး ရှိရှိသေသေ ပြောသည်။

"မင်းတို့အိမ်မှာ ဒီလိုကြယ်သီးရှိ တဲ့အင်္ကျီ ရှိသလား"

"ရှိတယ်၊ ညဘက်မှာ မေမေဝတ် တာ တွေ့ဖူးတယ်"

ချာတိတ်က ကြယ်သီးကိုကြည့်ပြီး မဆိုင်းမတွပင် ဖြေပါသည်။

"ဒါ မမကောက်ရထားတာ၊ လှလို့ သိမ်းထားချင်လို့ကွယ်။ မင်းအမေကို ပြန်မပြောနဲ့။ မမ မုန့်ဖိုးများများပေး မယ် ဟုတ်လား"

ချာတိတ်က ဝမ်းသာအားရ ခေါင်း ညိတ်လိုက်သည်။ ချာတိတ်ကို တစ်ရာတန် တစ်ရွက်ပေးကာ ကျွန်မပြန်ခဲ့ သည်။

သည်ညမှာတော့ ကျွန်မတစ္ဆေ ကို ပျော်ရွှင်စွာ စောင့်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကလည်း ရောက်လာခဲ့ပါ…
…သည်။ လူခြေတိတ်သည်နှင့် ပြတင်းဝက…
…လေးငိုသံ ကြားလာရသည်။

ကျွန်မ ဆက်၍နားမထောင်တော့…
…။ လက်နှိပ်ဓာတ်မီးကိုယူ၍ အခန်းထဲမှ
…ထွက်ခဲ့သည်။

ထို့နောက် အိမ်ရှေ့မှဖြတ်ကာ အိမ်
…နောက်ဘက်သို့ ထွက်ခဲ့သည်။

မတင်ရီသည် ပိုက်လုံးဝတွင် ပါးစပ်
…မှာကာ တစ်စုံတစ်ရာပြောနေသည်။
…အာရုံနှင့်သူမို့ ကျွန်မရောက်လာသည်
…ကို မမြင်။ ကျွန်မက သူမ ကိုယ်ပေါ်သို့
…တ်ခနဲ လက်နှိပ်ဓာတ်မီး ထိုးလိုက်တော့မှ
…သူမ ထိတ်ပျာသွား တော့သည်။

"ဘယ်သူလဲ"

မီးရောင်ကို လက်ဝါးနှင့်ကာမေး
သည်။

"ကျွန်မပဲ မတင်ရီ၊ ဒီလို ဘာဖြစ်လို့
လုပ်ရတာလဲ"

ကျွန်မ သူမထံသို့ တစ်လှမ်းချင်း
တိုးသွားကာ မေးလိုက်ပါသည်။

"ကျွန်မ. . . ကျွန်မ. . . အို. . .
မသိဘူး"

သူမက ကြောက်ရွံ့နေသည့်ကြားက
မာန်တင်းလိုက်သေးသည်။

"မသိလို့မရဘူး၊ ဒီလိုလုပ်တာ ရဲ
တိုင်လို့ရတယ်။ ကျွန်မအစ်ကိုကြီးတစ်
ယောက်က ရဲဘက်မှာ အကြီးအကဲပဲ။
ရှင်မေးတာမပြောရင် ခု ဖုန်းဆက်လိုက်
မယ်။ ရှင် မှန်မှန်ပြောရင်တော့ ဘယ် သူ့



ဘနှင်း(မြန်မာပြန်)
ပါရီမြို့မှ လူရုပ်လူမေ
နှင့်
သူတို့ဆီက စုံထောက်ဝတ္ထုများ


စိတ်ကူးချိုချို အနုပညာမှ ထုတ်ဝေပါမည်။





…င်တော့ဘူး"

ကျွန်မက ခပ်တင်းတင်းနှင့် ခြိမ်း
…က်ကာ ပြောလိုက်တော့ သူမ ပို၍
…က်သွားပုံရသည်။

"ဒီလိုဆိုလဲ ပြောပါ့မယ်။ ဒေါ်မြင့်
…င်းထားတာပါ"

"ဘာကြောင့်လဲဆိုတာ ပြောပါဦး"

"သူ့သားနဲ့ ရှင့်ကို သဘောမတူလို့ပါ။
… တကယ်တော့ အဆင့်အတန်း
…တယ်။ ခုနေတာက ဟန်ဆောင်
…ပါ။ သူ့သားကိုလဲ သူသိပ်ချစ်၊
…လိုလိုက်ခဲ့တော့ သူ့သား စိတ်
…င်းဖြစ်မှာကို စိုးရိမ်လို့ ထွက်ပြေး
…အောင် ဉာဏ်ဆင်တာပါ။ ဇင်မာ
… အမျိုးသမီးတုန်းကလဲ ဒီလိုနဲ့
…ပြေးသွားရတယ်၊ သေသွားတဲ့
…တော့ သူပေးစားတာပါ။ ဟိုက
… ဟိုကတော့ သူတို့လိုပဲ ချမ်း
…၊ နောက်ပိုင်း သူပေးစားတာ ကို
မယူဘဲ သူ့သားက သူကြိုက်တာ ယူလာလို့
အဲဒီလိုလုပ်တာပါ"

"ဪ"

ကျွန်မ ဘာမှဆက်မမေးတော့ပါ။
မေးစရာလည်း မရှိတော့ပါ။ နန္ဒဝန်မှာ
တစ္ဆေရှိသည့်အဖြေကို သိပြီမဟုတ်လား
ရှင်။

(၄)

နန္ဒဝန်မှာ တစ္ဆေရှိသည်။ တကယ်
ပင်ရှိပါသည်။ မယုံမရှိပါနှင့်။ ကျွန်မ
ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရသဖြင့်
ရဲရဲပြောရခြင်းဖြစ်ပါသည်။

ဒါပေမယ့် နန္ဒဝန်တွင်ရှိသည့် တစ္ဆေ
က နာနာဘာဝတစ္ဆေတော့ မဟုတ်ပါ။
ဥစ္စာခြောက်ခြင်း ခံနေရသော လူသား
မကောင်းဆိုးရွား တစ္ဆေမကြီးပင်ဖြစ်ပါ
သည်။

ဥတ္တရာမြတ်မိုး


ဆရာကြီးလင်းရောင်တင်
ကျန်းမာရေး စီးပွားရေး ပညာရေး [illegible]ရေးစသည့်
အရေးထိုးမှုများကို ကူညီဆောင်ရွက်ပေးနေပြီ
နေ့စဉ်-နံနက်(၉)နာရီမှ(၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက်ပိတ်သည်
အခန်း(၃၀၆) တိုက်အမှတ်(၁၁၁/B) (၄)လွှာ [illegible]
[illegible] ရန်ကုန်မြို့ ☎ : 09-6073571

www.burmeseclassic.com

ကမ္ဘာ့ဂန္ထဝင်တရုတ်ဝတ္ထုတို

# ကံ လှသူတစ်ယောက်



ပန်းချီဒီဇိုင်း





www.burmeseclassic.com

www.burmeseclassic.com



ယနေ့ပြောပြမည့် ဇာတ်လမ်းမှာ "မင်" မင်းဆက် ခေတ် (AD-၅၀၀)တွင် ဖြစ်ခဲ့ပါသည်။ ရှန်ဒေါင်းဒေသ လင်ကင်းမြို့တွင် ချမ်းသာသော မြေပိုင်ရှင်ကြီးတစ်ဦးနှင့် သူ၏မိသားစုရှိခဲ့ဖူးသည်။ သခင်လေး "ဇန်ဟောက်" ( ZHANG HAOGU ) မှာ ကလေးဘဝ ကတည်းကပင် အလိုလိုက်ခံရပြီး ကျောင်းမနေဖူးခဲ့ပါ။ အရွယ်ရောက်လာသည့်အခါတွင်လည်း အပျော်သာရှာပြီး ပေါက်ကရ လုပ်ရပ်များသာ လုပ်ခဲ့သည်။ တစ်နေ့တာ စားသောက်ပြီးသည်နှင့် ငှက်လှောင်အိမ်တစ်ခုကိုဆွဲကာ လမ်းများအနှံ့လျှောက်သွားနေတတ်ပြန်သည်။ သူ့အား အများက "ခွေးကလေး"ဟု အမည်ပြောင် ပေးထားကြသည်။

တစ်နေ့ လမ်းတလျှောက် သဝေထိုးနေစဉ် လူတစ်စု ဝိုင်းအုံနေသည့် ဗေဒင်ဆရာတစ်ဦးကို တွေ့လိုက်မိသည်။ ဗေဒင် ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ လူအုပ်ကြားသို့ တိုးဝင်သွားသည်နှင့် "ခွေးကလေး"ဖြစ်ကြောင်း ဗေဒင်ဆရာက မှတ်မိလိုက်သည်။ မြှောက်ပင့်ပြောဆိုကာ ငွေညှစ်ရန်ဆုံးဖြတ်လိုက်သည်။

"နောင်တော်၊ သင့်မှာ တောက်ပပြီး ထိုးထွင်းကြည့်နိုင်တဲ့ မျက်လုံးအစုံနဲ့ မျက်ခုံးထူထူခုံးခုံးရှိတယ်၊ နဖူးကလည်း မဟာနဖူး၊ သင်ဟာ နိုင်ငံတော် အကျိုးဆောင်တဲ့ ထိပ်တန်းအရာရှိကြီးဖြစ်လာ နိုင်တယ်၊ ဘေဂျင်းက တော်ဝင်စာမေးပွဲကိုသွားဖြေရင် အောင်မယ် ဆိုတာ သေချာတယ်၊ အဲဒီအခါကျရင် ကျွန်ုပ် သင့်ကို ဂုဏ်ပြု ချီးကျူးမိပါလိမ့်မယ်"

ဇန်ဟောက်သာ အသိဉာဏ်ရှိပါက ထိုမြှောက်ပင့်စကားကြားသည်နှင့် ဗေဒင်ဆရာကို နားရင်းပါးရင်း အုပ်လိုက်ပေလိမ့်မည်။ ကိုယ့်အမည်တောင် မရေးတတ် မဖတ်တတ်ပါဘဲနှင့် မည်သို့များ စာမေးပွဲဝင်ဖြေနိုင်ပါမည်နည်း။ သို့သော် သူက ထိုအချက်ကို မတွေးမိ၊ သူ တွေးမိသည်ကမူ ငါ့မိသားစုမှာ ငွေကြေးအမြောက်





အများရှိတယ်၊ အစိုးရဝန်ထမ်းကို ငွေနှင့်အလွယ်တကူ လုပ်နိုင်လိမ့်မည်ဟူ၍ ဖြစ်သည်။ သူက စိတ်ဆိုးရမည့်အစား ကျေနပ်ဝမ်းမြောက်ကာပြန်ပြောသည်။

"စာမေးပွဲကို ကျုပ်အောင်မှာကော သေချာရဲ့လား"

"မေးစရာတောင်မလိုပါဘူး စာမေးပွဲမှာ ထိပ်ဆုံး သုံးယောက်ထဲမှာပါလိမ့်မယ်"

"အင်း . . . ခုခင်ဗျားကို ငွေဒင်္ဂါးနှစ်ပြားပေးခဲ့မယ်၊ ကျုပ်စာမေးပွဲအောင်လို့ ပြန်လာရင် ဒီထက်ပိုပေးမယ်၊ မအောင်ရင်တော့ ခင်ဗျားနဲ့ကျုပ် တွေ့မယ်"

ဗေဒင်ဆရာကတော့ ထိုအချိန်တွင် သူသည် အဝေးသို့ရောက်နေမည်ဖြစ်၍ ပူစရာမလိုတော့ဟု တွေးလိုက်မိသည်။

ဇန်ဟောက်က အိမ်ရောက်သည်နှင့် အထုပ်အပိုးပြင်ပြီး ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအများအပြားကိုယူကာ မြို့တော်ဘေဂျင်းသို့ ထွက်ခဲ့သည်။ သူ့စိတ်ထဲ လုံးဝဝင်မလာသည်မှာ သူ့လိုပညာမတတ်သူတစ်ယောက်က စာမေးပွဲကို မည်သို့ဝင်ဖြေနိုင်မည်နည်းဟူသော မေးခွန်းဖြစ်သည်။ ရှေးဟောင်း လူမှုအဖွဲ့အစည်းအတွင်းမှာတော့ ယင်းအဖြစ်သည် ဖြစ်ကိုဖြစ်ခဲ့ပါသည်။

ဘေဂျင်းသို့ သူရောက်ချိန်မှာ စာမေးပွဲနောက်ဆုံးရက်ဖြစ်သည်။ အနောက်တံခါးက ပိတ်ထားပြီးဖြစ်သည်။ သို့သော် သူရောက်စဉ် ရေလှည်းများက မြို့တော်ထဲသို့ ဝင်နေဆဲရှိသည်။ "မင်"နှင့် "ကျင်" မင်းဆက်ခေတ်ကာလတွင် ဘေဂျင်း ဆင်ခြေဖုံးများရှိ ကျောက်စိမ်းစမ်းချောင်းတောင်တန်းမှ စမ်းရေကိုသာ ဘုရင့်မိသားစုတို့ သောက်ကြပြီး ညစဉ်မြို့ထဲသို့ ပို့ပေးကြရသည်။ ဤအကြောင်းကိုမသိသော ဇန်ဟောက်ကတော့ ရေစည်လှည်းများနောက်မှ လိုက်ဝင်သွားသည်။ အစောင့်များကလည်း ၄င်းအား နန်းတော်မှ ကိုယ်ရံတော်ထင်ကာ ဝင်ခွင့်ပေးကြသည်။

မြို့ထဲသို့ ရောက်သည့်အခါ စာမေးပွဲခန်းမကို သူ မည်သို့ရှာရမှန်းမသိ၊ လမ်းများပေါ်တွင် ခြေဦးတည့်ရာသာ မြင်းကို စီးသွား



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ လမ်းဆုံးတစ်ခုသို့ အရောက်တွင် မီးအိမ်နှစ်လုံး နှင့် လာနေသော လူတစ်စုကို တွေ့လိုက်သည်။ လူအုပ်အလယ်တွင်တော့ ညကင်းလှည့် တာဝန်ခံ မင်းသား "ဝေဇောင်ရှင်း" ပါလာသည်။ ဇန်ဟောက်၏မြင်းမှာ ကြောက်လန့်ကဆုန်ပေါက်ပြီး ဝေ၏မြင်းဆီသို့ ဝင်သွားတော့သည်။

ယခင်ကဆိုပါလျှင် သူသည် ဘုရင်ဇီဂေါင်း (XIZONG) ၏ အချစ်တော်ဖြစ်၍ ချက်ခြင်း သတ်ပစ်လိုက်ပေမည်။ သို့သော် ဤညတွင်တော့ ယခုပုဂ္ဂိုလ်မှာ မည်သူမည်ဝါဖြစ်မှန်း အရင်ဦးဆုံး သိလိုသည်။ သို့ဖြင့် မြင်းဇက်ကို ထိန်းပြီးအော်မေးလိုက်သည်။

"အသက်ရှင်ရတာ ညည်းငွေ့နေပြီလား ကိုယ့်လူ"

မင်းသား"ဝေ"မှန်း မသိသော "ခွေးကလေး"က လည်း ပြန်အော်ပြောသည်။

"ကျုပ်ကို ဒီလိုမပြောနဲ့ ကျုပ်မှာ အရေးတကြီး လုပ်စရာ ရှိနေတယ်"

"ဘာကိစ္စလဲ"

"ရှန်ဒေါင်းကနေ ဒီကို တော်ဝင်စာမေးပွဲဝင်ဖို့ အဝေးကြီးက လာခဲ့ရတာဗျ၊ ကျုပ် နောက်ကျသွားရင် ထိပ်ဆုံးသုံးယောက်မှာ ပါတော့မှာ မဟုတ်ဘူး"

"ထိပ်ဆုံးသုံးယောက်မှာ ပါမှာ သေချာရဲ့လား"

"မသေချာရင် ဒီကိုတောင်မလာဘူး ကိုယ့်လူ"

"စာမေးပွဲခန်းမက ခုဆိုပိတ်နေပြီ၊ ဝင်လို့မရတော့ဘူးကွ"

"တံခါးခေါက် ဝင်သွားမှာပေါ့"

မင်းသား"ဝေ"တတွေးကြည့်သည်၊ ထိပ်ဆုံး သုံးယောက်တွင်ပါရမည်ဟု ထိုလူပြောခဲ့သည်။ ၄င်း အရည်အချင်းမျိုးကို တကယ်မိပါ့မလား၊ စကားလုံးကြီး စကားလုံးကျယ်များဖြင့် ကြွားဝါနေခြင်းသာဖြစ်မည်။ သို့ဖြင့် သူက အော်ပြောလိုက်သည်။

"ကောင်းပြီ ငါ့တံဆိပ်ကဒ်ပြားကို ပေးလိုက်ကြဟေ့၊ စာမေးပွဲခန်းကို ဝင်ခွင့်ပြုလိုက်စမ်း"







ဤလူမှာ အမှန်တကယ်အရည်အချင်းရှိမရှိကို မင်းသား ဝေ က သိလိုလှသည်။

စင်စစ်မှာလည်း "ဝေ"မှာ ငကြောင်တစ်ဦးသာ ဖြစ်တော့သည်။ "ဇန်" မည်မျှ တော်သည်ကို သိလိုပါက စာမေးပွဲဝင်ဖြေခိုင်းလိုက်ရုံသာရှိသည်။ အဘယ်ကြောင့် သူ၏ကိုယ်ပိုင် တံဆိပ်တော် ကဒ်ပြားကို ပေးလိုက်ရပါမည်နည်း။ ဇန်မှာတော့ ကဒ်ပြား လက်ဝယ်ရရှိပြီးဖြစ်သည့်အပြင် စာမေးပွဲခန်းမသို့ လိုက်ပို့ခြင်းပင် ခံခဲ့ရသည်။

ခန်းမသို့ ရောက်သည့်အခါ လိုက်ပို့သူတို့က တံခါးခေါက်ပြီး "ဝေ"၏ ကဒ်ပြားကို ပြလိုက်ရာ စာမေးပွဲ စစ်ဆေးရေးမှူးနှစ်ဦးက ရုတ်ချည်းခုန်ထလိုက်ကြသည်။ တစ်ဦးက ပြောသည်။

"ဒီလူကို မင်းသားဝေကလွှတ်လိုက်တာ သူ့ဆွေမျိုးပဲ ဖြစ်မယ်၊ သူ့ကို ဝင်ခွင့်ပြုမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး အခန်းတွေက လူပြည့်နေပြီ သူ့အတွက် ကျုပ်တို့ လုပ်ပေးနိုင်သမျှကို လုပ်ပေးရမယ်၊ သူဟာ မင်းသားရဲ့ ဆွေမျိုးပဲ ဖြစ်ရမယ်။ နို့မဟုတ်ရင် ဘာကြောင့် ညကြီးမင်းကြီး ရောက်လာနိုင်မလဲ သူ့အတွက် အခန်းတစ်ခန်း စီစဉ်ပေးရမယ်၊ ကျုပ်တို့ နှစ်ယောက် အပြင်မှာ တစ်ညလုံးစောင့်သင့် စောင့်ရမယ်။

ဇန်ကို ဝင်ရန် ဖိတ်ခေါ်လိုက်ပြီး မည်သို့လုပ်ရမည်ကို ဆရာနှစ်ဦး ကြိုးစားဆုံးဖြတ်ကြသည်။

တစ်ဦးက ပြောလာသည်။

"သူ့ကို အဖြေလွှာ စာရွက်ပေးလိုက်"

"မဖြစ်သေးဘူး သူက ဘယ်စာအုပ်တွေကို လေ့လာခဲ့မှန်း ကျုပ်တို့ မသိရသေးဘူး၊ ဘာသာရပ်တွေက မသင့်တော်ရင် သူ မှန်မှန်ကန်ကန် မဖြေနိုင်ဘဲ စာမေးပွဲ ကျလိမ့်မယ်၊ ဒါဆို မင်းသားကို ကျုပ်တို့က စော်ကားရာ ရောက်သွားလိမ့်မယ်"

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"ရော့ ဒီမှာ အဖြေလွှာစာရွက်တွေ သူ့အတွက် ကျုပ်တို့ ဖြေပေးမယ်၊ အဖြေကို ကျုပ်ကပြောမယ်၊ ခင်ဗျားက လိုက်ရေး"

ဤသို့ဖြင့် ဇန်အတွက် သူတို့က အဖြေလွှာကို အလုံးစုံ ဖြေပေးခဲ့ကြသည်။ ထို့နောက် သူတို့ စဉ်းစားကြ သည်။

"သူ့ကို နံပါတ်တစ်နေရာပေးလိုက်ရင် သိပ်ကို သိသာလွန်းနေမယ်၊ ကောင်းပြီး သူ့ကို ဒုတိယနေရာ ပေးလိုက်ကြစို့လား"

ထို့ကြောင့် ဇန်ဟောင်မှာ စာတစ်လုံးမျှ မရေးရဘဲ ဒုတိယ ရရှိခဲ့သည်။

နှစ်ရက်အကြာတွင် စာမေးပွဲအောင်သူတို့က စာစစ်မှူးများထံသို့ အရိုအသေပေးရန် သွားကြသည်။ ဇန်ဟောင်က မသွားခဲ့ပေ။ တုံးတမ်းအစဉ်အလာကို သူမသိ၍ဖြစ်သည်။

ဤတွင်လည်း စာစစ်မှူးနှစ်ဦး ဦးနှောက်ခြောက်ကြရပြန်သည်။ တစ်ဦးက ပြောသည်။





"ဇန်ဟောင်ဟာ ဥပဒေစည်းကမ်းကို သိပုံမရဘူး၊ သူ့ကို မင်းသားဝေက လွှတ်လိုက်ပေမယ့်လည်း ကျုပ်တို့သာ မကူညီရင် ဒုတိယ ရမှာမဟုတ်ဘူး၊ ကျုပ်တို့ကို ကျေးဇူးလာမပြုတာကတော့ နည်းနည်းမှ အဓိပ္ပာယ် မရှိဘူးဗျ"

"နေပါစေဗျာ မင်းသားဝေအတွက် ကျုပ်တို့ လုပ်ပေးနေတာပဲဟာ၊ သံနီးခေါင်ကြီးမှာ သူ့တံဆိပ်ကဒ်နဲ့ ကျုပ်တို့ဆီကို လွှတ်ခဲ့တယ်၊ ဇန်ဟာ သူ့ရဲ့ဆွေမျိုးတစ်ယောက် ဒါမှမဟုတ် ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်ရမယ်။ သူ ကြီးကြီးမားမားတာ တစ်ယောက်ဖြစ်သွားရင် ကျုပ်တို့ကိုစောင့်ရှောက်မှာပါ။ သူလာမတွေ့လည်း အကြောင်းမဟုတ်ဘူး၊ ကျုပ်တို့ပဲသွားတွေ့ကြမယ်"

စာစစ်မှူးနှစ်ဦးက ဇန်နှင့်တွေ့သည့်အခါ ပြောကြသည်။

"အဲဒီနေ့က ခင်ဗျားမှာ မင်းသားရဲ့ တံဆိပ်ကဒ်ပြား ပါမလာရင် စာစစ်ခန်းထဲ ဝင်ခွင့်ရမှာ မဟုတ်ဘူး"

သူတို့ပြောသည့် အဓိပ္ပါယ်ကို ဇန်နားမလည်ပါ။ ဟိုလိုလို ဒီလိုလို ပြန်ပြောခဲ့သည်။ သူတို့ ပြန်သွားပြီးမှ "ဝေ"ဟူသည် မင်းသား "ဝေဇောင်ရှင်း" ဖြစ်ကြောင်းမှန်း သူသိခဲ့ရသည်။ ၎င်း၏ သီးသန့်တံဆိပ်ကဒ်ပြား မပါခဲ့ပါက စာစစ်ခန်းထဲ မဝင်ရနိုင်ဟု တွေးမိသည်။ ထို့ကြောင့် ၎င်းအား သွားရောက်ကျေးဇူးပြုရန် ဆုံးဖြတ်လိုက်သည်။

အဖိုးတန်လက်ဆောင်များကိုယူကာ ဝေ၏ စံအိမ်သို့ သွားသည်။ သူ့အမည်ကဒ်ပြားနှင့် လက်ဆောင် များစာရင်းကို ပေးသည်။ သူ့အား "ဝေ"က မမှတ်မိ၊ တွေ့ လည်းမတွေ့လို့ သို့သော် လက်ဆောင်များက ဆွဲဆောင်နေ၍ ဝင်ခွင့်ပြုလိုက်သည်။

"အဲဒီညက အရှင့်ကဒ်ပြားကြောင့်သာ မဟုတ်ရင် ကျွန်ုပ်ကို စာစစ်ခန်းထဲ ဝင်ခွင့်ပြုကြမှာမဟုတ်ဘူး၊ အရှင့်ကူညီမှုကြောင့် ကျွန်ုပ် ဒုတိယရခဲ့ပါပြီ၊ ကျေးဇူးတင်ပါတယ် အရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အို တဲကယ့်ပညာရှင်ပါလား၊ ဒါကြောင့်မို့ အဲဒီညက စကားကြီး စကားကျယ်ပြောတာပဲ။ ငါဘုရင် ဖြစ်လာချိန် အနာဂါတ်မှာ ငါ့အတွက် သူဟာအသုံးဝင်လိမ့်မယ်"

ဝေကထိုသို့တွေးပြီး အစေခံများကိုခေါ်ကာ ကျွေးမွေးစေသည်။ "ဇန်" စားသောက်ပြီးနောက် မင်းသားကိုယ်တိုင်ပင် တံခါးဝသို့ လိုက်ပို့သည်။ ယိုသတင်းက မကြာမီ ဘေဂျင်းတစ်မြို့လုံး ပျံ့နှံ့သွားပြီး မင်းစိုးရာဇာပိုင်းကို တုန်လှုပ်စေခဲ့သည်။ ပြောလည်းပြောကြသည်။

"မင်းသားဝေကို တို့ သွားဦးတိုက်တဲ့အခါ ဘယ်တော့မှ တံခါးဝအထိ ပြန်လိုက်မပို့ဘူး၊ ဒါပေမယ့် ခုစာစစ်ပွဲအောင်တဲ့ လူသစ် ဇန်ဟောင်ကိုတော့ လူကိုယ်တိုင်လိုက်ပို့တယ်"

"သူဟာ ဝေရဲ့ ဆွေမျိုးဖြစ်မယ်၊ ဒါမှမဟုတ် ရင်းနှီးတဲ့ သူငယ်ချင်းဖြစ်မယ်"







"သူတို့တံခါးဝမှာရှိနေတုန်း ဝေက ဇန်ကို သိပ်လေးလေးစားစား ရှိနေခဲ့တာထောက်ရင် ဇန်ဟာ ဝေထက်ကြီးတဲ့သူပဲ ဖြစ်မယ်"

"သူက ဝါကြီးတယ်ဆိုရင်တော့ သူ့အတွက် ဘုရင့်ဆီကို ပူးတွဲထောက်ခံစာ ရေးပို့ပေးမှဖြစ်မယ်၊ သူ နန်းတွင်းအရာရှိကြီး ဖြစ်လာရင် တို့ကို အထောက်အကူ ပြုနိုင်လိမ့်မယ်"

"ဟုတ်တယ်"

အားလုံးသဘောတူလိုက်ကြသည်။ တော်ဝင်စာမေးပွဲ အောင်သူအသစ် ဇန်ဟောင်သည် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အရည်အသွေးအလွန်ကောင်းကြောင်း၊ နိုင်ငံတော်နှင့် ဥပဒေကို ကာကွယ်စောင့်ရှောက်နိုင်မည့် လူ့အဖွဲ့အစည်း၏ ဒေါက်တိုင်တစ်ခုဖြစ်လိမ့်မည်ဟု စုပေါင်းစာရေးပို့ကြသည်။

ဘုရင်က အလွန်ဝမ်းမြောက်သွားသည်။

"သူဟာ သိပ်ကို ပင်ကိုယ်အစွမ်းအစ ရှိနေမှတော့ တော်ဝင်ပညာရှင်အဖွဲ့ထဲ ဝင်ခိုင်းမှဖြစ်မယ်"

သို့ဖြင့် ဇန်ဟောင်မှာ တော်ဝင်ပညာရှင်တစ်ဦး ဖြစ်လာသည်။ တော်ဝင်ပညာရှင်အဖွဲ့တွင် ၄င်းမှာ မင်းသားဝေက လွှတ်လိုက်သူဖြစ်ကြောင်း အရာရှိကြီးများအားလုံးက ဝိုင်းဝန်း ထောက်ခံထားကြကြောင်း သိရှိနေကြသည်။ သူ့အား မည်သူကမျှ နှိမ်ချကြပါမည်နည်း၊ တရားရေးဆိုင်ရာ ဝစ်စာပြန်စာများ၊ မှတ်တမ်းမှတ်ရာများရေးရာတွင် သူ့အားမရေးခိုင်းကြ၊ သူ၏သဘောထားကိုသာမေးပြီး ၄င်းတို့သာ ရေးကြပြန်ကြားပေးကြသည်။

"နောင်တော်ကြီးဇန်၊ ဒီကိစ္စကိုဘယ်လို သဘောရသလဲ" ဟုမေးကြသည့်အခါ သူ၏တစ်ခုတည်းသော အဖြေမှာ "ကောင်းဘယ်" "သိပ်ကိုကောင်းတယ်"ဟူ၍သာဖြစ်သည်။ မည်သည့်အိစ္စမဆို သူ့အားမေးတိုင်း ထိုကဲ့သို့သာဖြေတတ်သည်။ ဤနည်းဖြင့် တော်ဝင်ပညာရှင်အဖွဲ့တွင် တစ်နှစ်တာ အချိန်ကုန်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နှစ် မင်းသားဝေ၏ မွေးနေ့ရောက်လာခါနီးတွင် အားလုံးက လက်ဆောင်ပေးရန် ကြိုတင်ပြင်ဆင်ကြသည်။

ဇန်ဟောင်က အဖိုးတန်ပစ္စည်းများစွာ ဝယ်ပြီးနောက် စာချွန်တော်လိပ်နှစ်လိပ်ကိုပါဝယ်ပြီး တော်ဝင်ပညာရှင်ရုံးသို့ သွားသည်။ စာချွန်တော်လိပ်များကို တခြားသူများတွေ့ပြီး မေးကြသည်။

"နောင်တော်ဇန် ဒါက မွေးနေ့လက်ဆောင်လား"

"ဟုတ်တာပေါ့"

သူတို့က ဖြေကြည့်ကြသည်။

"ဟင် စာရွက်အလွတ်ကြီးပါလား၊ ခုဆိုသင်ဟာ ဒီကို ရောက်နေတာ တစ်နှစ်ကျော်ပြီ၊ သင်စာရေးတာကို ကျုပ်တို့ မတွေ့ဖူးသေးဘူး၊ ဒီနေ့တော့ ကျုပ်တို့တွေ့ရတော့မှာမို့ ဂုဏ်ယူမိပါတယ်"

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူး ခင်ဗျားတို့ရဲ့ လက်ရေးက ကျုပ်ထက်လှတယ်၊ ကျုပ်ပြောတာကို ခင်ဗျားတို့ ရေးပေးကြပါ"

အားလုံးက ငြင်းလိုက်ကြသည်။

ရုတ်တရက်ပင် ဇန်ဟောင်သည် စာမတတ်သူ တစ်ဦးဖြစ်ကောင်းဖြစ်လိမ့်မည်ဟု တစ်ယောက်ကတွေးလိုက်မိပြီး ဝင်ပြောသည်။

"ခင်ဗျားအတွက် ကျုပ်ရေးပေးမယ်"

ထိုသူက မင်းသားဝေ၏ အကျင့်ဆိုးများ၊ နိုင်ငံ တော်ကို ပုန်ကန်ရန် ကြံစည်ကြောင်း ဘုရင်ကို ဖြုတ်ချနန်းသိမ်းရန်လုပ်ကြောင်း ထည့်ရေးပေးလိုက်သည်။

"နောင်တော်ဇန် ဘယ်လိုသဘောရသလဲ"

"ကောင်းတယ် သိပ်ကိုကောင်းတယ်"

မင်းသားဝေ၏မွေးနေ့သို့ ရောက်သည့်အခါ ဇန်ဟောင် လက်ဆောင်များနှင့်အတူ စာချွန်တော်လိပ်နှစ်လိပ်ကိုပါ ယူသွားသည်။ မင်းသားဝေက လက်ဆောင်များလက်ခံပြီး စာလိပ်နှစ်လိပ်





ကို နံရံပေါ်တွင် ချိတ်ဆွဲထားလိုက်သည်။ စာများကို ဖတ်မကြည့်ရသေးမီမှာပင် ဘုရင့်မွေးနေ့အမိန့်ပြန်တမ်း တစ်စောင်ရောက်လာသည်။ မွေးနေ့ပြန်တမ်းကို အမွေးတိုင်များ ထွန်းညှိပူဇော်ရန် သူက ကသုတ်ကရက်ထွက်သွားသည်။

နံရံပေါ်ရှိ စာရွက်များမှာစာများကို အားလုံးဖတ်ရှု မြင်တွေ့နေကြသော်လည်း မင်းသားဝေမှာ ရက်စက်သူဖြစ်၍ မည်သူကမျှ မပြောရဲကြ။

သူအား တစ်ယောက်ယောက်က ကျိန်ဆဲကြောင်း ပြောမိပါက၊ သူက ပြန်ပြောလိမ့်မည်မှာ . . "သူက ငါ့ကို ကျိန်ဆဲတယ်၊ ကျိန်ဆဲတာကို မင်းက သိတယ်၊ ဒီတော့ နှစ်ယောက်စလုံးကို သတ်ပစ်လိုက်ကြ" ဟူ၍ဖြစ်သည်။

သို့ဖြစ်၍ မည်သူကမျှ ပြောဝံ့ကြပါမည်နည်း၊ စာရွက်များကတော့ တစ်နေ့လုံးမင်းသားဝေ သတိမပြုမိဘဲ ရှိနေခဲ့သည်။

နှစ်ပေါင်းများစွာ ကြာပြီးနောက် "ချုံ့ဆန်း" (CHONGZHEN)ဘုရင် နန်းတက်သည်။ တော်ဝင်ဝတ်ရုံများနှင့် သရဖူကို မင်းသားဝေထံတွင် ရှာဖွေတွေ့ရှိရ၍ နန်းလုရန် ကြံစည်မှုဖြင့် ဖမ်းဆီးခဲ့သည်။ သူ၏ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေများနှင့် ပတ်သက်သူအားလုံးကိုလည်း သေဒဏ်ပေးလိုက်သည်။ တစ်ဦးက တော်ဝင်ပညာရှင်အဖွဲ့မှ ဇန်ဟောင်သည်လည်း မင်းသားဝေ၏ အုပ်စုထဲမှဖြစ်ကြောင်း သတင်းပေးသည်။ ဘုရင်က အမိန့်ထုတ်လိုက်သည်။

"ဖမ်းပြီး သတ်စေ"

သို့သော် အရာရှိတစ်ဦးက ဘုရင့်ရှေ့ ဒူးထောက်ကာ လျှောက်တင်သည်မှာ . .

"ဘုရင်မင်းဘုရား၊ ဇန်ဟောင်ဟာ ဝေရဲ့လူ မဟုတ်ပါဘူး"

"မောင်မင်း ဘယ်လိုသိသလဲ"

"ဝေရဲ့မွေးနေ့မှာ သူက ကဗျာတို နှစ်ပုဒ်ကိုစပ်ပြီး ပို့ခဲ့ဖူးပါတယ်၊ ဒါကို ခုထိမှတ်မိနေတုန်းပါ။ ရေးထားတာက ဘုရင်က



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဟာ နန်းသိမ်းဖို့ ကြံခဲ့တယ်တဲ့၊ နောက်စာရွက်မှာတော့ မင်းသားဝေဟာ နန်းသိမ်းဖို့ ကြံနေပြန်ပြီတဲ့၊ ဇန်ဟောင်ဟာ ကိုကိုနဲ့ ဝေကို နန်းလုဖို့ကြံကြောင်း နှိုင်းယှဉ်ပြခဲ့တယ်၊ ဒါဆို သူက ဘယ်လို လုပ် ဝေရဲ့ အဖွဲ့သားဖြစ်ရမှာလဲ"

"ငါ သဘောပေါက်ပြီ၊ သူဟာ သစ္စာရှိတဲ့သူပဲ၊ ဒီအတွက် သူ့ကို ခွင့်လွှတ်ပြီး ရာထူးအဆင့်သုံးဆင့်တိုး ပေးစေ"

ဤသည်မှာ ပညာမဲ့ဇန်ဟောင်တစ်ယောက် နန်းတွင်းတွင် အဆင့်မြင့် အရာရှိကြီးတစ်ဦး ဖြစ်လာခဲ့ပုံပင်ဖြစ်ပါ၏။

ဘာနှင်း

ကိုကို (COA COA) အေဒီ (၁၅၅-၂၂၀)မှ ဘုရင်သုံးဆက် မြောက်တိုင်၊ နိုင်ငံရေးသမားနှင့် စစ်ဘုရင်ဖြစ်ခဲ့သူ ဂန္တဝင်မြောက် လှသည့် ဖြစ်ရပ်တွင်၊ သစ္စာဖောက် နန်းတွင်းအရာရှိကြီးတစ်ဦး လည်း ဖြစ်ခဲ့သူ။

(1981) Oct: ထုတ် CHINESE LITERATURE

"THREE PROMOTIONS IN SUCCESSION"

By

LIU BAORUI AND SUN YUKUI





www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

ကိုဇမ

# ပုလိပ်ကြီး ဆားပုလင်းလွဲချော်
နှင့်
# လိပ်ကားတစ်စီး

## (လွတ်လပ်ရေးအကြိုကာလ)

တစ်နေ့သ၌ ကျွန်တော်သည် ဘီအေဂရောင်း ခေါ် အောင်ဆန်းအားကစားကွင်းမှ အမှုတစ်ခုအတွက် စုံစမ်းခြင်း ကိစ္စပြီးသဖြင့် အိမ်ပြန်ရန် ဘီလူးမဈေး သိမ်ဖြူဈေး မှတ်တိုင်သို့ ခြေလျင် လမ်းလျှောက်လာခဲ့သည်။

ထိုစဉ် 'ရန်ကုန်မိုးအစိုးမရ' ဟူသော စကားအတိုင်း မထင်မှတ်ဘဲ မိုးရွာချလေသည်။ ကျွန်ုပ်၏ မိုးကာအင်္ကျီမှာလည်း ပေကျပ်ရက်ဖြစ်သဖြင့် ဘေးအိမ်တွင် ပေါင်ထားရသောကြောင့် မိုးကာအင်္ကျီလည်းမပါ။ ထီးလည်းအဝယ်နိုင်သော ကျွန်ုပ် ပုလိပ်ကြီး ဆားပုလင်းလွဲချော် မှာ မိုးရေထဲပြေးနေရသော ကြွက်စုတ်တစ်ကောင်နှင့် သာ၍တူလှပေသည်။

ဘီလူးမဈေးမှတ်တိုင်ရောက်သော် အမိုးအောက်တွင် ဝင်၍မိုးခိုရလေသည်။ ကျွန်ုပ်အရပ်ရောက်နှင့်နေသော ဈေး တစ်ကောင်သည် သူ့နေရာကို လုယူမည်သူမှန်းသိနေသည့်အလား ကျွန်ုပ်ကို ထိုး၍ ထိုး၍ ဟောင်လေတော့သည်။





ကျွန်ုပ်လည်း အနီးတွင်ရှိနေသော လက်သီးဆုပ်ခန့်ရှိ ကျောက်ခဲတစ်လုံးဖြင့် ထိုခွေးဝဲစားကို ပစ်ပေါက်လိုက်ရသည်။ ဒီတော့မှ ခွေးဝဲစားခမြာလည်း မိမိနေရာကို စွန့်ခွာ၍ တစ်ချိုးတည်း ပြေးလေ တော့သည်။ သဃ်န်းကျွန်းဘက်သို့ သွားမည့် ဘတ်စ်ကားသည် အချိန် ကြာမြင့်စွာ စောင့်သော်လည်း ပေါ်မလာဘဲ မိုးသာ ပို၍ ပို၍ သည်းလာ သည်။

အချိန်တော်တော်ကြာသောအခါ ဂျူဒါအီစကယ်(ယခု သိမ်ဖြူလမ်း) လမ်းဘက်မှ မောင်းလာသော ဘတ်စ်ကားစုတ်ကြီးသည် အိပုံအိပုံဖြင့် စတော့ဂိတ်ဂုံးတံတားမှ ဆင်းလာသည်။

ကားသည် ကျွန်ုပ်ရှိရာသို့ရောက်သောအခါ ဘရိတ်အုပ်စရာ ပင်မလိုဘဲ အရှိန်သေကာ ရပ်သွားလေတော့သည်။

ကားရပ်၍ ကားအမိုးပေါ်မှ တံဆိပ်ကို ကြည့်သောအခါ မြင်းပျံ' တံဆိပ်ရပ်ဖြစ်သည့်အတွက် သဃ်န်းကျွန်းကားမှန်း သိလိုက်သည်။

ကျွန်ုပ်သည် သဃ်န်းကျွန်းသို့ သွားမည့် 'မြင်းပျံ'ဘတ်စ်ကားပေါ်သို့ တက်လိုက်သည်။ စပယ်ယာ၏ ဘက်ထရီခေါင်းနေသော ဟွန်းအသံနှင့်တူသော 'မောင်းဆရာရေ' ဟုအော်သံထွက်ပေါ်လာသည်။

ကားသည် တစ်ဘီးချင်းတစ်လှိမ့်ခြင်း လှိမ့်၍ သွားလေသည်။

စပယ်ယာသည် ကျွန်ုပ်ဆီသို့ လာသောအခါ ကျွန်ုပ် ဘောင်းဘီအိတ်ထဲမှ အကြွေစေ့တစ်စေ့ကို ထုတ်လိုက်သည်။ အကြွေစေ့ မှာ အရှိန်ဖြင့် ကျွန်ုပ်လက်မှ ချော်ထွက်သွားပြီး ဘေးခုံမှ အမျိုးသမီး၏ ထမိန်ပေါ်တွင် ကံကောင်းထောက်မစွာ သွား၍ ကင်နေလေသည်။

အမျိုးသမီးမှာ တစ်ဘက်သို့ ငေးမောရင်းလိုက်ပါလာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အကြွေစေ့ကိစ္စကို သူမ, သိပုံမပေါ်ပေ။

ကျွန်ုပ်သည် အမျိုးသမီးထမိန်ပေါ်တွင် တင်နေသော အကြွေစေ့လေးကို နူးနူးညံ့ညံ့ ကုန်းပြီးလှမ်းယူလိုက်သည်တွင် 'ဖျောင်း' ကနဲ သံကြားရပြီး ကျွန်ုပ်၏ ပါးတစ်ဖက်သည် ပူထူသွားလေသည်။

အမျိုးသမီး၏ ပါးရိုက်ချက်မည်မျှပြင်းသနည်းဆိုလျှင် စပယ်ယာပင် လန့်ဖျန့်သွားသည်။

'ရှင် မိုက်ရိုင်းလှချည်လား၊ နမချင်းလည်း မစာနာ၊ လူမှုရေးလည်းမသိ' ဟု ပြစ်တင်ဆေဖန်ဟိန်းဟောက်ရင်း နောက်တစ်ချက် ရိုက်ရန် လက်ကို ရွယ်ပြန်သည်။

'ကျွန်တော့် ပိုက်ဆံကောက်မလို့ပါ။ မယုံရင် ခင်ဗျားရဲ့ ထမိန် ပေါ်ကြည့်' ဟု အချိန်မီ ပြောလိုက်ရ၏။

'ဆောရီးပါရှင် မသိလို့နော်'

အမျိုးသမီး၏ အားတောင့်အားနာသံကို ကြားလိုက်သည်။

သူမ တောင်းပန်သော်လည်း ကျွန်ုပ်၏ ပါးတစ်ဖက်မှာ ရှမ်းတိုင်းရင်းသား၏ ပါးအရောင်ကဲ့သို့ အနီရောင်သန်းသွားရချေပြီ။

ကျွန်ုပ်သည် သူမလှမ်း၍ပေးသော အကြွေစေ့လေးကို ယူပြီး 'ဟီး' ခနဲတစ်ချက်ရယ်ရင်း ကားစပယ်ယာဆီသို့ ကားခအဖြစ် ပေးလိုက်သည်။

ကျွန်ုပ်သည် စောစောက အမျိုးသမီးကို လှမ်းပြီး ကြည့်လိုက် သောအခါ စိတ်မကောင်း၍လားမသိ မျက်လုံးစုံမှိတ်၍ လိုက်ပါလာသည် ကို တွေ့ရလေသည်။

ဤတွင် ကျွန်ုပ်ပါးကို ရိုက်သော အမျိုးသမီး၏ လက်ဆီသို့ ကျွန်ုပ်အကြည့်ရောက်သွားသည်။

သူမ၏ လက်ချောင်းများသည် ရှည်ရှည်သွယ်သွယ်နှင့် အသားအရေမှာလည်း ဝါဖန့်ဖန့် အရောင်ရှိသဖြင့် လွန်စွာကြည့်





ကောင်းလှသူလေး ဖြစ်ကြောင်း သိလိုက်ရ၏။

ထို့ကြောင့်လည်း ကျွန်ုပ်၏ပါးကို ထိုအမျိုးသမီးကသာ ထပ်၍ ရိုက်မည်ဆိုလျှင် ကျွန်ုပ်၏ကျန်သောပါးတစ်ဖက်ကို အရိုက်ခံရန် အသင့်ဟု စိတ်ထဲမှ တွေးရင်း ရင်ထဲမှ ပြုံးဖြစ်သေး၏။

ထိုအချိန်ကားသည် ဘိုးလိန်းလမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ တော်တော်ကြီးကြာအောင် မောင်းပြီးသောအခါ 'လမ်းကျယ်' မှတ်တိုင်တွင် ကားရပ်သဖြင့် ကျွန်ုပ်ပါးတစ်ဖက်ကို ရိုက်သော အမျိုးသမီး ဆင်းသွားလေသည်။

ထိုသူငယ်မ ဆင်းသွားသောနံအလွတ်သို့ ကျွန်ုပ်ရွှေ့ကာ ဝင်ထိုင်ပစ်လိုက်သည်။ ကျွန်ုပ်ထိုင်ပြီးသည်နှင့် ကားလည်း စတင်ထွက်တော့သည်။

မိုးမှာ ပိုသည်းလာသဖြင့် ဆောင်းမှ ပြတင်းတံခါးသစ်သားကို ဆွဲတင်ရာ မိုးရေများစို၍ နေသဖြင့် ကြပ်နေသည်။ ထို့ကြောင့် လက်ကိုင်သစ်သားတုံးလေးကို အားဖြင့် ဆွဲမလိုက်ရာ 'အုံး' ကနဲမြည်သံ နှင့်အတူ ကျွန်ုပ်မှာ ဘတ်စ်ကား ကြမ်းပြင်ပေါ် ခွေခွေလေး ပြုတ်ကျသွား ရသည်။ လက်ထဲတွင် သစ်သားတုံးလေးသာ ပါလာပြီး တံခါးချပ်မှာ သစ်သားဘောင်ဒီကြားတွင် တုတ်တုတ်မျှ မလှုပ်ဘဲ ကျန်ရစ်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် လူပုံအလယ်တွင် လဲကျနေရာမှ အားယူထပြီး စပယ်ယာဖြစ်သူအား ' မင်းတို့ကားကလည်း စုတ်ပါ့ကွာ' ဟု ရှက်ရှက်ဖြင့် ပြောပစ်လိုက်သည်။

'စုတ်တာလည်း မပြောနဲ့လေ၊ အုံနာက မယားသုံးယောက်ရှိတယ်၊ ဒီကားတစ်စီးထဲကရတဲ့ငွေနဲ့ ဟိုမှာတောင်မလောက်မငဖြစ်နေတယ်၊ ကားပြင်ဖို့ကတော့ ဝေလာဝေးပဲ ဆရာရေ' ဟု စပယ်ယာက ပြောပြပါသည်။ ကျွန်ုပ် အသံကို မြင့်၍ 'ဒါရိုက်ဘာကြီးကို ပြောလိုက် စမ်းကွာ မြန်မြန်မောင်းပါလို့၊ တကတည်း ယောကျ



www.burmeseclassic.com

www.burmeseclassic.com





အိမ်သွားတဲ့ သားမက်ကြနေတာဘဲ တွန့်ဆုတ် တွန့်ဆုတ်နဲ့' ဟု ပြောလိုက်ပြန်သည်။

ဒါရိုက်ဘာကြီးသည်လည်း ယောက္ခမကြောက်ရသော ဖြစ်သောကြောင့်လားမသိ အနာပေါ် တုတ်ကျသလို ဖြစ်သွားပြီး လီဗာကို အားကုန်ဖိနင်းလေတော့သည်။

သို့သော် ကားစများမှာ ရှေ့သို့မသွားဘဲ ဆီများ အိုဗာဖြစ်၍ အိပ်ဆောပိုက် တဘုံးဘုံးမြည်ကာ ထိုးရပ်သွားလေသည်။

စပယ်ယာသည် စက်နိုးသော ဂေါ်တံကို ကိုင်၍ မိုးရေ တွင် ဆင်း၍ ကားစက်နိုးရပြန်သည်။

စပယ်ယာနိုးသည့် ဂေါ်တံလှည့်သောအခါ ကား နတ်ကတော် ဂျိုပုန်းနတ်ပူးသလို ဘယ်ညာယိမ်းထိုး၍ ခုန် နေပါတော့သည်။





သုံးခါမြောက်လှည့်သောအခါမှ ကားသည် စက်နိုး၍ သွားလေသည်။ စပယ်ယာသည် ကားပေါ်သို့ ဂေါ်တံကို ပစ်တင်ရင်း

'ခင်ဗျား ကားစီးရင် ပါးစပ်ပိတ်ထား' ဟု ကျွန်ုပ်အား ဟိန်းဟောက်လေသည်။

ကျွန်ုပ်နှင့် ဘေးချင်းအတူထိုင်နေသော ခုံမှ လူကြီးသည် ကားခုန်စဉ်က ပြုတ်ကျသွားသော ဦးထုပ်ကို ကုန်း၍ ကောက်လေသည်။ ထို့နောက် ပြန်၍ခါးကို မတ်လိုက်ရာ ခေါင်မိုးပေါ်မှ ကျလာသော မိုးရေစက်သည် ထိုလူ၏ ထိပ်ပြောင်ပေါ်သို့ 'တိန်'ကနဲ မြည်ကာကျလေသည်။ လူကြီးသည် ထိပ်ပေါ်မှရေကို လက်ဖြင့် သုတ်ပြီးနောက် ကားအမိုးပေါ်သို့ မော့အကြည့်တွင် နောက်မိုးရေစက် တစ်ပေါက်သည် လူကြီး၏မျက်လုံးပေါ်သို့ ချိန်၍ ခြွေချသလို ကွက်တိကျသွားပြန်သည်။

လူကြီးသည် ကားဝယ်လျှင် ဒါမျိုးကားကို မဝယ်ချင်သဖြင့် စပယ်ယာအား 'မင်းတို့ကားက ချက်ပလက်လား၊ ပါကင်လား' ဟု ကားအမျိုးအစားကို မေးလိုက်သည်။

'ချက်ပလက်' ဟု စပယ်ယာက ပြန်ဖြေသည်။

ကျွန်ုပ်က ကြားဖြတ်၍ 'ဘော်ဒီက နတ်တွေချောင်လို့ တကျွိကျွိမြည်၊ ခေါင်မိုးက မိုးယို ၊ တာယာတွေက ပန်းကုန် ၊ ဟွန်းသံကျ ကင်းမွဲနုန် ၊ ရှေ့မီးလုံးကြီးကျတော့ ကြိုးတွေဆိုင်း၊ စီယာတိုင် ကလီးယားနဲ့ ၊ ကြမ်းခင်းက စကာပေါက် ၊ ဂီယာဒေါက် ထောက် ၊ အတက်အဆင်းနဲ့ လက်ကိုင်မှာ သွပ်နန်းကြိုးတွေ တပြုံတမ နဲ့ဆိုတော့ မင်းကားဟာ ချက်ပလက်တော့မဖြစ်နိုင်ဘူး ဖြစ်ချင်းဖြစ် စုတ်ပြတ်ပဲ့ ကားအမျိုးအစားဘဲ ဖြစ်ရမယ်' ဟု ကျွန်ုပ်ကလည်း စိတ်တိုတိုဖြင့် ပြောပစ်လိုက်သည်။

www.burmeseclassic.com



'ဟော့လူ ပါးစပ်ပိတ်ထား'ဟု စပယ်ယာက ယောက်ပြန်သည်။

ကားမှာလည်း ဘိုးလိန်းလမ်းမှ မဂျစ်လမ်းသို့ ရောက်ကာလာသည်။

ရာပြည့်ကွင်းသို့ရောက်သောအခါ လူကြီးသည် စပယ်ယာအား 'မင်းတို့ ကားက ဘာတံဆိပ်လဲကွာ' ဟု မေးပြန်လေသည်။

'မြင်းပျံတံဆိပ်လေ၊ မြင်းဆိုတဲ့ သတ္တဝါက ကမ္ဘာပေါ်မှာ အမြန်ဆုံးသတ္တဝါလေ၊ တောင်ပံပါထည့်လိုက်တော့ ဘယ်လိုမြန်မလဲဆိုတာ တွက်သာကြည့်'ဟု ဂုဏ်ယူစွာ ပြန်ဖြေရှာသည်။

လူကြီးက ခေါင်းကိုတွင်တွင် ရမ်းရင်း 'ငါ့အလိုတော့ ဒီမြင်းပျံ တံဆိပ်ဟာ မင်းကားနဲ့ မအပ်စပ်သလိုဘဲကွ 'ဟု ကျွန်ုပ်ကို ကြည့်ရင်း ပြောလိုက်သည်။

'အင်း' ကျွန်ုပ်တစ်လုံးတည်း ဖြေလိုက်သည်တွင် လူကြီးက အလျှော့မပေးဟန်ဖြင့် ကျွန်ုပ်အား 'မောင်ရင်သာဆို ဒီကားတံဆိပ်ကို ဘာတံဆိပ် ပြောင်းမလဲ' ဟု အကြံတောင်းလာသည်။

'လိပ်'ဟုကျွန်ုပ်ကလည်း မနှောင့်နှေးဘဲ အသံကျယ်ဖြင့် အော်၍ပြောလိုက်သည်။

ကျွန်ုပ်စကားဆုံးသည်နှင့် စပယ်ယာသည် တရုပ်သိုင်းသမားလို လွှားကနဲ ကျွန်ုပ်အနားသို့ ရောက်လာပြီး မေးလေတော့သည်။

'ခင်ဗျား ကျွန်တော့ကားတံဆိပ်ကို ဘယ်လိုပြောတယ်'

'လိပ် လို့'

'ပြန်ပြောစမ်း' စပယ်ယာ အသံမှာဒေါသသံပါလာသည်။

'လိပ်ပါဆိုနေမှကွာ' ဟု ကျွန်ုပ်က ပြန်ဖြေလိုက်သည်။

စပယ်ယာမှာ အသားများတစ်ဆက်ဆက်တုန်အောင် ဒေါသ ထွက်နေသည်။







'ခင်ဗျားကြီးရိုင်းလှချည်လား'

'ဘာရိုင်းလို့လဲ' ကျွန်ုပ်ကပြန်မေးလိုက်သည်။

'ကျွန်တော့်တို့ကားကို စီးဖို့စောင့်နေတဲ့ခရီးသည်တွေ ကျွန်တော်တို့ကား လာရင်ဘယ်လိုပြောမလဲ သိလား'

'လိပ်တစ်စီးလာပြီ၊ စီးရအောင်လို့ပဲပြောမှပေါ့ကွာ'

'အဲဒါရိုင်းတာပေါ့၊ အဲဒါရိုင်းတာပေါ့' ဟုစပယ်ယာပါးစပ်မှ ပြောရင်း ဒေါသများ တရိတ်ရိတ်တက်နေသည်။

'ဘာရိုင်းတာပါလို့လဲ'

'လိပ်တစ်စီးဆိုတဲ့စကားကိုက သိပ်ရိုင်းနေတာ'

'ဟကောင်ရ လိပ်ပုံပါမှတော့ လိပ်တစ်စီးပေါ့၊ ပုဇွန်ရုပ်ပုံပါမှ တော့ ပုဇွန်တစ်စီးပေါ့' ဟု ကျွန်ုပ်က ဖြေရှင်းချက် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## မြင်ကွင်းစုံမှုခင်း

'ကျွန်တော်ကားကို စီးမယ့်ဈေးဝယ်နေသူဆို ဘယ်လိုပြောမလဲ၊ စဉ်းစားကြည့် အမရေမြန်မြန်လုပ်ပါ ဟိုမှာ လိပ်တစ်စီး လာနေပြီ လို့ဆိုရင် အဲဒါဘယ်လောက် ရိုင်းလိုက်မလဲ၊ ကျွန်တော်ကားနဲ့ ကျောင်းတက်တဲ့ ကျောင်းသားတွေဆို ဟိုမှာ လိပ်တစ်စီး လာပြီ ဟိုမှာ လိပ်တစ်စီးလာပြီနဲ့ ဘယ်လောက်များရိုင်းမလဲ'

၎င်းကဆက်၍ 'မြန်မာတွေက ကာရန်နဘေ ယှဉ်တတ်ကြတယ် ထိပ်တစ်စီးလို့ တစ်ယောက်က ပြောလိုက်တာနဲ့ နောက်တစ်ယောက်က ထီးတံဆိပ်လို့ တန်းကနဲပြောတတ်ကြတာ၊ ခု လိပ်တစ်စီး လို့ပြောတာနဲ့ နောက်လူပြောရမဲ့စကားဟာ တော်ပြီဗျာ ခင်ဗျားခု ကားပေါ်ကဆင်း မဆင်းရင်တော့ စက်နှိုးတဲ့ ဂေါက်တံက ခင်ဗျားခေါင်းပေါ် ရောက်သွားမယ်၊ လိပ်တစ်စီးတဲ့ဟား . . .'

စပယ်ယာခင်မြာမှာ ဂေါက်တံကြီးကို ကိုင်ရင်း ဒေါသတွေနဲ့ တုန်၍ပင်နေတော့သည်။

ကျွန်ုပ်သည် စပယ်ယာကို မကြောက်သော်လည်း စပယ်ယာ ၏လက်ထဲမှ စက်နှိုးသည့်ဂေါက်တံကို ကြောက်၍ ကာ ဘာမျှပြောမနေ တော့ဘဲ ကားပေါ်မှ ဆင်း၍ကျန်ရစ်ခဲ့သည်။

ဆင်းရမည့် မှတ်တိုင်မရောက်မီ လမ်းဆင်း၍လျှောက်ပြန်ခဲ့ရသည့် အကြိမ်များမှာလည်း မနည်းတော့ပါချေ။

ယနေ့အဖို့တော့ စပယ်ယာနှင့် ကျွန်တော်တို့ အဖြစ်ကို ပြန်တွေးရင်း မိုးဖွဲဖွဲအောက်တွင် တစ်ကိုယ်တည်း ပြုံးဖြစ်ခဲ့ပါသတည်း။

တိုးဇေ





www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



“ခင်မမ ခင်များ ကျွပ်အနားကိုမလာနဲ့ မလာနဲ့။ ခင်များကို ကျွပ်မသတ်ဖူး မသတ်ဖူး”

ရန်ကြီးအောင်က မျက်စိထဲတွင် ရုတ်တရက်မြင်တွေ့လိုက်ရသည့် ခင်မမကြောင့် အံ့အားသင့် ထိတ်လန့်ပြီး ကြောက်ရွံ့တကြီး ပြောလိုက်သည်။ ခင်မမကရန်ကြီးအောင် စကားသံကို ကြားဟန်မတူ။

နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး အခဲမကျေနိုင်သည့်အလား ခက်ထန်သည့် မျက်နှာထားဖြင့် ရန်ကြီးအောင်ကို ကြည့်ရင်း တဖြည်းဖြည်း ချဉ်းကပ် လာနေခဲ့ဖြစ်သည်။ ရန်ကြီးအောင် ခန္ဓာကိုယ်တစ်ခုလုံး ချွေးသီးများဖြင့် ရွှဲနစ်ပြီး ခင်မမလက်မှ လွတ်မြောက်ရန် လမ်းစရှာကြည့်လိုက်မိသည်။ အခန်းတစ်ခုလုံး တွက်ပေါက်ဆို၍ အိပ်မကြီးတံခါးပေါက်တစ်ခုနှင့် သံတိုင်များကာထားသည့် ပြတင်းပေါက်တစ်ခုသာ ရှိသည်။

ရန်ကြီးအောင် ညဦးကတည်းက မီးလုံးတစ်လုံးကို အခန်းထဲတွင် ထွန်းပြီး တစ်နေ့တာလုံး ကားစီးလာခဲ့ရသည်။ ပင်ပန်းမှုကြောင့် ကုတင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျသွားမိခြင်းဖြစ်သည်။ ရုတ်တရက် ထူးခြားသည့်အသံကြောင့် အိပ်ရေးဝတ်သူတစ်ဦးပီပီ လန့်နိုးသွားပြီး ခန္ဓာကိုယ်မလှုပ်ရှားဘဲ အသံကြားရာဆီသို့ လှမ်းကြည့်လိုက်မိသည်။

အခန်းတံခါးဘေးရှိ ဘီရိုကြီးတစ်ခုကို ကျောမှီရပ်ပြီး ရန်ကြီးအောင် မယုံနိုင်အောင် ဖြစ်သွားမိရင်း မျက်စိကိုအခါခါ ပွတ်သပ်ပြီးကြည့်လိုက်မိသည်။ ရန်ကြီးအောင်အကြည့် မမှားနိုင်ပါ။ ခင်မမမှ ခင်မမ အစစ်ဖြစ်နေသည်။ ရန်ကြီးအောင် တုန်လှုပ်ချောက်ချားသွားမိရင်း အိပ်ရာမှ အမြန်ဆုံး လူးလဲထပြီး အားကုန်အော်လိုက်မိသည်။ ရန်ကြီးအောင်၏ ကြောက်ရွံ့တကြီး အသံလှိုင်းက အခန်းထဲတွင် ဟိန်းသွားလေသည်။

“တံခါးဖွင့်စမ်း ရန်ကြီးအောင် တံခါးဖွင့်စမ်း”





ရန်ကြီးအောင် ခင်မမကိုကြည့်ပြီး မှင်သက်မိရင်း ခန္ဓာကိုယ်တစ်ခုလုံး ချွေးများရွှဲနစ်နေမိသည်။ ထိုစဉ်အပြင်ဖက်ဆီမှ တံခါးခေါက်သံ ပြင်းပြင်းနှင့်အတူအသံကိုကြားလိုက်ရ၍ ရန်ကြီးအောင် အခန်းတံခါးဆီသို့ တစ်ချက်လှမ်းကြည့်ပြီး မလုံမလဲစိတ်နှင့် ပြန်ကြည့်လိုက်မိသည်။ ခင်မမ မရှိတော့။ ရန်ကြီးအောင် မိမိအဖြစ် ကို မယုံနိုင်အောင် ဖြစ်သွားမိရင်း အခန်းတံခါးဆီသို့ လေးလံနေးချိသည့် ခန္ဓာကိုယ်ဖြင့် တံခါးကျက်ကို လျှင်မြန်စွာ ဖွင့်လိုက်သည်။

“ရန်ကြီးအောင် မင်းဘာဖြစ်လို့လဲ တစ်ကိုယ်လုံးလဲ ချွေးတွေ ရွှဲနစ်နေပါလား”

သူငယ်ချင်းဖြစ်သူ စောလု၏စိုးရိမ်တကြီး စကားသံကြောင့် ရန်ကြီးအောင် ဘာစကားဟုန် ပြန်ပြောရမှန်းပင် မသိတော့။ ငူငူကြီးရပ် နေမိခဲ့ဖြစ်သည်။

“ဟေ့ကောင်... ရန်ကြီးအောင် မင်းဘာဖြစ်နေတာလဲ။ ငါ့ကို ပြောစမ်းပါဦးကွာ”

စောလုက ရန်ကြီးအောင် လက်မောင်းကို ဆုပ်ကိုင်ပြီး ကုတင်ဘေးရှိထိုင်ခုံပေါ်သို့ ထိုင်ခိုင်းလိုက်မှ ရန်ကြီးအောင် ထိုင်ခုံပေါ်တွင်ထိုင်ရင်း အခန်းတစ်ခုလုံးကို စိတ်မလုံမလဲဖြင့် လှည့်ပတ်ကြည့်နေခဲ့ ဖြစ်သည်။

“ရန်ကြီးအောင် မင်းကို ငါမေးနေတာလေ။ ငါက မင်းသူငယ်ချင်း စောလုလေကွာ။ မင်းဒီအခန်းထဲမှာ ဘာဖြစ်ခဲ့တယ်ဆိုတာ ငါမသိရဘူးလား”

စောလု အတန်တန်မေးမှ ရန်ကြီးအောင် မိမိအဖြစ်ကို ပြန်တွေးမိရင်း ကျောချမ်းသွားမိသည်။

“မင်း... မင်း.. ငါအခန်းထဲကို ဘာဖြစ်လို့လာတာလဲ စောလု”

“ငါ.., အိပ်ပျော်နေတုန်း မင်းအခန်းထဲမှာ ပလုံးပထွေးစကား သံတွေကြားရလို့ကွ။ ပြီးတော့ မင်းအော်သံကိုပါ ထပ်ကြားရလို့၊ မင်းကို စိတ်မချလို့ လာမေးတာ။ မင်းဒီအခန်းထဲမှာ ဘယ်သူနဲ့စကားပြောနေ တာလဲ”

www.burmeseclassic.com



"ငါ… ငါ့ဆီကို သူ… သူလာတယ် စောလု"

"ဘယ်လို မင်းဆီကို သူလာတယ်ဟုတ်လား။ မင်းပြောတဲ့ သူက ဘယ်သူလဲ။ ငါ့ကိုပြောစမ်းပါဦး။ ဒီတစ်အိမ်လုံးမှာ မင်းရယ်၊ ငါရယ်၊ ထမင်းချက်အဘိုးကြီးဦးရှုံနဲ့ သုံးယောက်ပဲရှိတာ။ ဒါထဲ မင်းက မကြာပီ မင်းမိဘတွေ ပေးစားမယ့် ခင်လှလှနဲ့ လက်ထပ်ရမယ်ဆိုတော့ မင်းအပျော်လွန်ပြီး စိတ်ကူးနဲ့ ရှူးနေတာလား ရန်ကြီးအောင်"

စောလုအမေးစကားကြောင့် ရန်ကြီးအောင်က ဘဝတွင် ခင်မမ တစ်ဦးကလွဲ၍ ဘယ်မိန်းမမှ နှလုံးသားသံယောဇဉ် မတွယ်ဖူးခဲ့။ ဒါကြောင့်လည်း ရန်ကြီးအောင် မိဘဆန္ဒကို မလွန်ဆန်နိုင်၍ ခွင့်ယူပြီး သူငယ်ချင်း စောလုတစ်ဦးတည်းနေထိုင်ရာ တောင်ပေါ်မြို့လေးရှိ အိမ်ကြီးသို့ ပြန်းစား ကြီးရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

"ငါ… ငါ… သူ့ကို သိပ်ချစ်တယ် စောလု၊ ငါသိပ်ချစ်ခဲ့လို့လဲ သူ့ကို… သူ့ကို"

ရန်ကြီးအောင် ရှေ့ဆက်ထွက်မည့်စကားကို အချိန်မီရပ်တန့် လိုက်ပြီး စိတ်မလုံမလဲဖြင့် စောလုကို ကြည့်လိုက်မိသည်။ စောလုက ရန်ကြီးအောင်အဖြစ်ကို ကြည့်ပြီးမယုံနိုင်အောင် ဖြစ်သွားမိသည်။

"ငါ… မင်းအဖြစ်ကို သိပါတယ် ရန်ကြီးအောင်၊ မင်းခင်လှလှ အပေါ် မင်းမိဘတွေကို မလွန်ဆန်နိုင်လို့ လက်ခံလိုက်ရပေမယ့် မင်းနှလုံးသားမှာ ခင်လှလှအပေါ် မေတ္တာသက်ဝင်မှုမရှိဖူးဆိုတာ ငါလက်ခံပါတယ်။ မင်းက ရည်းစားများတဲ့သူမဟုတ်လား။ ကဲ… သိပ်လဲစဉ်းစားမနေပါနဲ့ ရန်ကြီးအောင်ရာ ငါ့အိမ်ရောက်တုန်း စိတ်လွတ်လွတ်လပ်လပ်ထားပြီး လူပျိုဘဝရဲ့ အရသာကို နောက်ဆုံးခံစားလိုက်စမ်းပါကွာ"

စောလုက ရန်ကြီးအောင်ကို ပြောဆိုပြီး အခန်းထဲသို့ လှည့် ပတ်ကြည့်လိုက်မိသည်။ ရန်ကြီးအောင် အိပ်သည့်ကုတင်အောက်မှ အမှတ်မထင် တွေ့လိုက်ရသည့်အရာ။ စောလု စိတ်ဝင်စားပြီး ထိုင်နေရာ မှထ၍ ကောက်ယူကြည့်လိုက်မိရင်း အံ့အားသင့်သွားမိသည်။

"ရန်… ရန်ကြီးအောင် ဒီဓာတ်ပုံထဲက မိန်းမက မင်းနဲ့ ဘယ်လို



မြင်ကွင်းစုံမှုခင်း



များ ပတ်သက်ခဲ့တယ်ဆိုတာ ငါ့ကိုပြောစမ်းပါဦးကွာ"

စောလု ကမ်းပေးသည့် ဓာတ်ပုံကို ရန်ကြီးအောင် မဝံ့မရဲလှမ်း ယူပြီး မကြည့်ရဲ။ ရန်ကြီးအောင် လျှို့ဝှက်ထားခဲ့သည့်အဖြစ်။ သည်အဖြစ် ကို ရန်ကြီးအောင် အခင်ဆုံးသူငယ်ချင်းဖြစ်သူ စောလုကိုပင် လုံးဝမပြောခဲ့။

"ဒါနဲ့ သိပ်ခင်တဲ့ မိန်းမတစ်ယောက်ဆိုပါတော့ကွာ။ ငါ့ကိုလက် ဆောင်ပေးလို့ သိမ်းထားခဲ့တာ။ ဘယ်လိုကြောင့် ကုတင်အောက်ကို ကျနေတယ်ဆိုတာ ငါစဉ်းစားလို့မရဖူးကွာ"

ရန်ကြီးအောင်က စောလုကိုပြောပြီး လက်ထဲကဓာတ်ပုံကို ကြည့်လိုက်မိသည်။ ခင်မမ၏ နုပျိုလန်းဆန်းသည့် မျက်နှာနှင့်အတူ ချို သင်းသည့်အပြုံးတစ်ပွင့်။ ပြီး ခင်မမ၏ ညို့မျက်ဝန်းအကြည့်။ စောစောက ရန်ကြီးအောင် တွေ့မြင်လိုက်ရသည့် ခင်မမ၏ ခက်ထန်သည့်အကြည့် နှင့်အတူ နှုတ်ခမ်းနှစ်လွှာကို စေ့စေ့စပ်စပ်ပိ ထားသည့်ဟန်။ ရန်ကြီးအောင် ခင်မမကို ကြည့်ရင်း ရင်တဒိန်းဒိန်း မြည်အောင် ခုန်သွားမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း... စိတ်တွေ သိပ်လှုပ်ရှားနေပြီနဲ့တူတယ်။ ရေအေးအေးလေး တစ်ခွက်သောက်ပြီး အနားယူလိုက်ပါဦးကွာ။ အချိန်လဲမနည်းတော့ဖူး။ ငါသွားတော့မယ် ရန်ကြီးအောင်"

ရန်ကြီးအောင် စကားမတုံ့ပြန်နိုင်ဘဲ ခေါင်းညိတ်ရုံသာ ညိတ်ပြပြီးလိုင်းနဲ့ကို ခေါင်းမှီရင်း ခင်မမအဖြစ်ကို မယုံနိုင်အောင် ဖြစ်သွားမိသည်။ ပြီးလက်ထဲရှိ ခင်မမ ဓာတ်ပုံလေးကို တစ်စဆီချေမွှပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ပြီးကုတင်ပေါ်သို့ ဆက်အိပ်ရန် မဝံ့ရဲတော့။ အနီးရှိ ရေအေးတစ်ခွက်ကို ကမန်းကတန်း ခပ်သောက်လိုက်ရင်း စိတ်ဆုံးဖြတ်ချက်ချလိုက်သည်။

* * * * *

"ကျွန်တော်အိပ်မှာ ရန်ကြီးအောင် နောက်ဆုံးအိပ်ခဲ့တဲ့ ညက အဖြစ်အပျက်က အဲဒါပါပဲ"

"အေးဗျာ... ကျုပ်တို့က သူ့နောက်ကို အရိပ်မပါလိုက်နေမှန်းသိလို့ ခုလိုညကြီးမင်းကြီး ဒီအိမ်ကြီးကနေ ရန်ကြီးအောင် အမြန်ဆုံးထွက်သွားတာပဲ ဖြစ်မယ်"

လျှော့စွန့်စားကိုဘဟိန်းက ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်ရင်း စောလှကို ကြည့်ပြီးပြောလိုက်သည်။ စောလှက ရန်ကြီးအောင်အဖြစ်ကို သိလိုက်ရ၍ အံ့ဩမဆုံးနိုင်အောင် ဖြစ်နေဟန်တူသည်။

"ကျွန်တော့် သူငယ်ချင်းအဖြစ်ကို ခုလိုသိရတော့ စိတ်မကောင်းဖြစ်မိပါတယ်ဗျာ"

"အေးဗျာ... ခင်ဗျား သူငယ်ချင်းအတွက် ခင်ဗျားစိတ်မကောင်းဖြစ်သလို ကျုပ်လဲ ကိုရန်ကြီးအောင်အတွက် ပဟေဠိတစ်ပုဒ် ဖြစ်နေမိတာအမှန်ပါပဲ။ ခုကိစ္စက မိန်းမတစ်ယောက်ကို သတ်ရလောက်အောင် ဖြစ်ခဲ့မိတဲ့ ခံစားချက်ကို သိချင်လို့ ကျုပ်ရန်ကြီးအောင်နောက်ကို လိုက်နေရတာပဲ"

"ဗျာ... ရန်ကြီးအောင်က မိန်းမတစ်ယောက်ကို သတ်... သတ်





ခဲ့တယ်ဟုတ်လား။ ဒါဆို ရန်ကြီးအောင်နဲ့ မိဘတွေ သဘောတူထားတဲ့ ခင်လှလှများလား"

"မဟုတ်ဘူး ကိုစောလှ။ ခုရန်ကြီးအောင် သတ်တယ်လို့ လက်ဆုပ်လက်ကိုင် မပြနိုင်သေးလို့ ကျုပ် ရန်ကြီးအောင်ရဲ့ အခြေအနေကို လေ့လာစုံစမ်းနေရတုန်းပဲ။ အဲ... ခုအသတ်ခံရတဲ့ မိန်းမက သူပဲ"

လျှော့စွန့်စားကိုဘဟိန်းသည် အစိတ်စိတ်အမွှာမွှာ ဖြစ်နေသည့် ခင်မမ ဓာတ်ပုံလေးကို စားပွဲခုံပေါ်တင်ပြီး ဆက်စပ်နေသည်ကို တွေ့လိုက်ရ၍ စောလှပင် အံ့အားသင့်သွားမိသည်။

"ဒီမိန်းမက ရန်ကြီးအောင်နဲ့ သိပ်ခင်မင်တဲ့ သူလို့ပြောခဲ့တာပဲ"

"မဟုတ်ဘူး ကိုစောလှ ဒီဓာတ်ပုံရှင်က ခင်မမဆိုတဲ့ အမျိုးသမီးပဲ။ ရတနာအရောင်းအဝယ် လုပ်နေတဲ့သူပါ။ အဲဒါကိုရန်ကြီးအောင်နဲ့ပတ်သက်ပြီး တွဲသွားတွဲလာရှိခဲ့တာ အတန်ကြာခဲ့ပြီ။ ကဲ... ကျုပ်လဲစကားကောင်းနေလို့ မဖြစ်ဘူး ကိုစောလှ။ ခုလို ရန်ကြီးအောင်အဖြစ်ကိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

လျှော့စွန့်စားကိုဘဟိန်းသည် ကိုစောလှကို နှုတ်ဆက်ပြီး အိမ်ကြီးပေါ်မှဆင်းလိုက်လေသည်။ ကျွန်ုပ်သည် လျှော့စွန့်စားကိုဘဟိန်းကို ကြည့်ပြီး ကိုရန်ကြီးအောင် အိပ်ခဲ့သည့်အခန်းထဲမှ အသတ်ခံရသူ ခင်မမ ဓာတ်ပုံကိုမြင်ယောင်မိရင်း များစွာသနားသွားမိလေသည်။

"ဘယ်လိုလဲ အိုင်ပီရဲ့ တစ်ချိန်လုံး စကားမဆိုဘဲ ငြိမ်ချက်သားကောင်းနေပုံထောက်ရင် ကိုရန်ကြီးအောင်အဖြစ်ကို တွေးမိပြီး ခင်မမကို အတော့်ကို သနားနေပြီနဲ့တူတယ်"

"ဟုတ်တယ် ကိုဘဟိန်းရေ၊ ကျုပ်က ခင်မမအဖြစ်ကို တွေးပြီးကရုဏာသက်နေမိတာ အမှန်ပဲ။ အဲဒါကြောင့် လူသတ်တရားခံကို လက်မတင်လေး လွတ်သွားတာ သိပ်နာသွားတယ်ဗျာ"

"သိပ်လဲ စိတ်မပူပါနဲ့ အိုင်ပီရယ်။ ကျုပ်တို့ ကိုရန်ကြီးအောင်

www.burmeseclassic.com



ကို အေးအေးဆေးဆေး ဖမ်းလို့ရပါတယ်။ ခုလောလောဆယ်တော့ ကျောက်ဘသိုက်ရှိတဲ့ လောင်းကစားဝိုင်းဆီကို အမြန်ဆုံးသွားမှ ဖြစ်မယ် အိုင်ဇီ"

"ဘယ်လို ကိုဘဟိန်း ကျောက်ဘသိုက် ဟုတ်လား"

"ဟုတ်တယ် အိုင်ဇီ။ ကျုပ်တို့ မီးရထားနဲ့ အမြန်ဆုံးသွားမှ ဖြစ်မယ်"

လူစွန့်စားကိုဘဟိန်းသည် ကျွန်ုပ်ပြောဆိုပြီး ဘူတာရုံလေးထဲသို့ရောက်သောအခါ မီးရထားတစ်စင်း အသင့်ဆိုက်လာ၍ တွဲပေါ်သို့တက်ပြီး ထိုင်ခုံတွင် ထိုင်လိုက်မိလေသည်။ သို့တိုင် ကျွန်ုပ်သည် လူစွန့်စားကိုဘဟိန်းအပေါ် စိတ်ဘဝင်မကျ ဖြစ်မိနေဆဲပင်။

"အိုင်ဇီသံဇိဇ်က ကျုပ်အပေါ် စိတ်ဘဝင်မကျ ဖြစ်နေတယ်နဲ့ တူတယ်"

"ဟုတ်တယ်ဗျို့၊ ဟုတ်တယ် ခုအချိန်မှာ ခင်မမ အသတ်ခံရမှုအတွက် ကိုရန်ကြီးအောင်ကို အမိဖမ်းနိုင်ဖို့ပဲ မဟုတ်လား။ ဘယ်နှယ့်ကြောင့် ကျောက်ဘသိုက်ဆီကို သွားနေရတာလဲ ကိုဘဟိန်း"

"ဟဲ...ဟဲ.. အိုင်ဇီသံဇိဇ်ကလဲ စိတ်ဆန္ဒစောရန်ကောဗျာ။ ဒါဘာလဲဆိုတာ ကြည့်စမ်းပါဦး"

လူစွန့်စားကိုဘဟိန်းစကားကြောင့် ကျွန်ုပ်ကြည့်လိုက်မိ၍ရာ လက်ဝါးထဲမှ ကျောက်စီလေးတစ်လုံးကို ထူးဆန်းစွာ တွေ့လိုက်ရလေသည်။

"ကျောက်စီလေး တစ်လုံးပါလားကိုဘဟိန်း။ ဘာလဲ ကိုဘဟိန်းက ဒီကျောက်စီလေးကို ဘယ်သူ့ကို လက်ဆောင်များပေးဖို့ ရည်ရွယ်ထားလဲ"

"ကျုပ်... ဘယ်သူ့ကိုမှ လက်ဆောင်ပေးဖို့ ရည်ရွယ်ရင်း မရှိပါဘူးဗျာ။ ဒီကျောက်စီလေးကို ကိုရန်ကြီးအောင် အိပ်ခဲ့တဲ့ ကုတင်ပေါ်က ရခဲ့လို့ပဲ အိုင်ဇီသံဇိဇ်"







ကျွန်ုပ်သည် အံ့အားသင့်သွားပြီး၊ လူစွန့်စားဘဟိန်း ကျောက်ဘသိုက်ထံသို့ ဦးတည်သွားနေခြင်းကို သဘောပေါက်သွားမိလေသည်။

"ဒီကျောက်စီလေးကို တန်ဖိုးဖြတ်ရရင် သိန်းကျော်တန်တယ်လို့ ဆိုပေမယ့် ချစ်သူလက်ဆောင် ပေးထားတဲ့ ပစ္စည်းဆိုတော့ ခန့်မှန်းလို့မရနိုင်အောင် တန်ဖိုးကြီးမားတယ်လို့ ပြောရမှာပဲ အိုင်ဇီ"

ကျွန်ုပ်သည် လူစွန့်စားကိုဘဟိန်း စကားသံနှင့်အတူ မကြာမီ ကျောက်ဘသိုက်ရှိရာ လောင်းကစားဝိုင်းသို့ ရောက်တော့မည်ဖြစ်၍ ပို၍စိတ်ဝင်စားသွားမိလေသည်။

"ကိုဘဟိန်း၊ ကျောက်ဘသိုက် လောင်းကစားဝိုင်းမှာရှိတာ။ သေချာရဲ့လား"

"မသေချာပဲနဲ့ ကျုပ်သွားပါ့မလားဗျာ။ ခုတလော ကျောက်ဘသိုက် လောင်းကစားမှာ ရှုံးနေလို့ ငွေမျောရင် ငွေနဲ့လိုက်ဆိုသလို၊ လောင်းကစားဝိုင်းမှာပဲ ရှိနေတယ်ဆိုတာ ကျုပ်သေသေချာချာ သိခဲ့ရတယ် အိုင်ဇီ"

မကြာမီ ဘူတာရုံလေးတစ်ခုသို့ မီးရထားဆိုက်ရောက်၍ ကျွန်ုပ်နှင့်လူစွန့်စားကိုဘဟိန်း မီးရထားပေါ်မှ လျင်မြန်စွာ ဆင်းလိုက်လေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"ခုလို ကျောက်ဘသိုက်ကို ကျုပ်ဖမ်းရတာက ခင်မမကို သတ်မှုကြောင့်ပဲ"

"ဗျာ... ကျုပ်... ကျုပ်... ခင်မမကို သတ်မှုဟုတ်လား။ ကျုပ်လုံးဝ မသတ်ဘူး၊ မသတ်ဘူး"

ကျောက်ဘသိုက်သည် လှစွန့်စားကိုဘဟိန်းစကားသံကို ကြားလိုက်ရ၍ အံ့အားသင့်ပြီး ဖေ့ဖွေးများ ပြန့်ကာ၊ ထပြေးရန် လှုပ်ရှားလိုက်သည်။

"ကျောက်ဘသိုက်ရယ် ကျောက်ဘသိုက် ဘယ်လိုပြေးပြေး ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်နိုင်ပါဘူးဗျာ။ ကျုပ်က ကျောက်ဘသိုက်နဲ့ ခင်မမနောက်ဆုံး တွေ့ဆုံတဲ့ညမှာ ခင်မမကို ထိုင်ခုံနဲ့ရိုက်ပြီး ထွက်ပြေးရင်း ကျန်ခဲ့တဲ့ ပယောဒီကျောက်နီလေးကြောင့် ကျောက်ဘသိုက်ကို ခင်မမ သတ်မှုအတွက် ကျုပ်ဖမ်းရတာပါပဲ"

ကျောက်ဘသိုက်သည် လှစွန့်စားကိုဘဟိန်း လက်ထဲမှ ကျောက်နီလေးကို ကြည့်ပြီး၊ ခေါင်းငိုက်စိုက်ကျသွားလေသည်။

"ဆက်ပြီး ပြောရရင်တော့ ပထမဆုံး ခင်မျှားကလိန်ကကျစ်ကျပြီးရလာတဲ့ ကျောက်တွေကို လောင်းကစားဝိုင်းမှာ အရှုံးကြီးရှုံးခဲ့လို့ နောက်ဆုံး ခင်မမဆီမှာ ကျောက်ဝယ်ဖို့ ဟန်ဆောင်ပြီး ခင်မမရဲ့ကျောက်ကို အလစ်ယူဖို့ ကြိုးစားခဲ့တာ။ ခင်မျှားမရခဲ့ဘူး မဟုတ်လား။ ပြီးတော့ ခင်မျှားနဲ့ ခင်မမဆီမှာ ပိုက်ဆံတောင်းမရလို့ အချင်းများနေတုန်း ခင်မမရည်းစားဖြစ်တဲ့ ရန်ကြီးအောင် ဖြုန်းဆိုရောက်လာတော့ ရန်ကြီးအောင်က သွေးအိုင်ထဲမှာ လဲနေတဲ့ ခင်မမကိုတွေ့ပြီး ပြေးမွေ့နေတုန်း ခင်မျှားက ခင်မမကို သတ်တာရန်ကြီးအောင်ပါလို့ သတင်းများပေးပြီး ရှောင်တိမ်းခဲ့တာ မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ် ကိုဘဟိန်း"

လှစွန့်စားကိုဘဟိန်းသည် ခင်မမကို သတ်သည့်တရားခံ အစစ်ဖြစ်သူ ကျောက်ဘသိုက်ကို ဖော်ထုတ်ဖမ်းဆီးပြီး ကျွန်ုပ်ကိုခေါ်ငေး





လက်ဖက်ရည်ဆိုင်တွက် လက်ဖက်ရည်သောက်နေလေသည်။ သို့တိုင် ကျွန်ုပ်သည် စိတ်ဘဝင်မကျနိုင်ပဲ ဖြစ်နေသည်ကို လှစွန့်စားဘဟိန်းက ရိပ်စားမိဟန်ဖြင့် ကျွန်ုပ်ကိုကြည့်ကာ...

"အိုင်ပီသံခိဝ် ကျုပ်မေးချင်တဲ့ မေးခွန်းတွေမရှုသေးလို့ စိတ်အာသာမပြေသေးဘူးနဲ့ တူတယ်"

"ဟုတ်တယ် ကိုဘဟိန်း၊ ခင်မမ အသတ်ခံရမှုမှာ ဘာဖြစ်လို့ တရားခံအစစ်မဟုတ်တဲ့ ကိုရန်ကြီးအောင် နောက်ကိုလိုက်နေရတာလဲ လို့ပါ"

"ဒါတော့ အိုင်ပီရယ်၊ လောလောဆယ် ကျောက်ဘသိုက် အကွက်ဆင်ထားတဲ့အတိုင်း ယုံကြည်အောင် ကျုပ်ကိုရန်ကြီးအောင်နောက်ကို လိုက်နေရတာပေါ့။ ပြီးတော့ ကျုပ်တို့ ကိုရန်ကြီးအောင်နောက်ကို လိုက်ရင်း ကျောက်နီလေးရခဲ့တာက ခင်မမအသတ်ခံရမှုအတွက် အထောက်ကို ဟန်ကျသွားတာဗျ"

လှစွန့်စားကိုဘဟိန်း စကားကြောင့် ကျွန်ုပ်အံ့အားသင့်သွားမိလေသည်။

"နေပါဦး ကိုဘဟိန်းရယ်၊ ကျောက်နီလေးဆိုလို့ ဒီကျောက်နီလေးကိုတွေ့ပြီး ကျောက်ဘသိုက်က ဘာကြောင့် တုန်လှုပ်သွားရတာလဲ ကိုဘဟိန်း။ ပြီးတော့ ကိုရန်ကြီးအောင်ဆီကရခဲ့တဲ့ ကျောက်နီလေးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"တစ်နေ့ ဒီလိုမေးခွန်းစကားကို အိုင်ပီသံခိဝ်မေးမယ်ဆိုတာ ကျုပ်တထစ်ချ တွက်ဆပြီးသားပါဗျာ။ အဲဒါကြောင့် ကျုပ်ကိုရန်ကြီးအောင် နောက်ကို မရမက လိုက်နေရတာပဲ။ အဖြစ်ကတော့ ဒီလိုဗျ ခင်မမက ရန်ကြီးအောင်ကို ကျောက်နီလေး မေတ္တာလက်ဆောင်ပေးခဲ့သလို၊ ကျောက်ဘသိုက်ကိုလဲ အရွယ်တူကျောက်နီလေး တစ်လုံးပေးထားခဲ့တယ်။ ခင်မမ ပေးခဲ့တာကို ကိုရန်ကြီးအောင် မသိသလို၊ ကျောက်ဘသိုက်လဲ မသိဘူး တကယ်တော့ ခင်မမနဲ့ ကျောက်ဘသိုက်က အရင်က လင်မယားဖြစ်ပြီး ကွဲသွားကြတာ။ ကျောက်ဘသိုက်က လောင်းကစားဝိုင်းမှာ ရှုံးပြီး ခင်မမ



www.burmeseclassic.com

www.burmeseclassic.com



ဆိုမှာ ဝိုက်ဆံတောင်းရင်း အချင်းများခဲ့တာပါ။ ကျုပ်ကိုရန်ကြီးအောင်ဆီကရရှိခဲ့တဲ့ ကျောက်နီကိုပြတော့ ကျောက်ဘသိုက် ငြင်းဆန်လို့မရဘဲ။ ဝန်ခံခဲ့ရတာပဲ"

"ဒါဆို ကိုဘဟိန်းက ကျောက်နီလေးတစ်လုံးကို ပဋ္ဌလက်ဆန်ဆန်ကျောက်ဘသိုက်ကို ပြပြီးဖမ်းလိုက်ရတာပေါ့"

"ဟုတ်တယ် အိုင်ဝီ။ ဒီကျောက်နီလေးကို ကျောက်ဘသိုက်က ကိုယ်နဲ့မကျွာထားခဲ့တာလေ။ ဒါပေမယ့် လောင်းကစားဝိုင်းတစ်ခုမှာ ရှုံးခဲ့တာကို သတိမရဘဲ ခင်မမကိုသတ်တဲ့ညမှာ ကျန်ရစ်ခဲ့တယ်လို့ ထင်ခဲ့တာလေ။ အဲဒါကြောင့် ကျုပ်နဲ့အိုင်ဝီ လက်ဖက်ရည်သောက်ပြီး ကိုရန်ကြီးအောင်နောက်ကို လိုက်ရဦးမယ်ဗျို့"

"ကိုရန်ကြီးအောင်က ထွက်ပြေးနေပြီ မဟုတ်လားကိုဘဟိန်း"

"ကိုရန်ကြီးအောင် ထွက်မပြေးတော့ပါဘူး။ သူ့သူငယ်ချင်းတွေလုံရဲ့ အိမ်ကြီးကို ပြန်ရောက်နေပါပြီ။ တကယ်တော့ ခင်မမ သွေးအိုင်ထဲမှာလဲကျနေတာကို မြင်ရင်း ခင်မမ ဆုံးသွားတာသိပြီး သူ့ကိုယ်သူ ခင်မမကို သတ်ခဲ့မိပြီလို့ သံသယစိတ်ဝင်ပြီး ခင်မမဓာတ်ပုံကို ကြည့်ကြည့်ပြီး မအိပ်နိုင် မစားနိုင်ဘဲ ဝေဒနာခံစားနေရတာဗျ။ ကြာရင် စိတ္တဇဖြစ်သွားမှာသေချာတယ်။ အဲဒါကြောင့် ကိုရန်ကြီးအောင်ကို ခင်မမကို သတ်ခဲ့တဲ့ လူသတ်တရားခံအစစ်က ကျောက်ဘသိုက်ဖြစ်ကြောင်း သတင်းစကားကောင်းပို့ချင်လို့ဗျို့ ပို့ချင်လို့"

လူစွန့်စား ဘဟိန်း၏ စကားသံနှင့်အတူ ကျွန်ုပ်သည် ခင်မမ အသတ်ရခံမှုအတွက် လူစွန့်စားဘဟိန်းနှင့် ပဋ္ဌလက်ကျောက်နီ ရှင်းတမ်းဟုခေါင်းစဉ် တပ်၍ဘုတ်အုပ်ထဲတွင် ရေးသားမှတ်တမ်းပြုလိုက်မိလေတော့သတည်း။

ဖေသွန်ကျော်ဦး




သမားတော်ကြီး ဦးမြမောင် (ဝိဇ္ဇာဓရဝဏ္ဏနာဝိဇ္ဇာရှင်)

[illegible]ကုစရဆေးပညာဖြင့် အထူးဖော်စပ်လိုက်သော-

[illegible]ချိုသွေးချိုဆေး

[illegible]ဆီးပေါက် အထူးချုပ်ငြိမ်းရောဂါ [illegible] သက်သာပျောက်ကင်းစေနိုင်သည်။

[illegible]သးဘက်နာဆေး

[illegible] နှလုံး ရင်ကြပ်အတွင်း [illegible] သက်သာ ပျောက်ကင်းစေနိုင်သည်။

[illegible]သွေးတိုးကျဆေး

[illegible] အမြဲသုံးကျွန်းပြီး [illegible] ဆေးစွမ်းသည်။

[illegible]နှင့်အတာအိပ်ဆေး

[illegible] သက်သာပျောက်ကင်းစေသည်။

[illegible]နေ့လိမ်းဆေးဆီ

[illegible] သက်သာပျောက်ကင်းနိုင်သည်။

[illegible]ဒိုနှပ်ပီးယပ်ချက်ဆေး

[illegible] သက်သာပျောက်ကင်း[illegible]

[illegible] သက်သာပျောက်ကင်းစေသည်။

[illegible] သက်သာပျောက်ကင်းနိုင်သည်။

[illegible]သိန္ဓိဆေးတိုက် ([illegible]) ၁၁၁-၁၁၇ ([illegible]) လမ်းမတော်

လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ☎ (၀၁) [illegible]




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိတ်ဆွေ ကိုအုန်းကျော်သည် ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးဖြစ်ပြီး သူ့ခေတ်သူ့အခါက ထိုပညာရပ်တွင် သူ့ကို ယှဉ်နိုင်သူရှားလှ၏။ ကိုအုန်းကျော်သည် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ယူပြီး အင်္ဂလန်နိုင်ငံသို့သွား၍ အောက်စဖို့ဒ်တက္ကသိုလ်တွင် ပညာဆက်လက်သင်ခဲ့သည်။ အောက်စဖို့ဒ်တက္ကသိုလ်တွင် စာသင်ကြားနေချိန်ကပင် သူ့ဆရာများနှင့်အတူ အီဂျစ်နိုင်ငံသို့လိုက်ပါသွားပြီး၊ ဖါရိုဘုရင်များ၏ ဂူသင်္ချိုင်းများတူးဖော်ရေးလုပ်ငန်းတွင် ကူညီခဲ့ဖူး၏။ အောက်စဖို့ဒ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့(ဒီအိတ်ချ်ဒီ)ရပြီးနောက် မြန်မာပြည်သို့ပြန်လာပြီး ရန်ကုန်တက္ကသိုလ်တွင် ကထိကဝင်လုပ်ခဲ့၏။ ထို့နောက် အလုပ်မှနုတ်ထွက်၍ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ဟန်လင်း၊ဗိဿနိုးစသော ရှေးဟောင်းမင်းနေပြည်တိုက်ခဲ့သော နေရာများတွင် လှည့်လည်နေထိုင်၏။ လူပျိုကြီးဖြစ်သည့်အပြင် ကြွယ်ဝချမ်းသာသော မိဘများထံမှ အမွေအမြောက်အမြားရရှိထားသဖြင့်၊ သူဝါသနာပါသော ရှေးဟောင်းသုတေသနအလုပ်များကို အပူအပင်ကင်းမဲ့စွာ လောက်ချ လုပ်ကိုင်နိုင်ခဲ့၏။



## မြင်ကွင်းစုံမှုခင်း

တစ်ခုသော နွေရာသီတွင်သူသည် ဗိဿနိုးမြို့ဟောင်းကို တူးဖော်နေရင်း ပန်ထွာဘုရင်မ၏ ဆေးရည်စိမ်ကြုပ်စည်းထားသော ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့၏။ ထိုအချိန်မှစ၍ သူ့အမည်သည် မြန်မာပြည်နယ်နမိတ်ကိုကျော်၍ အရှေ့တောင်အာရှနှင့် အာရှတိုက်သာမက ဥရောပတိုက်အထိ ကျော်ကြားသွားလေတော့၏။

ပြီတိသျှအစိုးရကလည်း သူ့အားရှေးဟောင်းသုတေသနပြတိုက်တွင် ပြတိုက်မှူးအဖြစ် ခန့်အပ်လိုက်၏။ ပြတိုက်အတွင်းရှိ ပစ္စည်းများမှာ သမိုင်းအရ သာမက ပစ္စည်းတန်ဖိုးအရလည်းအလွန် တန်ဖိုးကြီးမားလေသည်။ ပြတိုက်မှူးရာထူးကို ရှေးဟောင်းသုတေသနလုပ်ငန်းကို အလွန်ဝါသနာပါ၍ ပြတိုက်အတွင်းရှိ ပစ္စည်းများအား စိတ်ချယုံကြည်စွာအပ်နှံသင့်သည်ဟု ယူဆသူကိုသာ ခန့်လေ့ရှိ၏။ ထိုအချိန်တွင် ပါမောက္ခအုန်းကျော်၏အသက်မှာ လေးဆယ့်ငါးနှစ်သာရှိသေး၏။

သူ့အရင်ပြတိုက်မှူးမှာဦးစံရွှေမောင်ဖြစ်၏။ ဦးစံရွှေမောင်မှာ ပင်စင်ယူမည်ဖြစ်သဖြင့် သူ့နေရာတွင် ပါမောက္ခအုန်းကျော်အား ခန့်ထားခြင်းဖြစ်သည်။ ဦးစံရွှေမောင်သည် ဝိဇ္ဇာဘွဲ့ရပြီးနောက် ရှေးဟောင်းသုတေသနဌာနသို့ ဝင်ရောက်အမှုထမ်းခဲ့၏။ ရှေးဟောင်းမြို့တော်များ တူးဖော်ရေးလုပ်ငန်းကို နှစ်ပေါင်းများစွာ ကွင်းဆင်းဆောင်ရွက်ခဲ့သူဖြစ်၏။ ဦးစံရွှေမောင်မှာ မုဆိုးဖိုဖြစ်ပြီး သမီးတစ်ယောက်နှင့် အတူနေထိုင်လေသည်။ ဦးစံရွှေမောင်၏သမီး ခင်မေဦးမှာ အလွန်ချောမောလှပသူအဖြစ် ကျော်ကြားနေ၏။

ပါမောက္ခအုန်းကျော်အား ပြတိုက်မှူးခန့်ကြောင်း ပြန်တမ်းထွက်လာပြီးနောက်တစ်နေ့တွင်ပင် ပါမောက္ခအုန်းကျော်ထံသို့ စာတစ်စောင်ရောက်လာ၏။ ဦးစံရွှေမောင်ရေးလိုက်သော စာဖြစ်သည်။ စာထဲတွင်အရေးပါသော ရာထူးတွင် ခန့်အပ်ခြင်းခံရသော ပါမောက္ခအုန်းကျော်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ သူ့ရာထူးနေရာကို ပါမောက္ခအုန်းကျော်ကဲ့သို့သော ပုဂ္ဂိုလ်အားလွှဲအပ်ရမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူကြောင်းရေးသားထား၏။ အလုပ်အမြန်ဆုံးလွှဲပြောင်းပေးနိုင်အောင် သူစီစဉ်ထားမည့်အကြောင်းလည်း ပါ၏။

အလုပ်လက်ခံမည့်နေ့တွင် ပါမောက္ခအုန်းကျော်က ခေါ်သဖြင့် ကျွန်တော်သူနှင့်လိုက်သွားခဲ့၏။ ဦးစံရွှေမောင်၏နေအိမ်မှာ ပြတိုက်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ ဦးစံရွှေမောင်သည် ကျွန်တော်တို့အားဆီးကြိုနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံလေ၏။ ထို့နောက်ကျွန်တော်တို့အား ပြတိုက်အတွင်းသို့ ခေါ်ဆောင်သွား၏။ ကျွန်တော်တို့နှင့်အတူ ခင်မေဦးနှင့် သူမ၏ခင်ပွန်းလောင်း မောင်သူရဆိုသူ လူငယ်လည်း လိုက်လာကြ၏။

မောင်သူရမှာ အသားညို၍စူးရှထက်မြက်သော မျက်လုံးများရှိ၏။ အရပ်မမြင့်သော်လည်း ကျစ်လစ်သောကိုယ်လုံးကိုယ်ထည်ရှိ၏။ မျက်နှာပေါက်မှာ ယောကျ်ားပီသ၏။ သူ့မိဘများမှာ မိုးကုတ်မြို့မှ ကျောက်ကုန်သည်များဖြစ်သည်ဟု သိရ၏။

ပြတိုက်မှာ အခန်းလေးခန်းဖွဲ့ထား၏။ အလယ်ခန်းမကြီးမှာ အကျယ်ဆုံးနှင့် ရှေးဟောင်းပစ္စည်းများ အပြည့်စုံဆုံးဖြစ်သည်။ ဦးစံရွှေမောင်သည် တစ်ခန်းပြီးတစ်ခန်းဝင်၍သူပြုစုထားသော စာရင်းပါပစ္စည်းများကို ပြသလေသည်။ ပါမောက္ခအုန်းကျော်တစ်ရင်းမိတ္တူတစ်ခုကို ယူထား၏။

ပြတိုက်မှူးဦးစံရွှေမောင်မှာ အသားဖြူ၍ဥပဓိရုပ်ကောင်းသူဖြစ်၏။ ပင်ကိုအားဖြင့် သူ့မျက်နှာမှာ တည်ငြိမ်အေးချမ်းလှ၏။ ထိုနေ့ကပြတိုက်အတွင်းလှည့်လည်၍ ပစ္စည်းများကို ပြသရာတွင် သူ့မျက်နှာညှိုးနွမ်းနေသည်ကို သတိထားမိ၏။ သူနှစ်ပေါင်းများစွာ တာဝန်ယူထိန်းသိမ်းထားခဲ့သည့် ရှေးဟောင်းပစ္စည်းများအား အခြားသူတစ်ဦးကို လွှဲအပ်ရမည့်အတွက် ဝမ်းနည်းနေဟန်တူ၏။

ထို့နောက် ကျွန်တော်တို့သည် အလယ်ခန်းမသို့ရောက်လာကြ၏။ ဦးစံရွှေမောင်သည် အခန်းအလယ်ရှိ မှန်သေတ္တာတစ်လုံးအနားသို့အရောက်တွင် တုန့်ခနဲရပ်လိုက်၏။ ထို့နောက်မှန်သေတ္တာ





အတွင်းရှိပစ္စည်းကို ကျေနပ်နှစ်သက်သောအမူအရာဖြင့် ကြည့်နေလေသည်။

"ဒီပစ္စည်းကို ခင်ဗျား. . ပန်ထွာဘုရင်မအလောင်းမတွေ့ခင်ငါးနှစ်က ကျွန်တော်တူးဖော်ရရှိခဲ့တယ် ဦးအုန်းကျော်. . ဒီကိစ္စဟာ ခင်ဗျားအတွက် ထူးဆန်းမှာမဟုတ်ဘူး. . " ဦးစံရွှေမောင်က ပြော၏။

"ဒါပေမယ့် ခင်ဗျားမိတ်ဆွေ ဦးဘလင်းကိုတော့ ပြရဦးမယ်၊ ကဲ. . ဦးဘလင်း ဒီပစ္စည်းကို သေသေချာချာကြည့်ပေးစမ်းပါဗျာ. . "

ကျွန်တော်သည် မှန်သေတ္တာကို ငုံ့ကြည့်လိုက်၏။ မှန်စီရွှေချကလပ်ပေါ်တွင် ငါးလက်မပတ်လည်ခန့် အရွယ်အစားရှိသော ရွှေထည်ပစ္စည်းတစ်ခုကို တွေ့ရသည်။ ပုံသဏ္ဌာန်မှာ ဆွဲပြားနှင့်တူလေသည်။ ဆွဲပြားပေါ်တွင် အရောင်တဖျပ်ဖျပ်လက်နေသော ပတ္တမြားတစ်ဆယ့်နှစ်လုံးကို မြှုပ်ထားလေသည်။ ပတ္တမြားလုံးများမှာ အရွယ်အစားတစ်ညီတည်းဖြစ်ပြီး သွေးထားပုံမှာလည်း တစ်ပုံစံတည်းဖြစ်၏။

ဦးစံရွှေမောင်သည် သူ့တွင်ပါလာသော သော့ဖြင့်မှန်တံခါးကိုဖွင့်၍ ရွှေဆွဲပြားကိုယူလေ၏။ ထို့နောက် ရွှေဆွဲပြား၏ကျောဘက်ကို ကျွန်တော့်အားပြသည်။ ကျွန်တော်သေချာစွာကြည့်သောအခါ မျက်နှာပြင်ပေါ်တွင် ထူးဆန်းသော အက္ခရာများကိုတွေ့ရ၏။

"ဒါ. . ပျူအက္ခရာတွေပဲ. . လွယ်လွယ်ပြောရရင် "ဗုဒ္ဓဘောင်မင်းကြီးမှ ဗိဿနိုးဘုရင်မကြီးထံ ပို့သသော လက်ဆောင်" လို့ အဓိပ္ပါယ်ရတယ်၊ ဒါဟာ. . ပန်ထွာဘုရင်မကြီး ဆင်မြန်းခဲ့တဲ့ လည်ဆွဲရတနာတော်အစစ်ဖြစ်တယ်ဗျာ"

ဦးစံရွှေမောင်က ဂုဏ်ယူဝင့်ကြွားစွာ ပြောပြ၏။

"မောင်သူရဟာ ကျောက်မျက်ရတနာအကြောင်း၊ နားလည်တယ်. . ဒီပတ္တမြားတွေ အစစ်ဟုတ်တယ်၊မဟုတ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com





တာ သူပြောပြလိမ့်မယ်. . ”

ထိုအခါ မှန်သေတ္တာတစ်ဖက်တွင် ခင်မေဦးနှင့်ယှဉ်ရပ်သော မောင်သူရက ဝင်ပြောလေ၏။

“ကျွန်တော်ဟာ ငယ်ငယ်ကတည်းက မိုးကုတ်မှာနေထိုင်ကြီးပြင်းလာခဲ့သူပါ၊ ကျွန်တော်မိဘများလည်း ရတနာကုန်သည်တွေဖြစ်ပါတယ်၊ ဒါကြောင့် ရတနာတွေအကြောင်းကို နားလည်ပါတယ်၊ အထူးသဖြင့် ပတ္တမြားအကြောင်းကို နားလည်ပါတယ်၊ ဒီကျောက်တွေဟာ အတော်အရည်အသွေးကောင်းတဲ့ ပတ္တမြားအစစ်တွေဆိုတာ ကျမ်းကိုင်ပြောရဲပါတယ်ခင်ဗျာ. . ”

မောင်သူရ၏ ရဲရဲတောက်စကားကြောင့် ကျွန်တော့်မှာသူ့ကို အထင်ကြီးသွားရ၏။

“ဒီပတ္တမြားတွေဟာ ဘယ်လောက်တန်မယ်လို့ ခန့်မှန်းသလဲ. . . ”

ကျွန်တော့်မေးခွန်းကို မောင်သူရက မဖြေပဲပြုံးနေ၏။





“ဒီလည်ဆွဲဟာ ရှေးဟောင်းပစ္စည်းအနေနဲ့ရော၊ ပစ္စည်းတန်ဖိုးအနေနဲ့ရော တန်ဖိုးဖြတ်လို့မရပါဘူးခင်ဗျာ. . ”

ဦးစံရွှေမောင်က ဝင်ပြော၏။ ထို့နောက် ဦးစံရွှေမောင်သည် အခြားပစ္စည်းများ ဆက်လက်ပြသခဲ့၏။ ထို့နောက်ပစ္စည်းကို ပါမောက္ခအုန်းကျော်အား ပေးအပ်လေ၏။ ဤသို့ဖြင့် ပြတိုက်မှူးလုပ်ငန်းတာဝန် လွှဲပြောင်းခြင်း ပြီးဆုံးသွားတော့၏။ နောက်တစ်နေ့တွင် ဦးစံရွှေမောင်နှင့် ခင်မေဦးတို့သည် ဝန်ထမ်းမဟုတ်တော့သဖြင့် အခြားသို့ပြောင်းရွှေ့သွားကြ၏။ ပါမောက္ခအုန်းကျော်လည်း ပြတိုက်မှူးနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ကာ မိမိ၏လုပ်ငန်းကို စတင်ထမ်းဆောင်လေ၏။

နောက်ရက်သတ္တတစ်ပါတ်အကြာတွင် ပါမောက္ခအုန်းကျော်သည် ကျွန်တော်အပါအဝင် မိတ်ဆွေငါးဦးအား သူ့အိမ်သို့ဖိတ်ခေါ်၍ ညစာကျွေးမွေးခဲ့၏။ အစားအသောက်များကို ဟိုတယ်အော်ဒါမှာယူကျွေးခြင်း ဖြစ်၏။

ည ကိုးနာရီတွင် ညစာစားပွဲပြီးစီးသဖြင့် အခြားသူများပြန်သွားကြ၏။ ကျွန်တော်အားမပြန်ပါနှင့်ဦးဟု တားသဖြင့် ချန်နေရစ်ရ၏။

နောက်ဆုံးဧည့်သည်အား လိုက်ပို့ပြီးနောက် သူသည်ဧည့်ခန်းအတွင်းသို့ ပြန်ဝင်လာ၏။ သူ့မျက်နှာမှာ စောစောကကဲ့သို့ ရွှင်ပြမှုမရှိပဲ တည်ကြည်လေးနက်နေသည်ကို သတိထားမိ၏။

“အေးအေးဆေးဆေးပေါ့. . ကိုဘလင်း၊ ခင်ဗျားအိမ်ကနီးပါတယ်ဗျာ. . ”

ပါမောက္ခအုန်းကျော်က ကုလားထိုင်တွင်ဝင်ထိုင်ရင်းပြောလေသည်။ ထို့နောက် သူ့အပေါ်အင်္ကျီအိတ်အတွင်းမှ စာတစ်စောင်ကိုထုတ်ယူပြီး ကျွန်တော့်ကိုလှမ်းပေး၏။

“အဲဒီစာကိုဖတ်ပြီး အကြံပေးစမ်းပါဗျာ. . ”

ကျွန်တော်သည် စာရွက်ကိုဖြန့်၍ အသံထွက်ဖတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကြီးခင်ဗျာ. .

ခင်ဗျားတာဝန်ယူထားရတဲ့ ပြတိုက်ထဲကပစ္စည်းတွေကို ဂရုစိုက်ဖို့ အကြံပေးလိုပါတယ်. . ညပိုင်းမှာ အစောင့်တစ်ယောက်ထဲထားတာဟာ လုံခြုံရေးအတွက် စိတ်မချရပါဘူး၊ အထူးဂရုစိုက်ပါ။ အန္တရာယ်တစ်ခုခုဖြစ်ပေါ်လာစရာ ရှိပါတယ်။

"စာက တိုတိုလေးပဲဗျာ"

"တိုပေမယ့် ဒီစာဟာ ထူးဆန်းတယ်လေဗျာ"

"ဒီစာရေးတဲ့လူဟာ ပြတိုက်မှာ ညစောင့်တစ်ယောက်ထဲရှိတာကို သိထားပုံရတယ်"

ကျွန်တော်က စာရွက်ကိုပြန်ခေါက်ရင်း ပြောမိသည်။ ပါမောက္ခအုန်းကျော်က ထူးဆန်းစွာ ပြုံးနေ၏။

"ခင်ဗျားလက်ရေးကို သတိထားမိသလား"

"သတိမထားမိပါဘူး. . ဘာဖြစ်လို့လဲ"

"ကဲ. . ဒီစာကိုလည်း ကြည့်ပါဦး"

သူ့အိတ်မှ နောက်ထပ်စာတစ်စောင်ထုတ်၍ ကျွန်တော့်ကို ပေးပြန်၏။ ဒုတိယစာမှာ ပရော်ဖက်ဆာ အုန်းကျော်ထံသို့ ဦးစံရွှေမောင်ရေးခဲ့သောစာဖြစ်သည်။ ထိုစာတွင် ဦးစံရွှေမောင်က ပရော်ဖက်ဆာအုန်းကျော်အား ချီးကျူးရေးသားထား၏။ စာနှစ်စောင်လုံးကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားခြင်းဖြစ်၏။

"အဲဒီစာ နှစ်စောင်လုံးကို ယှဉ်ကြည့်စမ်းပါဗျာ. . ကွန်ဂရက်ကျူလေးရှင်းမှာပါတဲ့ (စီ)အက္ခရာနဲ့ ကွန်မစ်တက်(ဒ်)မှာပါတဲ့ (စီ)အက္ခရာတွေကို သတိထားကြည့်ပါ၊ စာလုံးကြီးနဲ့ရေးထားတဲ့ (အိုင်) ဆိုစကားလုံးကိုလည်း ကြည့်စမ်းပါဗျာ၊ အဲဒီစာလုံးတွေဟာ အတူတူဖြစ်နေတယ်၊ ပထမစာဟာ လက်ရေးဖျက်ပြီးရေးထားတာပဲ"

ကျွန်တော်အံ့အားသင့်နေမိသည်။ ဤသို့ဆိုပါက ဦးစံရွှေမောင်သည် သူ့တာဝန်ကိုဆက်ခံသူအား သူခိုးအန္တရာယ်ဂရုစိုက်ရန်





သတိပေးစာရေးသူဖြစ်တော့၏။

"ဒါဆို ဒီစာကို ဦးစံရွှေမောင်ရေးတယ်လို့ ယူဆရမလိုဖြစ်နေပြီ"

"ယူဆစရာမလိုဘူး၊ ဒီစာကို ဦးစံရွှေမောင်ရေးတာ သေချာတယ်ဗျ"

ပါမောက္ခအုန်းကျော်က အတိအကျပြောတော့သည်။

"သူ ဘာကြောင့် ဒီစာကိုရေးရတာလဲ" ကျွန်တော်နားမလည်နိုင်သလို မေးလိုက်၏။

"ကျွန်တော်လည်း အဲဒါကိုပဲ သိချင်တာ. . သူဒီလိုစိုးရိမ်မကင်းရှိရင် ဘာကြောင့် ကျွန်တော်ဆီလာပြီး မပြောတာလဲ"

"ခင်ဗျား သူနဲ့သွားတွေ့ပြီး ပွင့်ပွင့်လင်းလင်းမေးသင့်တယ်ဗျာ"

"သူက ဒီစာကို မရေးဘူးလို့ငြင်းရင်ကောဗျာ"

"ဘာပဲဖြစ်ဖြစ် ဒီစာဟာ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ သတိပေးတာဖြစ်တဲ့အတွက် ခင်ဗျားသတိထားသင့်တယ်၊ လက်ရှိကျင့်သုံးနေတဲ့ ကြိုတင်ကာကွယ်မှု အစီအစဉ်ဟာကော စိတ်ချရရဲ့လား"

"ကျွန်တော်တော့ စိတ်ချရတယ်လို့ထင်တာပဲ၊ လေ့လာသူတွေကို မနက်(၁၀)နာရီကစပြီး ညနေ(၄)နာရီအထိ ပြတိုက်ထဲကို ဝင်ကြည့်ခွင့်ပြုထားတယ်၊ အခန်းထဲမှာ အစောင့်တစ်ယောက်စီထားတယ်၊ အစောင့်တွေဟာ အဝင်အထွက်တံခါးပေါက်မှာ အမြဲရှိတယ်"

"ညပိုင်းမှာရော"

"လူတွေအားလုံးအပြင်ရောက်တဲ့အချိန်မှာ ကျွန်တော်နဲ့အတူအစောင့်တွေပါ တံခါးတွေလိုက်ပိတ်တယ်၊ တံခါးတွေဟာ အင်မတန်ခိုင်ခံ့ပါတယ်၊ အစောင့်ဟာ မက်ဆိုပိုတေးမီးယားစစ်မျက်နှာကပြန်လာတဲ့ စစ်ထွက်တစ်ယောက်ပဲ၊ သူဟာ (၃)နာရီတစ်ကြိမ်

www.burmeseclassic.com



ပြတိုက်ထဲကို ဝင်ကြည့်တယ်၊ အခန်းတိုင်းမှာ လျှပ်စစ်မီးလုံးတစ်လုံးစီထွန်းထားတယ်”

“နေ့စောင့်တွေကို ညဘက်ပါ အစောင့်ခိုင်းပါလား”

“ဒါတော့ မဖြစ်နိုင်ဘူး.. လူတစ်ယောက်ကို နေ့ရောညပါ ခိုင်းလို့ဘယ်တရားပါ့မလဲ”

“ဒါဆို ရဲတပ်ဖွဲ့ကို ပြောပြပြီး ဒီအနီးအနားမှာ အထူးလုံခြုံရေးချထားပေးဖို့ ပြောသင့်တယ်၊ ဒီစာကိုရေးတာဟာ ထူးခြားတဲ့ အကြောင်းရှိလို့ဖြစ်လိမ့်မယ်၊ မကြာခင်မှာ သူထင်သလိုထူးခြားတဲ့ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာမယ်လို့ ကျွန်တော်ထင်တယ်”

ထို့နောက် ကျွန်တော်တို့သည် အခြားအကြောင်းအရာများကိုဆက်လက်ပြောကြားနေခဲ့၏။ ညဉ့်နက်မှ ကျွန်တော်အိမ်သို့ ပြန်လာခဲ့၏။ ထိုညတစ်ညလုံးပင် ကျွန်တော်သည် ဦးစံရွှေမောင်အနေဖြင့် ထိုစာကိုဘာကြောင့်ရေးသည်ကို စဉ်းစားနေခဲ့၏။ သူတာဝန်ယူခဲ့ရသော ရှေးဟောင်းပစ္စည်းများအတွက် အန္တရာယ်ရှိသည်ကို သူကြိုတင်မြင်ခဲ့ဟန်တူ၏။ ထို့ကြောင့် ပင်စင်ယူရန်အသက်မစေ့ပဲ ရာထူးကိုစွန့်ပယ်ခဲ့ခြင်း ဖြစ်နိုင်၏။ ဘာကြောင့် သူ့အမည်ကို မဖော်ပဲ သတိပေးစာရေးခဲ့ပါသလဲ စသည့်အကြောင်းများကို စဉ်းစားရင်း အိပ်ပျော်သွားခဲ့လေ၏။

နောက်တစ်နေ့နံနက်တွင် ပါမောက္ခအုန်းကျော်သည် အလွန်တုန်လှုပ်ချောက်ချားနေသော မျက်နှာဖြင့် ကျွန်တော့်အိမ်သို့ ရောက်လာလေ၏။ ကျွန်တော့်မိတ်ဆွေများထဲတွင် ပါမောက္ခအုန်းကျော်သည် အဝတ်အစားကို အသပ်ရပ်ဆုံးဝတ်ဆင်တတ်သူဖြစ်၏။ ထိုနေ့နံနက်တွင်မူ သူသည် အဝတ်အစားကို ကပိုကယိုဝတ်ဆင်ထား၏။ ခေါင်းမှဆံပင်များလည်း ဖွယောင်းနေ၏။

“ညက ပြတိုက်ကို ဓားပြတိုက်သွားလို့လား”

အိပ်ရာပေါ်မှ လူးလဲထရင်း ကျွန်တော်မေးမိ၏။

“အဲဒီလိုအဖြစ်မျိုးပဲ၊ ပဏ္ဍမြားတော့.. ပန်ထွာဘုရင်မ







လည်ဆွဲရော” ပြောလာရသောကြောင့် သူအလွန်မောနေ၏။ စကားဆက်မပြောနိုင်လောက်အောင် တုန်လှုပ်ချောက်ချားနေ၏။

“ကျွန်တော် အခုရဲဌာနကို သွားမလို့၊ ခင်ဗျားပြတိုက်ကစောင့်နေပါ”

ထို့နောက် အခန်းထဲမှ ဒရောသောပါးပြေးထွက်သွားလေ၏။ လှေကားမှ သူပြေးဆင်းသွားသံ ကြားနေရ၏။

ကျွန်တော်သည် မျက်နှာသစ် အဝတ်အစားလဲပြီး ပြတိုက်သို့ထွက်လာခဲ့၏။ ကျွန်တော်ရောက်သွားပြီးမကြာခင်ပင် ပါမောက္ခအုန်းကျော်သည် ရဲအရာရှိတစ်ယောက်၊ အသက်ကြီးကြီးလူတစ်ယောက်တို့နှင့်အတူ ရောက်လာလေ၏။ အသက်ကြီးကြီးလူမှာ နာမည်ကြီးရွှေပန်းထိမ်ဆရာတစ်ဦးဖြစ်သည်။ ထိုပန်းထိမ်ဆရာသည် ရတနာကျွမ်းကျင်သူဖြစ်ပြီး ရဲတပ်ဖွဲ့ကို အကူအညီပေးလေ့ရှိ၏။

သူတို့သည် ပြတိုက်အတွင်းသို့ဝင်သွားပြီး ပန်ထွာဘုရင်မ

www.burmeseclassic.com



၏ လည်ဆွဲရတနာထားသော မှန်သေတ္တာဘေးတွင်ရပ်ကြလေ၏။ လည်ဆွဲရတနာသည် မှန်သေတ္တာပေါ်တွင် ရောက်နေ၏။

"လည်ဆွဲရဲ့ အခြေအနေပျက်နေတယ်"

ပါမောက္ခအုန်းကျော်ကပြော၏။ "အခုမနက် ကျွန်တော် ဒီအခန်းကိုဖြတ်လာချိန်မှာ လည်ဆွဲအခြေအနေပျက်နေတာကို မြင်ခဲ့တယ်၊ မနေ့ညကပဲ ဒီလည်ဆွဲကို သေသေချာချာကြည့်ခဲ့သေးတယ်၊ ဒါကြောင့် ညကမှဖြစ်တယ်လို့ ယူဆနိုင်တယ်"

သူပြောသလိုပင် ထိုလည်ဆွဲမှ ပတ္တမြားများကို တစ်ယောက်ယောက်ကထုတ်ယူဖို့ ကြိုးစားခဲ့သည်ဟု ယူဆနိုင်၏။ ရွှေပြားပေါ်တွင်မြုပ်ထားသော အပေါ်ဆုံးမှ ပတ္တမြားလေးလုံး၏စွန်ကုပ်များကြွတက်နေသည်ကို တွေ့ရ၏။ ပတ္တမြားလေးလုံးမှာ သူ့နေရာတွင်သူရှိနေ၏။ သို့သော် လည်ဆွဲရတနာ၏ အနုပညာလက်ရာမှာ ပျက်စီးသွားခဲ့ချေပြီ။

"သူခိုးဟာ ဒီပတ္တမြားတွေကို ထုတ်ယူဖို့ကြိုးစားခဲ့လိမ့်မယ်ထင်"

ရဲအရာရှိက ဝင်ပြော၏။

"ကြိုးစားခဲ့တာ မဟုတ်ဘူး၊ ယူသွားတာဖြစ်လိမ့်မယ်၊ ဒီပတ္တမြားတွေဟာ အစားထိုးထားတဲ့အတုတွေ ဖြစ်လိမ့်မယ်"

တွေ့လိုကြောင်းပြောပြရ၏။ ထိုအမျိုးသမီးက ဦးစံရွှေခရီးထွက်သွားကြောင်းပြောပြသောအခါ ကျွန်တော်တို့သည် အလွန်စိတ်ပျက်သွားမိ၏။ အမျိုးသမီးသည် ကျွန်တော်တို့စိတ်ပျက်သွားပုံကို မြင်သဖြင့် "ဦးစံရွှေမောင်၏ သမီးနှင့်တွေ့လိုပါက ခေါ်ပေးပါမည်"ဟု ပြောသည်။ ကျွန်တော်တို့က တွေ့လိုကြောင်းပြောသောကြောင့် တံခါးဖွင့်ပေးပြီး ဧည့်ခန်းသို့ ခေါ်ဆောင်သွား၏။

မကြာခင် ဧည့်ခန်းအတွင်းသို့ ခင်မေဦးဝင်လာလေ၏။ ကျွန်တော်မှာ သူမကိုကြည့်ပြီး အလွန်အံ့သြသွား၏။ ရက်သတ္တနှစ်ပတ်အတွင်းမှာပင် သူမအလွန်ပြောင်းလဲသွားရှာသည်။ သူမ၏ပျို





မျစ်နုနယ်သော မျက်နှာလေးမှာချောင်ကျသွားပြီး မျက်လုံးအစုံတွင် စိတ်ဆင်းရဲသည့် အရိပ်အယောင်များ ထင်ဟပ်နေလေ၏။

"ကျွန်မ ဖေဖေမန္တလေးမြို့ကိုသွားတယ်"

ခင်မေဦးက စတင်ပြော၏။

"ဖေဖေသိပ်စိတ်ထိခိုက်နေတယ်၊ ဖေဖေ့မှာ စိတ်ဆင်းရဲစရာတွေ အများကြီးရှိနေသလိုပဲ၊ မနေ့ညနေကပဲ ထွက်သွားတယ်ရှင်"

"မိန်းကလေးရော နေကောင်းရဲ့လား၊ မင်းကြည့်ရတာ ပင်ပန်းနွမ်းနယ်နေသလိုပဲ၊ ကျန်းမာရေးကို ဂရုစိုက်" ပါမောက္ခအုန်းကျော်က ပြောသည်။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မအတွက် ကိစ္စမရှိပါဘူး၊ ဖေဖေသာ ကျွန်မစိတ်ပူတာပါ"

"မန္တလေးမှာ သူတည်းခိုမယ့်လိပ်စာပြောပြနိုင်ပါသလား ခင်မေဦး"

"ဟုတ်ကဲ့ ပြောပြပါမယ်၊ သူ့အစ်ကိုကြီးအိမ်မှာ တည်းပါတယ်၊ ခရိုင်ဝန် ဦးစံထွန်းအောင် အိမ်ဆို အလွယ်တကူ မေးမြန်းသိရပါတယ်ရှင်"

ပါမောက္ခအုန်းကျော်သည် ခရိုင်ဝန် ဦးစံထွန်းအောင်၏အမည်ကို မှတ်စုစာအုပ်တွင် ရေးမှတ်ခဲ့၏။ ထို့နောက် ခင်မေဦးကို နှုတ်ဆက်၍ ပြန်လာခဲ့ကြ၏။ နောက်တစ်နေ့တွင် မန္တလေးသို့ လိုက်သွားပြီး ဦးစံရွှေမောင်နှင့် တွေ့ရန်ဆုံးဖြတ်လိုက်ကြ၏။ သို့ရာတွင် နောက်ထပ် ထူးခြားသောအဖြစ်အပျက်များ ပေါ်ပေါက်လာသဖြင့် မန္တလေးသို့ မသွားဖြစ်ခဲ့ပေ။

နောက်တစ်နေ့နံနက် ကျွန်တော်အိပ်ရာမှမနိုးခင်ပင် ပါမောက္ခအုန်းကျော်ထံမှ စေလွှတ်လိုက်သော လူတစ်ယောက်သည် ကျွန်တော့်အခန်းတံခါးကို လာခေါက်လေ၏။ အိပ်ရာမှထ၍ တံခါးဖွင့်သောအခါ ထိုလူက စာတစ်စောင်လှမ်းပေးသဖြင့် စာတို



www.burmeseclassic.com

www.burmeseclassic.com





ကြည့်သောအခါ

"အမြန်လိုက်ခဲ့ပါ၊ နောက်ထပ်ပြဿနာတစ်ခု ပေါ်နေပြန်ပြီ"

အုန်းကျော် -

ကျွန်တော်သည် ချက်ချင်း မျက်နှာသစ်၊အဝတ်အစားလဲပြီး ပြတိုက်သို့လိုက်သွား၏။ အလယ်ခန်းမကြီးထဲတွင် လက်နှစ်ဖက်ကို နောက်ပစ်၍ခေါက်တုန့်ခေါက်ပြန်လျှောက်နေသော ပါမောက္ခအုန်းကျော်ကို တွေ့ရသည်။ မောင်ထွန်းတင်သည် အခန်းထောင့်တွင် မျက်နှာမသာမယာဖြင့် ရပ်နေ၏။

"ကိုဘလင်းရေ. . ဒီကိစ္စဟာ တော်တော်ရှုပ်ထွေးလာပြီဗျ" ကျွန်တော့်ကို မြင်မြင်ချင်း ပါမောက္ခအုန်းကျော်က ဆီးပြောတော့သည်။

"နောက်ထပ် ဘာတွေ ဖြစ်လို့လဲဗျ"

"သွားသာကြည့်ပါတော့ဗျာ"





ကျွန်တော်သည် လည်ဆွဲရတနာထားသော မှန်သေတ္တာကို သွားကြည့်ခဲ့၏။ ရွှေပြားပေါ်တွင် မြုပ်ထားသော အလယ်တန်းမှ ပတ္တမြားလေးလုံး၏ စွန်ကုပ်များဟပြီး မသပ်မရပ်ဖြစ်နေသည်ကို တွေ့ရ၏။ ပတ္တမြားတစ်ဆယ့်နှစ်လုံးအနက် အပေါ်လေးလုံးနှင့် အလယ်တန်းမှ ပတ္တားလေးလုံးကို ကုပ်ထားသည့် စွန်ကုပ်များမှာ ထူးဆန်းစွာ ဟနေ၏။ အောက်ဆုံးတန်းမှ ပတ္တမြားလေးလုံး၏ စွန်ကုပ်များ အနေအထားမပျက်ပဲ သပ်ရပ်စွာ ရှိနေ၏။

"ပတ္တမြားတွေကို လဲသွားလို့လား"

"မလဲဘူး၊ စွန်ကုပ်တွေ ဟနေတဲ့ပတ္တမြားတွေဟာ အစစ်ဖြစ်တဲ့အကြောင်းကို ကျွမ်းကျင်သူက အတည်ပြုသွားတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း သေသေချာချာစစ်ဆေးပြီးပြီ၊ ညက မင်းဘာသံမှမကြားဘူးလား မောင်တင်ထွန်း"

"မကြားပါဘူး ဆရာကြီး"ဟု မောင်တင်ထွန်းက ဖြေသည်။

"ကျွန်တော်ဝင်ကြည့်တိုင်း ဒီလည်ဆွဲကို ဂရုထားပြီးကြည့်ပါတယ်၊ ဒါကြောင့် ဒီပတ္တမြားတွေ အခြေအနေပျက်နေတာကို ချက်ချင်းသိတာပါ၊ သိသိချင်း ဆရာကြီးကို နှိုးပြီးပြောတာပါ၊ ကျွန်တော်ဟာ တစ်ညလုံးပြတိုက်ဘေးမှာ လှည့်ပတ်သွားနေခဲ့တယ်၊ လူတစ်ယောက်မှမတွေ့ခဲ့ဘူး၊ အသံလည်းမကြားဘူး"

"ကဲ လာဗျာ ကိုဘလင်း၊ ကျွန်တော့်အခန်းပြန်ပြီး တစ်ခုခုစားကြရအောင်"

ကျွန်တော်တို့သည် ပါမောက္ခအုန်းကျော်၏အခန်းသို့ လာခဲ့ကြ၏။ ထို့နောက် ကော်ဖီတစ်ခွက်ဆီ ဖျော်သောက်ကြ၏။

"ဒီကိစ္စကို ခင်ဗျားဘယ်လိုယူဆသလဲ ကိုဘလင်း"

ကော်ဖီသောက်ရင်း ပါမောက္ခအုန်းကျော်ကမေးသည်။

"ကျွန်တော်ကြားဖူး၊ ကြုံဖူးသမျှထဲမှာတော့ ဒီကိစ္စဟာ အမိပွါယ်အကင်းမဲ့ဆုံး လုပ်ရပ်ပါပဲ"

"ဘယ်လိုဖြစ်မယ်လို့ ခင်ဗျားထင်သလဲ"

www.burmeseclassic.com



ကျွန်တော့်ခေါင်းထဲသို့ ထူးဆန်းသောအတွေးအခေါ်တစ်ခု ရောက်လာလေ၏။

"ဒီပစ္စည်းဟာ ပန်ထွာဘုရင်မ ဆင်မြန်းခဲ့တဲ့ လည်ဆွဲမဟုတ်လား၊ ပန်ထွာဘုရင်မဟာ ဂမ္ဘီရပညာကို လိုက်စားခဲ့တယ်လို့ သိရတယ်၊ ဒီလည်ဆွဲဟာ မှော်အတတ်ပညာနဲ့စီမံထားတာ ဖြစ်နိုင်တယ်"

"တောက်တီးတောက်တဲ့တွေးတဲ့လူပဲဗျာ၊ ဒီထက်ကောင်းတဲ့ တွေးလုံးထုတ်စမ်းပါဦးဗျာ၊ ဘာကြောင့် တစ်ညမှာ ပတ္တမြားလေးလုံးက စွန်ကုပ်တွေဟာနေရသလဲ၊ ဒါကိုအခြေခံပြီး စဉ်းစားစမ်းပါ ပြီးတော့ အစောင့်မောင်ထွန်းတင်ကို ခင်ဗျားဘယ်လိုထင်သလဲ"

"သူ့ကို မသင်္ကာနိုင်တဲ့အချက် တွေ့ထားလို့လား"

"ပြတိုက်အခန်းထဲကို ညပိုင်းမှာသူပဲဝင်ခွင့်ရှိတယ်"

"ဒါဆို သူဟာဘာကြောင့် ဒီပစ္စည်းတွေကို မယူပဲဖျက်ဆီးနေတာလဲ၊ ခုထိ ဘာပစ္စည်းမှမပျောက်ဆုံးဘူး၊ သူ့ရည်ရွယ်ချက်ကဘာလဲ"

"ကျွန်တော်လဲ အဲဒါကိုပဲ သိချင်နေတာ"

"သူ ရူးများနေသလားဗျာ"

"သူမရူးပါဘူး၊ လူကောင်းပကတိပါ"

ကျွန်တော်တို့သည် အတန်ကြာအောင် တိတ်ဆိတ်နေကြပြန်၏။

"ခင်ဗျားမှာ ဒိပြင်တွေးလုံးရှိသေးလား"

ပါမောက္ခအုန်းကျော်က မေးပြန်၏။

"တစ်ခုတော့ ရှိတယ်၊ ခင်ဗျားပဲဆိုပါတော့၊ ဥပမာပြောတာပါ၊ ခင်ဗျားဟာ မသိစိတ်နဲ့လုပ်တတ်သူ ဟုတ်မယ်မထင်ဘူး"

"အဲဒီလိုမဟုတ်တာကို ကျွန်တော်ကျိမ်းကိုင်ပြောဝံ့တယ်ဗျာ"

"ဒါဆိုရင် ကျွန်တော်လက်လျှော့ပြီဗျာ. ."

"ကျွန်တော်ကတော့ လက်မလျှော့ဘူး၊ ဒီကိစ္စကိုဖြေရှင်းဖို့





အစီအစဉ်တစ်ခု လုပ်ထားပြီးပြီ"

"ဦးစံရွှေမောင်နဲ့သွားတွေ့ပြီး စာအကြောင်းမေးမလို့လား"

"မဟုတ်ဘူးဗျ မန္တလေးအထိသွားဖို့မလိုဘူး၊ ကျွန်တော်ပြောပြမယ်၊ အလင်းရောင်ဝင်ပေါက်အောက်မှာရှိတဲ့ ပစ္စည်းဟောင်းထားတဲ့အခန်းကို သိတယ်မဟုတ်လား၊ ကျွန်တော်တို့နှစ်ယောက် အဲဒီအခန်းထဲက ဝင်ပြီးစောင့်ကြည့်ကြမယ်၊ ကျွန်တော်တို့လူဟာ တစ်ညမှာ ကျောက်လေးလုံးဖြုတ်တဲ့အတွက် ကျောက်ရှစ်လုံးပဲဖြုတ်ရသေးတယ်၊ နောက်ထပ်ဖြုတ်စရာ လေးလုံးကျန်သေးတယ်၊ ဒီညသူပြန်လာပြီး သူ့လုပ်ငန်းကို အပြီးလာသတ်မှာသေချာတယ်ဗျ"

"သိပ်ကောင်းတဲ့အကြံပဲ" ကျွန်တော်ဝမ်းသာအားရ ပြောလိုက်မိသည်။

"ဒီအစီအစဉ်ကို ဘယ်သူမှသိလို့မဖြစ်ဘူး၊ ခင်ဗျား ကျွန်တော်နဲ့အတူ ဒီညအိပ်ရေးပျက်ခံနိုင်ပါ့မလား"

"ခင်ဗျားနဲ့အတူတူဆိုရင် ဆယ်ညအိပ်ရေးပျက်ခံနိုင်ပါတယ်ဗျာ" ကျွန်တော်ကတိပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညဆယ်နာရီတွင် ကျွန်တော်သည် ပါမောက္ခအုန်းကျော်၏ ဧည့်ခန်းတွင်ရောက်နေလေ၏။ ပါမောက္ခအုန်းကျော်မှာ စိတ်လှုပ်ရှားနေ၏။ ကျွန်တော်တို့သည် အချိန်စောသေးသဖြင့် ဧည့်ခန်းထဲတွင် တစ်နာရီခန့်ကြာအောင် ကျွန်တော်တို့ဖြေရှင်းမည့် လုပ်ငန်းအကြောင်းကို ဆွေးနွေးတိုင်ပင်နေခဲ့၏။ နောက်ဆုံးတွင် လမ်းပေါ်မှမော်တော်ကားသံများ၊ လမ်းလျှောက်သူများ၏ စကားပြောသံများ တဖြည်းဖြည်းတိတ်ဆိတ်သွားပြီး တစ်ခါတစ်ရံမှသာ ကားတစ်စီးမောင်းသွားသံနှင့် အိမ်ပြန်နောက်ကျသူများ၏ လမ်းလျှောက်သံများ ကြားရတတ်သော ည(၁၂)နာရီတွင် ကျွန်တော်တို့သည် ပစ္စည်းဟောင်းထားသည့်အခန်းသို့ တက်လာခဲ့ကြ၏။

ကျွန်တော်တို့သည် မှောင်ထဲတွင် တိတ်ဆိတ်စွာထိုင်၍ အောက်သို့ငုံ့ကြည့်နေခဲ့ကြ၏။ အင်အားကောင်းသော လျှပ်စစ်မီးလုံးထွန်းထားသဖြင့် အရာဝတ္ထုအားလုံးကို ထင်ထင်ရှားရှားမြင်နေရ၏။ ပန်ထွာဘုရင်မ၏ လည်ဆွဲရတနာထားသည့် မှန်သေတ္တာမှာ ကျွန်တော်တို့ရပ်နေသည့် အောက်တည့်တည့်လောက်တွင် ရှိလေ၏။

ကျွန်တော်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာက အသက်ရှင်နေထိုင်ခဲ့သည့် လူသားများအသုံးပြုခဲ့သော ပစ္စည်းဟောင်းများကို ကြည့်နေရင်း ထိုပစ္စည်းပိုင်ရှင်များ၏ အရိပ်သဏ္ဍာန်များသည် အခန်းတွင်း၌ လှုပ်ရှားသွားလာလျက်ရှိသည်ဟု ထင်မိ၏။ ထိုအတွေးနှင့်အတူ ကြောက်ရွံ့စိတ်များသည် ကျွန်တော့်ကို ဖိစီးလွှမ်းမိုးလာလေ၏။ ထို့ကြောင့် နံဘေးတွင်ရပ်နေသော ပါမောက္ခအုန်းကျော်ကို လှည့်ကြည့်မိ၏။ ပါမောက္ခအုန်းကျော်ကမူ တည်ငြိမ်အေးဆေးသောမျက်နှာဖြင့် သူ့အောက်ရှိ ရှေးဟောင်းပစ္စည်းများကို စူးစိုက်ကြည့်နေ၏။ ထိုအခါမှပင် ကျွန်တော့်မှာ ကြောက်ရွံ့စိတ် အတော်အတန်လျော့ပါးသွားရ၏။ ဤသို့ဖြင့် အချိန်သည် တရွေ့ရွေ့ကုန်ဆုံးလာခဲ့၏။ မကြာခင် အဆောင့်၏ ညနှစ်နာရီသံချောင်းခေါက်သံကြားရ၏။ ထိုအချိန်တွင် ကျွန်တော့်မှာ အိပ်ငိုက်စပြုနေ





လေပြီ။ ပါမောက္ခအုန်းကျော်က လက်ကို ဖျစ်ညှစ်လိုက်သောအခါမှ မျက်လုံးဖွင့်ကြည့်မိ၏။ ပါမောက္ခအုန်းကျော်က ပါးစပ်ကို လက်ညှိုးဖြင့်တို့၍ အသံမထွက်အောင် အချက်ပြပြီး အောက်သို့ ညွှန်ပြလေသည်။ သူညွှန်ပြရာကိုကြည့်လိုက်သောအခါ အံ့ဩ ထိတ်လန့်ပြီး အသံထွက်မည်ကဲ့သို့ ဖြစ်သွား၏။ သို့သော် စိတ်ကို အချိန်မီ ချုပ်တီးလိုက်ရ၏။

ပါမောက္ခဦးအုန်းကျော် ညွှန်ပြသောအရာမှာ နံရံဘေးတွင်ချထားသော ကျွန်းသားအခေါင်းကြီးဖြစ်၏။ ကျွန်တော်စိုက်ကြည့်နေစဉ် ထိုအခေါင်းကြီး၏ အဖုံးသည်အပေါ်သို့ တစ်ဖြေးဖြေး ကြွတက်လာ၏။ ကျွန်တော်သည် အသက်ရှူရန်ပင် သတိမရဘဲ ထိုခေါင်းကြီးကို စိုက်ကြည့်နေမိ၏။ ထို့နောက် ဖြူဖွေးသောလက်တစ်ဖက် ထွက်ပေါ်လာ၏။ နောက်ထပ်လက်တစ်ဖက်ထွက်လာပြီး မကြာခင်မျက်နှာတစ်ခု ပေါ်လာ၏။ ထိုမျက်နှာကိုကျွန်တော်ကောင်းစွာမှတ်မိ၏။ ထိုသူမှာ ပြတိုက်မှူးဟောင်း ဦးစံရွှေမောင်ပင်ဖြစ်တော့၏။

ဦးစံရွှေမောင်သည် ခေါင်းထဲမှခေါင်းပြူထွက်လာပြီး အခန်းကို အထပ်ထပ်အခါခါ လှည့်ပတ်ကြည့်လေ၏။ ထို့နောက် အပြင်သို့ လုံးလုံးလျားလျားထွက်လာပြီး အခန်းအလယ်သို့သတိကြီးစွာဖြင့် လျှောက်လာ၏။ ခြေလေးငါးလှမ်းခန့်လျှောက်ပြီးနောက် ရပ်တန့်၍လှည့်ပတ်ကြည့်ရှုနေ၏။ ထို့နောက်ဆက်လျှောက်လာ၏။ တစ်ကြိမ်တွင် အပြင်ဘက်မှအသံကြားသဖြင့် ခြေလှမ်းတုန့်သွား၏။ ဆက်မလျှောက်ဘဲ အကြာကြီးရပ်လျက် နားစွင့်နေပြန်၏။ သူ့အသွင်မှာ နောက်ကြောင်းလှည့်ပြီး ကျွန်းသားအခေါင်းအတွင်း ဝင်တော့မည့် အနေအထားမျိုးဖြစ်၏။ ထို့နောက် စိတ်ချသွားဟန်ဖြင့် ပန်ထွာဘုရင်မ၏ လည်ဆွဲရတနာတော်ထားသော မှန်သေတ္တာဆီသို့ ခြေဖျားထောက်၍ အလွန်ဖြေးလေးစွာ လျှောက်လာလေ၏။ သေတ္တာအနီးသို့ရောက်လျှင် အိတ်ထဲမှသော့တွဲကို ထုတ်၍သေတ္တာ



www.burmeseclassic.com

www.burmeseclassic.com





ကို ဖွင့်လေ၏။ ထို့နောက် လည်ဆွဲကိုထုတ်ယူပြီး သေတ္တာမှန်ပြင်ပေါ်သို့ချ၍ ကိရိယာတစ်ခုဖြင့် တစ်စုံတစ်ရာပြုလုပ်နေပြန်၏။ သူ ခေါင်းငုံ့ထားသော်လည်း လက်ချောင်းများ လှုပ်ရှားနေပုံကို ကြည့်ခြင်းဖြင့် ဘာလုပ်နေသည်ကို တွေးဆနိုင်ပါသည်။

ပါမောက္ခအုန်းကျော်၏ သက်ပြင်းချသံကြားရမှ ကျွန်တော်ပြန်သတိရလာ၏။ သူ့လက်တစ်ဖက်သည် ကျွန်တော်လည်မောင်းကို ယခုတိုင် ဆွဲထားတုန်းဖြစ်၏။ သူ့မျက်နှာပေါ်တွင် ဒေါသထွက်ခြင်း၊ ယူကျုံးမရဖြစ်ခြင်းများ ပေါ်လွင်နေ၏။ သူသည် ရှေးဟောင်းသုတေသနလုပ်ငန်းတွင် ဘဝတစ်ခုလုံး မြှုပ်နှံခဲ့သူဖြစ်၏။ သူ့ရှေ့တွင် ရှေးဟောင်းသမိုင်းဝင် ပစ္စည်းတစ်ခု ဖျက်ဆီးခြင်းခံနေသည်ကို မကြည့်လိုဟန်ဖြင့် မျက်နှာလွှဲနေ၏။ ထိုပစ္စည်းကို ဖျက်ဆီးနေသူမှာ လွန်ခဲ့သော(၁၅)ရက်က ဤမှန်သေတ္တာကို အလွန်ဂုဏ်ယူစွာငုံ့ကြည့်ပြီး လည်ဆွဲရတနာသည် ပစ္စည်းတန်ဖိုးအားဖြင့်လည်းကောင်း၊ သုတေသနပစ္စည်းတစ်ခုအနေဖြင့်လည်းကောင်း





အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားပါသည်ဟု ပြောပြခဲ့၏။ ယခု ထိုလူသည် ရှေးဟောင်းအနုပညာလက်ရာကို ဖျက်ဆီးနေလေပြီ။ ကျွန်တော်သည်မျက်စေ့အောက်တွင် မြင်နေရသောအဖြစ်အပျက်ကို မယုံနိုင်အောင်ဖြစ်နေမိ၏။ သို့သော် လင်းထိတ်နေသော လျှပ်စစ်မီးရောင်အောက်တွင် ခေါင်းငုံ့ပြီးလက်များလှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်မှာ ဦးစံရွှေမောင်အစစ်ဖြစ်တော့၏။ သူ၏ လူကြီးလူကောင်းဟန်ဆောင်မှု၊ သူ့ရာထူးကိုဆက်ခံသူအပေါ် ဝန်တိုမစ္ဆယစိတ်ထားရှိမှုမှာ ယခုသူလုပ်နေသောလုပ်ငန်းကြောင့် ရှင်းရှင်းလင်းလင်း ပေါ်လွင်နေ၏။ ကျွန်တော်တို့သည် ဦးစံရွှေမောင် လုပ်ကိုင်နေပုံကို ကြည့်ရင်း ရှက်စိတ်ဝင်လာ၏။ ရှေးဟောင်းသုတေသနသမားမဟုတ်သော ကျွန်တော်ကိုယ်တိုင်ပင်လျှင် ရှေးဟောင်းပစ္စည်းတစ်ခုအား ဤကဲ့သို့ ဖျက်ဆီးနေသည်ကို မကြည့်ရက်နိုင်တော့ပါ။ ပါမောက္ခအုန်းကျော်က ကျွန်တော့်အင်္ကျီလက်ကိုဆွဲ၍ ထိုနေရာမှထွက်ခွာသွားရန် အချက်ပေးသောအခါ အလွန်စိတ်သက်သာရာ ရမိ၏။ ထို့နောက် ကျွန်တော်တို့သည် ပစ္စည်းဟောင်းထားသောအခန်းတွင်းမှ တိတ်ဆိတ်စွာ ထွက်ခွာလာကြ၏။

ပါမောက္ခအုန်းကျော်၏ အခန်းသို့ပြန်ရောက်ပြီးနောက် သူ့နှုတ်မှဖွင့်ဟညည်းတွားသံကြားရမှ ထိုအဖြစ်အပျက်အတွက် သူ မည်မျှစိတ်ထိခိုက်နေသည်ကို သိရပါတော့၏။

“သိပ်စက်ဆုပ်ရွံရှာဖို့ကောင်းတဲ့လုပ်ရပ်ပဲ” သူက မချိတင်ကဲလေသံဖြင့် ပြောလေ၏။

“ဒီအဖြစ်ကို ခင်ဗျားယုံနိုင်ပါ့မလား ကိုဘလင်း”

“မယုံနိုင်အောင်ပါပဲဗျာ”

“ဒီလူဟာ သိပ်ဆိုးဝါးတဲ့လူတစ်ယောက်၊ ဒါမှမဟုတ် ရူးသွပ်နေတာ ဖြစ်လိမ့်မယ်၊ အင်းပါလေ. . မကြာခင်သိရမှာပါ၊ ကျွန်တော်နဲ့လိုက်ခဲ့ပါ ကိုဘလင်း၊ ဒီလိုဘာကြောင့် လုပ်တယ်ဆိုတာကိုသိအောင် လုပ်ရမယ်”

www.burmeseclassic.com



ပါမောက္ခအုန်းကျော်၏အခန်းနှင့် ပြတိုက်သို့ဆက်သွယ်ထားသော လမ်းကြားတွင် တံခါးပေါက်တစ်ခု ရှိ၏။ ပါမောက္ခအုန်းကျော်သည် သူ့အိတ်တွင်းမှ သော့တွဲကိုထုတ်၍ တံခါးကိုအသံမကြားအောင် ဖွင့်လေ၏။ ထို့နောက် စီးထားသောဖိနပ်ကိုချွတ်ပြန်သည်။ ကျွန်တော်လည်း ဖိနပ်ချွတ်၍ ကိုင်ထားလိုက်ရ၏။ ကျွန်တော်တို့သည် ပြတိုက်အတွင်းသို့ အသံမကြားအောင် ဝင်လာခဲ့၏။ မကြာခင် အခန်းကျယ်ကြီးအတွင်းသို့ ရောက်လာကြ၏။ ပြတိုက်မှူးဟောင်းမှာ မှန်သေတ္တာပေါ်တွင် ငုံ့၍အလုပ်ရှုပ်နေဆဲဖြစ်၏။ ကျွန်တော်တို့ သူ့ဆီရောက်ရန် ခြေလှမ်းဆယ်လှမ်းခန့်အလိုတွင် ဦးစံရွှေမောင်သည် ဘေးပတ်ဝန်းကျင်ကို ကြည့်ရန် ခေါင်းပြန်မတ်လိုက်၏။ ကျွန်တော်တို့ကိုမြင်သောအခါ "ဟင်" ဟု အံ့ဩထိတ်လန့်စွာ ရေရွတ်၍ ပြတိုက်အဝင်အဝသို့ ပြေးထွက်သွားလေ၏။

"မောင်ထွန်းတင်၊ မောင်ထွန်းတင်"

ပါမောက္ခအုန်းကျော်က လှမ်းခေါ်သဖြင့် ထိန်လင်းနေသော လျှပ်စစ်မီးရောင်အောက်တွင် တပ်သားဟောင်း၏တောင့်တင်းကြံ့ခိုင်သော ကိုယ်လုံးကြီးပေါ်ထွက်လာတော့၏။ ဦးစံရွှေမောင်သည် အပေါက်ဝတွင် ရပ်နေသော မောင်ထွန်းတင်ကိုမြင်သဖြင့် အပြေးရပ်လိုက်၏။ ကျွန်တော်တို့သည် သူ့အနီးသို့ ပြေးသွားပြီး ပခုံးကိုဆုပ်ကိုင်လိုက်ကြ၏။

"ကျွန်တော်မပြေးပါဘူး လူကြီးမင်းတို့" ဦးစံရွှေမောင်က မောပန်းနေသံဖြင့် ပြောလေသည်။

"မိတ်ဆွေကြီး ဦးအုန်းကျော် ခင်ဗျားအခန်းကို သွားကြပါစို့ ခင်ဗျားတို့ကို ကျွန်တော်ရှင်းပြပါရစေ"

ပါမောက္ခအုန်းကျော်သည် အလွန်စိတ်ဆိုးနေသဖြင့် ဘာမှတုန့်ပြန်မပြောပဲ နေလေ၏။ ထို့နောက် ကျွန်တော်တို့သည် ဦးစံရွှေမောင်အား အလယ်မှထား၍ ပါမောက္ခအုန်းကျော်၏ အခန်းသို့လာခဲ့ကြ၏။ အစောင့်မောင်ထွန်းတင်မှာ အံ့အားသင့်သော မျက်နှာဖြင့်





အပေါက်ဝထွက်ရပ်ကျန်ခဲ့လေ၏။

အခန်းကိုဖြတ်လျှောက်လာစဉ် မှန်သေတ္တာအနီးသို့ရောက်သောအခါ ပါမောက္ခအုန်းကျော်သည်ရပ်တန့်ပြီး လည်ဆွဲကိုစစ်ဆေးကြည့်ရှုလေ၏။ အောက်ဆုံးတန်းမှ ပတ္တမြားတစ်လုံးသည် ယခင်နည်းအတိုင်း ဖြစ်နေသည်ကို တွေ့ကြရ၏။ ပါမောက္ခအုန်းကျော်သည် လည်ဆွဲကိုကိုင်မြှောက်ပြီး ဦးစံရွှေမောင်ဘက်သို့ လှည့်၍ ဒေါသသံဖြင့် ပြောလေ၏။

"ခင်ဗျားဘယ်လိုလုပ်တာလဲ၊ ဘာကြောင့် ဒီလိုလုပ်တာလဲဗျာ"

"ခင်ဗျားဒေါသထွက်သင့်ပါတယ်၊ ခင်ဗျားဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ် ဦးအုန်းကျော်၊ ကဲ.. ခင်ဗျားခန်းကို သွားကြပါစို့၊ အခန်းရောက်မှ ကျွန်တော်ရှင်းပြပါရစေတော့"





www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ဒီအတိုင်းထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ" ပါမောက္ခအုန်းကျော်က ပြော၍ လည်ဆွဲကို သူ့အိတ်ထဲသို့ ထည့်လိုက်၏။ ကျွန်တော်တို့သည် ဦးစံရွှေမောင်အား ဘေးမှရန်၍ လာခဲ့ကြလေ၏။

ပါမောက္ခအုန်းကျော်၏ အခန်းသို့ရောက်သောအခါ ဦးစံရွှေမောင်အား ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေ၏။ သူ့မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူဖွေးနေလေ၏။ ထိုအချိန်တွင် ကျွန်တော်တို့၏ ဒေါသများသည် အတော်အတန်ပြေပျောက်သွားလေပြီ။ ပါမောက္ခအုန်းကျော်သည် ဗီရိုအတွင်းမှ ဘရန်ဒီပုလင်းကို ထုတ်၍ ဖန်ခွက်တစ်ဝက်ငှဲ့ပြီး ဦးစံရွှေမောင်အား တိုက်လိုက်သည်။ ဘရန်ဒီသောက်ပြီးမှ သူ့မျက်နှာသွေးရောင်ပြန်လွှမ်းလာပြီး တည်တည်ငြိမ်ငြိမ်ဖြစ်လာတော့၏။

"အင်း. . ကျွန်တော်အခြေအနေကောင်းသွားပါပြီ" သူက ပြော၏။ "ပြီးခဲ့တဲ့ရက်တွေမှာ ကျွန်တော့်အတွက် အတော်ဆိုးဝါးခဲ့ပါတယ်၊ ကျွန်တော်နှစ်ပေါင်းများစွာ တာဝန်ယူအုပ်ချုပ်ခဲ့တဲ့ ပြတိုက်ကိုဖောက်ထွင်းဝင်ရောက်မှုနဲ့ အဖမ်းခံရတဲ့အဖြစ်ဟာ ရှက်ဖို့ကောင်းလှပါတယ်၊ ခင်ဗျားတို့ကို ကျွန်တော်စိတ်မဆိုးပါဘူး၊ ခင်ဗျားတို့လုပ်ရမယ့် အလုပ်ကို လုပ်တာပါ။ ကျွန်တော့်ကိုခြေရာမခံမိခင်မှာ လုပ်ငန်းအားလုံးပြီးစီးသွားလိမ့်မယ်လို့ မျှော်လင့်ခဲ့မိတယ်၊ ကျွန်တော့်လုပ်ရပ်မှာ ဒီညနောက်ဆုံးပါပဲ"

"ပြတိုက်ထဲကို ဘယ်လိုဝင်သလဲ" ပါမောက္ခအုန်းကျော်က မေးတော့၏။

"ခင်ဗျားအခန်းနဲ့ဆက်သွယ်ထားတဲ့ တံခါးပေါက်ကပါ၊ ဒီအတွက်စိတ်မဆိုးပါနဲ့၊ ကျွန်တော်ရှင်းပြပါ့မယ်၊ အကြောင်းစုံသိရင် ခင်ဗျားခွင့်လွှတ်နိုင်ပါလိမ့်မယ်၊ ခင်ဗျားအခန်းသော့ရော အပြင်သော့ပါ ကျွန်တော့်မှာရှိပါတယ်၊ ကျွန်တော်ဟာ အိမ်ကစောစောထွက်လာပြီး ပြတိုက်ထဲကိုဝင်တယ်၊ အဲဒီနောက် ကျွန်းသားအခေါင်းထဲမှာ ဝင်ပုန်းနေခဲ့တယ်၊ ပြတိုက်ထဲကို မောင်ထွန်းတင်ဝင်လာတဲ့





အချိန်မှာ အဲဒီအခေါင်းထဲမှာ ဝင်နေခဲ့တယ်၊ သူဝင်လာတဲ့အသံကို ကြားရတယ်၊ ပြတိုက်ထဲက ပြန်ထွက်တဲ့အခါမှာလည်း အဲဒီလမ်းကပဲ ထွက်ပါတယ်. . ."

"ခင်ဗျား. . တော်တော်စွန့်စားတာပဲ"

"မလုပ်ရင်မဖြစ်တဲ့အတွက် စွန့်စားရတာပါဗျာ"

"ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလိုလုပ်တာလဲဗျာ" ပါမောက္ခအုန်းကျော်က ပြစ်တင်သောလေသံဖြင့် မေး၏။

"ဒီပြင်နည်းလမ်းမရှိတော့လို့ပါ၊ ဒီလိုလုပ်သင့် မလုပ်သင့်ကို ကျွန်တော်အချိန်ယူစဉ်းစားခဲ့ပါတယ်၊ နောက်ဆုံးမှ မိသားစုဂုဏ်သိက္ခာမကျနိုင်တဲ့ အကောင်းဆုံးဖြစ်မယ့်နည်းလမ်းကို ဆောင်ရွက်ခဲ့ရတာပဲ"

"ခင်ဗျားပြောတာကိုနားထောင်ပြီးမှ ကျွန်တော်ဘာလုပ်သင့်တယ်ဆိုတာကို ဆုံးဖြတ်တော့မယ်ဗျာ" ပါမောက္ခအုန်းကျော်က တည်ကြည်လေးနက်စွာ ပြော၏။

"ကျွန်တော်အမှန်အတိုင်း ပြောပြပါမယ်၊ သူ့ကိုယ်သူ မောင်သူရလို့ပြောတဲ့ လူငယ်ကို ခင်ဗျားတို့တွေ့ခဲ့ဖူးပါတယ်၊ ဒီလိုပြောတာဟာ သူ့နာမည်အမှန်ကို ကျွန်တော်မသိလို့ပဲ၊ အဲဒီသူငယ်ဟာကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ မိတ်ဆက်စာနဲ့ ကျွန်တော့်အိမ်ကိုရောက်လာခဲ့တယ်၊ သူဟာ ရုပ်ရည်သန့်ပြန့်ပြီး အဆင့်အတန်းမြင့်မြင့်နေထိုင်ပြောဆိုတတ်တယ်၊ ရှေးဟောင်းသုတေသနလုပ်ငန်းကို စိတ်ဝင်စားပြီး အဲဒီဘာသာရပ်အကြောင်းကို တော်တော်သိတယ်၊ ဒီလိုနည်းနဲ့ ကျွန်တော့်အိမ်ကိုဝင်ထွက်သွားလာနေခဲ့တယ်၊ မကြာခင်သူဟာ ကျွန်တော့်သမီးနဲ့ ချစ်သူတွေဖြစ်သွားကြတယ်၊ သမီးနဲ့ချစ်သူဖြစ်လာပြီး နောက်ပိုင်းမှာ သူဟာညနေတိုင်းပဲပြတိုက်ထဲကို တစ်နာရီ၊ နှစ်နာရီကြာအောင် ဝင်ကြည့်ခဲ့တယ်၊ ကျွန်တော်အိမ်မှာမရှိတဲ့ ညနေခင်းမျိုးဆိုရင် သူဟာပြတိုက်ထဲကို ကြိုက်သလိုဝင်ထွက်နေတော့တာပဲ။

www.burmeseclassic.com





"မကြာခင် ကျွန်တော်ဟာမောင်သူရကို သံသယဝင်လာတယ်၊ မိုးကုတ်မှာနေတဲ့ ကျွန်တော့်မိတ်ဆွေတွေဆီကို စာရေးမေးတဲ့အခါမှာ သူယူလာတဲ့မိတ်ဆွေစာဟာ အတုဖြစ်ကြောင်းသိရတော့တယ်၊ သူဘာကြောင့် ကျွန်တော်နဲ့ ခင်မင်အောင်လုပ်လဲဆိုတာကို စဉ်းစားကြည့်တယ်၊ ကျွန်တော်ဟာ ငွေကြေးချမ်းသာသူမဟုတ်တဲ့အတွက် ငွေကြေးအတွက်မဖြစ်နိုင်ဘူး၊ နောက်တော့မှ ကျွန်တော်ထိန်းသိမ်းထားရတဲ့ ပြတိုက်ထဲက အဖိုးတန်ရတနာတွေ သတိရလာတယ်၊ သူဟာ ဓားပြတိုက်ဖို့ကြံစည်တယ်လို့ ယူဆမိတယ်၊ သူ့အကြံအစည် အကောင်အထည်မဖော်နိုင်အောင် ခင်ဗျားကို ဖြောင့်ဖြောင့်ပြောချင်ပေမယ့် ကျွန်တော့်သမီးလေးကို သနားနေမိတယ်၊ ကျွန်တော့်လုပ်ပုံဟာ ရယ်စရာကောင်းမှန်း၊ ကလေးကလားဆန်မှန်း သိပေမယ့် ဒီထက်ပိုကောင်းတဲ့ နည်းလမ်းကို စဉ်းစားလို့မရဘူး ကျွန်တော့်နာမည်နဲ့ပဲစာရေးရင် ခင်ဗျားဟာကျွန်တော်နဲ့လာတွေ့မှာသေချာတယ်၊ ကျွန်တော့်သားမက်လောင်းဟာ ပြတိုက်ကိုဓား





တိုက်လိမ့်မယ်လို့ ပြောပြဖို့မဖြစ်နိုင်ဘူး၊ ပြီးတော့ သူဘာမှလုပ်အေးတာမဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျားဆီကို လက်ရေးဖျက်ပြီး သတိပေးစာရေးခဲ့တာပါ။

"သက်နီးကျွန်းကို ပြောင်းသွားပြီး နောက်ပိုင်းမှာလဲ မောင်သူရဟာ အိမ်ကိုအမြဲလာနေခဲ့တယ်၊ သူဟာ ကျွန်တော့်ရဲ့သမီးလေးကို အမှန်တကယ်စုံမက်နှစ်သက်တယ်ဆိုတာ သိပါတယ်၊ သမီးကလည်း သူ့ကိုအလွန်မြတ်နိုးရှာပါတယ်၊ သူဟာ သမီးကို အတော်လွှမ်းမိုးနိုင်တယ်၊ တစ်ညနေမှာတော့ သူဟာမိန်းကလေးကို ဘယ်လောက်လွှမ်းမိုးနိုင်တယ်ဆိုတာ ကျွန်တော်သေသေချာချာသိရတော့တယ်။

"အဲဒီညနေက ကျွန်တော့်ဟာ ညေခန်းထဲမှာထိုင်ပြီး မောင်သူရကိုစောင့်နေခဲ့တယ်၊ သူရောက်လာတဲ့အခါမှာ ကျွန်တော်ဟာ သွယ်ဝိုက်မနေတော့ပဲ အားလုံးသိပြီးဖြစ်တဲ့အကြောင်း၊ ကျွန်တော့်သမီးပါ သူ့ကိုနောက်ထပ် မတွေ့ချင်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောလိုက်တယ်၊ တဆက်တည်းမှာ ကျွန်တော့်တာဝန်ယူခဲ့တဲ့ ပြတိုက်တွင်းက ရှေးဟောင်းအဖိုးတန်ရတနာတွေကို သူ့အန္တရာယ်မပေးနိုင်ခင်မှာ သူ့အကြောင်းသိရတဲ့အတွက် အလွန်ဝမ်းသာကြောင်း ပြောလိုက်တယ်။

"မောင်သူရဟာ အတော်စိတ်ထိန်းနိုင်သူပဲ၊ ကျွန်တော့်ပြောတဲ့စကားကို အံ့သြတုန်လှုပ်တဲ့အမူအရာမပြပဲ ပြီးဆုံးတဲ့အထိ

သိတည်ငြိမ်ငြိမ်နားထောင်နေခဲ့တယ်၊ ကျွန်တော့်စကားအဆုံးမှာ နောက်ဖေးခန်းမှာရှိတဲ့သမီးကို လှမ်းခေါ်လိုက်တယ်"

"ကျွန်တော့်သမီးအခန်းထဲကို ဝင်လာတဲ့အခါမှာတော့ မောင်သူရဟာ ညေခန်းတံခါးကိုပိတ်လိုက်ပြီး မိန်းကလေးကိုဆွဲခေါ်လိုက်တယ်"

"ခင်ခင်" သူကခေါ်လိုက်တယ်၊

"ဦးဟာ ကိုယ့်လူဆိုးဖြစ်တဲ့အကြောင်း သိသွားပြီ မင်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ အရင်ကတည်းက သိပြီးသားပါနော်"

မိန်းကလေးဟာ မတ်တပ်ရပ်အနေအထားနဲ့ တိတ်တိတ်ဆိတ်ဆိတ်နားထောင်နေတယ်။

"ဒီအိမ်ကို နောက်ထပ်မလာရဘူးလို့ပြောနေတယ်" လို့ သူဆက်ပြောတယ်။

မိန်းကလေးဟာ မောင်သူရဆွဲထားတဲ့လက်ကို မရုတ်ပဲငြိမ်နေတယ်။

"မင်းပေးတဲ့ကတိကို သတိရပါ၊ ကိုယ့်ဘဝရဲ့ နောက်ဆုံးမျှော်လင့်ချက်ကို မဖျက်ဆီးပါနဲ့ခင်ခင်"

"ကိုသူရ"

မိန်းကလေးက ချစ်မြတ်နိုးတဲ့အသံဖြင့် ခေါ်သည်။

"ကျွန်မရှင့်ကို မခွဲနိုင်ဘူး၊ ကမ္ဘာလောကကြီးတစ်ခုလုံးကို ဆန့်ကျင်ပြီး ရှင့်ဘက်က ရပ်တည်မယ်"

"ကျွန်တော့်ဟာ မိန်းကလေးကို အကြာကြီးဖျောင်းဖျခဲ့ပါတယ်၊ ဒါပေမယ့် အချည်းနှီးပါပဲ မိတ်ဆွေတို့၊ သူမဘဝတစ်ခုလုံးကို မောင်သူရဆီမှာ ပုံအပ်လိုက်ပါပြီ၊ လောကကြီးမှာ သံယောဇဉ်တွယ်စရာဆိုလို့ ဒီသမီးတစ်ယောက်ပဲရှိပါတယ်၊ သူမကို နားဝင်အောင် မဖျောင်းဖျနိုင်တဲ့အတွက် ကျွန်တော့်အတော့်ကို ဝမ်းနည်းကြေကွဲရပါတယ်"

ကျွန်တော်စိတ်ထိခိုက်တာကို မြင်ရတဲ့အတွက် မောင်သူရဟာ စိတ်မကောင်းဖြစ်သွားပုံရပါသည်။

"ကျွန်တော်ဟာ ဦး ထင်သလောက်မဆိုးဝါးသေးပါဘူး ခင်ဗျား" လို့လေသံအေးအေးနဲ့ပြောတယ်၊ "ခင်ခင်ဟာ ကျွန်တော့်ဘဝကို ပြောင်းလဲလိုက်ပါပြီ၊ မနေ့ကပဲသူ့ကို အရှက်ရစေမယ့် အလုပ်မျိုး နောက်ထပ်မလုပ်ပါဘူးလို့ ကျွန်တော် ကတိပေးလိုက်ပါပြီ၊ အဲဒီကတိကို တည်အောင်စောင့်ထိန်းဖို့ကိုလည်း ဆုံးဖြတ်ပြီးပါပြီခင်ဗျာ" မောင်သူရက နောင်တရတဲ့လေသံနဲ့ ပြောပါတယ်၊ အဲဒီနောက်





သူ့အိတ်ထဲက စက္ကူဘူးကို ထုတ်လိုက်တယ်"

"ဦး. . ယုံကြည်အောင် အခုပဲ သက်သေပြပါ့မယ်၊ ဒါဟာ ခင်ခင်ရဲ့စကားကို နားထောင်တဲ့ သဘောပါပဲ၊ ဦး ပြောတာမှန်ပါတယ်၊ ကျွန်တော့်ဟာ ဦးထိန်းသိမ်းခဲ့တဲ့ ပြတိုက်ထဲက ရတနာတွေကို ရယူဖို့ကြံစည်ခဲ့ပါတယ်၊ တန်ဖိုးကြီးတဲ့ပစ္စည်းကို ရဖို့အတွက် စွန့်စားရတာကို ကျွန်တော့်သဘောကျပါတယ်၊ ပန်ထွာဘုရင်မရဲ့ လည်ဆွဲကြိုးမှာ စီချယ်ထားတဲ့ပတ္တမြားတွေဟာ ကျွန်တော့်ကို စိတ်ခေါ်နေတာကြာပြီ၊ ဒါကြောင့်ရအောင်ယူဖို့ ကျွန်တော့်ဆုံးဖြတ်ခဲ့တယ်"

"ဒါဆို ကျွန်တော်ထင်တဲ့အတိုင်း မှန်နေတာပေါ့"

"ဦး မထင်တဲ့အချက်တစ်ချက် ရှိပါသေးတယ် ခင်ဗျာ"

"မောင်ရင် ဘာဆိုလိုတာလဲ"

"အဲဒီပတ္တမြားတွေကို ကျွန်တော်ရပြီးပြီခင်ဗျား၊ ဟောဒီသေတ္တာထဲမှာပါတယ်၊ ဖွင့်ကြည့်ပါ"

"ကျွန်တော်ဟာ သူလှမ်းပေးတဲ့ သေတ္တာကိုယူပြီး အဖုံးကိုဖွင့်လိုက်တယ်၊ မြင်ရတဲ့အရာကြောင့် မှင်တက်မိသလို ဖြစ်သွားတယ်၊ သေတ္တာထဲမှာ အရောင်တဖျပ်ဖျပ်တောက်နေတဲ့ ပတ္တမြားအားလုံးကို မြင်နေရတယ်၊ ဒီပတ္တမြားတွေဟာ ပန်ထွာဘုရင်မလည်ဆွဲရတနာပေါ်က ဖြစ်တယ်ဆိုတာ သံသယရှိဖို့မလိုဘူး"

"လည်ဆွဲပေါ်မှာ ပတ္တမြားတွေရှိနေတုန်းပဲ"

"အဲဒါတွေဟာ အတုတွေပဲ၊ အော်ဒါမှာပြီးသွေးထားတဲ့ ကျောက်များတွေကို အစားထိုးထားခဲ့တာပါ၊ အတုတွေဟာ အစစ်နဲ့ခွဲခြားလို့မရအောင် တူတဲ့အတွက် ဘယ်သူမှမသိဘူး"

"အဲဒီနောက် ဘယ်သူမှစကားမပြောပဲ အချိန်အတော်ကြာအောင်တိတ်ဆိတ်နေခဲ့တယ်၊ ကျွန်တော့်သမီးဟာ စိတ်လှုပ်ရှားတဲ့အတွက် မျက်နှာတစ်ခုလုံး သွေးဆုတ်သလိုဖြူရော်နေတယ်၊ ဒါပေမယ့် မောင်သူရရဲ့လက်ကို မလွှတ်ပဲကိုင်ထားတယ်"

"ကိုယ်ကတိတည်တယ်ဆိုတာ မင်းသိပါတယ် ခင်ခင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်သူရက ပြောတယ်. .

"ရှင်. . .. နောင်တရပြီး စိတ်ပြောင်းသွားပြီဆိုတာ ကျွန်မ သိပါပြီ" ကျွန်တော့်ရဲ့သမီးက ကျေနပ်အားရစွာ ပြောနေသည်။

"ကဲ. . ဒီပတ္တမြားတွေကို ကျွန်တော်ပြန်အပ်ပါတယ်၊ ဦးကြိုက်သလိုလုပ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုဒုက္ခရောက်အောင်လုပ်ရင် ဦးရဲ့သမီးစိတ်မချမ်းမသာ ဖြစ်မယ်ဆိုတာကို သတိချပ်စေချင်ပါတယ်. . ကဲ ကိုယ်သွားမယ် ခင်ခင်. . မင်းဆီကို မကြာခင်စာရေးလိုက်ပါ့မယ်၊ အခုအကြိမ်ဟာ မင်းကိုနောက်ဆုံးခွဲခွာရခြင်းပါပဲ" အဲဒီလို ပြောပြီး မောင်သူရဟာအိမ်ထဲကထွက်သွားတော့တယ်"

"အဲဒီနောက် ကျွန်တော်ဒုက္ခရောက်ကျန်ရစ်တော့တာပဲ၊ လက်ထဲမှာရှိနေတဲ့ အဖိုးတန်ပတ္တမြားတွေကို ဘယ်လိုနည်းနဲ့ပြတိုက်ထဲရောက်အောင် ပြန်ပို့ရမယ်ဆိုတာကို စဉ်းစားလို့မရဘူး၊ အဖြစ်အပျက်ကို အမှန်အတိုင်းဖွင့်ပြောရင် ကျွန်တော်တို့မိသားစု အရှက်တကွဲအကျိုးနည်းဖြစ်လိမ့်မယ်၊ ကျွန်တော့်ရဲ့သမီးဟာ မောင်သူရကို အတော်စွဲလမ်းချစ်ခင်တယ်ဆိုတာကိုလည်း သိတယ်၊ မောင်သူရ တစ်ခုခုဖြစ်သွားရင် ကျွန်တော့်သမီးဟာ သိပ်စိတ်ထိခိုက်လိမ့်မယ်၊ ပြီးတော့ နောင်တတရားရပြီး အဖိုးတန်ပတ္တမြားတွေကို ကြည်ကြည်သာသာအပ်နှံတဲ့လူတစ်ယောက်ကို ဒုက္ခရောက်အောင်လုပ်တာဟာ တရားမျှတပါ့မလားလို့လဲ တွေးမိတယ်၊ ကျွန်တော်ဟာ ထပ်တလဲလဲ စဉ်းစားခဲ့တယ်၊ နောက်ဆုံးဒီပတ္တမြားတွေကို လူမသိစေပဲ ပြန်ထားနိုင်တဲ့ နည်းလမ်းတစ်ခုကို စဉ်းစားမိတယ်၊ အဲဒီနည်းဟာ ခင်ဗျားတို့အတွက် ရယ်စရာဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ အကောင်းဆုံးပါပဲ"

"အဲဒီနည်းလမ်းကတော့ ပတ္တမြားတွေကို ဘယ်သူ့ကိုမှ အသိမပေးပဲ တိတ်တိတ်ပြန်ထားဖို့ပဲ၊ ကျွန်တော့်ဆီမှာ ပြတိုက်ကို ဝင်နိုင်တဲ့သော့ရှိတယ်၊ အစောင့်ရဲ့အလေ့အကျင့်ကိုလည်း သိထား







[illegible]ယ်၊ ဒီကိစ္စကိုဘယ်သူ့ကိုမှ အသိမပေးပဲလုပ်ဖို့ဆုံးဖြတ်လိုက်တယ်၊ [illegible]ျွန်တော့်သမီးကိုတောင် အသိမပေးဘူး၊ မန္တလေးမှာနေတဲ့ [illegible]ျွန်တော့်အစ်ကိုဆီကို အလည်သွားမယ်လို့ သူ့ကိုပြောပြီး အိမ်က [illegible]ွက်လာခဲ့တယ်၊ ကျွန်တော့်တစ်ယောက်ထဲ လွတ်လွတ်လပ်လပ် [illegible]လာလှုပ်ရှားဖို့လိုတယ်၊ ဒါကြောင့် မြို့ထဲကတည်းခိုခန်းတစ်ခန်း[illegible] အခန်းငှားပြီးနေခဲ့တယ်၊ ကျွန်တော့်ကိုကျွန်တော့် စာရေးဆရာ[illegible]စ်ယောက်လို့ ပြောထားခဲ့တယ်။

"အဲဒီညမှာ ပြတိုက်ထဲဝင်ပြီး အပေါ်ဆုံးက ပတ္တမြားလေး[illegible]ကို ပြန်ထည့်ခဲ့တယ်၊ ပတ္တမြားတွေကို ပြန်ထည့်ရတာမလွယ်ဘူး၊ [illegible]ညလုံးအချိန်ယူရတယ်၊ အစောင့်ရဲ့ ခြေသံကို နားစွင့်နေရတယ်၊ [illegible]လာတဲ့အချိန်မှာ ကျွန်းသားအခေါင်းထဲ ဝင်ပုန်းနေခဲ့တယ်၊ [illegible]ျွန်တော့်ဟာ ပန်းထိမ်ပညာကို အနည်းအကျဉ်းတတ်ပေမယ့်

www.burmeseclassic.com

## မြင်ကွင်းစုံမှခင်း

မောင်သူရလောက် မကျွမ်းကျင်ဘူး၊ သူပတ္တမြားအတုတွေ ပြန်ထည့်ထားပုံဟာ သေသပ်တဲ့အတွက် ဘယ်သူမှမရိပ်မိဘူး၊ ကျွန်တော့်လုပ်ပုံကိုင်ပုံက မသပ်ရပ်ဘူး၊ ဘာပဲဖြစ်ဖြစ် လည်ဆွဲကိုဘယ်သူမှ သေသေချာချာကြည့်မှာမဟုတ်ဘူးလို့ ထင်ခဲ့တယ်၊ ပတ္တမြားတွေ အားလုံးပြန်ထည့်ပြီးမှ သိသွားရင် ကိစ္စမရှိတော့ဘူး၊ အခုတော့ ကံဆိုးတဲ့အတွက် ခင်ဗျားတို့နဲ့တွေ့ပြီး ကျွန်တော်ဖုံးကွယ်ထားလိုတဲ့ အကြောင်းတွေကို ခင်ဗျားတို့ကို ပြောပြနေရပြီ၊ အဲဒါပါပဲ၊ ကျွန်တော့်ရဲ့ ပျော်ရွှင်မှု၊ သမီးလေးရဲ့ စိတ်ချမ်းသာမှု၊ မောင်သူရရဲ့ အနာဂတ်ဟာ ခင်ဗျားတို့ရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်နေပါပြီဗျာ"

ဦးစံရွှေမောင်၏ စကားအဆုံးတွင် ပါမောက္ခဦးအုန်းကျော်သည် ထိုင်ရာမှထသွားပြီး ဦးစံရွှေမောင်၏ လက်ကိုဆွဲယူခါရမ်းလေ၏။

"တော်ပါပေတယ်. . ဦးစံရွှေမောင်. . ခင်ဗျားဟာ ရွှေဟောင်းသုတေသနသမား ပီသပါပေတယ်၊ ကဲ. . ဒီအဖြစ်အပျက်ကို ဒီမှာပဲပြီးဆုံးသွားပါပြီး၊ မနက်ဖြန်ကျရင် ကျွမ်းကျင်သူကိုခေါ်ပြီး ပတ္တမြားတွေကို နေသားတကျပြန်ထည့်ရမယ်၊ ဒီအဖြစ်အပျက်ကို မေ့လိုက်ပါ ဦးစံရွှေမောင်၊ ခင်ဗျားအခြေအနေမျိုးကြုံရင် ကျွန်တော့်လဲဒီလိုလုပ်မိမှာပါပဲ ထင်ပါရဲ့"

နောက်တစ်လအကြာတွင် ခင်မေဦးနှင့် မောင်သူရတို့ လက်ထပ်ခဲ့ကြသည်။ မောင်သူရသည် ရွှေပန်းထိမ်လုပ်ငန်းတစ်ခုကို တည်ထောင်ထားပြီး လူအများ၏လေးစားမှုကို ခံယူနေရလေပြီ။ အဖြစ်မှန်ကို သိသူများကသာ မောင်သူရအားဒုစရိုက်အမှောင်လမ်းမှ ဆွဲထုတ်ခဲ့သည့် ခင်မေဦးကို ချီးကျူးကြပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ်။ ။

**လူမင်းအောင်**





www.burmeseclassic.com

## မြင်ကွင်းစုံအတိုချုံးဝတ္ထု



(၁)

"မေမေရေ..မေမေ"

"ဟယ် သမီးလဲ့လဲ့ သမီးလေး
ဆင်ပြေခဲ့ရဲ့လား..မေမေဖြင့်
တမမနဲ့"

"အဆင်ပြေပါတယ်။ မေမေရဲ့
မီး ဒီနေ့စတိတ်ပေါ်တက်ဆိုရလို့..
ပေးလိုက်ကြတာ..အားရစရာပဲ၊
တယ်ပဲ၊ ဩော် မေမေ့ဖို့ ပေါက်စီပါ
တယ်၊ မောင်လေးဖို့ ကျောင်းလခနဲ့
မုန့်ဖိုး..ရော့..မေမေ"

"ဩော်..အေး..အေး..
သမီးလည်း မိသားစုအတွက်..တာဝန်
ကြီးတစ်ခုထမ်းနေရတာ မေမေဖြင့်"

"သမီးလေ..မေမေနဲ့မောင်
လေးအတွက်ဆို ဘာမဆို စွန့်လွှတ်ရဲ
တယ်"

"လိမ္မာလိုက်တဲ့ သမီးလေးရေ
သာဓုကွယ်..သာဓု..သာဓု"

မော်ဒယ်သင်တန်းမှ ဆင်းပြီးပြီး
ချင်း ရက်စ်တောရင့် တစ်ခုတွင် အလုပ်
သဖြင့် ပျော်နေသော သမီးကြီး မလဲ့လဲ့
ကို မြင်ရသဖြင့် မိခင်ဖြစ်သူ ဒေါ်သီတာ
လဲ့မှာ ပီတိဖြစ်နေသည်။

ဒေါ်သီတာလဲ့တို့ မိသားစု
ဤဆင်ခြေဖုံးရပ်ကွက်ကလေးထဲသို့
ပြောင်းရွှေ့လာခဲ့သည်မှာ သိပ်ပင်မကြာလှ
သေးခင်မှ မိတ်ဆွေများ တိုးပွားနေပြီဖြစ်
သည်။ ခေတ်နှင့်အညီ လုပ်ကိုင်ဆောင်
ရွက်တတ်မှုကြောင့် စိုပြည်သော မိသားစု
လေးဖြစ်နေသည်။

"မမလဲ့ ကျောင်းလခပေးရဦး
မယ်နော်..မေ့နေမှာစိုးလို့ပါ"

"အေးပါ မောင်လေးရာ။ မမလဲ့
ပါတယ်။ မောင်လေးပညာကို ကြိုးစား
နော် ဟုတ်လား"

"ဟုတ်ကဲ့ မမ"

(၂)

"မေမေရေ..မေမေ"

"ဟင် မေမေ နေမကောင်းဘူး
လား..ဒီနေ့ မေမေ့အတွက် ရှယ်ဒန်
ပေါက်စီဝယ်လာတယ်။ မောင်လေးအတွက်
က ပိုးတွဲလုံခြည်လေး မလှဘူးလား မေမေ"

"အင်း"

ဒေါ်သီတာလဲ့သည် သမီးဖြစ်သူ
မလဲ့လဲ့ကိုကြည့်ရင်း ရင်မောလာသည်။
ရင်ထဲဆို့နင့်မှု ဝေဒနာဖြစ်ပေါ်လာသည်။
ယခင်ကဆိုလျှင် သမီးပြန်လာမည့်အချိန်
မျှော်၍ ပျော်ရွှနေရသည်ဏ အမောပင်၊
ယခုဒေါ်သီတာလဲ့ကို ကြည့်ရင်း အားမရ
သဖြင့် မလဲ့လဲ့ကပင် မိခင်ကြီးကိုအလျှင်
စလိုမေးလိုက်သည်။

"မေမေ ဗီနေ့ သမီးအလုပ်က
သိပ်များသွားလို့ အချိန်မီ ပြန်မရောက်
လာတာ သမီးကို ခွင့်လွှတ်ပါမေမေ..
မေမေမျှော်နေမယ်ဆိုတာ သမီးအသိဆုံးပါ
ဒါပေမယ့်"

"မေမေ နားလည်ပါတယ် သမီး
လေးရယ် မေမေ့ရဲ့ ရင်ထဲမှာ လှုပ်ခတ်နေ
တဲ့ ဝေဒနာကဆေးကုလို့ မရဘူးသမီးရဲ့
သိလား"

"ဩော်..မေမေရယ်"

ဒေါ်သီတာလဲ့၏ မျက်လုံးအစုံ
သည် သမီးအလိမ္မာလေး မလဲ့လဲ့၏
ကိုယ်ခန္ဓာတစ်ခုလုံးကို စူးစိုက်ကြည့်လိုက်
ရာ နေရာတစ်ခုကို အမှတ်တရတွေ့ရှိသွား
လေသည်။ ရင်တလှပ်လှပ်တုန်ခါမှုက
အရှိပ်ပမာထင်ဟပ်လာသည်။

လှပတင့်တယ်ချစ်စဖွယ်အလှ
သည် လျှပ်တစ်ပြက်ချင်း ဖြစ်စဉ်တစ်ခုပ်
အဖြစ်တင့်ရှိနေဦးမည်မှာ သေချာလှပေ
သည်။ မလဲ့လဲ့၏ သန္တာရောင်နှုတ်ခမ်းလွှာ
တွင် နှင်းဆီရောင် နှုတ်ခမ်းနီများအစေ
သို့ ပြေးထွက်သွားသော ပုံရိပ်ကိုကြည့်ရေး
ကြည့်ရင်း ဒေါ်သီတာလဲ့မှာ။

မောင်ယဉ်ကြိုး (မှော်ဘီ)

www.burmeseclassic.com

www.burmeseclassic.com

# အချိန်မီ

## A little Time off

By *Stephen Wasylyk*

ဝင်းနိုင်အောင်
(မြန်မာပြန်)

ဟစ်ချ်ကော့လက်ရွေးစင်

ဘာသာပြန်ဝတ္ထုရှည်စ/ဆုံး



10



11





www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းမှာပင် ပေါက်ကွဲမှုက ဖြစ်ခဲ့ပြီး၊ တောင်တန်းများကို ပဲ့တင်ထပ်သွားစေသည်။

မာလွန်က အသံငြိမ်သွားချိန်အထိ ခေါင်းထောင်နားစွင့်သည်။ ထို့နောက် ပခုံးတွန့်ကာ ငါးပြန်မျှားသည်။ ရေစီးကြောင်းအတိုင်း ကြိုးကို စမျှောချထားသည်။

သူက လူကောင်းကြီးပြီး ပခုံးကကျယ်သည်။ မျက်နှာက အပြင်ထွက်ရခြင်းများ သူ့အတွက်ဖြုန်းလွန်းကာ တည်ငြိမ်လှသည်။ ဘာနားကြီးကြီးဦးထုပ်အောက်မှ ပြာလွင်လွင် မျက်လုံးအစုံက စမ်းချောင်းတစ်လျှောက်လိုက်ကြည့်ကာ ငါးများရန်နေရာဟောင်းကို ရှာနေသည်။

မာလွန်၏ ငါးမျှားရာ ရေကန်လေးပေါ်သို့ ရဲမှူးတွမ်ဖူးလ်တန်၏ အရိပ်ရှည်ရှည်က ထိုးကျပြီး ခေါ်လိုက်ချိန်မှာ မွန်းတိမ်းနေပြီ ဖြစ်သည်။

မာလွန်ကမူ မကြားချင်ဟန်ဆောင်ထားလိုက်သည်။ ဖူး(လ်)တန်မှာ ပေါက်ကွဲမှုကြောင့် ရောက်လာခြင်းဖြစ်ကြောင်း၊ မာလွန်၏ စိတ်ထဲက သိထားနှင့်၏။ ဤကိစ္စတွင် သူမပတ်သက်ချင်လှ၊ ငါးမျှားရန် သူလာခဲ့ခြင်းမျှသာ ဖြစ်၏။

ဖူးလ်တန်မှာ လက်လျှော့ခဲတတ်သူပင်။

"ဆယ်မိနစ်လောက်ပါ ဒေးဗ်ရယ်၊ ကျွန်တော် ဒီလောက်ပဲ အချိန်လိုချင်တာပါ"

မာလွန်က သက်ပြင်းချကာ ကြိုးကိုပြန်ရစ်လိုက်သည်။ ဤငါးမျှားနေရာလေးကို ရှာတွေ့ပြီး သူ့အားကိုယ်ပိုင်စခန်းချခွင့် ပေးသူမှာ ဖူးလ်တန်သာဖြစ်၏။

"ဆယ်မိနစ်ပဲနော်"





မာလွန်က ကမ်းပေါ်သို့ ရေထဲမှဖြတ်လာရင်း ပြောသည်။

"ခု ခင်ဗျားအတွက် ကိုးမိနစ်ခွဲပဲ ကျန်တော့တယ်"

"ကျွန်တော်က ခင်ဗျားရဲ့အကြံဉာဏ်နဲ့ သဘောထားကိုလိုချင်လို့ပါ၊ မနက်က ပေါက်ကွဲသံကို ကြားလိုက်ရတယ် မဟုတ်လား"

မာလွန်က ငါးမျှားတံကိုချ၍ စီးကရက်တို နှုတ်ယူရင်း ခေါင်းကိုလည်း ညိတ်ပြလိုက်သည်။

"ဟာဒီဆိုတဲ့ လူတစ်ယောက်တည်းအထဲမှာ ရှိနေခဲ့တာဗျ၊ သူစီးလာတဲ့ မော်တော်ဘုတ် ပေါက်ကွဲသွားတာ၊ အစကတော့ မတော်တဆဖြစ်တာလို့ထင်တာ၊ ဓာတ်ဆီတိုင်ကီကြောင့်၊ ဒါမှမဟုတ် စက်ကြောင့်လို့ ပြဿနာက အဲဒီလိုပေါက်ကွဲပုံမျိုးဟာ သိပ်ပျက်စီးနိုင်တာ မဟုတ်ဘူး၊ ဒါနဲ့ ဗျောကက်ကီတို လုပ်အားပေး ရေငုပ်ခိုင်းရတယ်၊ ဗျောကို ခင်ဗျားသိပါတယ်၊ ရေတပ်က ရေအောက်တိုက်ခိုက်ရေးပါရဂူ တစ်ယောက်လေ၊ ခုတော့ ကုန်မာဆိုင်ဖွင့်ထားတယ်၊ ရေငုပ်ကြည့်တော့ စိတ်ဝင်စားစရာတော်တော် ကောင်းတာမျိုး သူတွေ့ခဲ့ရတယ်"

"ဘယ်လောက်တောင် စိတ်ဝင်စားစရာ ကောင်းလို့လဲ"

"ဓာတ်ဆီတိုင်ကီ ရိုးရိုးပေါက်ကွဲတာမျိုး မဟုတ်ဘူးလို့ ဗျောကပြောတယ်"

မာလွန်က စီးကရက်ကို ပါးစပ်မှဖြုတ်၍ လက်ထဲတွင် လှိမ့်နေလိုက်သည်။

"ခင်ဗျားအတွက်တော့ အတော်ခက်သွားမှာပဲလေ၊ ဒါနဲ့ ကျွန်တော့်ကို ဘာကြောင့် လိုအပ်ရတာလဲ"

ဖူးလ်တန်က ကမ်းစပ်မြက်ခင်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ချကာ ဆေးတံကိုထုတ်သည်။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်က တောကရဲမှူးဖြစ်ပြီး၊ ခင်ဗျားက မြို့ပေါ်က နာမည်ကြီးစုံထောက်ဖြစ်နေလို့ပဲ၊ တစ်ယောက်ယောက်ကသာ ဟာဒီကိုသတ်ခဲ့ရင် ကျွန်တော့်ထက် ခင်ဗျားလိုင်းနဲ့ပိုဆိုင်လိမ့်မယ်၊ ကျွန်တော့်ကို ကူညီနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအမှုမျိုးမှာ ပြည်နယ်ရဲ့အဖွဲ့ကို ခင်ဗျားခေါ်သင့်တယ်လို့ ကျွန်တော် ထင်တယ်"

"ဟုတ်ပါတယ်။ ဒါပေမယ့် နှစ်ကုန်ရင် ကျွန်တော်က ရဲမှူးရာထူးအတွက် ပြန်ပြီးမဲဝင်ရွေးရတော့မယ်။ ဒီအမှုကို ကိုယ့်ဘာသာကိုယ်ပဲလိုက်ချင်တယ်။ ဖြေရှင်းနိုင်ရင် ကျွန်တော့်မဲများပြီပေါ့ဗျာ"

"ခင်ဗျားဘာသာ မလုပ်နိုင်တာနဲ့ ကျွန်တော့်ကို ဘာဖြစ်လို့ အပူကပ်ရတာလဲ"

ဖူးလ်တန်က ဆေးတံအား ဖြည်းဖြည်းပင်ဖွာကာ မီးညှိသည်။

"ကျွန်တော် တစ်ယောက်ထဲအရူးမဖြစ်မိအောင် ခင်ဗျား ဘေးမှာရှိနေစေချင်လို့ပါ"

မာလွန်က ရယ်လိုက်သည်။

"အတော်ကြီးကျယ်တဲ့ အလုပ်ပဲ"

"ရယ်ပါဗျာရယ်ပါ။ အနည်းဆုံးတော့ ကျွန်တော့် ခေါင်းမခြောက်ရတော့ဘူးလို့ သိထားပါတယ်။ ခင်ဗျားလိုက်မယ် မဟုတ်လား"

မာလွန်က ဘောင်းဘီပေါ်မှ ရေမစိုရန် ဝတ်သည့်သားရေဘောင်းဘီစွပ်အရှည်ကို စတင်ချွတ်လျက်ရှိ၏။

"ကိုယ့်ရဲ့ လိုအပ်ချက်တွေကို ဝန်ခံတတ်တဲ့ ယောကျာ်းသားတစ်ယောက်ကိုတော့ ကျွန်တော် အမြဲတမ်း သဘောကျပါတယ်ဗျာ။ ကဲ. . . ဘယ်ကစကြမလဲ"

"ရေကန်ကပဲ. . . ကျွန်တော်တို့ကို ကက်စကီ စောင့်နေတယ်"

"ဒီအမှုတော့ မှတ်တမ်းထဲမှာ ရယ်စရာအကောင်းဆုံးတစ်ခုဖြစ်တော့မှာပဲ။ ကျွန်တော်က ဒီနေရာ သိပ်ကျွမ်းကျင်တာ မဟုတ်ဘူး"

"ရယ်စရာ စုံစမ်းရေးတစ်ခုဟာ ဘာမှမလုပ်တာထက်တော့ ပိုကောင်းပါတယ်။ ဘာကိုရှာရမယ်၊ ဘယ်လိုမေးရမယ်ဆိုတဲ့ ဥပဒေသတွေကို ခင်ဗျားကသိတယ်၊ ကျွန်တော်က မသိဘူး"

"ဒါတွေ ခေါက်ထားလိုက်စမ်းပါဗျာ။ ပြင်းပြင်းထန်ထန် လုပ်





ပြီး ကံကောင်းတာပဲလိုတာပါ။ အများစုကတော့ ကံကောင်းဖို့ပဲ"

မာလွန်ကို မြင်လိုက်သည့်အခါ ကက်စကီက ဖျော်နာဖုံးတို မ,တင်ပြီး အသက်ရှူပြွန်ကို ချွတ်ချထားလိုက်သည်။

"ခင်ဗျား ကူညီတော့မယ်ပေါ့ ဟုတ်လား ဒေးဗ်"

"ရေမငုပ်နိုင်တာတော့အမှန်ပဲ ကျော့ရေ၊ မော်တော်ဘုတ်ကို တစ်ယောက်ယောက်က ဖောက်ခွဲလိုက်တာလို့ ခင်ဗျားပြောတာနဲ့ ဖူးလ်တန်ဒေါ့ ဂယောင်ဂတမ်းဖြစ်နေပြီ"

"ဒါကိုပဲ ကိုယ့်ဘာသာကိုယ် ကြည့်တော့လေ"

ကျော့က ဓာတ်ဆီတိုင်ကီ အပိုင်းအစကို ပြလိုက်သည်။

"ပေါက်ကွဲတာက ဓာတ်ဆီကြောင့်ဆိုတာထက် ပြင်းလွန်းလှတယ်ဗျ"

မာလွန်က လက်ခံသည်။

"ကျွန်တော်ဟာ ပါရဂူမဟုတ်ပေမယ့် ခင်ဗျား ပြောတာတော့ အမှန်ပဲ။ ယမ်းဘီလူးနှစ်ချောင်းလောက် တပ်ခဲ့လိုက်တာပဲ မဟုတ်လား"

"အဲဒါ မဟုတ်လည်း အဲဒီလောက် အားရှိတာမျိုးနဲ့ပဲ။ နောက်ပြီး ဒီဟာဒီဆိုတဲ့ လူက လှေကိုစက်တပ်ထားတာ၊ ဘယ်လိုမှ ဓာတ်ဆီငွေ့ပိုက်ယိုစရာ မရှိဘူး၊ လှေဟာ ဘယ်လိုမှ မီးလောင်စရာမရှိဘူး၊ တစ်စစီ ဖြစ်သွားလို့ပဲ"

"ဟာဒီက စက်တပ်လှေအပေါ်မှာ တစ်ယောတ်ယောက်က ယမ်းဘီလူး တင်ပေးလိုက်တာလို့ပဲ ကျွန်တော် မြင်တယ်"

ဖူးလ်တန်က ဝင်ပြောလိုက်သည်။

"ဟာဒီကိုယ်တိုင်က ယူမလာခဲ့ရင်ပေါ့ဗျာ"

မာလွန်က အသက်မပါစွာ ဆိုသည်။

"အချိန်ကိုက် ကိရိယာလိုဟာမျိုးကော ရှာတွေ့သေးသလား ဗျ"

"မတွေ့ဘူး၊ ရေကန်အောက်ခြေက သဲဆိုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း ရှာလို့ရပါတယ်"

"လှေက ဘယ်နေရာရှိနေခဲ့တာလဲ"

"ရေကန် အလယ်တည့်တည့်လောက်မှာ။ ဘယ်သူကမှ လှမ်းပစ်တင်လို့ မရနိုင်ဘူး"

"အင်း"

မာလွန်က သက်ပြင်းချလိုက်သည်။

"တစ်ယောက်ယောက် လုပ်ကြံတဲ့ပုံမျိုးဆိုတာတော့ ကျွန်တော် လက်ခံပါပြီ။ ပတ်သတ်စရာအကြောင်းကကော ဘယ်သူရှိမလဲ"

"လက်တွေ့ကျကျ ပြောရရင်တော့ ရေကန်ထဲမှာ ရှိနေတဲ့ လူအားလုံးလို့ ပြောရမှာပဲ"

ဖူးလ်တန်က ဖြေလိုက်သည်။

"ဟာဒီဟာ လူတွေသိပ်မကြိုက်တဲ့လူပဲ။ သူ့မိန်းမကိုကော တခြားလူတွေကိုပါ ဆက်ဆံရေးက ကျဲလှတယ်"

"ဒါထက်ပိုပြီး တိကျတာမျိုး အကြောင်းတော့လိုတယ်ဗျ"

ကက်စကီက အကြည့်ကို လွှဲလိုက်သည်။

"ကောလဟာလတွေ နားထောင်ချင်တယ်ဆိုရင်တော့ သင့်တော်နေတဲ့ လူတစ်ယောက်တော့ရှိတယ်။ ပရိုက်စ်ဆိုတဲ့လူပဲ။ ဟာဒီတို့ အိမ်နားမှာနေပြီး၊ ဟာဒီ့မိန်းမနဲ့ သိပ်ရင်းနှီးလွန်းလှတယ်"

"တခြားကော"

ကက်စကီက ခေါင်းခါသည်။

"ကျွန်တော် သိရသလောက်တော့ တခြားဘယ်သူမှ မရှိတော့ဘူး"

"ဟာဒီ့ မိန်းမက ဘယ်လိုလဲ"

"ခင်ဗျားကို ကျွန်တော် ဘာကြောင့် လိုအပ်တယ်ဆိုတာ အဲဒါပဲဗျ"

ဖူးလ်တန်က ပြောပြသည်။





"ယမ်းဘီလူးဆိုတာ မိန်းမသားတွေရဲ့ လက်နက်လို့ ကျွန်တော် တစ်ခါမှ မထင်မိဘူး"

"ဟာဒီရဲ့ လှေပေါ်ကို ယမ်းဘီလူး တင်နိုင်လောက်တဲ့ အခွင့်အရေး ဘယ်သူ့မှာ ရှိမှာမို့လဲ"

"ခင်ဗျားပြောတာ မှန်ပါတယ်။ ကဲ. . . ဒီလိုဆိုတော့ကော"

မာလွန်က ရေကန်ထဲသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ကန်ထဲသို့ ဆင်းရာလမ်းမှ တောင်စောင်း စောက်စောက်တွင် သစ်ပင်များဖုံးအုပ်လျက်ရှိသည်။ ကိုစပ်စုတစ်စုက လှေလေး၊ ငါးစီးဖြင့် လျှောက်ကြည့်နေကြသည်။ အချို့က လှေပေါ်မှာပင် မလှုပ်မယှက် ငြိမ်ထိုင်နေကြသည်။

"အဲဒီလူတွေ ဘယ်လိုမြင်လိုက်ကြတယ်ဆိုတာ သွားမေးကြည့်ကြရအောင်"

မာလွန်က အကြံပြုလိုက်သည်။

၄င်းတို့ ဒုတိယအကြိမ် တားလိုက်ခဲ့သော အမြန်စီး မော်တော်ပေါ်တွင် မြီးကောင်ပေါက်စုံတွဲက ရှိနေကြသည်။

"ကျွန်တော်တို့ တကယ်မြင်လိုက်ရတာပဲဗျ"

ကြီးကောင်ဝင်၍ ပိန်နေပြီး၊ ဆံပင်ဝါဝါအရှည်ကို နားရွက်ပေါ်ဝဲကျနေသည့် ကောင်လေးကပြော၏။ ကောင်မလေးမှာ နေပူစာလှံသား အသားအရေနှင့် ဘီကီနီဝတ်ထားသည်။

"ဂျက်က အင်ဂျင်ကို ကြည့်နေတာ၊ ဒီမှာ ကျွန်မတို့ ရပ်ဖို့လုပ်နေတုန်း ပေါက်ကွဲမှုဖြစ်ခဲ့တာပဲ။ ဗိုင်းခနဲမြည်ပြီး ဝုန်းဆိုပေါက်ကွဲတာရှင့်"

ကောင်မလေးက အရွယ်ရောက် ယောကျ်ားများကို သဘောကျဟန်အကြည့်မျိုးနှင့် မာလွန်အား ကြည့်နေသည်။

"ဗိုင်းခနဲမြည်ပြီး၊ ဝုန်းဆိုပေါက်ကွဲတာ ဟုတ်လားကွ"

"ဟုတ်တယ်"

ကောင်မလေးက ခိုင်မာစွာ ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com





"ဒါပဲလား"

"ဒါပဲ. . . ကျွန်မတို့ ကူညီဖို့သွားတော့ ဘာမှလုပ်စရာ မရှိတော့ဘူး၊ တစ်ယောက်ယောက်က ရဲမှူးကိုအကြောင်းကြားလို့ သူရောက်လာတာပဲ"

ဖူးလ်တန်က စုံတွဲ၏အမည်များကို မေးမှတ်ထားလိုက်သည်၊

"ကဲ. . . ခုဘာဆက်လုပ်ကြမလဲ"

ငါသာ အသိဉာဏ်ရှိရင်တော့ ငါးပြန်များရမှာပဲဟု မာလွန်က တွေးလိုက်သည်၊ သို့သော် သူ့အား ဖူးလ်တန်က ခွင့်လွှတ်တော့မည်မဟုတ်၊ သက်ပြင်းချလိုက်သည်၊ လူတွေနှင့် လူတွေ၏ပြဿနာများနှင့်ဝေးရာသို့ သူပြေးနိုင်ပါမည်နည်းဟု တွေးနေမိသည်၊

သူ့အတွက် အချိန်အားလေး တစ်ခါတစ်လေရရင်ပင် ကြုံဟန်မရှိတော့၊ မေးစရာကို ကုတ်လိုက်မိသည်၊

"ဟာဒီရဲ့ မိန်းမနဲ့တွေ့ပြီး ပြီလား"

"ဟာဒီ သေဆုံးကြောင်းနဲ့ သူဖြစ်ကြောင်း အမှန်သက်သေခံဖို့ပဲ တစ်ခါတွေ့ရသေးတယ်"

"ဟာဒီဖြစ်ကြောင်း သက်သေခံစရာ ဘာကျန်သေးလို့လဲ"





"သူ့မျက်နှာနဲ့ ခေါင်းက သိပ်အခြေအနေ မဆိုးသေးဘူး၊ ပေါက်ကွဲမှုက သူ့အောက်ပိုင်းကိုသာ ရှင်းသွားတာ၊ သူက သက်ကယ်အင်္ကျီဝတ်ထားတော့ ရေပေါ်နေတယ်၊ သူ့ကို ကျွန်တော်တို့ ရေငုပ်စရာမလိုခဲ့ဘူး၊

ဖူးလ်တန်၏ တံခါးခေါက်သံကြောင့် ဖွင့်ပေးလာသူ ခပ်ပိန်ပိန်၊ အသားဖြူဖြူ အမျိုးသမီးမှာ လက်ထပ်လက်စွပ်ဝတ်ထားသော်လည်း ငယ်ရွယ်ပုံရှိ၏၊ ခရမ်းပြာရောင် မျက်လုံးများကို တွေ့ကာမှ အရွယ်ရင့်လှပြီကို မာလွန်သဘောပေါက်မိသည်၊

"ကျွန်တော် မေးစရာလေး တစ်ခုနှစ်ခု ရှိတာမို့၊ ကိစ္စမရှိလောက်ပါဘူးနော် မစ္စက်ဟာဒီ"

သူမက ဖူးလ်တန်၏ ရင်ခွင်ထဲသို့ တိုးဝင်တာ ငိုရှိုက်တော့၏၊ ဖူးလ်တန်ကလည်း မာလွန်အား စိတ်ပျက်စွာ ကြည့်နေသည်၊

မာလွန်က ရယ်ချင်လာသည်၊ ဤအခြေအနေမှာ ဖူးလ်တန်သာလျှင် ဖြေရှင်းရနိုင်စရာရှိ၏၊

"ကွင်းတင်းပရိုက်ပဲ ဖြစ်မှာပါရှင်" သူမက ငိုရှိုက်ရင်း ပြောသည်၊ "သူ့ကို လက်မထပ်ရင် ကျွန်မကို သတ်ပစ်မယ်လို့ ပရိုက်စဘာ ပြောခဲ့ဖူးတယ်"

"ကျွန်တော်တော့ နားမလည်တော့ဘူး" ဖူးလ်တန်၏ မျက်နှာမှာစိတ်ရှုပ်ထွေးနေပုံရ၏၊ "သူက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ"

ငိုရှိုက်သံက ကျယ်လာသည်၊

"ဘာဖြစ်လို့ ဒီလိုခြိမ်းခြောက်တယ်ဆိုတာ ကျွန်မလည်း မသိဘူး"

ဖူးလ်တန်က အားပေးသလို သူမ၏ ကျောပြင်ကို ပုတ်ပေးသည်၊

"ဒီမှာပဲ ခင်ဗျားနေခဲ့ဦး၊ သူ့ကို ကျွန်တော် သွားမေးမယ်"

အိမ်အပြင်ရောက်သည့်အခါ ဖူးလ်တန်က မာလွန်အား ကြည့်လိုက်သည်၊

"ဒီလိုအခြေအနေမျိုးမှာ မစ္စက်ဟာဒီကို ကျွန်တော် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး မေးနိုင်ပါမလဲဗျာ"

"ဟုတ်ပါတယ်၊ နောက်မှ ပြန်လာပေါ့"

မာလွန်က ဘေးအိမ်သို့ လိုက်သွားသည်။

ဟာဒီ၏ သစ်လုံးအိမ်ငယ်မှာ တောအုပ်ထဲတွင် ရှိသည်။ လူသွားလမ်းက ကန်စပ်ဆိပ်ခံလေးဆီသို့ ဦးတည်လျက်ရှိ၏။

ပရိုက်၏ သစ်လုံးအိမ်ကလေးကမူ ကန်စပ်ရှိ မြက်ခင်းပြင် ဆင်ခြေလျှောပေါ်တွင်ရှိသည်။

ပရိုက်၏ သစ်လုံးအိမ်ကလေးကမူ ကန်၏ မြက်ခင်းပြင် ဆင်ခြေလျှောပေါ်တွင် ရှိသည်။ အိမ်ရှေ့ရှိ သစ်ပင်များကို ရှင်းလင်းထားသည်။

"စီနေရာကို သူဘယ်တုန်းက ရှင်းထားတာလဲ ဖူးလ်တန်"

"ပြီးခဲ့တဲ့ မိုးတွင်းကပဲ၊ ဖောက်ခွဲပြီးမှ ကျဲတဲ့အသံက စမ်းချောင်းလေးတစ်ခုကျနေတာပဲဗျာ"

"သူ့မှာ လက်ကျန် ယမ်းဘီလူးတဲ တချို့ကျန်မှာပဲ"

"ဒါမျိုးကိုတော့ ကျွန်တော် တစ်ခါမှမတွေးမိခဲ့ဘူးဗျာ"

ဖူးလ်တန်က ဝန်ခံလိုက်၏။

ဖူးလ်တန်က အိမ်ရှေ့တံခါးကို ခေါက်သည်၊ မျက်နှာလုံးလုံး နှာခေါင်းပွပွနှင့် ပုဂ္ဂိုလ်က မကြည်မသာနှင့် တံခါးဖွင့်ပေးသည်၊

သူ၏မျက်လုံးများက သေးငယ်၍နီးကပ်လှသည်။ မှိုင်းနော် ရော်ဆံပင်ကို အတိုညှပ်ထားသည်။ နှုတ်ခမ်းထောင့် နှစ်ဖက်က တွေ ကျနေသည်၊

"ဘာကိစ္စလဲ"

"ကျွန်တော်တို့ မစ္စက်ဟာဒီဆီက ခုပဲပြန်လာခဲ့တာ" ဖူးလ်တန်က ရှင်းပြသည်၊ "မိန်းမသားတစ်ယောက်ကို ခြိမ်းခြောက်တာ အတော်ဆိုးတာပဲ၊ ယောကျ်ားသေပြီးကာစ မိန်းမတစ်ယောက်ကို ခြိမ်းခြောက်တာ ခင်ဗျားရှုံးလို့ပဲဖြစ်မယ်"

"ဘာဗျ၊ ရှုံးတာက သူ. . . သူ ယောကျ်ားကို သူက ဝမ်းမြောက်

ဝမ်းသာရှင်းပစ်ချင်နေတာ၊ ကြေကွဲနေတဲ့ မုဆိုးမပုံမျိုး ဖမ်းနေတာ ဟန်ဆောင်နေတာပဲ"

မာလွန်က တည်ငြိမ်စွာပင် ဝင်မေးလိုက်သည်၊

"ခင်ဗျား ကမ်းလှမ်းချက်ကို သူလက်ခံမယ်လို့ ထင်သလား"

ပရိုက်က မာလွန်အား လက်မဖြင့်ပြကာ မေးလိုက်၏၊

"သူက ဘယ်သူလဲ"

မာလွန်မှာ မိတ်ဆွေတစ်ယောက်ဖြစ်ကြောင်း ဖူး(လ်)တန်က ရှင်းပြသည်။

"သူ့မေးခွန်းတွေကို ကျွန်တော် ဖြေစရာမလိုဘူး"

"ဘာမေးခွန်းမှ ခင်ဗျားဖြေစရာ မလိုပါဘူးဗျာ" ဖူးလ်တန်က ပြောပြသည်၊ "ဒါပေမယ့် လူတွေဟာ မေးခွန်းတွေကို မဖြေတာ တစ်ခုခုကို ဖုံးကွယ်ချင်လို့ပဲ၊ ခင်ဗျားမှာကော ဖုံးဖွယ်စရာတစ်ခုခု ရှိလို့လား မစ္စတာပရိုက်"

"နည်းနည်းလေးမှ မရှိပေါင်ဗျာ၊ ကျွန်တော့်ရဲ့ ကမ်းလှမ်းချက်ကို သူလက်ခံစရာအကြောင်းတွေ အများကြီးရှိတယ်လို့ ကျွန်တော် ထင်ခဲ့ပါတယ်။ ဒီအကြောင်းကို ကျွန်တော်တို့ မကြာခဏပြောခဲ့ဖူးကြတာပဲ၊ သူ့ကို ဟာဒီနဲ့ ကွာရှင်းစေချင်တယ်၊ ဒါပေမယ့် သူက ဟာဒီကိုကြောက်နေတယ်၊ ခုတော့ သူမရှိတော့ဘူး၊ ဒီအတွက် သူဝမ်းသာသွားပြီလို့ ကျွန်တော် ထင်တယ်၊ ဒါပေမယ့် ကျွန်တော့်ကို သူစွပ်စွဲပြီးပြောတော့ ဒေါသထွက်မိတယ်"

ဤစကားသာ အမှန်ဆိုပါက ရယ်ဖွယ်ကောင်းလေစွဟု မာလွန်က တွေးမိသည်။

"ဟာဒီကို ဘယ်တုန်းက နောက်ဆုံးတွေ့တာလဲ"

"ခုမနက်ပဲ၊ သူ့ပုံချိတ် စက်နှိုးမရလို့ ကျွန်တော် သွားကူနှိုးပေးခဲ့ရတာ"

"ခုမနက် သူဘာများ ထူးခြားနေသေးသလဲ"

"ဘာမှ မတွေ့ရပါဘူး၊ စက်နှိုးလို့ရတာနဲ့ သူထွက်သွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမဲလိုက်ရတာကို ခင်ဗျား ဝါသနာပါသလား မစ္စတာပရိုက်"

နံရံပေါ်ရှိ တိရစ္ဆာန်ခေါင်းများနှင့် မှန်ဘီရိုထဲမှ ပြောင်လက်နေသည့် ရိုင်ဖယ်သေနတ်တို့ကြောင့် ထိုမေးခွန်းမှာ မေးစရာမလိုလှချေ။

"ငယ်ငယ်တုန်းကပါ၊ ခုတော့ စွန့်လွှတ်လိုက်ပါပြီ၊ အမဲမလိုက်တာလဲ အတော်ကို ကြာပါပြီ"

"မော်တော်ပေါက်ကွဲတုန်းက အိမ်မှာပဲ ခင်ဗျားရှိတာလား"

"မရှိပါဘူး၊ မနက်စာ စားပြီးလမ်းလျှောက်ထွက်သွားတာ၊ ရေကန်ကိုပတ်တဲ့လမ်းမှာ ရှိနေတာ"

"ခင်ဗျားနဲ့အတူ ဘယ်သူပါသေးသလဲ"

"ဘယ်သူမှမပါဘူး၊ နိုရင်းဟာဒီနဲ့ တွေ့မယ်လို့ထင်ထားတာ၊ သူကရောက်မလာဘူး"

"ခင်ဗျားနဲ့ မစ္စဟာဒီတို့ကြားမှာ ဇာတ်လမ်းရှိနေတယ်၊ ကောလဟလတွေကလည်း. . ."

"အဲဒါတွေ အမှန်ပဲ၊ သူ့တို့ နိုးပြေးပါလို့ ပြောတဲ့အခါ ဘာဖြစ်လို့ ကျွန်တော်က စိတ်ဆိုးရမှာလဲ"

"သူ့မှာ ပြောင်းလွဲတတ်တဲ့ စိတ်မျိုး ရှိလို့လား"

"ရှိတယ်၊ ဒါကိုတော့ ရှင်းပြမနိုင်းပါနဲ့တော့ဗျာ"

"တစ်ယောက်ယောက်တာတော့ ရှင်းပြနိုင်မှာပဲ" ဖူးလ်တန်က ဆိုသည်၊ "ကျွန်တော် ပြန်လာရင် လာခဲ့ဦးမယ်"

အိမ်အထက် တောင်ကုန်းလမ်းဆီသို့ ဖူးလ်တန်က ဦးဆောင်ခေါ်သွားသည်၊ လမ်းကသစ်ပင်များကြားမှာ ပတ်ဝန်းကျင်တောင်တန်းများတစ်ဝက်မျှ ပေါက်နေသည်၊ ထို့နောက် ကန်ကိုပတ်သွားသည်၊

"သူဒီမှာရှိတယ်လို့ ပရိုက် ပြောတဲ့နေရာက ဒီမှာပဲ"

ဖူးလ်တန်က လက်ယမ်းတာပြသည်၊

"ခင်ဗျား ဘာတွေ တွေးမိပြီလဲ"





"ဘာမှမရှိဘူး၊ ကျွန်တော့်ကို ခင်ဗျားမလိုအပ်တော့ပါဘူးဗျာ၊ ဖောက်ခွဲရေးလက်နက်ပါရဂူ တစ်ယောက်ပဲ ခင်ဗျားလိုတာသာ မြို့မှာကြုံလို့ရှိရင်တော့ ယာဉ်ထိန်းဘက်ကို အမောင်းခိုင်းလိုက်တော့မှာပဲ"

ဖူးလ်တန်က ညှိုးငယ်စွာပြုံးပြသည်၊

"ဒီက တောအုပ်ထဲမှာလည်း ဒီအဖြစ်မျိုးနဲ့ မရှိဘူးလို့ မပြောပါနဲ့ဗျာ"

"ကဲ. . . ကြည့်လေ ဖူးလ်တန် ရေကန်အလယ်မှာ လူတစ်ယောက် ပေါက်ကွဲမှုနဲ့ သေတယ်၊ တနီးအနားမှာ ဘယ်သူမှမရှိဘူး၊ ဘာကြောင့် ပေါက်ကွဲရတယ်ဆိုတာ ပါရဂူထက် သိနိုင်စရာ သာကေ ဘာမှမရှိဘူး"

"အဲဒီ ကျွမ်းကျင်တဲ့ လူကလည်း သာမန်အားဖြင့် ဘယ်လိုမှ ဖြင်းဖြင်းထန်ထန် ပေါက်ကွဲစရာ မဖြစ်နိုင်ဘူးပြောတယ်၊ ပေါက်ကွဲရတဲ့အကြောင်း သဲလွန်စလည်း မကျန်ရစ်ဘူး"

"ဘယ်သူက ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာလည်း မသိရဘူး၊ ခင်ဗျားနဲ့ အစိက သံသယရှိသူကလည်း အခွင့်အရေးရတာနဲ့ အလိဘိုင်ပြစရာလည်း မရှိဘူး"

"ခင်ဗျား သံသယရှိတဲ့လူက လုပ်ကြံတာဖြစ်ရင် သူဟာအချိန်ရှုန်းတာပဲ၊ ဒီလိုသူလုပ်ပေးရတဲ့ အမျိုးသမီးက သူ့အပေါ် အဖြစ်ပုံချလို့တောင်၊ သူက ပြန်ခြိမ်းခြောက်နေရတယ်"

"ကဲ. . . ကျွန်တော် တစ်ယောက်တည်း အေးအေးချမ်းချမ်း ဘာကြောင့်များ ငါးမျှားခွင့်မပြုရတာလဲ ပြောစမ်းပါဦး"

"စိတ်မချမ်းသာစရာကို အတူတူခံစားရအောင်လို့ပေါ့ဗျား၊ အချစ် လို့ ကျွန်တော်က ကိုယ့်ဘာသာကိုယ် အရူးဖြစ်ခံရမှာလဲ"

"ကျွန်တော့်ကို ပြန်ပို့တော့ဗျာ၊ ကျွန်တော် အပန်းဖြေခရီးထွက်လာတဲ့ အလုပ်များတဲ့ စုံထောက်တစ်ယောက်ပါ၊ ကံကောင်းတဲ့လူဆုတ်ပါဘူး၊ ကျွန်တော်တို့ ဆက်လုပ်စရာရှိရင်တော့ ပြောပါ၊ ကျွန်တော်တို့ အဲဒီကျမှ စကားပြောကြတာပေါ့"

မာလွန်မှာ ယာယီတဲထဲတွင် ညစာစားပြီးနောက် ငါးမျှားရန်



www.burmeseclassic.com

www.burmeseclassic.com



ခိတ်ကူးချိန်တွင် နေဝင်သွားပြီဖြစ်၏။ သူက သူမှန်းရာသို့ ငါးစာကို တိကျစွာလှမ်းပစ်ချလိုက်မိချိန်၌ ပရိုက်သည် သက်သေခံ မကျန်မိဘဲ အဘယ်သို့ သတ်နိုင်ခဲ့ကြောင်း ရုတ်ခြည်းသဘောပေါက်လိုက်မိသည်။

မာလွန်က ငါးများတံကိုသိမ်း၍ ကားနောက်တွဲအိမ်သို့ ပြန်လာသည်။ ညချမ်းမှာ အေးမြပြီး အနောက်ဘက်တွင် မိုးသားများ တစ်လိပ်လိပ် တက်လျက်ရှိသည်။

ယခုည မိုးရွာနိုင်သည်။ မနက်ဖန် တစ်နေ့လုံးလည်း ရွာနိုင်သည်။ နောက်တစ်ရက်ဆိုလျှင် အချိန်ပုပ်တော့မည်။ သွေ့ခြောက်သည့် [illegible]စ်တောမှာ အတော်ပင်စိတ်ပျက်လေ့ရှိပုံရ၏။

မာလွန်က ခေါင်းယမ်းမိသည်။

နောက်တစ်နှစ် အားလပ်ရက် ငါးများပါက ပင်လယ်ထဲသို့ သွား၍သာ ငါးများရပေတော့မည်။

စီးကရက်တစ်လိပ်နှင့် ဇိမ်ခံနေစဉ်မှာပင် ကားမီးရောင်နှင့် စက်သံကြောင့် ဧည့်သည်ရှိနေပြီကို သိလိုက်သည်။

မာလွန်က ကားနောက်တွဲအိမ်၏ အရိပ်ထဲသို့ ဝင်ရပ်နေလိုက်သည်။







ကားရပ်သွားပြီး မီးဖိုရှိရာသို့ ဖူးလ်တန်ရောက်လာသည်။

မာလွန်က အရိပ်ထဲမှ ထွက်ရပ်လိုက်သည်။

"ဘာကြောင့် ပုန်းနေရတာလဲဗျ"

ဖူးလ်တန်အဖို့ ပဟေဠိဖြစ်နေ၏။

"ပုန်းနေတာ မဟုတ်ပါဘူးဗျာ။ ဂရုထားနေရုံပါ။ ခင်ဗျားတော့ လူသတ်သမားတစ်ယောက် လက်လွတ်ရတော့မလို ရှိနေပြီ"

"မထင်ပေါင်ဗျာ၊ ကဲ. . . ခုခင်ဗျား ရှင်းပြရင်ကောင်းမယ်။ ခင်ဗျားကိုတော့ စိတ်မကောင်းမဖြစ်စေချင်ဘူး"

"ခင်ဗျား ဘာတွေသိရပြီလဲ"

ဖူးလ်တန်က ခေါင်းခါသည်။

"ခုညနေက သိရတာထက် ဘာမှပိုမသိပါဘူးလေ။ ကျွန်တော် ဘာလုပ်ရမလဲဆိုတာ မေးချင်တယ်။ ပြည်နယ်ရဲကိုပဲ ခေါ်ရမလား။ စုံစမ်းဆဲဆိုပြီး ဘုမသိ ဘမသိ လူတစ်ယောက်ရဲ့လက်ထဲကိုပဲ ဝကွက်အပ်လိုက်ရတော့မလား"

"ဒါဟာ အမှုပိတ်တာမှ မဟုတ်ဘဲ မဟုတ်လား"

"မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကိုရောက်နေကြတဲ့ လူတွေဟာ နွေရာသီအပန်းဖြေရောက်လာကြသူတွေပဲဆိုတာ သတိရစမ်းပါ။ နှစ်ပတ်အတွင်း တစ်ကွဲတစ်ပြားစီ ဖြစ်သွားကြတော့မှာ၊ ဒါဟာ အမှုအဆုံးသတ်ဖြစ်သွားလိမ့်မယ်"

"မစ္စဟာဒီကို မေးပြီးပြီလား"

ဖူးလ်တန်က ညှိုးလျော့စွာ ပြုံးပြသည်။

"သူ့ဆီ ကျွန်တော် ရောက်သွားတိုင်း ငိုချည်းနေတော့တာပဲ"

"တွေးကြည့်စမ်းဗျာ၊ သူစိတ်မကောင်းလို့ ငိုတာလား၊ မေးတာ မဖြေချင်လို့ ငိုတာလား ဆိုတာ"

"ကျွန်တော်က စိတ်ပညာရှင်မှ မဟုတ်ပဲ၊ ကျွန်တော် တတ်နိုင်တာက သူ့ကိုစကားပြောနိုင်ဖို့ ကြိုးစားဖို့ပဲ"

"ပရိုက်သာ တရားခံဆိုရင် သူဘယ်လို လုပ်ကြံတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တွေးမိတာ တစ်ခုရှိတယ်"

မာလွန်က ခပ်ဖြည်းဖြည်း ပြောလိုက်၏။

"ကျွန်တော် လာမိတာထက်တောင် ပိုကောင်းပါလား။ ကဲ.. ဘယ်လို သတ်တာလဲ"

"သစ်ပင်တွေ ရှင်းလို့ကျန်တဲ့ ယမ်းဘီလူးချောင်းတွေကို သူ လှေပေါ်မှာ အချိန်မရွေး ထည့်ထားလို့ရနိုင်တယ်ဗျာ။ ဥပမာ ဓာတ်ဆီတိုင်ကီအောက်ခြေမှာ ယမ်းဘီလူး တပ်ထားလို့ရတယ်။ နောက် လိုက်ဂူအထက် တောင်စောင်းမှာထိုင်ပြီး၊ သေနတ်နဲ့ ယမ်းဘီလူးတပ်ထားတဲ့ ဓာတ်ဆီတိုင်ကီကို သူကြိုက်သလို ပစ်နိုင်တာပဲ။ ဒါဆိုရင် ချိန်ကိုက်ကိရိယာနဲ့ပတ်သက်ပြီး သဲလွန်စ ကျန်စရာမလိုတော့ဘူး။ မပေါက်ကွဲခင် ဒိုင်းခနဲ အသံကြားရတယ်လို့ ဟိုကောင်မလေး ပြောခဲ့တာ ရှိတယ်"

ဖူးလ်တန်က မေးစေ့ကို ကုတ်နေသည်။

"ဟုတ်တယ်။ ဒီလို သူလုပ်နိုင်တာပဲ။ သူ့မှာ ရိုင်ဖယ်တွေရှိတယ်။ သေနတ်ပစ်လည်းကောင်းတယ်။ ဒါပေမယ့် တောထဲကို သေနတ်ယူသွားတာ တစ်ယောက်ယောက် မြင်စရာမရှိဘူးလား"

"ဘယ်သူမှ မမြင်ခဲ့ဘူး။ ဒါမှမဟုတ် တွေ့တဲ့လူကို ခင်ဗျား ရှာမတွေ့သေးတာလည်း ဖြစ်နိုင်တယ်"

"ဒီလောက်နဲ့ သူ့ကိုဖမ်းလို့ မရသေးပါဘူးဗျာ"

ဖူးလ်တန်က စိတ်ပျက်စွာပြော၏။

"ခင်ဗျားက သူ့အခြေယိုင်သွားအောင် လုပ်ပေးရမယ်" မာလွန်က အားပေးလိုက်သည်။ "မယားလိုချင်လို့ သူ့လင်လုံနဲ့ထိုးရင်၊ ခုအမျိုးသမီးက သူ့ကိုမလိုလားတော့ဘူး။ ဒီတော့ သူ့ရဲ့နောက်ခြေလှမ်းဟာ ဘာလဲ"

ဖူးလ်တန်က ခပ်တိုးတိုး လေချွန်လိုက်၏။

"နိုရင်းကို သူခြိမ်းခြောက်နေကတည်းက နိုရင်းကို သူလိုက်နေတာ ကျွန်တော် တွေ့နိုင်တာပဲ"





"ပရိုက်ကို စောင့်ကြည့်ဖို့ လူချထားတာ ရှိသလား"

"ကျွန်တော်က လူငါးဆယ်ရှိတဲ့ တပ်ဖွဲ့ကို ကိုင်နေတာ မဟုတ်ပါဘူးလေ။ လုပ်စရာရှိရင် ကိုယ်တိုင်လုပ်နေရတာပါ"

"ဒါဆိုရင်တော့ ခင်ဗျားကံကောင်းပါစေ။ နောက်ပြီး မိုးကာတစ်ထည် လက်မှာမပြတ်စေနဲ့"

ကားနောက်တွဲအိမ်အား ရိုက်ခတ်နေသည့် မိုးစက်သံများကို နားထောင်ရင်း မာလွန်မှာ ဖူးလ်တန်အတွက် စိတ်မကောင်း ဖြစ်နေမိသည်။ ပရိုက်သာလျှင် တရားခံဖြစ်ပါက စောင့်ရကျိုးတော့ နပ်ပေလိမ့်မည်။ ပရိုက် မဟုတ်ပါမူ မည်သူဖြစ်မည်နည်း။

အရာရာကတော့မူ ပရိုက်ကိုသာ ညွှန်ပြလျက်ရှိ၏။ သူက လွှဲ၍တခြားသို့ ဦးတည်ရာမရှိ။ ဤအချက်အလက်ကပင်လျှင် လုံးဝဥဿုံမှားယွင်းနေစရာ ဖြစ်နိုင်သည်။

မာလွန်၏ လက်ချောင်းများက မိုးစက်သံအတိုင်း စီးချက်လိုက်နေသည်။ တစ်နေရာရာတွင် တစ်ခုခုတော့ မှားနေပြီ။ ထိုအရာကို သူ ထွေး၍မရ။

သူနှင့်ဖူးလ်တန်တို့ လမ်းလွှဲကိုလိုက်နေမိပြီဟု ခံစားမိသည်။ သာဓကရှိရှိ/ မရှိရှိ ဤကိစ္စနှင့် ပတ်သက်သူမှန်သမျှကို သုံးသပ်ကြည့်ရပေမည်။

နိုရင်းဟာဒီကို တွေးကြည့်စမ်းပါ။ သူမသည် ပရိုက်နှင့် ခွေးရောယှက်တင်ရှိပြီး ယောက်ျားသေဆုံးပြီးနောက် ပရိုက်ကို ခွာထုတ်သော်လည်း သနားစိတ်ဝင်သွားသည်မှာ နှစ်ခုအနက် တစ်ခုဖြစ်နိုင်သည်။

သူမသည် ယောက်ျားကိုသတ်ရန် ပရိုက်ကို အသုံးချသလော၊ သို့မဟုတ် ပရိုက်သတ်သည်ဟု ထင်အောင်ဖန်တီးသလော၊

ပရိုက်ကိုယ်တိုင်က သတ်ပါမူ သူသတ်ကြောင်း အရာရာ ကညွှန်ပြနေသလိုမဖြစ်ပေဘူးလော၊ ထို့နောက် ဖူးလ်တန်အား သတ်သေပြရန် ဖြစ်စေသလော။

သို့မဟုတ် လူအားလုံးကဲ့သို့ပင် သူသာလျှင် အဓိကလိုသယ



www.burmeseclassic.com

www.burmeseclassic.com



ရှိသူဖြစ်ကြောင်း သိခြင်းဖြင့် ခြေရာများကို အတတ်နိုင်ဆုံး မဖုံးမဖိပေဘူးလော။

မာလွန်က နောက်သို့မှီထိုင်ကာ မျက်နှာကျက်အား မော့ကြည့်ကာ တွေးနေသည်။ ထို့နောက်မှ မိုးကာကို လှမ်းယူလိုက်သည်။

ဟာဒီတို့အိမ်တွင်းမီးက ခပ်မှိန်မှိန်သာ ထွန်းထားသည်။ မာလွန်၏လက်နှိပ်ဓာတ်မီးရောင်ဝယ် မိုးရေထဲရှိ သစ်ရွက်များ၊ သစ်ပင်များမှာ မည်းမှောင်စွာ တောက်ပြောင်လျက်ရှိ၏။

အတော်စိတ်မချမ်းသာစရာ ညပဲဟုတွေးလိုက်မိသည်။ အိမ်သို့မရောက်မီမှာပင် ဖူးလ်တန်နှင့် ဆုံမိပါစေဟု မျှော်လင့်ရ၏။

လမ်းတစ်ဝက်အရောက်တွင် လူအရိပ်တစ်ခုက သူ့ရှေ့သို့ ဝင်ရပ်လာသည်။

"ဒီမီးကို ပိတ်ထားလိုက်စမ်းပါ။ ကားပေါ်ကဆင်းလာတာ ခင်ဗျားမှန်း မှတ်မိတာ ကံကောင်းလို့ပဲ"

"အိမ်ထဲမှာ ဘယ်သူရှိသလဲ"

"ကက်စကီကို ကျွန်တော် အကူခေါ်ထားတယ်။ သူက မစ္စဟာဒီရဲ့ အဖော်အဖြစ်ရှိနေတယ်"

"ခင်ဗျားက မိုးထဲမှာ ဒီအတိုင်းနေတုန်း သူ့ကိုတော့ လေလုံမိုးလုံရာမှာ ထားတယ်ပေါ့ ဟုတ်လား"

"ကျွန်တော်က လှုပ်ရှားရလွယ်ကူနေဖို့ လိုတယ်လေ။ အရင်ကလည်း ဒီလိုမိုးစိုခဲ့ရပြီးပြီပဲ"

"ပရိုက်ကကော သူ့အိမ်ထဲမှာပဲလား"

"သူရှိတာ သေချာတယ်။ ကျွန်တော် သိရသလောက်ကတော့ မစ္စဟာဒီအနား သူမကပ်တော့ဘူး၊ စကားကိုတောင် မနက်ကစပြီး မပြောတော့ဘူးတဲ့"

"ဒီအိမ်တွေမှာ ဖုန်းရှိသလား"

"တချို့အိမ်တွေမှာတော့ ရှိတယ်"

ပရိုက်၏အိမ်မှ လက်နှိပ်ဓာတ်မီးရောင်တစ်ခု ထွက်လာပြီး







ဟာဒီတို့အိမ်ဘက်သို့ ရွေ့လျားလျက်ရှိ၏။

"ဟော. . . သူသွားပြီ"

ဖူးလ်တန်က ခပ်တိုးတိုးပြောလိုက်၏။

"အိမ်ထဲရောက်သွားပါစေဦး။ အိမ်တို တစ်ယောက်ယောက်လာရင်ပုန်းနေဖို့ ကက်စကီကို ကျွန်တော်မှာထားတယ်၊ ဒါမှ မစ္စဟာဒီကို အတွင်းက သူကာကွယ်နိုင်ပြီး ကျွန်တော်တို့က အထဲက ကာကွယ်နိုင်မှာ"

မီးရောင်က အိမ်အနီးသို့ရောက်သွားပြီး ရပ်သွားသည်၊ တံခါးပွင့်လာချိန်ဝယ် မီးကငြိမ်းသွားသည်။

မာလွန်နှင့် ဖူးလ်တန်တို့က မိုးထဲမှဖြတ်ကာ တံခါးဆီသို့ တိတ်တဆိတ်ချည်းကပ်သွားသည်၊

"ဒီအတိုင်းဆို မနိပ်လှဘူးဗျာ" မာလွန်က ညည်းညူလိုက်သည်၊ "ဒီကနေ ဘာမှမကြားရ၊ မမြင်ရနိုင်ဘူး၊ သာမန်နွေရာသီ ညမျိုးဆိုရင်တော့ ပြတင်းပေါက်တွေ ဖွင့်ထားတတ်တယ်၊ ခုလိုမိုးရွာရင် အိမ်ဟာ စည်ပိုင်းတစ်လုံးထက်တောင် လုံဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှဖြစ်မယ်လို့ ကျွန်တော် မထင်ဘူး မာလွန်၊ ပရိုက်က စကားပြောရုံလောက် သွားတာပဲ ဖြစ်မယ်"

ပရိုက်၏ စိတ်မချမ်းမြေ့ဖွယ် မျက်နှာထားကို မာလွန်မြင် တွေးမိသည်။ ပရိုက်မှာ စကားပြောရုံလောက်သာ မဟုတ်ကြောင်း သေချာလှ၏။

သေနတ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။ ဖူးလ်တန်က မာလွန်အား တွန်းဖယ်၍ အတွင်းသို့တိုးဝင်သည်။ မိုးနှင့်လေတို့ တပါ အိမ်တွင်းသို့ ဝေ့ယမ်းဝင်ရောက်လာသည်။

ကြမ်းပြင်ပေါ်ဝယ် ပရိုက်က ဝမ်းလျားမှောက်လဲနေသည်၊ လက်အနီးဝယ် ဓားတစ်လက်ကိုပါ တွေ့ရသည်။ နိုရင်းဟာဒီကမူ နံရံကိုမှီ၍ကွေးကွေးကောက်ကောက် ရှိနေသည်၊ လက်ထဲတွင် သေနတ်ကိုင်ထားသည့် ကက်စကီမှာ ပရိုက်အား ငေးကြည့်လျက်ရှိ၏။

"ကျွန်တော် ဘယ်လိုမှလုပ်လို့မရတော့ဘူး။ သူက နိုရင်းဆီကို ဓားနဲ့ရောက်လာနေလို့"

ကက်စကီက ရှင်းပြ၏။

ဖူးလ်တန်က သူနာပြုကားကို ခေါ်လိုက်သည်၊ ပရိုက်၏ အလောင်းနှင့် စိတ်ငြိမ်ရန်ကုသမှုလိုသော နိုရင်းကိုပါ ထမ်းစင်နှင့် ထင် ခေါ်သွားကြသည်၊ ဖူးလ်တန်က အိမ်တံခါးကို ပိတ်လိုက်တော့သည်။

* * *

ဖူးလ်တန်၏ရုံးခန်းကလေးထဲဝယ် လူသုံးဦးက ရေစိုတို့တို့ အခြောက်ခံကာ ကော်ဖီသောက်နေကြသည်၊

"အဖြစ်ကတော့ ကျွန်တော် ထင်ထားတဲ့အတိုင်းပဲ" ဖူးလ်တန်က ဆိုသည်၊ "တရားခံက ပရိုက်ပဲ"

ကက်စကီက ကော်ဖီခွက်ကိုသာ ပွတ်သပ်နေသည်၊

"သူ့ကို သတ်လိုက်ရတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ"

မာလွန်က ကက်စကီအား ကြည့်လိုက်၏၊ လူတစ်ယောက်အား သတ်လိုက်ရသူတစ်ဦးအနေဖြင့် တည်ငြိမ်လွန်းလှသည်၊





"ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ တွေးမိကြတာပဲ၊ ဖြစ်နိုင်ချေရှိပါတယ်လေ"

မာလွန်က ခပ်ဖြည်းဖြည်း ပြောလိုက်သည်၊

"ပရိုက်ဟာ တစ်ချိန်လုံး အရှုံးသမားဖြစ်နေခဲ့ရတာပါ" နှစ်ဦးစလုံးက မာလွန်အား စိုက်ကြည့်နေကြသည်၊ "တစ်ယောက်ယောက်ဟာ မစ္စဟာဒီ အကူအညီနဲ့ ပရိုက်ကို ထောင်ချောက်ဆင်လိုက်တာပဲ၊ ဒါကိုလည်း လူတစ်ယောက်ထဲကသာ လုပ်နိုင်တယ်"

"ခင်ဗျား အရူးပဲ"

ကက်စကီက ဝင်ပြောသည်။

"ကျွန်တော် မရူးပါဘူး" မာလွန်က ဖူးလ်တန်ဘက်သို့ လှည့်ပြီး... "ယမ်းဘီလူးချောင်းကို သုံးတယ်လို့ စပြောတာ ဘယ်သူလဲ"

ဖူးလ်တန်က တွေးကြည့်သည်၊

"ကက်စကီပဲ"

"အမှန်ပေါ့ဗျာ၊ သူပြောတဲ့စကားကို ခင်ဗျားတွေးကြည့်စမ်း၊ ဖောက်ခွဲကိရိယာမတပ်တဲ့ ယမ်းဘီလူးချောင်းတဲ့၊ အချိန်ကိုက် ကိရိယာလည်းမပါဘူး"

"အချိန်ကိုက်ကိရိယာပါရင်တော့ သူတစ်ယောက်ပဲ ရေထဲက ဆယ်ယူပေးနိုင်တာ၊ ပရိုက်နဲ့ မစ္စဟာဒီတို့ ကောလဟာလသတင်းကို ပြောတာလည်း ဘယ်သူလဲ ကက်စကီပဲလေဗျာ"

"လှေပေါ်မှာ ဖောက်ခွဲရေးပစ္စည်း မတပ်ထားနိုင်ဘူးဆိုတာ တွေးကြည့်ပါဦး။ လူတွေ မမြင်ဘဲ ရေအောက်ကနေကူးနိုင်တာ ဘယ်သူရှိလဲ ကက်စကီပဲပေါ့။ သူဟာ ဟာဒီမသိဘဲ ယမ်းဘီလူးကို တပ်ထားနိုင်တယ်၊ ဒါကိုသက်သေခံလိုချင်သေးသလား၊ ရေကန်အောက်ခြေ အခြား ရေငုပ်သမားတစ်ယောက် ငုပ်ရှာခိုင်းပါ၊ တစ်ခုခု တွေ့ရမယ်ဆိုတာ သေချာတယ်"

"ကက်စကီက ကျော်တွက်ခဲ့တာပဲ၊ သူနဲ့ မစ္စဟာဒီတို့ တွဲနေတာ ဘယ်သူတွေ့ဖူးသလဲလို့ လိုက်မေးကြည့်၊ မစ္စဟာဒီဟာ ကက်စကီ

www.burmeseclassic.com



ရဲ့ကုန်မာဆိုင်ရဲ့ အတွင်းခန်းမှာ အချိန်အတော်များများရှိနေခဲ့ဖူးတယ်လို့ ကျွန်တော် လောင်းရဲတယ်"

"ကဲ. . . နိုရင်းကို စောင့်ရှောက်ဖို့ သူတို့အိမ်ထဲမှာ ကက်စကီကိုထားတာ ဘယ်သူ့စိတ်ကူးလဲ"

"ကက်စကီရဲ့စိတ်ကူးပါ"

ဖူးလ်တန် မျက်နှာမရွှင်မပျစွာဖြေသည်။

"သူက ရေငုပ်ဖို့ လုပ်အားပေးသလို၊ စေတနာဝန်ထမ်းလုပ်ခဲ့တာပဲ"

"ဟာဒီတို့အိမ်မှာ ဖုန်းရှိတယ်။ ပရိုက်လာဖို့ နိုရင်းက ဖုန်းဆက်ခေါ်/မခေါ် လောင်းချင်သေးသလား။ ပရိုက်ဟာ ဓားမယူလာခဲ့ဘူးဆိုတာကော လောင်းချင်သေးသလား"

"ဒါတော့ ခင်ဗျားမှားတာပဲ"

ကက်စကီက ခပ်တိုးတိုးပြောလာသည်။

"သူ့မှာ ဓားပါတယ်၊ သုံးလည်းသုံးမလို့ပဲ၊ နိုရင်းကို ကယ်ဖို့ ကျွန်တော် ပစ်သတ်လိုက်ရတာ၊ ကျွန်တော်က ရဲမှူးရဲ့လက်ထောက်အဖြစ်တရားဝင်လုပ်ရတာပဲ။ ဒါအတွက် ကျွန်တော့်ကို ကြိုးပေးလို့မရဘူး"

"မရဘူးဆိုတာ ဖြစ်နိုင်ပါတယ်" မာလွန်က ဆက်ပြောသည်။ "ဒါပေမယ့် မစ္စဟာဒီက စကားပြောလာလို့ရှိရင်၊ ဟာဒီကို သတ်မှုအတွက် ခင်ဗျားကို ဖူးလ်တန်က ကြိုးပေးနိုင်စရာရှိတယ်၊ ပရိုက်တို့ ခင်ဗျားသတ်မယ်လို့ မစ္စဟာဒီ မမျှော်လင့်ဘူးလို့ ကျွန်တော် ထင်တယ်"

ဖူးလ်တန်က ကက်စကီအား ခေါင်းဆတ်၍ခေါ်သည်။

"ကျွန်တော်တို့ လုပ်စရာတွေ မပြီးမချင်း အချုပ်ထဲမှာခင်ဗျားနေရင် ကောင်းမယ်ထင်တယ်ဗျာ၊ ခင်ဗျားထွက်ပြေးလိုက်ရင်တော့ ကျွန်တော် သိပ်သဘောကျမှာ မဟုတ်ဘူး"

"ခင်ဗျား ဒီလိုလုပ်စရာ မလိုပါဘူးဗျာ"





"မာလွန်က လက်လွတ်စပယ်ပြောနေတာပါ"

ဖူးလ်တန်က ပုခုံးတွန့်လိုက်သည်။

"အဲဒီလို ဖြစ်လာရင်တော့ ကျွန်တော်က တောင်းပန်ပြီး ခင်ဗျားဆိုင်ကို ပြန်လွှတ်လိုက်ပါမယ်"

ဖူးလ်တန် ပြန်လာသည့်အခါ မာလွန်က ထရပ်ပြီး မိုးကာအင်္ကျီကို ဝတ်သည်။

"ခင်ဗျားက အကြံညဏ်နဲ့ သဘောထားကိုလိုချင်ခဲ့တယ်၊ ခုရပြီးပြီ။ ခုကော ခင်ဗျား ဆက်လုပ်လို့ရပြီလား"

"မလုပ်နိုင်ရင်တော့ ဒီနှစ်ရွေးကောက်ပွဲနဲ့ ကျွန်တော် မထိုက်တန်တော့ဘူးပေါ့ဗျာ၊ ခင်ဗျားက ငါးပြန်မျှားတော့မလို့လား"

"ဒီလိုရာသီဥတုကြီးမျိုးမှာ မျှားရမှာလားဗျ၊ ကျွန်တော့် ကားနောက်တွဲအိမ်ထဲမှာ စာဖတ်နေမှာပေါ့"

ဖူးလ်တန်က ရယ်ကျဲကျဲ လုပ်ပြသည်။

"စာအုပ်က ကောင်းရဲ့လား"

"ကောင်းပါလိမ့်မယ်၊ လူပ်ရှားမှုကို တကယ်လိုချင်တဲ့ စုံထောက်တစ်ယောက်အကြောင်းလေ၊ သူ့ကို မိန်းကလေးသုံးယောက်တချစ်မနကြကယ်၊ လူဆိုးဂိုဏ်းဝင် ခြောက်ယောက်ကို ပြောင်းတိုသေနတ်နဲ့ နဖူးတည့်တည့် ပစ်သတ်တယ်၊ ဆယ်ကြိမ်အရိုက်ခံရဖူးဘယ်။ နောက် လူသတ်သမားကို မြို့ထဲက အမြင့်ဆုံး အဆောက်အအုံခေါင်မိုးပေါ်မှာ ပိတ်မိတဲ့ဇာတ်လမ်းဗျ"

ဖူးလ်တန်က မာလွန်အတွက် တံခါးကို ဖွင့်ပေးသည်။

"အဲဒီစုံထောက်က ခင်ဗျားနဲ့တူတယ်နော်" ဖူးလ်တန်က ပြောမေး မေးလိုက်သည်၊ "အတိအကျတော့ မတူပါဘူးလေ" မာလွန်က ဒိုက်မပါစွာ ပြောပြသည်။ နောက်ဆုံးမှာတော့ သူဟာ ဘကယ့်အပန်းဖြေခရီးထွက်ဖြစ်မှာကို ကျွန်တော် သဘောပေါက်မိပါတယ်။ ။

ဝင်းနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

## မြင်ကွင်းစုံအတိုဆုံးဝတ္ထု



# ကြမ္မာပုံရိပ်

### ပန်းတနော် ကျော်မြိုး

နံနက်မိုးလင်းစ အချိန်ဖြစ်၏။

ကျွန်တော်တို့ လင်မယား (၂) ယောက် မြို့သို့သွားရန် ရွာမော်တော်ဆိပ်သို့ ဆင်းလာခဲ့ကြသည်။

မြို့သို့ ခုတ်မောင်းနေသည့် ပါစင်ဂျာမော်တော်လေးမှာ ရောက်ရှိမလာသေးပေ။ ဆိပ်ကမ်းတွင် မော်တော်စီးရန် စောင့်နေကြသည့် ခရီးသည်များရှိနေကြသည်။

မော်တော်ဆိပ်မှာ ထိုင်နေကြရင်း ကျွန်တော်တို့နှင့်မလှမ်းမကမ်းနေရာတွင် ချိုးငှက်များလှောင်ထားသည့် လှောင်အိမ်ခြင်းတစ်ခြင်းနှင့်အတူ ပိုင်ရှင်ဖြစ်ဟန်တူသည့် လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။

ချိုးငှက်များကို မြို့သို့သွားရောက်ရောင်းချရန် ဖြစ်လိမ့်မည်။ သတ်စားမည့်သူတွေကို ရောင်းဖို့လား၊ မွေးမည့်သူ၊ လွှတ်မည့်သူတွေကို ရောင်းဖို့လားမသိ။

စဉ်းစားတွေးတောနေခိုက် ဇနီးဖြစ်သူမှာ ချိုးရောင်းသူထံသွားရောက်ပြီး ချိုး(၂)ကောင်ကိုဝယ်ကာ လက်တစ်ဘက်တစ်ကောင်စီဆုပ်ကိုင်ယူလာသည်။ တစ်ကောင်ကို ကျွန်တော့်အားပေးသည်။ အသက်ကယ်ဆယ်သည့် အနေဖြင့် တစ်ယောက်တစ်ကောင်စီ လွှတ်ကြမည်ဆိုသည့်သဘောပင်ဖြစ်သည်။

"ကျွန်တော်လက်ထဲမှာ ရောက်ရှိနေသည့် ချိုးငှက်ကို ဂရုထားကြည့်မိလိုက်သည်။

ချိုးငှက်ကလေး၏ မျက်လုံးနှစ်ဘက်စလုံးပိတ်လျက်သားရှိနေသည်ကို တွေ့ရသည်။ တည်ချိုးဖြစ်မည်။ ချိုးတည်သမားက ချိုးတည်သည့်နေရာမှလှုပ်ရှားခုတ်ပီပြင်အောင် ပုံစံသွင်းထားခြင်းဖြစ်သည်။

ချိုးတည်သည့် လုပ်ငန်းခွင်ပြီးချိန်မှာ ချိုးငှက်၏ မျက်စိတွေကို ဖွင့်ပေးဖို့ပင် သူမစိုက်အလေးမထားကြ။

ပါလာသည့် လက်ဆွဲအိတ်ထဲမှ ဘရိတ်ဓားလေးကိုထုတ်ယူပြီး မျက်ခွံနှင့် ကိုပူးချုပ်ပိတ်ထားသည့် မျက်လုံးနှစ်ဘက်မှ အပ်ချည်ကြိုးစများကို ဖြတ်တောက်ပစ်လိုက်သည်။

မျက်လုံးနှစ်ဘက်စလုံး အလင်းပါတ်ရသွားသည့် ချိုးငှက်လေးမှာ လက်ထဲတွင် ရုန်းကန်ထွက်ရန် ကြိုးစားနေရှာသည်။

ကျွန်တော်တို့ လင်မယားနှစ်ယောက် တစ်ယောက်တစ်ကောင်စီကိုင်တွယ်ထားကြသည့် ချိုးငှက်(၂)ကောင်ကို ပြိုင်တူလွှတ်လိုက်မိကြသည်။

လွတ်လွတ်ခါခါ လျှင်မြန်ဖျတ်လတ်စွာ ပျံသန်းသွားကြသော တောင်ကင်းယံမှ ချိုးငှက်(၂)ကောင်ကိုကြည့်ပြီး နှစ်ဦးသားပီတိဖြစ်နေခိုက်မှာ. . .

အနားတွင် မည်သည့်အချိန်တာရောက်ရှိနေသည်ကိုမသိ၊ ကျွန်တော်တို့ လှုပ်ရှားလုပ်ကိုင်သမျှကို ရပ်ကြည့်နေထားတူသော ချိုးငှက်ရောင်းသည့်လူတစ်ချက် ပြုံးလိုက်ရင်း။

"ဒီနယ်ထဲမှာ လွှတ်လိုက်တဲ့ ချိုးတွေကတော့ ကျုပ်တို့ချိုးတည်ဇမ်းထဲ နေရာတွေဆီပဲ ပြန်ရောက်နေကြတာပဲဗျာ"

ပန်းတနော် ကျော်မြိုး

www.burmeseclassic.com







# လောကနီတိစိန့်ဘာန်း နှင့်
# ကျောက်လက်ဝါးကျာတော်ပုံ



www.burmeseclassic.com

www.burmeseclassic.com



# လောကနိတိစိန်ဘာန်း နှင့်
# ကျောက်လက်ဝါးရာတော်ပုံ

ယခင်လမှအဆက်
ယခုလဇာတ်သိမ်း

( ၁ )

သေနတ်သံတို့ တောင်ကြားလမ်းတွင် ပဲ့တင်ထပ်၍ သွားသည်။

ယမ်းခိုးတွေက နှင်းမြူများဖြင့် ရောယှက်ကာ အုံ့ဆိုင်းသွား၏။

နောက်တော့ ထိုနေရာမှ အော်သံ၊ ဟစ်သံ၊ ညည်းညူသံများ—

ယမ်းခိုးတို့ ရှင်းသွားသည့်အခါ ခရီးသွားဝန်တင် လားတန်းကြီးမှာပရိုပရဲဖြစ်လို့နေ၏။

ခေါက်တည်ရာမရ ပြေးနေသည့်လားများ၊ လဲပြိုကျနေသော အတုန်းအရုန်း လူများမသေမရှင် လူးလွန့်နေသူများ၊ သွေးမျက်ခွက်ယှက်များ—

တောင်ကြားလမ်းဆီသို့ လက်နက်ကိုင်အချို့ ပြေးဝင်လာကြသည်။ ဝန်ထုပ်ဝန်ပိုးပါ။ လားတို့အားထိန်းသိမ်းနဲ့သူက ထိန်းသိမ်း၊ လူသေများဆီမှပစ္စည်းယူ သူကယူ။ မသေမရှင် အော်ဟစ်ညည်းညူနေသူများကိုမူအဆုံးသတ်စီရင် ရက်ရက်လိုက်သည့် သေနတ်သံ... သေနတ်သံ။

ဘကျွမ်းမျက်စိကို မှိတ်ထားလိုက်မိသည်။

သို့သော် နလုံးသွေးမှာမူ စုန်လှုပ်လျက်၊ ကြေကွဲခြင်း၊ စေ့နပ်ခြင်းတို့က စိတ်မှာနှစ်နေ၏။

ဘကျွမ်းက ဘုန်းကြီးကျောင်းသားဖြစ်၏။ တရားဓမ္မသံတိုကြားတွင် အသက်ရှင်ကြီးထွားခဲ့သူ ဖြစ်၏။





သူ့ဘဝ၊ သူ့တစ်သက်တွင် ဤမျှရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ယုတ်မာခြင်း၊ ကောက်ကျစ်ခြင်းကို မမြင်ဖူး။ မကြုံဖူးခဲ့။

သူလာခဲ့သောမြို့ရှိ 'ရွှေရှမ်းမြေ'မှာ အလုပ်လုပ်စဉ်က သီးပင်စားပင်တို့ စိုက်ပျိုးပြုစုခြင်းသာ ဖြစ်၏။ စိုက်ပျိုးခြင်းထွန်းလာသော သစ်ပင်တို့၏အောင်မြင်ဖြစ်ထွန်းခြင်း အပွင့်အသီးတို့ကို ကြည့်ကာ ဝမ်းသာကြည်နူးရခြင်းသာရှိ၏။

ဓုတာဆဲလိုင်းရှိ နမ့်လွေ့သို့လာခြင်းကလည်း ရွှေရှမ်းမြေနှင့် နမ့်လွေ့သို့ ပူးပေါင်းလုပ်ငန်းအဖြစ် မြေလွတ်၊ မြေရိုင်းတို့ကို ဝယ်ယူကာ စိုက်ပျိုးရန်ပဲဖြစ်၏။ ဤသို့လည်း နှစ်ဘက်သဘောတူက ပါတနာခွဲကြခြင်းပင်ဖြစ်လေ၏။

ယခုအမှန် တကယ်အလုပ်လုပ်ရန် ကွင်းဆင်းကြသည့်အခါ ထိုမြင်ကွင်းကို မြင်လိုက်ရ၏။

ဤမျှရက်စက်သည့် မြင်ကွင်းကိုပြုလုပ်သူတို့သည်ကား နမ့်လွေ့မှဖြစ်သည်။ သစ်ပင်စိုက်ရန် ဖထနံတောင်ကြားကို ဖြတ်သန်းသွားကြသော ကုန်သည်၊ ခရီးသွားလူများနှင့် ဝန်တင်လားတို့ကို ချောင်းမြောင်းပစ်ခတ်သတ်ဖြတ်လျက် ပစ္စည်းတို့ကို လုယူနေပါပကော။

ဘကျွမ်း မျက်စိပြန်ဖွင့်လိုက်သည့်အခါ အရာရာမှာ ပြီးဆုံးသွားပြီဖြစ်၏။ တောင်ကြားလမ်းတွင် သွေးစသွေးနမှအပ ဘာမျှမရှိတော့။

သူတို့သည် အလောင်းများကို ဖျောက်ဖျက်ပြီး ဝန်တင်လားများကို မောင်းနှင်သွားကြလေပြီ။

ဘကျွမ်းတွေတွေကြီး ရပ်နေမိ၏။

စိတ်ထဲတွင်မူ နမ့်လွေ့သို့ ရောက်ရောက်ချင်းပင် ထိုကိစ္စကို နမ့်လွေ့ပိုင်ရှင် စောသန္တာထံ တင်ပြမည်။

ထိုကိစ္စကို နမ့်လွေ့၏ပိုင်ရှင် သိလိမ့်မည်မဟုတ်။ စောသန္တာမှာ ဤမျှရက်စက်သော အလုပ်ရပ်အား ခွင့်ပြုမည်မထင်။

သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သူကတော့ ပြောမည်။ ပြီးတော့ ရွှေရှမ်းမြေသို့ ပြန်မည်။ ဘကျွမ်းအနေဖြင့် ထိုအလုပ်မျိုးကို မလုပ်မခံ။ ရွှေရှမ်းမြေ ဦးခွန်ထီးလည်း လက်ခံလိမ့်မည်မဟုတ်ဟု ဘကျွမ်းသိ

www.burmeseclassic.com



သည်။

ထိုစဉ်မှာပင် လက်နက်ကိုင်များ၏ ခေါင်းဆောင် စပ်ဝေချုန့်ဆို သူက သူ့နားသို့ရောက်လာ၏။

အနက်ရောင် ဖဲသားဘောင်းဘီ အနက်ရောင်သားမွေးကုတ်နှင့် စပ်ဝေချုန့်မှာ မြေနက်တစ်ကောင်လိုပင် တောက်ပလွန်း၏။

သူသည် ဘကျွမ်း၏ရှေ့တည့်တည့်တွင် ရပ်ကာပြုံးပြ၏။ သူ့အပြုံးက စဉ်းလဲသောအပြုံးမျိုး...

"မိတ်ဆွေ ရွှေရှမ်းမြေရဲ့ကိုယ်စား၊ အစုလုပ်ငန်းကို ကျေနပ်သဘောတူကြောင်း လက်မှတ်ထိုးလိုက်ပါ"

စာရွက်အနီတစ်ရွက်ကို ကမ်းပေး၏။

သူမော့ကြည့်လိုက်ပြီး လှမ်းမယူခဲ့။

"ဘာဖြစ်လို့လဲ မိတ်ဆွေ"

စပ်ဝေချုန့်က သူ၏မျက်ပေါက်ကျဉ်းကျဉ်းကလေး ဗိတ်လု မတတ် မျက်မှောင်ကြုပ်၍မေး၏။

"ကျွန်တော်တို့ နှမ့်လွေ့ရောက်မှပဲ ပြောကြတာပေါ့"

ဘကျွမ်း ချိုသာစွာ ငြင်းပယ်လိုက်၏။

သူ့စကားကြောင့် စပ်ဝေချုန့် ပြုံးလိုက်ပြန်သည်။

ဘာကြောင့်ရယ် မသိ။ စပ်ဝေချုန့်၏အပြုံးကြောင့် သူ့ကျောရိုး တိုင်စိမ့်ခဲ့ ဖြစ်သွားမိသည်။

"နှမ့်လွေ့မှာ ပြောစရာစကားမရှိဘူး။ နှမ့်လွေ့ဟာ စပ်ဝေချုန့်၊ စပ်ဝေချုန့်ဟာ နှမ့်လွေ့ပဲ။ သဘောမတူဘူးဆိုရင်တော့..."

စပ်ဝေချုန့်က စကားကိုဆုံးအောင် မပြောဘဲ ရပ်ပစ်လိုက်သည်။

နောက်ဘကျွမ်း မျက်နှာအား မနိုးမခန့် ကြည့်ကာ... ရှာခနဲ လှည့်ထွက်သွား၏။

ပြီးသူ၏ နီညိုရောင် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာသွားနှင့် ပြီဖြစ်သော မြင်းအုပ်နောက်သို့ အမှီလိုက်တော့၏။





ဘကျွမ်းသ  ...  ...  နှေးကွေးစွာ လျှောက်နေမိ၏။ စပ်ဝေချုန့်၏ စကားက  ...  ...ကနေသည်။

ဘကျွမ်းအပေါ် ခြိမ်းခြောက်သလိုပင် ဖြစ်၏။

လုပ်ငန်းကြီး ဦးစီးခေါင်းဆောင် တစ်ယောက်၏စကား မဟုတ်။ သူခိုးဓားပြစကားဖြစ်၏။ ရိုက်ခြင်းပင် ထပြီးသတ်ပုတ်လိုက်ချင်စရာ စကားမျိုး ...

ဘကျွမ်းသည် မြင်း၏ပါးချပ်ပြားအား ပွတ်သပ်ရင်း တောင်ကြော အတိုင်း နှင်သွားကြသည့် မြင်းအုပ်စုအား ငေးမောကာ သက်ပြင်းချလိုက်မိ၏။ သူ့စိတ်တို့မှာ ခဏခြင်းမှာပင် မှုန်းကြုပ်ပိတ်လှောင်သွား၏။

သူဘာလုပ်ရမည်နည်း။



www.burmeseclassic.com



( ဆ )

"ဘာလုပ်ရမလဲဆိုတဲ့ မေးခွန်းကို မေးနေတယ် ဟုတ်လား။ ကိုဘကျွမ်းရယ်။ တကယ်တော့ ဒီမေးခွန်းကို စောသန္တာကိုယ်တိုင်ပဲ နေ့တိုင်း မေးနေရတာပါရှင်။ နှမ်းလှေ့ဟာ စောသန္တာရဲ့ အသည်းနှလုံးဖြစ်သလို၊ စောသန္တာရဲ့ ငရဲခန်းဖြစ်နေတယ်ဆိုတာကို ကိုဘကျွမ်း မသိသေးဘူးနော်"

စောသန္တာ၏ အသံကလေးမှာ တိုးတိတ်ငြင်သာ တုန်ယင်စွာဖြင့် နှင်းမှုန်တို့ကြား လွင့်ပါသွားလေ၏။

မှုန်ရီပျပျ မီးအလင်းမှာ စောသန္တာ၏ ညှိုးရော်ရော် မျက်နှာကလေးကို ဘကျွမ်းမြင်နေရ၏။ အိုက်ခမ်းမှာကား တံခါးပေါက်တွင် မှီရင်း သက်ပြင်း ခဏခဏ ချနေသည်။

ဟော်နန်း၏ အနောက်ဘက်ဆောင် ကလေးမှာ စောသန္တာ၏ ညင်သာစကားသံကလေးမှအပ တိတ်ဆိတ်လွန်းလှပေသည်။

"မိုင်းကြက်တစ်နယ်လုံးရဲ့ နယ်ပယ်စားသမီးတစ်ယောက်ဟာ ယူနန်စားပြလူဆိုးတွေရဲ့ လက်မှာ အရုပ်ကလေးတစ်ရုပ်လိုနေရတာဟာ ဝဋ်ကြွေးတစ်ခုတော့ ဟုတ်ဟန်မတူပါဘူးနော် ကိုဘကျွမ်း။ ဒါပေမယ့် စောသန္တာမှာတော့ ဝဋ်ကြွေးလိုပဲဖြစ်ခဲ့ပါပြီရှင်။ အဖိအဘမရှိတော့တဲ့ စောသန္တာမှာ အစ်ကိုက ယုံချက်နောက်ကို လိုက်နေ။ ဦးကြီးတော်ကလည်း ပျောက်ဆုံးသွားခဲ့ပြန်တော့ မှီခိုရာမဲ့ခဲ့ရတယ်။ ဒါကြောင့် တားပြဗိုလ် စဝ်ဝေချုန့်ရဲ့လက်ထဲမှာ...

ရှိုက်သံတစ်ခု လွင့်ပျံ့ထွက်လာ၏။

စောသန္တာ ငိုနေလေပြီ။

ဘကျွမ်းအံကို တင်းတင်းကြိတ်ကာ သူ၏ဘယ်ဘက် ကျောက်လက်ဖဝါးကို ဆုပ်ချည်ဖြန့်ချည် ပြုနေမိသည်။

တကယ်တော့ စောသန္တာမှာ အားနွဲ့လျက် အားမဲ့သူဖြစ်လေ၏။

စောသန္တာအား လှမ်းကြည့်ကာ ဘကျွမ်းစိတ်မချင့်မရဲ ဖြစ်မိ၏။ ဖြစ်နိုင်ပါလျက် စောသန္တာအား သူကယ်တင်ချင်လှ၏။ မည်သို့





ကယ်တင်ရမည်နည်း။

သူတာဆဲလိုင်းသို့ ရောက်ကာစက စောသန္တာအား နှမ်းလှေ့၏ အရှင်သခင်မဟု ထင်ခဲ့၏။ ဟော်နန်းကြီးထဲတွင် ခြွေရံသင်းပင်းများနှင့် တင့်တယ်၍ လရောင်ဆန်းသော ရေကြည်အိုင်မှ ဖဒုမ္မာကြာတစ်ပွင့်အဖြစ် မှတ်ယူခဲ့၏။ တင်စားခဲ့သည်။

စင်စစ်တော့ သူမဘဝက ဤသို့မဟုတ်။

သူးမိုင်းနွံလယ်မှ ပန်းတစ်ပွင့်သာ ဖြစ်လေသည်။

အမိငယ်စဉ်ကပင် သုံးပါးခဲ့ရသည့် စောသန္တာမှာ အဘနယ်စားကြီး စဝ်ခွန်ကြာကို အားကိုးကာ ခေတ်ပညာသင်ယူနေဆဲ အဘကပါ ထပ်မံ၍ ဆုံးပါးခဲ့ပြန်သည်။ ထိုအခါ ပညာသင်ခြင်းကို ရပ်စဲလျက် ဦးရီးတော်ဦးခွန်နောင်နှင့် အစ်ကိုဝမ်းကွဲ စဝ်ခွန်နွဲ့တို့ကို မှီခိုခဲ့ရသည်။

အစ်ကိုတော် စဝ်ခွန်နွဲ့မှာ သူမအား စောင့်ရှောက်ဖို့ထက်၊ အင်္ဂလိပ်နယ်ချဲ့ လက်အောက်ကျရောက်နေသည့်တိုင်း ပြည်အရေး ဦးစားပေးကာ အိမ်ကို ကပ်သည်ပင်မရှိ။ ပအို့ဝ်နယ်၊ ပလောင်နယ်၊ ကချင်နယ်များသို့ အနှံ့သွားလာ လှုပ်ရှားနေ၏။

ကြာလာတော့ စဝ်ခွန်နွဲ့မှာ ပုလိပ်တို့၏ မျက်စိအောက်ကလူ ဖြစ်လာခဲ့၏။

သည်လိုနှင့် စဝ်ခွန်နွဲ့တစ်ယောက်၊ လွယ်မူးမှာလိုလို၊ ကျိုင်းတုံမှာလိုလို၊ တောင်ကြီးမှာလိုလို၊ ရှိနေဆဲ။ ဦးရီးတော် ဦးခွန်နောင်တစ်ယောက်ထပ်မံ ပျောက်ဆုံးသွားပြန်၏။

ဦးရီးတော်မှာ မြို့ပြင်သို့ မြင်းစီးထွက်ရင်း ပျောက်ဆုံးသွားရခြင်းဖြစ်၏။ သတင်းအစအန ဘာမှရှာမရ၊ ပုလိပ်သို့ အမှုဖွင့်တိုင်ကြားသော်လည်း အချည်းနှီး။

သည်လို အချိန်မျိုးမှာမှ စဝ်ဝေချုန့် သူမထံရောက်လာ၏။

စဝ်ဝေချုန့်က ယူနန်လူမျိုးဖြစ်၏။ ဦးရီးတော်ရှိစဉ်ကပင် စဝ်ဝေချုန့်က ကုန်သည်ခေါင်းဆောင်တစ်ယောက်အဖြစ် ဟော်နန်းသို့ဝင်ထွက်သွားလာ ဆက်ဆံနေသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စောသန္တာနှင့်လည်း စကားစမြည်ဆိုနိုင်၏။ ထိုစဉ်ကပင် စောသန္တာက စံဝေချန့်၏ အပြောအဆို၊ အမူအရာတို့အပေါ် ဘဝင်မကျ၊ တိတိကျကျ ဆိုရလျှင် ကြည့်မရ။

စောသန္တာ ဒုက္ခပင်လယ်ဝေလေသောအခါ ကြည့်မရလေသူ စံဝေချန့်က သူမထံသို့ ကယ်တင်ရှင်ကြီးပမာ ချဉ်းကပ်လာ၏။

ချဉ်းကပ်ပုံက ရိုးရိုးမဟုတ် မျှော်လင့်ချက်တွေ၊ အနှောင်အဖွဲ့တွေနှင့် ဖြစ်လေသည်။ ဆိုရပါလျှင် ချည်ပြီးတုတ်နှောင်ပြီးမှ ရိုက်ရန်ဖြစ်၏။ ကြည့်လေ...

ဦးရိုးစောတ် ဦးခွန်နောင်ကို သူမတွေ့တွေ့အောင် ရှာပေးပါမည်။ ရှာတွေ့လျှင် သူ့အား စောသန္တာက လက်ထပ်ရန်။

ရှာနေဆဲကာလတွင် စောသန္တာ၏ လုံခြုံရေးအတွက် ဟော်နန်းတွင်အနီးကပ်နေခွင့်ပေးရန်။

ထို့အတူနေကာလတွင် စောသန္တာအား မှဲ့တစ်ပေါက်မစွန်းစေ ရပါ။ ဆိုသောကတိကဝတ်တွေနှင့် ဖြစ်လေ၏။

စောသန္တာက သောကမီးတောက်လောင်နေသူဖြစ်၏။

စံဝေချန့်လုပ်ရပ်က သောကမီးကို လေပင့်ပေးသလိုပင် ရှိ၏။ အကယ်၍ စောသန္တာက ရေနစ်နေသူဆိုပြားအုံ။ စံဝေချန့်က ဝါးကူထိုး သူသာဖြစ်လေသည်။

စောသန္တာ ငြင်းဆန်၏။ ခါးခါးသီးသီးပင် ငြင်းဆန်လိုက်၏။ သို့သော် စောသန္တာမှာ စောသန္တာမှတစ်ပါး အခြားမရှိ။

အပြင်းအထန် ငြင်းဆန်လျှင်လည်း စံဝေချန့်က နောက်ဆု ဆုတ်မည့်ပုံမရ။ သူ့အပြော၊ အပြုအမူအယာတို့မှာ အဝမှဘက်ဆု ဦးတည်နေ၏။

သည်တော့ စောသန္တာ အချိုသာဆုံးလမ်းကို ရွေးလိုက်၏။

စံဝေချန့်ကသာ ဦးရိုးစောတ်ကို တွေ့အောင်ရှာပေးပါ။ ရှာနေ ကာလတွင် စောသန္တာအား မှဲ့တစ်ပေါက်မစွန်းအောင် စောင့်ရှောက်ပါ။ ဦးရိုးစောတ် ပြန်လာလျှင် လက်ထပ်ပါမည်ဟု သဘောတူလိုက်ရ၏။





ထိုနေ့မှစ၍ စောသန္တာမှာ စံဝေချန့်၏ အကျဉ်းသားဖြစ်မှန်း မသိဖြစ်ခဲ့ရသည်။

သို့ဖြင့် နမ့်လွေ့စိုက်ပျိုးရေး ကုမ္ပဏီကို တည်ထောင်၏။ ဘာကိုမှတော့ မစိုက်။

ဟော်ရှေ့တွင် နမ့်လွေ့အရက်ဆိုင်ပေါ်လာသည်။ အင်္ဂလိပ် အစိုးရ ဝန်ကလေး၊ ဝန်ထောက်၊ မြို့ပိုင်၊ နယ်ပိုင်တို့ နင့်ပေါင်းသည်။ တံစိုးလက်ဆောင်တွေ ပေးသည်။

ဆိုရပါလျှင် နမ့်လွေ့ကုမ္ပဏီမှာပင် ရှမ်းပြည်နယ်ခြား ဝန်ထောက် တစ်ဦး၏ ရှယ်ယာပါ၏။ ပိုက်ဆံတစ်ပြားမှ အရင်းမယူဘဲ အမည်ခံတည် ထားပေး၏။ အကျိုးအမြတ် ခွဲပေး၏။

စံဝေချန့်ကား မကောင်းမှုတွင် ထူးချွန်၏။

ပုလိပ်ဘက်ဆိုင်ရာ အရာရှိတို့နှင့် ဖက်လှဲတကင်းနေ၏။ ဟော် တွင်လည်းကောင်း၊ နမ့်လွေ့ဆိုင်တွင်လည်းကောင်း ထင်သလို၊ ကြိုက် သလို စားသောက်နေနိုင်အောင် လမ်းဖွင့်ထား၏။

သို့နှင့် စံဝေချန့်သည် တာဆဲလိုင်း၊ မိုင်းကြက်၊ ဖထန်၊ လွယ် မှူး၊ ပွေးချီတစ်ပိုက်တွင် မြို့မျက်နှာဖုံး ကုမ္ပဏီပိုင်ရှင်၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်၊ ဂုဏ်သရေရှိ လူကြီးလူကောင်း ဖြစ်တော့သည်။

တကယ်တန်းလုပ်နေသည့် အလုပ်က ဓားပြတိုက်၊ လုယက်၊ လူသတ်။

နယ်သူနယ်သားတို့မှာ ကျီးလန့်စာစား ဖြစ်နေကြရသည်။ အချို့က တိုင်ကြတော့ကြ၏။ သို့သော် တောစကားတောပျောက်။ သိသော်လည်း မသိချင်ယောင်ဆောင်၏။

ရာဇဝတ်ဝန်ကြီး၊ ဝန်းကလေးတို့မှာလည်း အင်္ဂလိပ်အစိုးရအား မတော်လှန် မပုန်ကန်လျှင် ပြီးစတမ်းပစ်ထားလိုက်ကြသည်။

နယ်သူနယ်သားများအတွက်ရော မိမိအတွက်ပါ မျက်ရည်ကျ နေရသူမှာကား စောသန္တာပင်တည်း...

ကော်သည်က စောသန္တာကိုယ်တိုင်ပင်လျှင် စံဝေချန့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com





မကောင်းမပြောဝံ့သည့် အခြေအနေမျိုး။

ယုတစ်ခါ ရွှေရှမ်းမြေမှ ကိုဘကျမ်းကိုမူ။

ကိုဘကျမ်းအတွက် စောသန္တာ ရင်မှုရမြန်လေပြီ။

ကိုဘကျမ်းက လူ့ကြောင့်စိတ်တိုမှို့ ပိုရှုံးဆိုး၏။ ကိုဘကျမ်းအတွက် လည်း အနှုရာယ်က နီးကပ်လာပြီ။

"စောသန္တာ ပြောချင်တာကတော့ ကိုဘကျမ်း ဒီကနေအမြန်ဆုံး ရှောင်ထွက်သွားဖို့ပါပဲ။ စောသန္တာ တောင်းပန်ပါတယ် ကိုဘကျမ်းရယ်၊ ရှင်လွတ်ရာကို ထွက်သွားပါတော့"

သနားစရာယ် စောသန္တာ၏ ရုပ်သွင်နှင့်အသံတို့ကို 'ဘကျမ်း' နားထောင်နိုင်စွမ်းမရှိတော့။

မြစ်နိုင်လျှင် ဝပ်ဝေချန့်တို့ အရအား တိုက်ရိုက်သတ်ပုတ်လျှော် စောသန္တာအား ခေါ်ထုတ်ကယ်တင်လိုလှ၏။

သို့တစေ ဝပ်ဝေချန့်ကဲ့သို့ လူသူလက်နက် အင်အားတောင့် တင်းသူအား သူသယ်သို့ယှဉ်ပြိုင်နိုင်မည်နည်း။





ဘကျမ်းအတွေးတွေ ရှုပေပွက်နေ၏။ အတောင်တအေးအေး အတွေးကိုယ်စီနှင့် တိတ်ဆိတ်သွား၏။ အပြင်ဘက်မှ နှင်းကျသံသည်သာ တဖျောက်ဖျောက်။

"ကိုဘကျမ်း"

တိတ်ဆိတ်နေမှုကို စောသန္တာက စတင်ဖြိုခွဲလိုက်၏။

မတ်မတ်ရပ်လိုက်ပြီးနောက် သူ့နားကပ်၍ ခေါ်လိုက်ခြင်းသင် ဖြစ်သည်။

"ပြောပါ... စောသန္တာ"

"ကိုဘကျမ်း စောသန္တာကို ခင်တယ် မဟုတ်လားဟင်"

သူခေါင်းညိတ်လိုက်မိ၏။ ဖြစ်နိုင်လျှင်တော့ ခင်တာထက်ပိုနေ ပါတယ်ဟု ပြောလိုက်ချင်၏။ သို့သော် ပြောမထွက်နိုင်။

"ဒါဆိုရင် စောသန္တာပြောတာကို နားထောင်ပါကွယ်။ အိုက်ခန်း ဆီမှာ အစောရဲ့ပိုက်ဆံတွေရှိတယ်။ လိုသလောက် ယူသွားပါ။ မနက် စောစော ပြန်ပါနော်။ အစော တစ်ခါတည်းပဲ နှုတ်ဆက်လိုက်ပါတယ် ကိုဘကျမ်းရယ်"

ဘကျမ်း နဖူးပြင်မှာ ချွေးခနဲ ခံစားလိုက်ရ၏။

နားဝမှာ ဖျေးရန့်တို့ သင်းပျံ့ကျန်ရစ်သည်။

စောသန္တာသည် သူမကိုယ် သူမ'အစော'ဟု သုံးနှုန်းရင်း သူ့ နဖူးပြင်အား နှုတ်ဆက်နမ်းခဲ့၏။

သူရုတ်တရက်မို့ ကြောင်စီစီရပ်နေမိ၏။ သတိဝင်လာ၍ ကြည့် လိုက်တော့ စောသန္တာမရှိတော့။ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ် သွားခဲ့လေပြီ။

"အစော"တဲ့လား ကလေးရယ်၊ နှုတ်ဆက်သွားသတဲ့လား။

သူ့ရင်မှာ တလှိုက်လှိုက် ခုန်နေမိလေတော့သည်။

( ၈ )

ဘကျမ်းရင်မှာ တလှိုက်လှိုက်ခုန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညကြီးမင်းကြီး အိပ်ကောင်းနေဆဲ အခန်းတံခါးခေါက်၍ ခရီးသွားရန်လာခေါ်သည်ဆိုခြင်းမှာ မည်သို့မျှ ဖြစ်နိုင်ချေမရှိ။ ယုတ္တိမတန်၊ ဆီလျော်ခြင်း၊ သဘာဝကျခြင်းမရှိ။

ဤသည်ကို ဘကျမ်း မသိမဟုတ်။ သိခဲ့၏။

သို့တစေ နှမ်လွေ့တွင် စစ်ဝေချန့်ဟူသော လူတစ်ယောက်၏ နှုတ်ထွက်စကားမှာ ဥပဒေဖြစ်၏။ အမိန့်ဖြစ်၏။ ငြင်းဆန်ရန်၊ တားဆီးရန်၊ ပယ်ဖျက်ရန် အခွင့်အလမ်းမရှိ။

ထိုစကားကြားစက ဘကျမ်းတွေတွေကြီး ရပ်ကာ မလိုက်ပါဟု တုန်းတိုက်တိုက် ကျားကိုက်ကိုက် ပြောရန်ကြံစည်သေး၏။

သို့သော် သူ၏လုပ်ရပ်ကြောင့် စောသန္တာဘဝ ဒုက္ခအခြေအနေဆိုးသွားမှာကို စိုးရိမ်မိသည်။ သနားစရာ စောသန္တာမှာ ညှိုးငယ်မျက်နှာလှလှကလေးကို မြင်ယောင်ကာ ကြံမိသမျှ လက်လျှော့လိုက်၏။

ဖြစ်လိုရာဖြစ်စေ သဘောထားကာ ခေါ်သူယူနန်၏ နောက်သို့ ထလိုက်ခဲ့၏။

သွားမယ် အိုက်ခမ်းရေ… ဟု နှုတ်ဆက်စဉ် အိုက်ခမ်း၏မျက်နှာ အိုမင်းရင့်ရော် ကျန်ခဲ့သည်ကို သတိပြုမိသည်။

အန္တရာယ်လမ်းပေါ် တက်မိလေပြီဟု တွေး၏။ ထိုသောအခါ သူ့ရင်မှာ ခုန်လှုပ်သည်နှင့်အမျှ နှလုံးသွေးတို့ ဆူပွက်လာကာ အကြောအချဉ်တို့ ဖြိုးဖြိုးဖျစ်ဖျစ် မြည်သွား၏။

နမ့်လွေ့မှ ထွက်လေသောအခါ မြင်းတစ်ကောင်နှင့် လူနှစ်ယောက်သာ ဖြစ်လေသည်။ တစ်ယောက်က ဘကျမ်း၊ မြင်းစီးဇက်ကိုင်သူက ယူနန်တစ်ဦး။

တာဆဲလိုင်းမှာ အိပ်မောကျနေဆဲပင် ရှိ၏။

နှင်းတို့ တသောသောကျကာ အေးစိမ့်လှ၏။

သို့သော် ဘကျမ်းမှာ ချွေးရွှဲ၍ ပူနေလေသည်။

မြင်းကနှင်းတောလမ်းမှ မြို့ပြင်သို့ ပြေးနေ၏။

ယူနန်က နောက်က၊ သူကရှေ့မှာ၊ ဆိုရပါလျှင် ယူနန်ကောင်အ





သူ့အား ရင်ခွင်ထဲထည့်၍ စီးလာခြင်းပင်။ ယူနန်ကောင်၏ တစ်ကိုယ်လုံးမှာ အရက်နံ့ဖြင့် ထောင်းထောင်းထနေသည်။

သူကား သတိအနေအထားဖြင့် ထိုင်လိုက်ရင်း အခွင့်ရလျှင် ရသလို ယူနန်၏ခေါင်ပူလာသည့် လက်နက်ကို ထိခတ်စမ်းနေမိသည်။

ဘယ်ကိုသွားမှာလဲ၊ ဘာလုပ်ဖို့လဲဆိုသည့် မေးခွန်းတို့ဖြင့် အချိန်ဖြုန်းနေဖို့မဟုတ်တော့သည်ကို သိပြီးမို့ လက်နက်ကိုသာ ရှာနေမိခြင်းဖြစ်၏။

ယူနန်ကိုယ်တွင်တော့ ဘာလက်နက်မှမပါ။ သည်တော့မှ မြင်းကုန်းနှီးကို စမ်းသပ်၏။

မြင်းပြေးအရှိန်ကြောင့် ယိမ်းသလို၊ နွဲ့သလိုနှင့် စမ်းလိုက်ရာ သူ၏ဘယ်ဘက် မြင်းနှီးကုန်းတွင် ဓားလွတ်တစ်ချောင်း ချိတ်ထားသည်ကိုတွေ့လိုက်ရ၏။

သူ့ဘယ်ဘက်မှာ ဓား။ ဘယ်သန်ဘကျမ်းအဖို့ ဘယ်ဘက်တွင် ဓားရှိနေခြင်းက အခွင့်အရေးတစ်ရပ်ပင်။

ပြီးတော့ ယူနန်က သူနှင့်ထောက်တူလုံးတူ၊ မြင်းက ကျောက်လမ်းတွင် ခွာရှုပ်ကာ ပြေးနေဆဲ…

ဆီးနှင်းတွေကြားမှ လမ်းကမှောင်အတိ ဖြစ်နေ၏။

သို့သော် ယူနန်ကောင်သည်လည်းကောင်း၊ မြင်းသည်လည်းကောင်း ထိုလမ်းမှာ သွားနေကျဖြစ်ပုံရ၏။

မြင်းခြေချက်မှာ တစ်ချက်မျှ အတောင့်အတင်မရှိ။ မြို့ပြင်သို့ရောက်လာ၏။

သစ်ရွက်လေတိုးသံတွေ ကြားနေရ၏။ တောင်ပေါ်တက်နေသည့်လမ်း။ မြင်းခြေလှမ်းမှန်သွားသည်။

ညနေက သွားခဲ့သော ဖထန့်တောင်လမ်းဖြစ်မည်။ ဤနားတွင် ဒီတောင်က အမြင့်ဆုံးဖြစ်ကြောင်း သူသိ၏။

သူ့ကိုဘာကြောင့် ထိုနေရာသို့ ခေါ်လာသနည်း။

အမှန်တော့ မေးစရာမလိုသော မေးခွန်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သေမင်းထံပို့ရန်မှ တစ်ပါးအခြားမရှိနိုင်ပါဟု ဘကျမ်းသိနေ၏။

စစ်ဝေချန့်အနေနှင့် သူ့အား ရှင်းလင်းပစ်ရန် လုံလောက်လေသောအချက်နှစ်ချက်ရှိနေ၏။

တစ်ချက်မှာ စောသန္တာက ဘကျမ်းအပေါ် သာမန်ထက်ပို၍ ချိုလွင်စွာ ဆက်ဆံပြောဆိုနေခြင်း။

ဒုတိယကမူ စစ်ဝေချန့်တို့၏ လူသတ်တားပြတိုက်နေခြင်းကိုဘကျမ်းက လက်မခံနိုင်ခြင်းပင်။

ထိုအချက်တို့က ဘကျမ်းအား သေလမ်းသို့ ပို့တော့မည်။

သေမင်းတမန် ယှုနန်ကောင်သည် အံ့နေသူတစ်ယောက်ကဲ့သို့ နှုတ်ဆိတ်နေရင်း မြင်းကို ဂရုတစိုက်စီး၏။

အတက်လမ်းမှာ မြင်းကနေးသည်ထက်နှေး၍လာ၏။ ဘကျမ်းတာရိုးကိုစမ်းကြည့်လိုက်ပြန်သည်။ သူမဦးခင် ကိုယ်ဦးလိုက်ရလျှင် ကောင်းလေမလား။ မဖြစ်သေး။

သူက ဘုန်းကြီးကျောင်းသားဖြစ်၏။ သူတစ်ပါးအသက်ကို မသတ်လို၊ မသတ်ချင်၊ နေပါစေလေဟု တွေးကာ သတိကပ်ထားရင်း ဥဒေတယံဥဒေါင်းမင်းဂါထာကို စိတ်မှရွတ်ဆိုနေမိ၏။

မြင်းကတစ်လှမ်းချင်း သွားနေဆဲ။ တောင်အောက်မှ ပင့်တက်တိုက်လာသော လေကိုထိတွေ့ခံစားလာရသည်။

နောက်အောက်ဖက် လျှိုထဲမှ တောကောင်တို့၏ မြည်ကြွေးသံတချို့၊ နောက်ညည့်ငှက်တို့ လန့်ဖြန့်သံများ...

လမ်းက ကျဉ်းလာ၏။

ထိုစဉ် မြင်းက တုန့်ခနဲ ရပ်သွား၏။

ယှုနန်က မြင်းဇက်ကြိုးဆွဲလိုက်ခြင်း ဖြစ်သည်။

ဘကျမ်း ဘယ်လက်က တာရိုးနားမှာ။

"ကိုင်း... ရောက်ပြီ ကိုယ့်လူ"

ယှုနန်၏ ပထမဆုံးသော စကား...





"ဘယ်ကိုလဲဟင်"

ဘကျမ်းမေးလိုက်၏။

"မင်းရဲ့ သင်္ချိုင်း"

ပြောပြောဆိုဆိုပင် ယှုနန်က သူ့ကိုဖက်ပိုးမှ ကိုင်ကာ မြင်းပေါ်မှ ရုတ်တရက် တွန်းချလိုက်သည်။

ဘကျမ်းသာ သတိမဲ့ခဲ့ပါလျှင် မြင်းပေါ်မှ ဒလိမ့်ခေါက်ကွေးကျလျက် မြင်းအနင်းခံရကာ ယှုနန်၏ဓားချက်မှာ အသက်ပျောက်ဖွယ်ပင်။

ခုတော့ ဘကျမ်းက သတိဦးလေသဖြင့် မြင်းပေါ်မှ တွန်းအချတွင် ခုန်ဆင်းသည်နှင့် တစ်ပြိုင်နက် ဓားကိုဘယ်လက်ဖြင့် ဆွဲထုတ်ယူပြီး မြေပြင်တွင် အသင့်အနေအထား...

ယှုနန်ကောင်မှာ သူလုပ်သလို ဖြစ်မလာသည့်အခါ မိုက်မိုက်နိုင်းရိုင်း ပြည်တွန်ဆဲရေးလိုက်ပြီး မြင်းနင့်ဝင်တိုက်ရန် ကြိုးစားတော့၏။

ဘကျမ်းရှောင်ကွက်က အလွန်ပင်ကျဉ်းလှ၏။

နှစ်ဘက်ချောက်ကမ်းပါးတွင် လေးတောင်ခန့်သာ လမ်းရှိလေသဖြင့် မလှုပ်ချင်ဆုံး အလုပ်ကို ဘကျမ်းလုပ်လိုက်ရ၏။

ထိုသည်ကား ခွာမြှောက်ပြေးဝင်လာမည့် မြင်း၏ခေါက်ခွက်ကို ဘယ်လက်မှ ဓားဖြင့်ခွက်လိုက်ပြီး 'ယား'ဟု မြင်းအားလှန့်လိုက်ရ၏။

သို့ဖြင့် စာကျင်သွားသော မြင်းမှာ အထိတ်တလန့် အသံကြောင့် ဟီသံပေး၍ ပတ်ရပ်၍ ကဆုန်စုန်ခါလိုက်ရာ မြင်းပေါ်မှယှုနန်ကောင်မှာ ဆုပ်ကိုင်ရာမရဘဲ ချောက်ကမ်းပါးသို့ ကားခနဲ ကျလေတော့သည်။

တောင်ပေါ်လမ်းကလေးမှာ မြင်းဟီသံ အသံနက်ကြီး၊ လူအော်သံတို့ဖြင့် ရှုပ်သွားစဉ် ဘကျမ်းသည် မြင်းတင်ပါးကို ဓားပြားရိုက်၍ တောင်အောက်သို့ မောင်းချလိုက်ကာ မြေပြင်တွင် ပြားပြားဝပ်၍ ငြိမ်နေမိ၏။

အကယ်၍ အခြားယှုနန်တို့ရှိ၍ ရောက်လာလျှင် ခုခံနိုင်ဖို့ ဖြစ်လေသည်။

သို့သော် မိုးသာစင်စင်လင်း၏။ ဘယ်သူမှမလာတော့။



www.burmeseclassic.com

www.burmeseclassic.com





( ၅ )

"ဘယ်သူမှ မလာတော့ဘူး အစ်ကိုစောထက်ရေ။ အဲဒီတော့မှ ကျုပ်အကြံတစ်ခုရတယ်ဗျာ။ ကျုပ်သေပြီဆိုမှ ဒီကိစ္စကို ဆက်လက်လုပ်လို့ရမှာမဟုတ်လား။ ဒီတော့ ကျုပ်ဟာ စောစောစီးစီး ချမ်းလို့တုန်မနေအားတော့ဘူး။ ယူနစ်ကောင်ကျသွားတဲ့ ချောက်ထဲကို ခက်ခက်ခဲခဲ တွယ်ကပ်ဆင်းခဲ့တယ်။

ယူနစ်ကောင်ကို တွေ့ရပါတယ်။ ဦးခေါင်းတစ်ခုလုံး ကြေမွလို့၊ လက်တွေခြေတွေလဲ ကျိုးလို့ အသက်ပျောက်နေတာ။ ကျုပ်ချက်ချင်းပဲ သူ့အဝတ်အစားတွေချွတ်၊ ကျုပ်အဝတ်တွေနဲ့လဲ။ သူ့အဝတ်အစားတွေ ကျုပ်ဝတ်ပြီး၊ လွယ်မှုအသက်ကို ထွက်လာခဲ့တယ်။

သုံးလေးရက်နေတဲ့အခါ ရှပ်ဖျက်ပြီး တာဆဲလိုင်းဘက် ပြန်လာတယ်။ အဲဒီမှာ ကျုပ်တောင်အောက်ကို ပြုတ်ကျသေပြီဆိုတဲ့သတင်း ပြန့်နေတယ်။ စောသန္တာဆို ငိုလိုက်တာတဲ့။

"ပြီးတော့ အိုက်ခမ်းတို့က ကျုပ်ကို သင်္ဂြိုဟ်လိုက်ကြတယ်။





ရွှေရှမ်းမြေက စိုင်းအေဝတို့လဲပါတာပေါ့။ ဒါနဲ့ကျုပ် လာချိုတို့ ထောင်ခဲ့တယ်။ ဆရာလောကနိုတ်စိန်ဘန်း သိအောင်လို့၊ 'ဘကျမ်းမသေ၊ အမြဲလိုက်' ဝေချန့်ဆိုပြီး ကျုပ်ကြေးနန်းရိုက်ခဲ့တယ်။

ပြီးတော့ စောသန္တာရဲ့ အစ်ကိုစပ်ခွန်စွဲ့ကို လိုက်ရှာခဲ့တာ အနံ့ပါပဲ။ ရှာမတွေ့ခဲ့ဘူး။ ခက်တာက ကျုပ် စောသန္တာရှိရာ နှမ်လွှေနားက မခွာနိုင်တာပါပဲ။ ဒီအနီးအနားမှာပဲ လှည့်ပတ်နေရင်း စောသန္တာသတင်းကို နားစွင့်နေခဲ့တယ်။

ဒီနေ့လဲ တာဆဲလိုင်းရဲ့ ငါးရက်ဈေးနေ့လေ။ စောစောစီးစီး ဈေးထဲဝင်ပြီး စောသန္တာသတင်း စနည်းနာမလို့ ထွက်လာတုန်း အစ်ကိုစောထက် မြင်းစီးလာတာတွေ့ရတယ်။

"ဆရာကိုစိန်ဘန်းမပါပေမယ့် အစ်ကိုစောထက်ရှိရင်လဲ ကျုပ်အတော့်ကိုအားရှိသွားပါပြီ။ ကျုပ် စောသန္တာကို ကယ်နိုင်တော့မှာပါ"

စကားအရှည်ကြီးကို မမောနိုင် ပြောနေသည့် မောင်ဘကျမ်းကို ကြည့်ကာ ကျွန်ုပ်ခေါင်းတညိတ်ညိတ်ရှိနေမိ၏။ စကားတွေ မမောတမ်း ပြောပြီးနောက် မောင်ဘကျမ်းမှာ တောင်စောင်းဆီသို့ ငေးမောကြည့်ရင်း ငိုင်သွားပြန်၏။

ထွက်ပြူစ နေခြည်က နှင်းသုအား ခွဲချေလျက် သစ်ရွက်များပေါ်သို့ ထိုးကျလာနေ၏။ နေခြည်တစ်ပြောက်၊ နှင်းတစ်ပေါက် မြေပြင်ကား ဇာပုဝါတစ်ခုဖြန့်ခင်းထားသလိုပင် ရှိလေသည်။

ကျွန်ုပ်သည် အားယူစနေခြည်သို့ လှမ်းငေးရင်း မောင်ဘကျမ်းတစ်ယောက် စောသန္တာအား သတိတရဖြစ်နေပြန်လေမလားဟု တွေးနေမိ၏။

တကယ်တော့လည်း စောသန္တာသည် မောင်ဘကျမ်းစွဲလန်းလျှင် စွဲလန်းလောက်စရာ ဖြစ်ပေသည်။ တစ်ညတာမျှသာ နေခဲ့ရသော ကျွန်ုပ်သည်ပင်လျှင် လွမ်းသလိုလို ဖြစ်နေသဖြင့် ပြုံးလိုက်မိသေး၏။

"ဘာပြုံးတာလဲ အစ်ကို စောထက်ရ"

ကျွန်ုပ်အပြုံးကို မြင်သွား၍ ဘကျမ်းက မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ကိုယ်မှာ ဒီလောက်သေမယ့်ရန်များနေတာတောင် ရန်ကုန်က ငါတို့ဆီပြန်မလာဘဲ၊ သေမင်းနားမှာ တဝဲလည်လည် လုပ်နေတဲ့ မင်းကိုသဘောကျလွန်းလို့ပါကွာ"

ကျွန်ုပ်ပြောလေသောအခါ ဘကျင်းက တဟားဟား အော်ရယ်ရင်း...

"အခု ဒီယာတဲကလေးက အန္တရာယ်ကင်းပါတယ် အစ်ကိုရ။ တဲရှင် ဘခွန်ကျုံးကလဲ စပ်ခွန်နွဲ့တို့ရဲ့ မိတ်ဆွေပဲလေ။ ပြီးတော့ ကျုပ်လေ စောသန္တာကို အရမ်းချစ်နေမိပြီဗျ"

ဟုဆိုလေ၏။

"အေးပေါ့ကွာ၊ ဒါဟာ လူ့သဘာဝပဲကွ၊ ဘယ်တားလို့ရပါ့မလဲ။ ကောင်မလေးကလဲ အလွန်လှ၊ အလွန်ချစ်စရာလေးကိုးကွ"

"ချစ်စရာထက် သနားစရာကောင်းလှပါတယ် အစ်ကိုရာ။ သူ့ကို တစ်ပြ စပ်ဝေချုန့်ရဲ့လက်ထဲမှာ မထားရက်ဘူး။ ကယ်ချင်တယ်"

ဘကျင်းက တက်ကြွစွာ ပြောရင်း တဲအပြင်မှ လူရိပ်ကိုမြင်လိုက်ရသဖြင့် စားကိုဆွဲထုတ်ကာ လှမ်းကြည့်လိုက်၏။

တဲအပြင်မှာကား လူနှစ်ယောက်။

တစ်ယောက်က ကြက်သုံးကောင်ဆွဲလာသည့် ရှမ်းအဘိုးအို။

နောက်တစ်ယောက်က စားကိုလွယ်သိုင်းလွယ်ထားသူ ရှမ်းလူရွယ်။

ဘကျင်းက စားကိုပြန်သိမ်းလိုက်ရင်း 'အဘခွန်ကျုံးကိုးဗျ'ဆိုကာပြေးထွက်သွား၏။

"ဟာ... အဘကြက်တွေများလှချည့်လား။ ချေသည်လဲပါလာသကိုး"

"ဟုတ်တယ်အဘ၊ သူက ကိုတေထက်တဲ့ ရန်ကုန်ကလေ"

"အေး...ကောင်းပါ့ကွာ။ ဘကျင်းက ဒါကပေါ်နန်းက သခင်မလေးရဲ့ အစ်ကိုတော် စပ်ခွန်နွဲ့ပဲကွဲ့"





ဟုဆိုလေရာ၊ ဘကျင်းမှာ စပ်ခွန်နွဲ့ဆိုသူထံ ပြေးသွား၍ တောင်းတွေဆိုနေတော့၏။

"ကျုပ် ဝမ်းသာလိုက်တာ အစ်ကိုခွန်နွဲ့ရာ။ ဒီအတိုင်းဆို ကျုပ်တို့စောသန္တာကို ကယ်နိုင်ပါပြီ"

ဘကျင်းက တက်ကြွစွာ ဆိုနေ၏။

"ကျွန်တော်လဲ ညီမလေး စောသန္တာနဲ့ အဘတော်တို့အကြောင်းကို ကြားနေခဲ့ပါတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းပြီး၊ လုပ်စရာရှိတာကို လုပ်နေခဲ့ပါတယ်။ နမ်လွေ့ကို ကျွန်တော်ရဲ့ မိတ်ဆွေတချို့ကိုလွှတ်ထားပြီးပါပြီ"

စပ်ခွန်နွဲ့က ခပ်အေးအေးပင် ဆို၏။

"စပ်ခွန်နွဲ့ရဲ့ အင်အားက များတယ်အစ်ကို"

"ဟုတ်တယ်၊ အင်အားတင်မကဘူး။ သူ့ရဲ့ပိုက်ဆံကို အသုံးချပြီး၊ တစ်နယ်လုံးက အုပ်ချုပ်ရေးဘက်ကိုရော၊ ပုလိပ်အဖွဲ့ကိုရော စည်းရုံးထားလေတော့၊ ခက်နေတာ။ ဒါကြောင့်လဲ ကျွန်တော်က ရန်ကုန်က ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက်ကို အကူအညီတောင်းပြီး လုပ်နေရလို့ ခုလိုအချိန်တွေ ကြန့်ကြာသွားရတာပါ။ စပ်ဝေချုန့်ကို ကိုင်မယ်ဆိုရင် အဘက်ဘက်က ပြည့်စုံနေမှ ဖြစ်မှာမဟုတ်လား။ ခုတော့ ကျွန်တော့် မိတ်ဆွေဟာ သူတို့အထဲရောက်နေပါပြီ"

"ဒါဆို ကျုပ်တို့ စောသန္တာကို ကယ်ရတော့မှာ ပေါ့နော်"

ဘကျင်းက ထပ်မေးပြန်သည်။

"သေချာတာပေါ့ ကိုဘကျင်း။ စပ်ဝေချုန့်ဟာ အဘတော်ကို ဖမ်းပြီး ပေါ်နန်းရဲ့ မြေတိုက်မှာချုပ်ထားတယ်ဗျ။ အဘတော်ဆီက ကျွန်တော်စပ်ခွန်နွဲ့ရဲ့ အရိုက်အရာ လွှဲပြောင်းကြောင်း လက်မှတ်ရတာနဲ့၊ အဘတော်ကို သတ်၊ ညီမလေးကိုလက်ထပ်ပြီး ပေါ်နန်းကို သိမ်း၊ နယ်ရဲ့ အင်္ဂလိပ်အစိုးရဆီမှာ တပည့်ခံပြီး နယ်အပိုင်စား စားပြီးကြီးလုပ်ဖို့ ကြံစည်တာဗျ။ အဘတော်ခေါင်းမာနေလို့ အထမမြောက်သေးတာ။ ဒီအခြေကို ကျွန်တော်တို့က ဦးအောင်ဖျက်ဆီးပြီး စပ်ဝေချုန့်ကို ကြိုးစင်ပို့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အံကို တင်းတင်းကြိတ်ရင်း စပ်ခွန်နွဲ့ ပြောၿ၏။

"အခုသွားကြမှာလားဟင်"

"မြေတိုက်ကို လျှို့ဝှက်လမ်းက ဝင်ရမှာဆိုတော့ ညအမှောင်ဆုံး သန်းခေါင်ယံပါ"

( ည )

ညသန်းခေါင်ယံ...

နံ့လှေ့သည် ညသန်းခေါင်ယံ၏ အမှောင်ထုအောက်တွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

နံ့လှေ့တွင်လည်းကောင်း၊ ပေါ်နန်းဆောင်တွင်လည်းကောင်း၊ မီးပုံးတို့ထွန်းထားသော်လည်း မှိုင်းမှိုန်းနှင်းခိုးတို့ဖြင့် မှုံမှုံသာအလင်းရှိတော့၏။

ပေါ်နန်း၏အနောက်ဘက် ခြံစည်းရိုးတွင်ကား လူတစ်စုသည် ဖွဖွညင်သာ ချဉ်းကပ်လျက် မြေပြင်တွင် တစ်စုံတစ်ခုကို အားစိုက်ဖွင့်လှစ်နေကြ၏။

သူတို့၏ လှုပ်ရှားမှုမှာ မြန်ဆန်သော်လည်း တိုးတိတ်လွန်းလှ၏။ သေချာစွာ အနီးကပ် ကြည့်မည်ဆိုပါက သူတို့သည် မြေပြင်တွင် နစ်ဝင်နေသည့် ကျောက်ပြားကြီးတစ်ချပ်ကို လက်နှိပ်ဓာတ်မီးထိုးသူကထိုး၊ သံတူရွင်းဖြင့် ကလော်သူကကလော်။ မ,သူကမ၍ ရွှေ့နေကြပေ၏။

မှားမကြာမီပင် ထိုကျောက်ပြားကြီး ရွှေ့၍သွား၏။ ထိုသောအခါ မြေအောက်သို့ဆင်းလေသည့် ကျောက်လှေကားတစ်ခုကို မြင်ရလေတော့သည်။

ထိုအခါ အားလုံးပင် တစ်ယောက်ပြီးတစ်ယောက် လှေကားဆီသို့ ဆင်းသက်သွားကြလေသည်။

ထိုသူများသည်ကား စပ်ခွန်နွဲ့၊ အဘခွန်ဂျူး၊ မောင်ဘကျော်နှင့် ကျွန်ုပ်တို့ပင်တည်း...။

ကျွန်ုပ်တို့ မြေအောက်ကျောက်လှေကားအတိုင်း ဆင်းလာခဲ့ကြသည်။ အမှောင်တွင်းမှာ လှေကားကို စမ်းနှင်းရင်း သွားနေကြ၏။





သိပ်ကြာကြာတော့ မသွားလိုက်ရ၊ အလင်းရောင်ရဲရဲတို့ တွေ့ရပြီးနောက် လှေကားအဆုံး တံခါးဝသံတိုင်အချို့ကို မြင်လိုက်ရ၏။ သံတိုင်း၏အတွင်းဘက်သည်ကား မီးလင်းနေသော မြေတိုက်ခန်းကြီးပင်ဖြစ်လေသည်။ သံတိုင်များမှာ လေးလက်မခြား၍ စိုက်ထား၏။

သံတိုင်ခြေတွင် ကျွန်ုပ်တို့ လှုရပ်မိ၏။ မြေတိုက်အတွင်းကို မီးအလင်းရောင်ဖြင့် အထင်းသား မြင်နေရ၏။

မြေတိုက်ခန်း၏အလယ်တွင် ကြိုးတုတ်ခံထားရသည့် လူတစ်ယောက်။ နောက်နံဘေးတွင် လဲလျောင်းအိပ်နေကြသော ယူနန်သုံးယောက်။ အရက်နံ့များလည်းရ၏။

"ဒါအဘတော် စပ်ခွန်နောင်ပဲ။ ဒီကောင်တွေ အဘကို ဖမ်းထားကြတာ"

စပ်ခွန်နွဲ့သည် လေသံမျှဆိုရင်း သံတိုင်ကို တွန်းကြည့်၏။ မတ်လုံးခန့် သံတိုင်များဖြစ်၏။ အဘခွန်ဂျူးက သံတူရွင်းဖြင့် အဝတ်ခံ၍





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကလန့်ကြည့်၏။ မဖြုံ။

သည်ကြားထဲက ယုန်တစ်ကောင်က ရှုးလိမ့်လိုက်သဖြင့် ငြိမ်နေလိုက်ရသေး၏။ ယုန်ငြိမ်သွားလေမှ အားစိုက်ကြပြန်၏။ မရ။

ဘကျမ်းရှေ့သို့တက်လာသည်။ သံတိုင်များ အခြေအနေကို ဆန်းစစ်ကြည့်သည်။

သံတိုင်များ၏အောက်ခြေမှာ မြေသားထဲနစ်မြုပ်စိုက်ထားခြင်းဖြစ်ကြောင်း ဘကျမ်းတွေ့ရသည်။ ဘကျမ်းပျော်သွားသည်။

သံတိုင်အောက်ခြေ မြေသားများကို ဘကျမ်းလက်ဖြင့် ယက်ကြည့်သည်။ မရ။ မြေသားများက မာကြောကျစ်လစ်လှသည်။

သည်တော့ အဘခွန်ကျုံးထံမှ သံတူရွင်းကိုယူကာ သံတိုင်နှစ်တိုင်၏အောက်ခြေ မြေသားများကို အသံတိုးနိုင်သမျှ တိုးအောင် ဖြည်းဖြည်းရွရွတူးဆွသည်။

ဆယ်မိနစ်ခန့် အကြာတွင် မြေသားအတွင်း ကျောက်လက်မခန့် အနက်မြောင်းသမွယ် တူးမိသောအခါ သံတိုင်အောက်ခြေအစွန်းကို စမ်းမိသည်။

ဘကျမ်းသည် ဘယ်လက်ကိုဆန့်ထုတ်၍ သံတိုင်အောက်ခြေအစွန်းကို မိမိရရ ကိုင်သည်။ နောက်အားစိုက်ကာ ဆွဲယူလိုက်၏။ ဖျစ်ဖျစ်မြည်၏။ သံတိုင်သည် ကွေးညွတ်ကာ ဆွဲရာသို့ပါလာ၏။

အားလုံး အံ့သြသွားသည်။ ကျွန်ုပ်ကတော့ သိ၏။ ကျောက်လက်ဝါးဘကျမ်း အစွမ်းပြလေပြီ။ ဤသို့ဖြင့် သံတိုင် သုံးချောင်းကို ဆွဲယူကွေးညွတ်လိုက်တော့ရာ လှောကားမှအဝင် လူတစ်ကိုယ်စာ အပေါက်ရခဲ့သည်။

အတွင်းသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်သွား၏။ စပ်ခွန်နွဲ့က သူ့ဖခင်ထံအရင်သွားကာ ကြိုးဖြည်၏။

အဘကျုံးနှင့် ဘကျမ်းတို့ ယုန်ကောင်တို့အား အိပ်ရာမှမထနိုင်အောင် နှိပ်ကွပ်နေ၏။

အားလုံးပြီးလေသည့်အခါ ကြိုးတန်းလန်းနှင့် အိပ်ပျော်နေသော





စပ်ခွန်နောင် နိုးလာ၏။ ဝမ်းသာသဖြင့် သားကိုဖက်ကာ မျက်ရည်ထည့်နေ၏။

"တားပြကောင်တွေ ငါ့ကိုဖမ်းတယ်၊ စေသနွာနဲ့ သဘောတူဖို့ ဟော်နန်းကိုလွှဲပြောင်းပေးဖို့၊ ငါ့ကိုလက်မှတ်ထိုးခိုင်းတယ်။ ငါငြင်းခဲ့လို့ ငါ့ကိုညှဉ်းပန်းကြတယ်။ ငါမကြောက်ဘူး။ ငါ့လက်ဝါးကို ချုပ်ထားလို့သာ"

စပ်ခွန်နောင်၏ စကားကြောင့် စပ်ခွန်နွဲ့ တက်ခေါက်ကာ အပေါ်လှေကားဆီသို့ ပြေးတက်သွား၏။ အပေါ်မှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေ ကြားနေရ၏။ အပေါ်တွင်လည်း တိုက်ခိုက်နေကြပုံရသည်။

ကျွန်ုပ်သည် အဘကျုံးအား စပ်ခွန်နောင်အနီးတွင် ထားခဲ့ကာ ဘကျမ်းနှင့်အတူ လှေကားဘက်သို့ ပြေးတက်ခဲ့၏။

လှေကားအဝက ဟော်နန်းဧည့်ခန်းတွင်ဆုံး၏။

စပ်ခွန်နွဲ့မှာ ယုန်ကောင်နှင့် သတ်ပုတ်နေ၏။ နောက်ယုန်တစ်ကောင်က ပြေးဝင်ကာ စပ်ခွန်နွဲ့အား ဓားဖြင့်ပိုင်းရန် ရွယ်လိုက်စဉ် ဘကျမ်းက ထိုယုန်အား ကိုယ်လုံးဖြင့် ဝင်တိုက်လျက် သူ့ဘယ်ဘက်လက်ဖြင့် မျက်နှာအား ရိုက်ချလိုက်၏။ ယုန်မှာ ဝက်တစ်ကောင်ထိုးပင် ရှုးရှုးဝါးဝါး အော်ရင်းပစ်လဲသွားသည်။

ထိုအခိုက် သေနတ်သံတစ်ချက်ကြားလိုက်ရ၏။ ဘကျမ်းသာ တွန်းပိုက်ကိုဆွဲမလှဲလိုက်လျှင် ကျွန်ုပ် ရင်ပွင့်ထွက်သွားနိုင်၏။

ခုတော့ ကျည်ဆန်က နံရံမှာပေါက်ဝင်သွား၏။ ဘကျမ်းသည် သုံ့ဓနေ့ရင်းမှ သေနတ်ကိုင် ယုန်ဆီသို့ လိမ့်သွားကာ ယုန်၏ခြေအစုံ ဘိုဆွဲချလိုက်၏။

ယုန် မိုင်းခနဲလဲအကျ၊ ဘကျမ်းထကာ ယုန်၏သေနတ်ကိုင် သက်ကို တယ်လက်ဖြင့် လိမ်ချိုးလိုက်၏။

ဖွတ်ခနဲမြည်သံနှင့်အတူ ဝက်အော်သံထွက်လာပြန်သည်။ ဒီယုန်သည်ကား ကျွန်ုပ်ပထွေးအိတ်လာပေးသော ယုန်ကြီးပင်တည်း။

ထိုစဉ်မှာပင် သေနတ်သံတို့ ရှည်သွားပြီးနောက် သံပင်ရှည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှည်နှင့် သွားခေါ်ခေါ်၊ မျက်စိတစ်ဖက်ဇာစ်၊ အပြာရောင်ဝတ် ယူနစ်တစ်ယောက်သေနတ်ကိုင်လျက် ညွှန်ခန်းသို့ လှိမ့်ဝင်လာပြန်သည်။

သူ့နောက်သို့ ကပ်ပါလာသော ယူနစ်သုံးယောက်အား ထိုသူက သေနတ်ဖြင့် တဒိုင်းဒိုင်း ပစ်ချလိုက်၏။

သုံးယောက်စလုံး ကြမ်းပြင်တွင် ပုံလဲသွား၏။

ထိုအပြာရောင် လူကတော်လျှင်သည်။ ချက်ချင်းပင် စဝ်ခွန်နွဲ့နှင့် သတ်နေသော ယူနစ်အား ပစ်ချလိုက်ပြန်သည်။

ကျွန်ုပ်မျက်စိလည်သွား၏။

ယူနစ်တွေ အချင်းချင်း ချနေကြပါရောလား။ ယူနစ်ပြာက ရုတ်တရက်အထ ညွှန်ခန်းအတွင်း တံခါးခြေကန် ဖွင့်သံကြားလိုက်ရပြီး၊ ဇွတ်ခနဲရောက်လာသည်က စောသန္တာ...

စောသန္တာမှာ အလိုလိုရောက်လာခြင်းတော့ မဟုတ်။ သူ့နောက်တွင် အနက်ရောင်ဝတ် လူတစ်ယောက်က ချုပ်ကိုင်ထားလျက် နားထင်အား သေနတ်ဖြင့် ထားလျက် တွန်းထိုးရောက်လာခြင်းပင်တည်း။

"စဝ်ဝေချန်"

ဘကျမ်း၏ အေါ်သံထွက်ပေါ်လာ၏။

"ဟုတ်တယ်။ ငါစဝ်ဝေချန် ... မင်းတို့အားလုံးလက်နက်ချလိုက်ကြစမ်း၊ မချရင်တော့ ဒီမှာတွေ့လား"

စဝ်ဝေချန်ဆိုသူက သေနတ်ပြောင်းဖြင့် စောသန္တာ၏နားထင်ကို ဖိကပ်လိုက်၏။ စောသန္တာ၏မျက်နှာကလေးမှာ သွေးဆုတ်ဖြူရော်နေ့မဲ့သွားလေသည်။

"ဟေ့ကောင် ... စဝ်ဝေချန် မင်းယောကျ်ား မဟုတ်လား။ မိန်းမကျင့်မိန်းမကြံ မကြံနဲ့ ... ငါ့ညီမကို လွှတ်လိုက်"

စဝ်ခွန်နွဲ့က အော်လိုက်သည်။

" ဟား ... ဟား ... ဟား ... ဟား ... ယောကျ်ားလိုပဲကျင့်ကျင့်၊ မိန်းမလိုပဲ ကျင့်ကျင့် အရေးကြီးတာ အနိုင်ရဖို့ပဲကွ၊ စဝ်ဝေချန့်ဘဝမှာ အရှုံးမရှိစေရဘူး"





စဝ်ဝေချန့်က ပြောလိုက်စဉ် အပြာရောင် မျက်စိတစ်ဖက်ဇာစ်က ခြေတစ်ဖက်လှုပ်လိုက်၏။

"ဟိတ် ... အပြာရောင်အကောင်၊ မင်းငြိမ်ငြိမ်နေ မင်းက မနေ့ကကတည်းက ကုန်သည်ယောင်ဆောင်ပြီး ငါ့ဆီမှာလာတည်းခိုနေတဲ့သူလျှိုကောင် သေပြီသာမှတ်တော့ ... မင်းခရှ့က သေနတ်ကို ငါ့ရှေ့ရောက်အောင် ကန်လိုက်စမ်း မြန်မြန်လုပ်" ...

စဝ်ဝေချန့် စကားကြောင့် ရှေ့ကြမ်းပြင်မှ သေနတ်ကို ခြေဖြင့်ကန်လိုက်စဉ် ....

"သေပေတော့ စဝ်ဝေချန့်" ဟူသော အသံကြီးနှင့်အတူ စဝ်ဝေချန့်နောက်မှ အိုက်ခမ်း၏ မျက်နှာပေါ်လာပြီးနောက် တုတ်ဖြင့် စဝ်ဝေချန့်ခေါင်းကို ရိုက်ချလိုက်၏ စဝ်ဝေချန့်တိမ်းရှောင်လိုက်၏ ပခုံးသို့ တုတ်ချက်ကျကာ ဟန်ချက်ပျက်သွားစဉ် အပြာရောင်လူသည် သူ့သေနတ်အားလျှင်မြန်စွာ ဝမ်းလျားထိုးယူလျက် စဝ်ဝေချန့် လှျော်တစ်ပြက်ထိုးချိန်ပစ်လိုက်သည်။

"ဒိုင်း"ခနဲ ပေါက်ကွဲသံနှင့် အတူ သေနတ်ကိုင် စဝ်ဝေချန့်လက်မှာ သေနတ်လွတ်ကျပြီး ဒူးထောင်ထိုင်ကျသွားလေသည်။ ထိုအချိန်မှာပင် စောသန္တာက "အစ်ကိုခွန်နွဲ့"၊ "ကိုဘကျမ်း"ဆိုကာ ပြေးထွက်လာခိုက်....

ကြမ်းပြင်တွင် သေနတ်ထိလဲကျနေသည့် ယူနစ်တစ်ယောက်၏ သေနတ် သည် မီးပွင့်သွားပြီး "ဒိုင်း"ဟူသော အသံနှင့်အတူ စောသန္တာမှာ "အမေ့" ဟု အော်ရင်းခွေကျသွားတော့သည်။

"ညီမလေး"

"စောသန္တာ"

စဝ်ခွန်နွဲ့နှင့် ဘကျမ်းတို့ စောသန္တာအားပြေး၍ ပွေ့ကြ၏။ ကျွန်ုပ်ငိုင်သွားမိ၏။

အပြာရောင်လူသည် စောသန္တာအား သေနတ်ဖြင့် ပစ်ခဲ့သော ကြမ်းပြင်၌ လဲကျနေသည့် သေနတ်ကိုင် ယူနစ်ထံ ခုန်ဝင်၍ သေနတ်ခြေဖြင့် ခပ်ပစ်လိုက်၏။

www.burmeseclassic.com



တို့နောက် ယူနန်၏ ရင်ဝကို ဖနောင့်ဖြင့် တစ်ချက်ပေးလိုက်သည် ယူနန်ကောင် ငြိမ်သွားလေမှ စပ်စေချန့်ထံသို့ ပြေးသွားပြီး ခါးကြားမှ လက်ထိပ်ဖြင့် စပ်စေချန့် လက်နှစ်ဖက်ကို ပူးခတ်လိုက်၏။

ပြီးမှ အပြာရောင်လွှသည့် သူ၏ဆံပင်ရှည် မျက်စိအုပ်သားရေ ပြားနှင့် သွားတုတို့ကို ဖြုတ်လိုက်လေရာ...

"လောကနီထိစိန်ဘန်း"

ကျွန်ုပ် ဝမ်းသာစွာ အော်လိုက်ကြ၏။

"ဟုတ်တယ်၊ မောင်စောထက်။ ကျုပ်စိန်ဘန်းပါ။ စပ်ခွန်ရွှဲ့ရဲ့ ပေးတဲ့အရ ကျောက်လက်ဝါးရှာဖို့၊ ကျုပ်ရှမ်းပြည်နယ်ကို ရောက်ခဲ့တာ ကြာပြီ"

ဟုဆိုလေ၏။

"ဟင်... ဆရာက ဘယ်လိုလုပ် ကျောက်လက်ဝါးကိစ္စ သိရတာလဲ။ ဆရာမရှိတော့မှ ကျောက်လက်ဝါးကိစ္စက ကျွန်တော့်ဆီ သံကြိုးလာတာ"

ကျွန်ုပ် အံ့ဩစွာ မေးမိ၏။

"ဩော်... ကျုပ်ရှာတဲ့ ကျောက်လက်ဝါးက ဘဂျမ်းမဟုတ် ဘူး။ စပ်ခွန်ရွှဲ့ အစစ စပ်ခွန်နောင်ဗျ"

"ဟင်... ဦးကြီးစပ်ခွန်နောင်က ကျောက်လက်ဝါး ဟုတ်လား"

"ဟုတ်တယ်၊ စပ်ခွန်နောင်ဟာလဲ မောင်ဘဂျမ်းလိုပဲ"

ကျောက်လက်ဝါးပဲဗျ။ ကျုပ် ကျောက်လက်ဝါး ရှာပုံတော် ဖွင့် ခဲ့တာ"

ဆရာစိန်ဘန်း ရှင်းပြလေမှ စပ်ခွန်ရွှဲ့နှင့် မနက်က လိုက်လာ ပြီးနောက် ကုန်သည်တစ်ယောက် အသွင်ယူကာ နန်းလွှတွင် ရှိနေသော အကြောင်းတို့ကို သိရသဖြင့် အံ့ဩမိ၏။

သို့သော် ကြာကြာမအံ့ဩနိုင်ခဲ့ပါ။

ဘဂျမ်း၏ နှိုက်ကြီးတငင် ငိုကြွေးသံကြောင့် လှည့်ကြည့်လိုက်





မိ၏။

ခုရိုက်သမား အရိုက်ကောင်း၏ သေနတ်ဒဏ်ရာကြောင့် သေဆုံး သွားရှာလေပြီဖြစ်သော တေသန္တာအား ပွေ့ယူမျက်နှာအပ်လျက် ငိုနေ ရှာသည့် မောင်ဘဂျမ်း....

အပြုံးရောင်ပိုးသား အင်္ကျီတွင် သွေးနီနီတို့ စီးကျစွန်းထင်းလျက် မွေလျက်စွာ သေဆုံးနေလေသည့် နုပ်လွှ၏ကံဆိုးလှသော အလှဘုရင် မလေးတေသန္တာ...

ကြည့်ရင်း...ကြည့်ရင်းဖြင့် ကျွန်ုပ်ရင်မှာ ဆို့တက်လာကာ မျက်ရည်ဝဲလာသဖြင့် အကြည့်ကို ရုတ်ချင်းလွှဲပစ်လိုက်သည်။

သို့သော် ထိုမြင်ကွင်းသည်ကား ကျွန်ုပ်ဘဝ တစ်သက်တာတွင် မည်သို့နှင့်မျှ မေ့ပျောက် ဖျောက်ဖျက်မရတော့သည်ကိုမူ...ကား...

နန္ဒပိုး


ဘာနွှင်း (မြန်မာပြန်)

တစ်ပြည်သူမရွှေရော နှင့်

စွဲတဲ့မေတ္တာ အချစ်ဝတ္ထုတိုများ

အချစ်သည် တစ်ကွင်း အရောင်ကြွသည့်အရောင် မိ မြင်ရသော အချစ်ဝတ္ထုများသည်လည်း လူသားတို့အတွက် သင်သေများဖြစ် ခေတ်တိုင်း ခေတ်တိုင်းတွင် ထိမ်းသိမ်း၍ နေရာ ယူကြဦးမည်သာဖြစ်သည်။

ထို့ကြောင့်

ဘာနွှင်းတို့ ကိုယ်တိုင်ရွေး၍ ထုတ်ဝေလိုက်ပါသည်။

တမ့်ခွင့်ပြုချက်အမှတ်

ဖူးမောင် စာပေမှ ထွက်တော့မည်




www.burmeseclassic.com

www.burmeseclassic.com

# ယခုလ ဟောစာတမ်း



## ဝေဒပညာရှင် မင်းနေလွင်

### တနင်္ဂနွေသား/သမီး

ယခုလတွင် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။ ရန်ပြုလိုသူများ အမြဲရှိနေတတ်သည်။ မိမိကလည်း ကောက်ကျစ်မှုဖြင့် ပြန်လည်တုံ့ပြန်မိတတ်သည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆက်ဆံရေးကောင်းမွန်နေပါသည်။ စိတ်ရင်းအမှန်မှာ ချင်ခင်နှစ်လိုဖွယ်ရာ အကျင့်ရိုက် ရှိလိမ့်မည်။ တရားသဘောပြည့်ဝသော်လည်း မာနအလွန်ကြီးလိမ့်မည်။ လောင်းကစားမှုကြောင့် သောကတွေ့ရတတ်သည်။ စာပေပညာထူးချွန်ထက်မြက်မည်။ စာပေအနုပညာဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်ကျော်ကြားလိမ့်မည်။ စာပေကျမ်းဂန်တတ်ကျွမ်းမှုကြောင့် ရတနာအပေါင်းနှင့် ပြည့်စုံနိုင်ပါသည်။

**ထီထိုးလျှင်** ၈ အစ ၂ အဆုံး ထိုးပါ။ (၈၊ ၂၊ ၁)ဂဏန်းများ ကောင်းပါသည်။

**ယတြာ** မွေးနံ့ပြိုဟ်ထောင့်တွင် ရွက်လှပန်း(၈)ညွှန့် လှူဒါန်းပါ။

### တနင်္လာသား/သမီး

ယခုလတွင် ပစ္စည်းဥစ္စာပြည့်စုံမည်။ အရာရာတွင် ဦးဆောင်နေလိမ့်မည်။ ဘုန်းတန်ခိုးကြီးမားမည်။ ဒေါသစိတ်ဖြင့် ကြမ်းတမ်းစွာပြု





တတ်ပြီး မာန်မာနခက်ထန်နေတတ်သည်။ အမျိုးသမီးတို့ထံမှ ဥစ္စာလာဘ်ရရှိမည်။ တရားစောင့်ထိန်း၍ ဥပဒေကိုလိုက်နာတတ်သည်။ ဤကာလအတွင်း အလုပ်အကိုင်အကြွေးအစည်များ နှောင့်နှေးကြန့်ကြာနေတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ လေရောဂါ၊ ယားနာဝေဒနာတို့ ဖြစ်ပွားတတ်ပါသည်။ အိမ်ထောင်ရှင်များမှာ ဤကာလအတွင်း သားသမီး မရနိုင်သေးပါ။ သားသမီးအကျိုးမခံစားရတတ်သေးပါ။ အိမ်ထောင်မရှိသေးသည့်သူများအတွက် အချစ်ရေးအဆင်မပြေနိုင်ပါ။ ချစ်သူစွန့်ပစ်ခြင်း၊ အထင်လွဲခံရခြင်းများ ဖြစ်တတ်ပါသည်။

**ထီထိုးလျှင်** ၅ အစ ၉ အဆုံး ထိုးပါ။ (၅၊ ၉၊ ၈)ဂဏန်းများ ကောင်းပါသည်။

**ယတြာ** မွေးနံ့ပြိုဟ်ထောင့်တွင် အဝါရောင်ပန်း(၅)ပွင့် လှူဒါန်းပါ။

### အင်္ဂါသား/သမီး

ယခုလတွင် ပညာရေးကောင်းမွန်မည်။ ဉာဏ်ပညာ ထူးချွန်ထက်မြက်လိမ့်မည်။ စာပေအနုပညာဆိုင်ရာလုပ်ငန်းများ တိုးတက်အောင်မြင်တတ်ပါသည်။ အခြားအရပ်ဒေသတစ်ခုခုတွင် စီးပွားရေးလုပ်ငန်းများကို အခြေချလုပ်ကိုင်ပါက ကြီးပွားနိုင်ပါသည်။ အလှူဒါနပြုလုပ်ရတတ်သည်။ လှူဒါန်းပေးကမ်းခြင်းများ ပြုလုပ်ရလိမ့်မည်။ တရားဓမ္မ စောင့်ထိန်းလိုက်နာ၍ ကျင့်ကြံအားထုတ်တတ်ပါသည်။ သား/သမီး အကျိုးပေးတတ်သည်။ အချစ်ရေးတွင် ကံကောင်းနေတတ်သည်။ သို့သော် အဆင်မပြေမှုများရှိလိမ့်မည်။ လုပ်ငန်းအကြွေးအစည်များမှာ ဆစ်ငေါ့ကြန့်ကြာနေတတ်ပါသည်။ မလိုမုန်းတီးသူတို့၏စွပ်စွဲပြောဆိုခြင်း ခံရတတ်သည်။ အကျင့်ယုတ်သူ/အကျင့်ပျက်သူတို့နှင့် တွေ့ကြုံဆုံဆည်းရတတ်သည်။ စီးပွားရေးတွင် အောင်မြင်ချမ်းသာနိုင်ပါသော်လည်း ကိုယ်စိတ် နှလုံး ပူပန်သောကများ ရတတ်ပါသည်။

**ထီထိုးလျှင်** ၇ အစ ၅ အဆုံး ထိုးပါ။ (၇၊ ၅၊ ၈)ဂဏန်းများ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ယတြာ** မွေးနံ့ဂြိုဟ်ထောင့်တွင် အုန်းသီးပေါင်မုန့်(၃)လုံး လှူဒါန်းပါ။

## ဗုဒ္ဓဟူးသား/သမီး

ယခုလတွင် ကိုယ်ခန္ဓာ ကာယဗလ ထွားကျိုင်းသန်မာနေတတ်သည်။ ပေးကမ်းစွန့်ကြဲရခြင်းများနှင့် ရက်ရက်ရောရော ပေးလှူရခြင်းများ ပေါ်ပေါက်လာတတ်သည်။ ဝင်ငွေတိုးတက်ရရှိတတ်ပါသည်။ စီးပွားရေး၊ ကြီးပွားရေးလုပ်ငန်းများကို ရပ်ဝေးဒေသတွင် သွားရောက်လုပ်ကိုင်ရတတ်သည်။ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ပျက်ယွင်းနေသူတို့နှင့် ဆက်ဆံပေါင်းဖော်ရတတ်သည်။ ရန်သူ၏စွပ်စွဲအကောက်ကြံခြင်း ခံရတတ်သည်၊ တရားဥပဒေလိုက်နာသူဖြစ်လိမ့်မည်။ သားသမီးများအတွက် ကောင်းကျိုးခံစားရတတ်ပါသည်။ ကျန်းမာရေးကောင်းသည်ဆိုသော်လည်း အနာရောဂါတစ်ခုခု အစဉ်သဖြင့် စွဲကပ်နေတတ်သည်။

**ထီထိုးလျှင်** ၈ အစ ၇ အဆုံး ထိုးပါ။ (၈၊ ၀၊ ၇)ဂဏန်းများ ကောင်းပါသည်။

**ယတြာ** မွေးနံ့ဂြိုဟ်ထောင့်တွင် အုန်းယို(၃)ခု လှူဒါန်းပါ။

## ကြာသပတေးသား/သမီး

ယခုလတွင် အခြားရပ်ဝေးဒေသသို့ သွားရောက်၍ စီးပွားရေးလုပ်ငန်းတစ်ခုခု အခြေတည်သင့်သည်။ နိုင်ငံခြားခရီး အဆင်ပြေတတ်ပါသည်။ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမှု ရှိနေတတ်သည်။ စာပေထူးချွန်မည်။ ပညာဉာဏ် ထက်မြက်မည်။ စာအုပ်/စာပေဆိုင်ရာလုပ်ငန်းများ အောင်မြင်မှုရရှိတတ်သည်။ လုပ်ငန်းဆိုင်ရာကိစ္စတို့တွင် အောင်မြင်တိုးတက်တတ်သော်လည်း စိတ်ပူပန်ဆင်းရဲရခြင်းများ ရှိနေတတ်သည်။ စိတ်ရှုပ်ထွေးနေတတ်သည်။ မိမိအလုပ်ကိစ္စများ အောင်မြင်ရန်အတွက် ပင်ပန်းစွာ အားထုတ်ကြိုးပမ်းရတတ်ပါသည်။ အိမ်ထောင်မရှိသေးပါက အချစ်ရေးကိစ္စတွင် ချစ်သူနှင့်ခွဲခွာစွန့်လွှတ်ရခြင်း ရှိတတ်သည်။ အရွ





ရောက်သည့် သားသမီးများ အိမ်မှထွက်ခွာသွားတတ်သည်၊ သားရေး သမီးရေး မင်္ဂလာကိစ္စများ ဆောင်ရွက်ပေးရတတ်ပါသည်၊ ငွေကုန်ကြေးကျမှုများပြားတတ်ပေသည်၊

**ထီထိုးလျှင်** ၃ အစ ၉ အဆုံးထိုးပါ၊ (၃၊ ၉၊ ၆)ဂဏန်းများ ကောင်းပါသည်၊

**ယတြာ** မွေးနံ့ဂြိုဟ်ထောင့်တွင် ဖယောင်းတိုင်အနီရောင် (၆) တိုင် လှူဒါန်းပါ၊

## သောကြာနေ့ဖွားများ

ယခုလတွင် အရာရာတို့ ဦးစီးဆောင်ရွက်ရလိမ့်မည်၊ ကျန်းမာရေးမှာ အစဉ်သဖြင့် ရောဂါတစ်ခုခု စွဲကပ်နေတတ်သည်၊ ဖုတ်ဖီနှင့် ဝတ်သတ်သည့်ရောဂါ ဝေဒနာများလည်း လဆန်းရက်များအတွင်း သတိပြုသင့်ပါသည်၊ လုပ်ငန်းများ လုပ်ကိုင်ရာတွင် မြင်ဝတထုအတ ရှာဖွေသည်းပူးလေ့လာမှု အားနည်းနေတတ်သည်၊ အိမ်တွင်းစုန်း၍ မိမိအလုပ်ကို တာဝန်ယူစိတ်လုပ်ကိုင်နေလိမ့်မည်၊ သို့ဖြစ်၍ ကိုယ်/စိတ် ဆင်းရဲရာကိစ္စများရှိလာနိုင်ပါသည်၊ ကျန်းမာရေးနှင့် ပတ်သတ်၍ ဤကာလတွင် အသက်ရှည်ပြီးရောဂါဝေဒနာများ တင်းရှင်းတတ်ပါသည်၊ သို့သော် လေရောဂါ သတိပြုပါ၊ စီးပွားရေး၊ ကြီးပွားရေးတို့တွင် ဆင်မြင်းကျွဲနွား၊ ယာဉ်ရထား တည်ဆောက်စုံတိန်းရှိပါသည်၊ ထိထိုပါ၊ ထိပေါက်တတ်သည်၊ ငွေထုတ်လှူဒါန်းရလိမ့်မည်၊ ယောင်းထားမှ ရှောင်ကြဉ်ပါ၊ ယောင်းတစားခြင်းကြောင့် စွမ်းသောတမျှားရတတ်ပါသည်၊

**ထီထိုးလျှင်** ၄ အစ ၅ အဆုံးထိုးပါ၊ (၄၊ ၅၊ ၀)ဂဏန်းများ ကောင်းပါသည်၊

**ယတြာ** မွေးနံ့ဂြိုဟ်ထောင့်တွင် အမြူးရောင်ယပ် (၅)လက် လှူဒါန်းပါ၊

www.burmeseclassic.com

# မြင်ကွင်းစုံမှုခင်း

## စနေနေ့ဖွားများ

ယခုလတွင် အစွတ်စွပ်မှုန်သမျှ အောင်မြင်လိမ့်မည်၊ မိမိတွေ့ကြုံနေရသော အခက်အခဲများကို ကျော်လွှားနိုင်လိမ့်မည်၊ စာပေတာဝန်ကျွမ်း၍ ပညာဉာဏ်ထူးချွန်နိုင်ပါသည်၊ ဥစ္စာဓနပြည့်စုံ၍ ကြွယ်ဝချမ်းသာလာလိမ့်မည်၊ အသက်အန္တရာယ်၊ ဘေးရန်ကင်းရှင်း၍ ရောဂါဝေဒနာများ ပျောက်ကင်းချမ်းသာမည်၊ အိမ်ထောင်ရှင်များအနေဖြင့် ဤအချိန်ကာလတွင် သားကောင်းရတနာ/ သမီးကောင်းရတနာများ ရရှိတတ်ပါသည်၊ ရပ်ဝေးသို့ ဘုရားဖူးခရီးသွားရတတ်သည်၊ တရားဓမ္မများကို တတ်သိနားလည်လွယ်လိမ့်မည်၊ သမထ၊ ဝိပဿနာ တရားထူးများ ကျင့်ကြံအားထုတ်ရတတ်သည်၊ နတ်တို့၏ စောင့်ရှောက်ခြင်းခံရတတ်သည်၊ ဘုန်းတန်ခိုးကြီးမားရှိ၍ ဥစ္စာပေါများလိမ့်မည်၊ ဆိုင်ရာကောင်းဝင်တတ်သည်၊ ပစ္စည်းဥစ္စာ ပြည့်စုံ၍ လုပ်ငန်းတွင်ကျယ်သော ချစ်သူ၊ အိမ်ထောင်ဖက်ကောင်းရရှိလိမ့်မည်၊ မျက်နှာတင်းတင်းမာမာ ခက်ထန်နေတတ်မည်၊ ဥစ္စာဓန ပြည့်စုံသော်လည်း စိတ်ရှုပ်စရာများ တွေ့ရတတ်သည်၊ ယာယီအနိုင်အတန် စိတ်ညစ်ရလိမ့်မည်၊ စာပေတျမ်းဝန်တတ်ကျွမ်း၍ ရတနာခုနစ်ပါး ပြည့်စုံနိုင်ပါသည်၊

**ထီထိုးလျှင်** — ၆ အစ ၅ အဆုံး ထီထိုးပါ။ (၆၊ ၅၊ ၉)ဂဏန်းများ ကောင်းပါသည်။

**ယတြာ** — မွေးနံ့ဂြိုဟ်ထောင့်တွင် ထီး(၄)လက် လှူဒါန်းပါ။

ဝေဒပညာရှင် မင်းနေလွင်

[redacted]



www.burmeseclassic.com